သာသနာဦးစေတီကွန်ယက်

# တံခွန်ဦးမဂ်လွန်းအောင်စကြာစေတီသမိုင်း



ပုဒ္ဓစာပေ **မင်းသန်းခိုင်** (ကွမ်းခြံကုန်း)

# သာသနာဦးစေတီကျွန်ယက်

# တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီ

# သမိုင်း




ဗုဒ္ဓစာပေ

**မင်းသန်းခိုင်**

ကွမ်းခြံကုန်း

## ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးပန်းချီ - ဇော်လှိုင်မင်းထွန်း(စတား)

ကွန်ပျူတာ - စန်းဦး(ရန်ပြေ)၊ ၀၉-၉၇၅၅၅၀၀၁၈

ဓာတ်ပုံ - ကံညွန့်လှိုင်(တောင်ကြီး)

ပန်းချီ - ကိုထွန်းအောင်

အကြိမ် - ပထမအကြိမ်

၂၀၁၉ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ကိုမျိုးဆင့် (ရှင်မတောင်စာပေ)

(၂၉၆၊ အနော်မာ ၇ လမ်း၊

သာကေတ)

ပုံနှိပ်သူ - ဝင်းပပပုံနှိပ်တိုက်

၀၉ ၇၇၅၁၀၀၇၄၄၊ ၀၉ ၇၉၅၂၉၆၃၃၄

ဖြန့်ချိရေး - ဓမ္မဒီပစာပေ

အမှတ်(၉၇)၊ရွှေတိဂုံအရှေ့မုခ်၊ ရန်ကုန်။

ဖုန်း- ၀၉ ၇၃၂၀၁၈၈၇၊ ၀၉ ၄၄၃၂၀၁၈၈၇

(ဆိုင်) ၀၁-၃၇၈၆၂၃

တန်ဖိုး - ၃၆၀၀ ကျပ်



တံခွန်ဦး မင်္ဂလွန်း အောင်စင်္ကြာစေတီတော်

စတင်ပြန်လည်မွန်းမံတည်ထားတော်မူသော

ကျွန်းချောင်းကျေးရွာဘုန်းတော်ကြီးကျောင်း

**ဘဒ္ဒန္တသီရိန္ဒဆရာတော်**



ရွှေကျင်သာသနာပိုင်

**ဝိဇ္ဇောတာရုံ ဆရာတော်ကြီး**

# ရွှေကျင်ထေရတရာဂ်ဂါထာ

ဥံရွှေကျင် ဥံဝိသုဒ္ဓါရုံ၊ ဒီပဲယင်း–ကျိုက္ကစံ အလုံ။
ချမ်းသာ လှတော ကျိုက်လတ် ကန္တီ၊ စံကင်း မြောင်းမြ
ကြေးမြင်ဂဏီ၊ ရွှေဟင်္သာ ညောင်ရွှေ ဝါဆို စ၊
ဝိဇ္ဇောတာရုံ ဂဏိသရာ။

ရွှေကျင်သာသနာပိုင်မဟာထေရ် အစဉ်အဆက်

၁။ ရွှေကျင်ဆရာတော်ဘုရားကြီး
၂။ မဟာဝိသုဒ္ဓါရုံဆရာတော်
၃။ ဒီပဲယင်းဆရာတော်နှင့် ကျိုက္ကစံဆရာတော်
၄။ အလုံဆရာတော်
၅။ ချမ်းသာကြီးဆရာတော်
၆။ လှတောကြီးဆရာတော်
၇။ ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်
၈။ ဝိသုဒ္ဓါရုံကန္တီဆရာတော်
၉။ စံကင်းဆရာတော်
၁၀။ မြောင်းမြပဇ္ဇောတာရုံဆရာတော်
၁၁။ မဟာဝိသုဒ္ဓါရာမ ကြေးမြင်ဆရာတော်
၁၂။ စစ်ကိုင်း ရွှေဟင်္သာဆရာတော်
၁၃။ ညောင်ရွှေ ကန်ကြီးဆရာတော်
၁၄။ ဝိသုဒ္ဓါရုံ ဝါဆိုဆရာတော်
၁၅။ ရန်ကုန် ဝိဇ္ဇောတာရုံဆရာတော်




တံခွန်ဦး မင်္ဂလွန်း အောင်စကြာစေတီတော်

လက်ရှိ ဘက်စုံအကျိုးတော်တောင်

ကျွန်းချောင်းကျေးရွာ ရပ်ကျေးဥက္ကဌ

**ဘဒ္ဒန္တ ဦးဝိဇ္ဇောဘာသ ဆရာတော်**



သာသနာဦးစေတီကွန်ယက်

တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီသမိုင်း

စီစဉ်-ထုတ်လုပ်သူ

**စံရိပ်ငြိမ်ဆရာတော်**

**အရှင်ဇဝန(ပဲခူး)**

# သမိုင်းသက်သေ

ဗုဒ္ဓစာပေ မင်းသန်းခိုင်(ကွမ်းခြံကုန်း)က သာသနာဦးစေတီ ကွန်ယက် တံခွန်ဦး မင်္ဂလွန်းအောင်စကြာစေတီသမိုင်းစာမူကို တင်ပြလာပါသည်။

မြတ်စွာဘုရားလက်ထက်တော်က ဗုဒ္ဓသာသနာခေတ်ဦးကာလတွင် မြန်မာပြည် ဥက္ကလာတိုင်းမှ တပုဿ၊ ဘလ္လိက ညီနောင်တို့ မဇ္ဈိမဒေသတွင် ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင်ထံမှ ဆံတော်တို့ကို ပင့်ဆောင်၍ မြန်မာပြည်သို့ ပြန်လာကြပါသည်။ နေဂရေအငူ မော်တင်စွန်းတောင်ခြေတွင် ဒီရေအတက်ကို စောင့်မျှော်ကြပြီး ဒီတိုးသောအခါ ခရီးဆက်၍ ရွှေခြံမြေမုခ်ကျွန်း ခေတ္တ ကျောက်ချနားချိန် နဂါးတို့ တောင်းဆိုမှု ကျောက်ဆူငြိစေတီ ကတိပြု တည်ခဲ့ပါသည်။ တိုးမြစ်ကြောင်းအတိုင်း ဝင်လာခဲ့ကြပါသည်။ ကွန်းခြံကုန်း တွံတေးတောကြီးတန်းတစ်လျှောက် ဆံတော်မြတ်တို့ကို ခေတ္တစခန်းချ ပူဇော်ခဲ့ကြပါသည်။ ဆံတော်မြတ်များကို ပူဇော်ကြရာ မြို့ရာဒေသတိုင်း၌ စေတီတည်ထား၍ အမှတ်တရ ကိုးကွယ်ခဲ့ကြပါသည်။

ဆံတော်ကြိုစေတီများသည် သာသနာဦး စေတီကွန်ယက်များဖြစ်ကြပါသည်။ ဆံတော်ကြိုစေတီများ တည်ရှိပုံက ရွှေတိဂုံစေတီတော်ကြီးတွင် ကိန်းဝပ်သော ဆံတော်မြတ်တို့မှာ ဘုရားရှင်ကိုယ်တော်တိုင် ဦးခေါင်းတော်ကို လက်တော်ဖြင့်သုံးသပ်၍ ပါလာသော ဆံတော်မြတ်များဖြစ်ကြောင်း။ သက်ရှိထင်ရှား မြတ်ဘုရား၏ ဆံတော်မြတ်များဖြစ်၍ **"သဓိဝသရီရဓာတ်တော်များ"** ဖြစ်ကြောင်း၊ မြန်မာပြည် ဥက္ကလာပတိုင်းသို့ ရေလမ်းခရီးဖြင့် ကြွချီတော်မူလာကြောင်း သမိုင်းသက်သေများဖြစ်ပါသည်။ ထိုဆံတော်ကြိုစေတီများအနက် တံခွန်ဦး မင်္ဂလွန်း အောင်စကြာစေတီမှာ ထင်ရှားပါသည်။ နာဂစ်



ဆရာကြီး

ဦးလှသိန်းထွန်း

ဓမ္မာစရိယ

(ဘီအေ-H.G.P)

သာသနာရေး

မှန်တိုင်းကြီး တိုက်ခတ်သောအခါ စေတီတော် ယိုယွင်းခဲ့ပါသည်။ စေတနာရှင်တို့၏ကောင်းမှုကြောင့် ယခုအခါ သပ္ပာယ်စွာပေါ်ထွန်းလာခဲ့ပါသည်။

ထိုစေတီတော်သမိုင်းကို မင်းသန်းခိုင်(ကွမ်းခြံကုန်း)က ပူဇော်ရေးသား တင်ပြထားပါသည်။ မြန်မာလူမျိုးတို့ ဂုဏ်ယူကြရမည့် ဆံတော်မြတ်အကြောင်းအရာဖြစ်၍ လေ့လာထားသင့်ပါသည်။

ထိုဆံတော်မြတ်တို့မှာ ရန်ကုန်မြို့ ရွှေတိဂုံတွင်ကိန်းဝပ်သော ဆံတော်အစစ် သက်ရှိထင်ရှား ဘုရားကိုယ်တော်တိုင် လက်တော်ဖြင့် ချီးမြှင့်လိုက်သော ဆံတော်မြတ်များဖြစ်၍ မြန်မာလူမျိုးတို့နှင့် သာသနာတော်သည် ဘုရားပွင့်စ သာသနာခေတ်ဦးကပင် ရင်းနှီးကျွမ်းဝင်ကြပြီဖြစ်ကြောင်း ကမ္ဘာပေါ်တွင် မြန်မာလူမျိုးတို့သည် အဦးဆုံးသော သရဏဂုံတည်သူ ဥပါသကာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်း သမိုင်းရေစီးကြောင်းကို မီးမောင်းထိုးပြသော စာတစ်အုပ်ဟု သုံးသပ်ရပါသည်။

**ဦးလှသိန်းထွန်း**
**ဓမ္မာစရိယ(ဘီအေ-H.G.P)**



# မိဖနှစ်ဖြာ ငါ့ဆရာတည်း

မြင်းမိုရ်တောင်ဦး
ထိပ်ခေါင်ကျူးရာ၊ ပီတာဖခင်
ကျေးဇူးရှင်ကို၊ သခင်အဖ
နေတမျှသို့၊ ဘဝအဆင်း
ငါ့တွက်လင်းအောင်၊ ပုံသွင်းကျေးဇူး
သစ္စာမှူးကို
လက်ဦးတင်ကိုး၊ ကျွန်ရှိခိုး၏
ဖမျိုးသခင်၊ ကျေးဇူးရှင် အို…ဖခင်…။ (ဦးညွန့်မောင်)။

မြင်းမိုရ်တောင်ဦး
မကကျူးရာ၊ မာတာမိခင်

ကျေးဇူးရှင်ကို၊ ပုံသွင်းရှင်းရှင်း
အေးမြခြင်းသို့၊ လမင်းအမိ
မြဲတည်ရှိရာ၊ ခန္ဓာအသက်
ငါ့တွက်လှူဘောင်၊ စွမ်းဆောင်ကျေးဇူး
မေတ္တာမှူးကို
လက်ဦးတင်ကိုး၊ ကျွန်ရှိခိုး၏
တန်ဖိုးခန္ဓာ
မွေးလာသခင်၊ ကျေးဇူးရှင် အို…မိခင်…။ (ဒေါ်ထွားရှင်)
နေ့လနှစ်ဖြာ
ထွန်းပသာသို့၊ သစ္စာမေတ္တာ
ရောင်ဖြာပဝင်း၊ အသိရှင်းအောင်
လမ်းခင်းညွှန်ပြ၊ မိနှင့်ဖသည်
ဘဝမခက်၊ အသက်ခန္ဓာ
ပေးခဲ့ပါ၍၊ ရင်မှာခိုကိုး
လမ်းရိုးမမှိန်၊ တန်ခိုးထိန်လင်း
အသိရှင်းသော်၊ ငါတွေးခေါ်၏၊
ငါသော်ကောင်းကျိုး၊ ငါ့ကိုယ်ကျိုးတည့်
လှုပ်နှိုးကမ္ဘာ…ငါ့ဆရာတည်း။

အရှင်ပညာနန္ဒ - Ph.D
မေတ္တာရသစာစုများ
ရွှေမိုးညှင်း(စာစဉ် - ၇)
မဂ္ဂဇင်း

ဗုဒ္ဓစာပေ
မင်းသန်းခိုင်
(ကွမ်းခြံကုန်း)
၀၉-၇၇၅၂၇၄၈၆၉

# မာတိကာ


**သစ္စာပြု ဝန္ဒနာဂါထာ**

**စေတီနိဒါန်း**

**အဖွင့်မှာတမ်း**

လပြည့်ဝန်းမင်္ဂလာနှင့် သဗ္ဗမင်္ဂလာဂါထာ ..... ၁

အဆိုးမှ အကောင်းပေါ်ခြင်း ..... ၇

မြစ်တို့၏ကမ္ဘာ သာသနာ ..... ၁၄

အရဟံ ဇယံ ဂါထာတော်ကြီး ..... ၂၂

ဘိုးတော်ပြောသော ပလ္လင်တော် ..... ၂၆

ကောင်းသတင်းအစ သီလမှ ..... ၃၆

သာသနာနိုင်သူသာ ဖျာခင်း ..... ၄၂

ဘဝနှင့်တူသော ကြိုး ..... ၄၇

သာသနာထက်ဝက် တစ်ကျော့ပြန်ထွန်းချိန် ..... ၅၀

ဗုဒ္ဓဘာသာပြည်မြန်မာ ဆွမ်းတော်ကြီးခံဥပါသကာ ..... ၅၆

ရှေးတဘောင်နှင့် စေတီတော် ..... ၇၈

နာဂစ်မုန်တိုင်း အရိုင်းမဆိုသာ ..... ၉၀

## မာတိကာ


ဂန္ဓာရီပုတီးလေးတစ်ကုံး ..... ၉၅

လှိုင်သာယာမြို့ ရွှေရင်အေးစေတီနှင့်
 အောင်မြေသာယာစေတီ ..... ၁၀၅

ကွမ်းခြံကုန်းမြို့ သာသနာအတွက်ရွှေမြေ ..... ၁၀၉

ဇမ္ဗူဒိပ်မှသည် မြန်မာပြည်သို့ ..... ၁၁၃

ဓိန္နာလင်္ကာရ ဋီကာမှ နမောပြန်ဂါထာ ..... ၁၁၇

မြန်မာပြည် မိုးရွာခြင်းသုတ ..... ၁၂၂

ရှေးတဘောင်နှင့် တိုင်းပြည်ဘုရင်
 သိုက်နန်းရှင်တို့အကြောင်း ..... ၁၂၆

နမောတဿဘုရားရှိခိုးနှင့် မြတ်ဗုဒ္ဓပဋ္ဌာန်း တေးထပ် ..... ၁၃၃

ဟေမဝတသုတ္တန်မှ ရာဇာ ဒေဝါ သာသနာ ..... ၁၃၇

ကျေးဇူးတော်ရှင် ဘဒ္ဒန္တရေဝတ၏ ထေရုပ္ပတ္တိအကျဉ်း ..... ၁၄၂

မုဆိုးမင်းဆက် ၁၁ ဆက် (တဘောင်)
 မြတ်ဗုဒ္ဓဗျာဒိပ်တော်ရ (မန်လည်ဆရာတော်) ..... ၁၄၇

မွန်တို့ဌာနီ သုဝဏ္ဏဘူမိ ဓမ္မစေတီမင်း ..... ၁၅၉

နတ်ဝိဇ္ဇာများ ပေးသော အလိုတော်ပြည့်ဂါထာတော် ..... ၁၆၃

အဘယ ဇာတက ဘုရားရှိခိုးနှင့်
 ငါးရာငါးဆယ် ပူဇော်ဖွယ် ..... ၁၆၈

ဥပါသိကာနှင့် ဝိပဿနာကျင့်ဖွယ် ..... ၁၇၂

သဲဖြူဆရာတော်၏ မဟာဂန္ဓာရီခရီးဝယ် ..... ၁၇၆

ရွှေကျင်သာသနာပိုင် ဝိဇ္ဇောတရုံဆရာတော်ကြီး၏
 ပရိယတ္တိစာပေ အလေးထားပုံ ..... ၁၈၄

အောင်သပြေ ညောင်ရေ မြန်မာပြည် ..... ၁၉၀

မောင်ပေါက်ကျိုင်း မြန်မာရာဇဝင်သမိုင်းတွင် ..... ၁၉၅

သရေခေတ္တရာပျူခေတ်မှ ရွှေသာသနာ ပြည်မြန်မာ ..... ၁၉၉

မြစ်သားမြို့ စောလူးမင်းကျောက်စာမှ အတုယူဖွယ်ရာ ····· ၂၀၅
မြတ်ဗုဒ္ဓသာသနာသို့ သိပ္ပံဝိဇ္ဇာပညာရှင်တို့
သမိုင်းအတွေးအခေါ် ····· ၂၀၉
ကမ်းကုန်အောင်ကံဆိုးခြင်းမှ လွတ်မြောက်ခြင်း ····· ၂၁၄
မူလတန်းမှ မှတ်တမ်းကဗျာတချို့
အမိနိုင်ငံတော်သို့ (တဘောင်) ····· ၂၂၁
ရွှေခြံမြေမှ သိမှတ် အံ့ဖွယ်ရာစေတီ ····· ၂၂၉
မြတ်ဗုဒ္ဓသာသနာ၏ ကေဒဂ်ဘွဲ့ထူးခံ (၈၀) ····· ၂၄၃
ရှေးဟောင်းမွန်သီရိခမ္မကျောင်း
သီရိခမ္မတေဇသိဒ္ဓိဆုတော်ပြည့်စေတီတော် ····· ၂၄၇
ခုတန့်စ်ဖြာ သာသနာကျင့်ဖွယ်ရာ ····· ၂၆၀
သာသနာဦးစေတီကွန်ရက် ····· ၂၆၄
တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီ
ထူးကဲသော အရှင်တိဿဥပဂုတ္တ ····· ၂၇၃
စာနိဂုံးဝဒန္တာ ····· ၂၈၉

*

# သစ္စာပြု ဝန္ဒနာဂါထာ
# ဇယမင်္ဂလာ ၃၅ ဂါထာ နိဿယ
## ပထမပိုဒ်

၁။ သီလာမယေ စတုပဗ္ဗေ၊ မဟာရာဇေဟိ အာဘတေ၊ ကတွာ ဧကံ ပဋိဂ္ဂဏှိ၊ မဓုပိဏ္ဍံ တပဿိဗိန္နော။ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဇိနော– ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ တပဿိ– လင်းလွန်းပင်ရင်းဝယ် စံနေတော်မူရာ ထိုအခါ၌။ မဟာရာဇေဟိ– နတ်မင်းကြီးလေးယောက်တို့သည်။ အာဘတေ– ဆောင်ယူဆက်ကပ်အပ်ကုန်သော။ သီလာမယေ– ပဲနောက်အဆင်းဓာတ် ကျောက်ရတနာမြတ်ဖြင့်ပြုလုပ်အပ်ကုန်သော။ စတုပဗ္ဗေ– သပိတ်ကြီးလေးလုံးတို့ကို။ ဧကံ ကတွာ– တစ်လုံးတည်းဖြစ်အောင် ဖန်ဆင်းပြုလုပ်တော်မူ၍။ မဓုပိဏ္ဍံ– တပုဿနှင့် ဘလ္လိကညီနောင်လှူဒါန်း ပျားမုန့်ဆွမ်းကို။ ပဋိဂ္ဂဏှိ– ခံယူတော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန– ဤသို့မှန်ကန်စွာ ဆိုအပ်သော သစ္စာစကားကြောင့်။ မေ– ဘုရားတပည့်တော်အား။ ဇယမင်္ဂလံ– လုံးစုံခပင်း အောင်မြင်ခြင်းမင်္ဂလာသည်။ ဟောတု– ဖြစ်ပါစေသတည်း။

မြတ်ဗုဒ္ဓ၏ ပထမဦး ဆွမ်းဦးဒါယကာအဖြစ် ရေးစပ်ဖွဲ့သီကျူးရင့်တော်မူသော သစ္စာပြုဂါထာဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတ
အရှင်ပဏ္ဍိတာဘိဝံသ

# စေတီနိဒါန်း

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သာသနာနှစ် ၂၅၀၀ လုံးလုံး ငါဘုရား၏ သာသနာညှိုးနွမ်းလျက် သာသနာတော် ထက်ဝက်ကျော်မှ ငါဘုရားသာသနာ ပြန်လည်ထွန်းတောက်မည်ဟု ဂဝံပတိရဟန္တာအား မိန့်ကြားတော်မူခဲ့ခြင်း သာသနာနတ်ဒေဝါအကူအညီဖြင့် တိုတောင်းလှသော လူတို့သက်တမ်း သာသနာအခွန့်ရှည်ရန် ဒေဝါနတ်တို့ အခြံအရံ လူတို့တစ်ဖန် ကြည်ညို ရန် ပရိယတ် ပဋိပါတ်ပရိဝေဓအဖြစ် ဝိမုတ္တိယုဂခေတ် တစ်ကျော့ ပြန် သာသနာလမ်းမှန် ပေါ်ထွန်းမည့်အကြောင်း ဗျာဒိတ်တော်ရှိခဲ့ သည်။

တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီသည် ကမ္ဘာပေါ်တွင် တောင်ကျွန်းမြေဇမ္ဗူရာဇ် ရွှေကဲ့သို့ သာသနာဦးတံခွန်ဦး စေတီအဖြစ် လေးဆူဓာတ်တော်ခိုလှုံတည်ရှိရာ **ကမ္ဘာဦးကင်းနေရာ ဆံတော်ဦး ရွှေတိဂုံစေတီတော်ကြီးကို ညွှန်းဆိုလမ်းစအဖြစ် ပါရမီရှင်ကြီးများအား ညွှန်းပြနေရာဖြစ်သည်** မြန်မာပြည်သာသနာ ရွှေရောင်အဆင်း သာသနာအလင်း ဩဘာသ အရောင်ထွန်းပြောင်စေခဲ့သည်။

ဇမ္ဗူဒိပ်မှ ကမ္ဘာငြိမ်းအေးစေသော နိမိတ်တို့ ကျရောက်စေသည်။ ကမ္ဘာကို ထီးဆောင်းစေသော မြတ်ဗုဒ္ဓအဆုံးအမ သာသနာ ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ခွင့်ရခဲ့သည်။ ကမ္ဘာ့သရဖူ မြတ်ဗုဒ္ဓအဆူဆူ၏ မိန့်မာဟောချက် ဓမ္မစကားတို့ တည်ရာမြေ ပေါ်ထွန်းချိန်၊ အဆိုးမှ အကောင်းပေါ်ခြင်း၊ မြစ်တို့၏ကမ္ဘာ သာသနာ၊ သာသနာထက်ဝက် တကျော့ပြန်ထွန်းချိန်၊ ရှေးတဘောင်နှင့် စေတီတော်များ၊ ထို့နောက်တွင် နာဂစ်မုန်တိုင်း အရိုင်းမဆိုသာတို့ဖြင့် ရေးသားခဲ့သည်။ မြတ်ဗုဒ္ဓ ကြည်ညိုဖွယ် ဂါထာ ကဗျာ သာသနာအခြေပြု စေတီတော်များနှင့် အသိကြွယ်လေအောင် ဆောင်းပါးများ နိုင်ငံ့ခေါင်းဆောင်၊ ကမ္ဘာ့ ခေါင်းဆောင်အတုယူဖွယ် ဆောင်းပါးတို့ဖြင့် တန်ဆာဆင်လျက် သာသနာထက်ဝက် တဘောင်နိမိတ်တို့သည် ပြည်မြန်မာသာသနာကို ပါဠိတော်များ အနည်းဆုံးဖော်ပြ၍ စေတီတော်သမိုင်းရေးသားခြင်း ဖြစ်ပါသည်။

# အဖွင့်မှာတမ်း

စာရေးသူအား ကျေးဇူးစောင့်ရှောက် ပံ့ပိုးကြသော အာစာရအနွယ် ပွားဆရာများအား ဦးထိပ်ပန်ဆင်ပါ၏။ ဖခင်ကြီးဦးညွန့်မောင် မိခင်ကြီး ဒေါ်ထွားရှင်အစပြု၍ သံဃာတော်မြတ်အပေါင်းတို့နှင့် ဝိဇ္ဇောတာရုံ သာသနာပိုင်ဆရာတော်ကြီးတို့အား ရှိခိုးပူဇော်လျက် သာသနာ့အဝန်း နှင့် သာသနာရေးမှ သင်ကြားပေးခဲ့သော ဆရာများ သာသနာအကျိုးပြု အထောက်အပံ့ ဥပါသကာ၊ ဥပါသိကာ နောင်တော်များအားလည်း ကောင်း ကောင်းအောင်ခေါင်းဆောင်သင်ပြပေးကြသော ရဟန်းရှင် လူအများ ဝန္ဒနာမိ အာရုံပြုပါ၏။

ဗုဒ္ဓစာပေ မင်းသန်းခိုင်(ကွမ်းခြံကုန်း) ဒီစာပေရနံ့ကို လပြည့်ဝန်း အယ်ဒီတာ မောင်သာယာ ဝေဖန်ခဲ့ပါသည်။ မွေးရပ်မြေလေးထည့်ပြီး ညွှန်တာတော့ သိပ်သဘောကြပါတယ်။ နောက်နောက်စာပေလောက သားတချို့ ဗုဒ္ဓစာပေ ဆိုတာကတော့ သိပ်မကြိုက် စာပေလောကသား တွေ အားလုံးနည်းပါ ဗုဒ္ဓအဆုံးအမ ရေးကြတာဖြစ်၍ ဗုဒ္ဓစာပေဆို သည့် စာကြောင်းဖျက်ပေးဖို့ တောင်းဆိုကြသည်။

ထို့အတူ ဆရာကြီး သုတေသီမာမက သုတေသီဘုန်းမြင့်သွေး… သုတေသီဟူသော စာတမ်း ထိပ်တင်ပြီးရေးစေကြောင်း ညွှန်ပြပြန်သည်။

သုတသည် ဘဝအတွက် အလွန်လေးနက်သော ဗုဒ္ဓဟူသော ပါဠိတော် ဖြစ်ပြန်ပါသည်။ **စာရေးသူ ၁၉၉၉ ခုနှစ် လပြည့်ဝန်း မဂ္ဂဇင်းတွင် "လပြည့်ဝန်းနှင့် သဗ္ဗမင်္ဂလာ"စာခေါင်းစည်းဖြင့် မင်းသန်းခိုင် ကွမ်းခြံကုန်း ဝိဇ္ဇောတာရုံဆွမ်းအကျိုးဆောင်** လိပ်မူဖြင့် ဆောင်းပါးစတင်ဖော်ပြခွင့်ရခဲ့ပါသည်။

**အယ်ဒီတာချုပ် ဦးမြတ်စု**၊ စာရေးသူစာမူကို ရှေ့တန်းမှထုတ်သုံးပြီး ဗုဒ္ဓစာပေအခန်းကဏ္ဍစာတွင် ထည့်သွင်း၍ ဗုဒ္ဓစာပေသီးသန့် ရေးဖို့ တောင်းဆိုခဲ့ပါသည်။

စာရေးသူရေးဖို့ထက် ဖတ်အားသင်ကြားနာယူမှု ပိုလို့ စိတ်ဝင်စားခဲ့ပါသည်။ အဘိဓမ္မာ ဋီကာတို့အောင်မြင်ခဲ့ပြီး ရွှေတိဂုံမင်္ဂလာဇေယျပုဟာ ရှင်သာမဏေ ဗိမာန်တို့တွင် ဝိသုဒ္ဓိမဂ်နိကယ်ငါးကျမ်းတို့ ဝင်ရောက်ဖြေဆိုခဲ့ပါသည်။

ထို့နောက် ပ သုံးလုံးဝိပဿနာပညာ တက္ကသိုလ်တွင် သင်ယူမှတ်သားခြင်း ဖြေဆိုခြင်း ယနေ့ ရွှေကျင်သာသနာပိုင် ဝိဇ္ဇောတာရုံပရိယတ္တိစာသင်တိုက်တွင် ဆွမ်းအကျိုးဆောင်ပြုလျက် ဆရာတော်ကြီးထံမှ လိုအပ်သော စာအုပ်များရယူခြင်း ထို့နောက် မွန်ပြည်နယ် ဆရာတော် ဦးတေဇိန္ဒ သာသနာ့ ဓမ္မစရိယ၊ ဘီလင်း တောင်စွန်းရတနာတောင် ပန်းတနော်ကျောင်းတိုက်တွင် ဆည်းပူးခြင်း၊ တောင်စွန်းဝိဝေကာဝါသ ဆရာတော်၊ ဘဒ္ဒန္တသောဘဏ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ပေါက်တောဆရာတော်ကြီးတို့ထံပါး နည်းနာခံယူလျက် စာပေကို ကျိုးစားအားထုတ်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ အတွင်းရေးမှူးအဖွဲ့ဝင် ဆရာ မော်ဝန်းကြည်မြတ်က သန်လျင်ကျောက်တန်း သို့မဟုတ် မော်ဝန်းဒေသ အကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ထိုနည်းတူ ဗုဒ္ဓစာပေ ကိုယ်စားပြု ဖော်ကျူးခြင်းအား ကွမ်းခြံကုန်း မြို့ သာသနာမှတ်တမ်း ကောင်းတစ်ခု သာသနာ့တံခွန်များ ကြရောက် စိုက်ထူခဲ့သောနေရာ **"ရွှေခြံမြေမုခ်ကျွန်း ဇမ္ဗူဒီပါ လကျ်ာတောင် ကျွန်း"** ဩဘာသ အလင်းရောင်သာသနာ ထွန်းပြောင်အောင် ဇမ္ဗူဒိပ် "သာသနာ့ဇေက္က" **"တံခွန်""အလံ"**ဥဩျာင် "ရွှေခြံမြေမုခ်ကျွန်း ကွမ်းခြံကုန်းမြို့၊ ရွှေခြံမြေအစစ်" ရွှေရောင်ထွန်းသော ပြည်မြန်မာ ရွှေနိုင်ငံ ရွှေမြန်မာဖြစ်ရန် ငယ်စဉ်ကလေးဘဝမှ ကွမ်းခြံကုန်းမြို့တော် ခရမ်းအနောက် ကျွန်းချောင်းကျေးရွာလေး၏ **"မင်္ဂလွန်း"**စေတီတော် သမိုင်းကြောင်း ရေးသားနိုင်ရန် ဆုတောင်းညွှန်းဆိုခဲ့ပါသည်။ ယနေ့ ဤစာအစုဖြင့် သာသနာပြုညွှန်းဆိုနိုင်စပြုခဲ့သည်။

ထိုထိုအကြောင်းများ အစပြု၍ ဗုဒ္ဓစာပေ မင်းသန်းခိုင် (ကွမ်းခြံ ကုန်း)ဟု ဘဝတစ်သက်တာ ဗုဒ္ဓစာပေတို့ဖြင့် ရေးသားပူဇော်သွားမည် သာ ဖြစ်သည်။



# လပြည့်ဝန်းမင်္ဂလာနှင့် သဗ္ဗမင်္ဂလာဂါထာ

"မင်္ဂလာပါ"

လပြည့်ဝန်းနှင့်အတူ "မင်္ဂလာပါ"ဟု ကျေးဇူးပြုပါရစေ။ "မင်္ဂ"ဟူသော အနက်အဓိပ္ပာယ်သည် မကောင်းမှုဖြစ်၏။ "လာပါ" ဟူသော အနက်အဓိပ္ပာယ်မှာ မကောင်းမှုတို့ ဆိတ်သုဉ်းပျောက်ကွယ်သော ကောင်းခြင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်စေသည်။

မကောင်းခြင်းတို့ ဆိတ်သုဉ်းပျောက်ကွယ်၍ ကောင်းခြင်းတို့၏ အဓိပ္ပာယ်ပြည့်စုံခြင်းဖြင့် "မင်္ဂလာ"ပေါ်ထွန်းလာခဲ့ပါလေသည်။

ပြည့်စုံခြင်း၏ အနက်အဓိပ္ပာယ်သည် ဝိုင်းစက်လုံးဝန်းသော စန္ဒာလပြည့်ညကဲ့သို့ ဖြတ်သန်းခြင်း၊ ခြားနားခြင်း၊ ထောင့်စွန်းမရှိခြင်းနှင့် တူညီသော စန္ဒာလမင်းနှင့် တူညီခြင်းဖြစ်ပေသည်။

ဗုဒ္ဓစာပေတို့တွင် လုံးဝကောင်းမွန်ခြင်းသည် သချ်ာ၏အကြင်းမဲ့ ကောင်းမွန်ခြင်းဖြစ်သည်။ ထို့ကြောင့် လပြည့်ဝန်းနှင့်အတူ "မင်္ဂလာပါ"ဟု ကျေးဇူးပြု နှုတ်ခွန်းဆက်ခြင်းဖြစ်ပါသည်။

မင်္ဂလာကို ရယူလိုကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ကျေးဇူးပြုရန်လိုအပ်၏။ ကျေးဇူးပြုစွမ်းနိုင်ကုန်သော ပုဂ္ဂိုလ်အပေါင်းသည် မင်္ဂလာအပေါင်းကို ရယူနိုင်ကြ၏။ ကျေးဇူးတရားသည် မင်္ဂလာတရားကို ဖော်ကျူးရန် နိဒါန်းပြုခြင်းဖြစ်၏။

ရှေးပညာရှင်ကြီးများက ဘုရားဖြစ်စ မင်္ဂလာပါဟူ၍ ဆိုရိုးရှိခဲ့သည်။

ဘုရားမပွင့်ထွန်းမီအခါသည် စကြာဝဠာအနန္တနှင့် ကျွန်ုပ်တို့၏ ကမ္ဘာပေါ်တွင် လောကသုံးပါးကို ပိုင်းခြား၍ ကျေးဇူးပြုနိုင်သော ပုဂ္ဂိုလ် မပေါ်ထွန်းနိုင်ခဲ့ပါ။ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းမှသာလျှင် လောကသုံးပါး ပိုင်းခြား၍သော်လည်းကောင်း၊ ကမ္ဘာမိုးမြေ စကြာဝဠာအနန္တသို့လည်းကောင်း၊ ကျေးဇူးပြုနိုင်သော ပုဂ္ဂိုလ်အဖြစ် တရားမင်းအစစ် ဘုရားရှင်ဖြစ်ခဲ့ပါ၏။

ထိုသို့အခြေပြုလျက် ကျေးဇူးတရားနှင့် မင်္ဂလာတရားတို့သည် ဗုဒ္ဓတရားအစ မင်္ဂလာပင်ဖြစ်ပေတော့သည်။ ထို့ကြောင့် ဘုရားဖြစ်စ မင်္ဂလာပါဟူ၍ ပေါ်ထွန်းလာခဲ့ပါသည်။

**"လပြည့်ဝန်း"**

နာမက္ခရကျမ်းနှင့်အညီ လပြည့်ညကို အကြောင်းပြု၍ လပြည့်နေ့တိုင်းသည် ကမ္ဘာ၏ကျက်သရေအဖြာဖြာရှိသော နေ့များဖြစ်သည်။

ထိုလပြည့်နေ့များတွင် ပိဋကတ်တတ်ကျွမ်းသော ပုဂ္ဂိုလ်များ ကျမ်းဂန်စာပေများ ပြုစုရေးသားကြ၏။ နက္ခတ်တတ်ကျွမ်းသော ပုဂ္ဂိုလ်များ ကောင်းကင်ယံကို တွက်ချက်စစ်ဆေး ကြည့်ရှုကြ၏။

အစစ်မှသည် ကမ္ဘာသို့ **မြင့်မားသော ဦးနှောက်ပိုင်ရှင်** လူသားအားလုံး အမှန်ကန်ဆုံးသော သစ္စာတရားသည် အလိုရှိသူတိုင်းရယူနိုင်သော မြတ်ဗုဒ္ဓအဆုံးအမ **"ဓမ္မာစရိယဦးဌေးလှိုင် ကမ္ဘာချုပ်ကိုင်မည့်သူ"** စာအုပ်သည် မြတ်ဗုဒ္ဓသာသနာပြည်မြန်မာ ထေရဝါဒဗုဒ္ဓသာသနာကို ညွှန်းဆိုလျက်ရှိကြောင်း အကျဉ်းအားဖြင့် ကောက်နှုတ်ဖော်ပြလိုက်ရပါတော့သည်။

*

ကျမ်းကိုး- ဓမ္မစရိယ ဦးဌေးလှိုင်
ကမ္ဘာကိုချုပ်ကိုင်မည့်သူ

သူတော်ကောင်းများ မေတ္တာကမ္မဋ္ဌာန်း ပွားများကြ၏။ ထိုသို့ သူတော်ကောင်း ပညာတတ် သူမြတ်လောင်းတို့ ကြိုးစားအားထုတ်နိုင်ခြင်းမှာ လပြည့်ဝန်းကြီးသည် ကမ္ဘာပေါ်သို့ ထွန်းလင်းတောက်ပခြင်း ကျေးဇူး ဖြစ်ပေသည်။

ကမ္ဘာ့အမြုတေဟု ခေါ်ဆိုထိုက်သော ကမ္ဘာပေါင်း အသင်္ချေ အနန္တတွင် ဘုရားရှင်ပွင့်ထွန်းသောကမ္ဘာသည် ထူးကဲတောက်ပြောင် မွန်မြတ်၏။

ထိုကဲ့သို့ ထွန်းလင်းတောက်ပ ဘုန်းကျက်သရေ အနန္တနှင့် ပြည့်စုံသော ဘုရားရှင်သည် ပွင့်ထွန်းပေါ်ပေါက်ခဲလှပေသည်။

ယခုလက်ရှိ ကျွန်ုပ်တို့၏ ကမ္ဘာသည် အမည်နာမ ဘဒ္ဒ ကမ္ဘာဖြစ်၍ ဆုကြီးပန် ဘုရားရှင်ကြီးများဖြစ်သော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဟူသော ဘုရား ငါးဆူတိုင်တိုင် ပွင့်ထွန်းနိုင်သော ကမ္ဘာပင်ဖြစ်သည်။

ဘဒ္ဒကမ္ဘာသည် ပစ္စေကဗုဒ္ဓါများ ပါဝင် ဝင်ရောက်၍လည်း မပွင့်နိုင်ပါ။ ထိုသို့ ကျေးဇူးကြီးလှသော ကမ္ဘာ့အမြုတေ ဘဒ္ဒကမ္ဘာ သည် ကမ္ဘာပေါင်း အသင်္ချေအနန္တတို့၏အလယ်တွင် သဗ္ဗညုတဘုရား ရှင်ကြီးများ၏ ပါရမီခြံရံ ပြည့်စုံပန်လျက် ပွင့်ထွန်းပေါ်ပေါက်ချိန် ရောက်ခဲ့သော ကမ္ဘာဖြစ်ခဲ့ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၏ ကျေးဇူးတရားများကို အကြောင်းပြု၍ နေမင်းကြီးအားလည်းကောင်း၊ လမင်းကြီးအားလည်း ကောင်း ကျေးဇူးတရားများကို တစ်ဆင့်သိရှိခဲ့ရပါလေသည်။

ကျေးဇူးသည် တရား၏ နိဒါန်းအစဖြစ်၏။ မေတ္တာကိုကျေးဇူး ပြုလျှင် မေတ္တာတရားဖြစ်၏။ သစ္စာကိုကျေးဇူးပြုလျှင် သစ္စာတရား မည်၏။

မေတ္တာတရားခြံရံလျက် သစ္စာတရားတို့၏ ဘုရင်တစ်ဆူဖြစ်သော ကမ္ဘာအပေါင်းတို့၏ အမြတ်တရှင်သည် ဗုဒ္ဓဘုရားရှင်တို့ပင်ဖြစ်ကြလေသည်။

**ပဒေါသေဒီပကောစန္ဒော၊ ပဘာတေဒီပကောရဝိ။**

**တိလောကေ ဒီပကော ဓမ္မော၊ သုပုတ္တော ကုလဒီပကော။**

**စန္ဒော**- သော်တာစန်းအိမ်လ ပုဏ္ဏမိန်သည်။ **ပဒေါသေ**- ညဦ့အခါဌ်။ **ဒီပကော**- ထွန်းလင်းတောက်ပ တင့်တယ်၏။ **ရဝိ**- ကမ္ဘာ့ကျက်သရေ နေမင်းသည်။ **ပဘာတေ**- မိုးလင်းချိန်ကျ ခါသမယဌ်။ **ဒီပကော**- ထွန်းလင်းတောက်ပ တင့်တယ်၏။ **သုပုတ္တော**- အကျင့်ကုံလုံ ပညာစုံသော သားကောင်းရတနာသည်။ **ကုလဒီပကော**- အမျိုးကို ထွန်းလင်းတောက်စေ၏၊ အမျိုး၏ဂုဏ်ကို ဆောင်နိုင်၏။ (ကဝိဒပ္ပနနီတိ)

မေတ္တာတရားကို အကြောင်းပြုလျက် လောကသုံးပါးအား ဘုရားရှင်ကျေးဇူးပြုသောအခါ အေးမြသာယာ လစန္ဒာကို အကြောင်းပြုလျက် မေတ္တာရိပ်ဖြန်း လရိပ်နန်းသို့ လမင်းအသွင် ဘုရားရှင်သည် မိခင်ရိပ်မှန်း အေးငြိမ်းသော စမ်းပမာကဲ့သို့ ရှိခဲ့ပါပေ၏။

ထိုသို့ မေတ္တာတရားကို အခြေပြုသောအခါ လေးပါးမျှသာ ထွက်ပေါ်ခဲ့ပါ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ပင် ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်မြတ် သစ္စာတရားကို ကျေးဇူးပြုသောအခါ နေမင်းကဲ့သို့ ထွန်းလင်းတောက်ပ တင့်တယ်စံပယ်လျက် အချင်းအရာ လေးပါးမျှရှိသော သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာဟူ၍ ပထမဦး ဓမ္မစကြာတရားတော်ဌ် ပေါ်ထွန်းခဲ့ပါလေသည်။

ထိုသို့ သစ္စာမည်သော တရားသည်ပင် ထိုလေးပါးထက် ပို၍လည်းကောင်း၊ လျော့၍လည်းကောင်း ငါဘုရား မဟောဟု ဓမ္မစကြာဌ်

ထုတ်ဖော်လျက် ရဟန္တာအရှင်မြတ်တို့အား မွေးဖွားသန့်စင်ပေးခဲ့ပြန်ပါသည်။

ဘုရားရှင် မွေးဖွားခဲ့သော ရဟန္တာအပေါင်းတို့သည် သံသရာကို လွတ်မြောက်ကြကုန်၏။

ဘုရားရှင်သာသနာတော်တွင် နေမင်း၊ လမင်းတို့၏ ကျေးဇူးတရား မမေ့စကောင်းဟူ၍ အထူးတလည် ဖော်ကျူးနိုင်ရမည်။ မိခင်၊ ဖခင်တို့၏ ကျေးဇူးတရား မမေ့စကောင်းဟူ၍ အထူးတလည် ဖော်ကျူးနိုင်ရမည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်ရန် နေမင်း၏အဝန်း၊ လမင်း၏အဝန်း၊ ဗုဒ္ဓသာသနာအဝန်းရှိသော ပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏ အဆုံးအမ တရားတော်ရှိခဲ့သည်ဟု သိအပ်၏။

ထိုသို့ ရေးသားပြုစုအပ်သော နိဒါန်းတို့သည် ဝကုံပြည့်လွယ်ကုဋ္ဋေကြွယ် မြတ်စွာဘုရားအား အကြောင်းပြု၍သော်လည်းကောင်း၊ သဗ္ဗမင်္ဂလာ ဂါထာတော်ကြီးအား အကြောင်းပြု၍သော်လည်းကောင်း နိဒါန်းပြုခြင်း အခြေပြုလိုပါ၏။

## သဗ္ဗမင်္ဂလာဂါထာ

**ဒိဝါတပတိအာဒိစ္စော၊ ရတ္တိမာ ဘာတိစန္ဒိမာ၊**
**သန္နဒ္ဓော ခတ္တိယော ဘာတိ၊ ဈာယီတပတိ ဗြဟ္မဏော၊**
**အထသဗ္ဗ မဟောရတ္တိ၊ ဗုဒ္ဓေါတပတိ တေဇသာ။**

၁။ **အာဒိစ္စော**- နေမင်းသည်။ **ဒိဝါ**- နေ့အခါ၌။ **တပတိ**- တင့်တယ်တော်မူ၏။

၂။ **စန္ဒိမာ**- လမင်းသည်။ **ရတ္တိံ**- ညအခါ၌။ **အာဘာတိ**- တင့်တယ်တော်မူ၏။

၃။ **ခတ္တိယော**- ပြည့်ရှင်မင်းမြတ်သည်။ **သန္တတော**- တန်ဆာဆင်၍ စစ်တပ်ရုံအပ်သည်ရှိသော်။ **တပတိ**- တင့်တယ်တော်မူ၏။

၄။ **ဗြဟ္မဏော**- ရဟန္တာသည်။ **ဈာယီ**- ဈာန်သမာပတ် ဝင်စားသည်ရှိသော်။ **တပတိ**- တင့်တယ်တော်မူပါပေ၏။

၅။ **အထ**- ထိုထိုအားလုံး လွှမ်းအုပ်ဖုံး၍ တင့်တယ်ဆုံးကား။ **သဗ္ဗံ**- အလုံးစုံသော။ **မဟောရတ္တိံ**- နေ့ညဉ့်တို့ကာလပတ်လုံး။ **ဗုဒ္ဓေါ**- ဘုရားရှင်သည်။ **တေဇသာ**- သီလစသော တန်ခိုးတော်ဖြင့်။ **တပတိ**- တင့်တယ်တော်မူပါပေ၏။

သဗ္ဗမင်္ဂလာ ဂါထာတော်ကြီး ပေါ်ပေါက်လာရခြင်းမှာ ဘုရင်မင်းမြတ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် မကင်းသော ဂါထာ အမတ်ပညာရှိအား လျှောက်ထားခိုင်းလေသော် ဓမ္မပဒကျမ်းအလာကို အမှီပြု၍ အမတ်ပညာရှိသည် ဘုရင်မင်းမြတ်အား လက်စုံချီမိုး ရှိခိုးလျက် သဗ္ဗမင်္ဂလာ ဂါထာတော်ကြီးကို တင်လျှောက်ခဲ့ခြင်းဖြစ်လေသည်။ ဘုရင်မင်းမြတ်က အသပြာထောင်ထုပ် ပေးသနားခဲ့လေသည်။

နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၌ ဘေးအန္တရာယ်အပေါင်းကင်းဝေးစေသော ကပ်လွတ်အောင်သိဒ္ဓိဂါထာဟု ဖွင့်ဆိုသည်။

နိကာယ်ငါးရပ်အတွင်း အနန္တငါးပါးပူဇော်သော ဂါထာထူးတစ်ပုဒ်အဖြစ်လည်း အထူးတလည်ဖော်ကျူးသည်။

❀

လပြည့်ဝန်းမဂ္ဂဇင်း
အမှတ် (၄၆)၊ စတင်ဘာ ၁၉၉၉



# အဆိုးမှ အကောင်းပေါ်ခြင်း

မေလ နှစ်ရက်နေ့ည နာဂစ်မုန်တိုင်း ကျရောက်စဉ်က စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးအနောက် ကျွန်းချောင်းကျေးရွာ ဦးဝိဇ္ဇောဘာသ ဘုန်းတော်ကြီးကျောင်းတွင် တိုယ်တိုင်ရှိနေခဲ့သည်။

နာဂစ်မုန်တိုင်းသည် ည(၈)နာရီ အချိန်မှစတင်၍ မနားတမ်းမိုးနှင့်အတူ တိုက်ခတ်ခဲ့သည်။ ပင်လယ်နှင့် သိပ်မဝေးလှ၍ ရေတက်ချိန်

မိုးသည်းထန်စွာ ရွာချမှုနှင့်အတူ နာဂစ်မုန်တိုင်းလေ ဒေးဒရဲ ကျိုက်လတ်ဘက်မှ စီးဆင်းလာသော ရေတို့သည် ပင်လယ်ပိုင်းဖြစ်သော တိုးမြစ်ရေနှင့် ပေါင်းစပ်မိပြီး ကျွန်းချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ကုန်းမြေပေါ်သို့ ည(၂)နာရီခန့်တွင် ပေါင်လယ်လောက်ရောက်လာသည်အထိ မဖြစ်စဖူးဖြစ်ခဲ့ရသည်။

ကျွန်းချောင်းကျေးရွာနှင့်အတူ ကုန်းမြေအနိမ့်ပိုင်းများတွင် ခုနစ်ပေခန့်အထိ ရေလွှမ်းမိုးခဲ့သည်။ လေဘေးထက် ရေဘေးခက် ဆိုရမလိုဖြစ်ခဲ့ရသည်။ သစ်ပင်ကြီးများပင် ပြိုလဲခဲ့ကြသဖြင့် အပင်ငယ်များပြောဖွယ်မရှိပြီ။ သစ်ပင်အားလုံး အရွက်မရှိ၊ ကျေးရွာနေ လူနေအိမ်များအားလုံး ပျက်စီး၍ လူနေအိမ် (၄၂၀) အားလုံးပြိုပျက်ပြီး ရွာ၏အနောက်ပိုင်း လူနေအိမ်များ၊ အိမ်တိုင်ပါမရှိ ကွင်းပြင်ကြီးအတိဖြစ်ခဲ့ရသည်။

မြစ်ရေတွန်းအား လှိုင်းတံပိုးများ ရိုက်ခတ်မှု ရွာမှလူဦးရေ (၄၀)ခန့်သေဆုံးခဲ့ရသည်။ ကျွဲ၊ နွားများလည်း သေ၊ ပျောက်ပျက်စီးခဲ့ရသည်။ ကျန်ရှိသော ကျွဲ၊ နွားများမှာလည်း ကျန်းမာရေးချို့တဲ့ခဲ့ရသည်။

ကျွန်းချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း အပေါ်အုံဆောင်ပျက်စီးပြုတ်ကျခဲ့သော်လည်း ကျောင်းပေါ်တွင် ညနှစ်နာရီအချိန် လေဘေးဆိုးလွတ်ရေး လူလေးငါးရာခန့် လာရောက်ခိုလှုံနေကြသည်။

ထိုလူများအတွင်း အချို့ အဝတ်မပါဖြစ်ခဲ့ရသည်။ **အားအင်ချည့်နဲ့သော သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ ဒုက္ခဆိုးရွားစွာဖြင့် ကျောင်းအောက် ကျောင်းပေါ်ရောက်လာကြသည်။** စာရေးသူကိုယ်တိုင် ကျောင်းဘုရားဆောင် မှန်တံခါးများ အလုံပိတ်ပြီး ဘုရားမီးထွန်းညှိပူဇော်ကာ ကောင်းမှုအာရုံပြုပြီး ကရုဏာရေးရှေ့လျက် ဘုရားခန်းမှ ၄င်းတို့အား အလင်းရောင်ပေးနိုင်ရုံမျှသာ ကူညီခွင့်ရှိခဲ့သည်။

ကျောင်းကြီး အပေါ်ဘုံဆောင် ပြုတ်ကျပျက်စီးမှုနှင့် တအုံးအုံး သစ်ကိုင်းကျိုးသံ၊ သစ်ချောင်းများ ပြုတ်ကျသံများ ထိတ်လန့်ဖွယ် ကြားနေမှုများကို ဥပေက္ခာပြုလျက် ရတနာသုံးပါးကိုသာ အာရုံပြုနေခဲ့ရသည်။ နံနက်မိုးသောက် အလင်းရောက်ချိန်၌လည်း မိုးသံလေသံ မစဲ တိုက်ခတ်နေသည်။ သံဃာတော်များ အရုဏ်ဆွမ်း မလွတ်စေရန် ကျောင်းတွင်ရှိသော ဆန်ကိုချက်၍ ဆွမ်းကပ်ခဲ့ရသည်။ ခုနစ်ရက် တိုင်တိုင် ကျောင်းတွင်ဆွမ်းချက်၍ ကပ်လှူခွင့်ရခဲ့သည်။ သစ်ပင် ကြီးများပြိုလဲပြီး ရွာလမ်းများ ပိတ်ဆို့နေသည်ဖြစ်၍ လူနေအိမ်များ လည်း ပျောက်ကွယ်ပျက်စီးကုန်ပြီဖြစ်သောကြောင့် ကျောင်းမှ ဆွမ်းခံ မထွက်နိုင်သဖြင့် ပစ္စန္တရစ်အရပ်သဖွယ် ဖြစ်ခဲ့ရသည်။

ကျေးရွာမှလူများကို ကျောင်း၌ ချက်ပြုတ်၍ စားနေရေးများကို ပြုစုစောင့်ရှောက်ပေးခဲ့ရသည်။ အချို့သောမိသားစုများ သေပျောက် ကုန်ပြီး အချို့ အိမ်လုံးကျွတ်ပင် သေကျေပျက်စီးခဲ့ကြသည်။ စည်းစိမ် ဥစ္စာမှာ ပြောဖွယ်မရှိပြီ။ (လက်တို ငါးရိုးမျက်) စကားပုံပမာ အားလုံး ဖြစ်နေကြရသည်။

နှစ်ပေါင်းများစွာ သက်သတ်လွတ်ဘုဉ်းပေးနေသော ကျွန်းချောင်း ကျောင်းထိုင်ဆရာတော် ဦးဝိဇ္ဇောဘာသ၏ စားဖွယ်ပစ္စည်းများမှာ ထိုအချိန်၌ အလွန်အသုံးကျခဲ့သည်။ မြေပဲဆံကြော် ဇလုံကြီးတစ်လုံး၊ ဖန်ဘူးကြီးသုံးလုံး အသား ငါးမပါ ကြက်သွန် ငရုတ်သီးဖြင့် လုပ်ထား သော အစပ် အငန် စားဖွယ်များမှာ အရသာထူးလှသည့် စားဖွယ်များ ဖြစ်သည်။ သားသတ်လွတ် ဆရာတော်စားပြီးတိုင်း ပိုနေသောစားဖွယ် များ စုထားဟန်တူသည်။ ထန်းလျက်တစ်တင်းကျော်နှင့် ဘုရားခန်းတွင် ရှိနေသော အချိုရည်ပုလင်းကြီးများမှာလည်း စာရေးသူကိုယ်တိုင် ကျောင်းရှိသံဃာတော်များနှင့် ကျေးရွာမှ ကလေးငယ်၊ သက်ကြီး ရွယ်အိုများအား လေးရက်စာ စားဖွယ်အဖြစ် ပြုစုပေးခဲ့ရသည်။

အားလုံးအပေါ် မေတ္တာမျက်လုံးဖြင့် ကြည့်ခွင့်၊ မြင်မြင်သမျှ လုပ်အားဒါနဖြင့် ကူညီခွင့်ကိုရရှိခဲ့သည်။ ဝေယျာဝစ္စဒါနကို သဒ္ဓါလက်ဖြင့် ကူညီတတ်သူတို့အတွက် ကုသိုလ်တရားများ တိုးပွားခဲ့ရသည်။

စာရေးသူကိုယ်တိုင် (၂၉)နှစ် နေခဲ့ရသော မွေးရပ်ဇာတိ အမိမြေ အမှန်ဖြစ်ခဲ့သည်။ ထို့ကြောင့် သဒ္ဓါစေတနာ၊ ကရုဏာ၊ မုဒိတာ အပြည့်ဖြင့် ဝေယျာဝစ္စဒါန ပြုခွင့်ရခဲ့သဖြင့် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

**မုန်တိုင်းကျရောက်ပြီး သုံးလေးရက်အတွင်း၌ ကျောင်းအောက် ကျောင်းပေါ်ရှိလူများ ညအချိန် အလင်းရရန် မီးစက်မောင်း၍ တစ်ညလုံး ထွန်းပေးခဲ့ရသည်။** ကျေးရွာရှိ လမ်းမကြီးများ ရှင်းလင်းပြီး၍ တစ်ပတ်ခန့်အကြာ ရန်ကုန်မြို့ပေါ်မှ အလှူရှင်များ ကားကြီး ကားငယ်များနှင့် ရောက်လာကြသည်။

ရှိုင်းဟုတ်ကုမ္ပဏီ၊ နာရေးအဖွဲ့ ဦးကျော်သူ၊ ကုန်သည်ကြီးများ အသင်း၊ ထွန်းရွှေဝါမိသားစု၊ ဆေးဖက်ဆိုင်ရာ ဒေါက်တာများ၊ ဓမ္မကထိက ဦးကောဝိဒ၊ နိုင်ငံတော်ထောက်ပံ့မှု လာရောက် လှူဒါန်း နေကြသော အလှူရှင်ပေါင်းများစွာကို အထူးပင် ကျေးဇူးတင်ရ ပါသည်။

အစိုးရ၏ ပံ့ပိုးမှုနှင့်တကွ မြို့နယ်အသီးသီးမှ လာရောက် လှူဒါန်းနေကြသူများအား ရွာသားများအားလုံး၏ကိုယ်စား စာရေးသူ သည် အထူးပင် ကျေးဇူးတင် ဝမ်းသာခဲ့ရပါသည်။

**သူဌေးသူကြွယ်သည် တိုင်းပြည်၏ ဝမ်းမိုက်**ဟု အဆိုရှိသည့် အတိုင်း စေတနာ သဒ္ဓါတရား ဌေးကြွယ်သော မြန်မာနိုင်ငံသား အားလုံးသည် သူတစ်ထူး ဒုက္ခကြုံတွေ့ကြောင်း ကြားလျှင် ဘာသာ မရွေး၊ လူမျိုးမရွေး လာရောက်လှူဒါန်း ပေးကမ်းလေ့ရှိသည်ကို တွေ့ရ

သည်။ သူဌေးသူကြွယ် မိဘသဖွယ်ဖြစ်စေခဲ့သည်။ ရေသန့်ဘူးမှစ၍ စားဝတ်နေရေး ဆေးဝါးအားလုံး လှူဒါန်းလျက်ရှိသည်။

စာရေးသူ၏ ဇာတိရွာနေ လူအားလုံးသည် စာရေးသူ၏ ဆွေမျိုးသားချင်းများဖြစ်သည်ဟု ခံယူထားသည့်အတိုင်း ဒုက္ခကြီး တွေ့ကြုံနေရသော ဤဆွေမျိုးသားချင်း ရွာသူ ရွာသားများအား လာရောက်ကူညီ ပေးကမ်းလှူဒါန်းနေကြသော နိုင်ငံတော်အစိုးရနှင့် တကွ စေတနာရှင်၊ အလှူရှင်များအား ဖရဏာပီတိ ဝမ်းဆီထိပမာ နှလုံးသားမှ အိ၍ထွက်ပေါ်လာသော မုဒိတာတရား မေတ္တာတရားဖြင့် ဘေးမထိ ရန်မခိုက် ဆူးမငြိဘဲ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ ကောင်းမှု လိုရာဆန္ဒ ပြည့်ဝနိုင်ကြပါစေဟူ၍ ဆုတောင်းပတ္ထနာ ပြုလိုက်ရ ပါသည်။

အထူးမှာ စာရေးသူ၏ ဇာတိရွာဖြစ်သော ကျွန်းချောင်း ကျေးရွာရှိ **"ဆံတော်ကြို မင်္ဂလွန်းအောင်စကြာစေတီ"** သည် မုန်တိုင်း ဒဏ်ကြောင့် ထီးတော်မြေခချခဲ့ရသည်။ ထို့အတူ ကွမ်းခြံကုန်း-ဒလ ကားလမ်း တစ်လျှောက်ရှိ "ဆံတော်ကြို" စေတီတော်များမှာလည်း ဝမ်းနည်းဖွယ် ထီးတော်များ ပြုတ်ကျခဲ့ရသည်။

**"မင်္ဂလွန်း အောင်စကြာစေတီတော်"** သည် ထီးတော်ပြုတ်ကျ ကာ ပိန္နဲတိုင်မှာ အံ့သြစရာ အခြားဆံတော်ကြိုစေတီဖြစ်သော ကားလမ်း တစ်လျှောက် အင်္ဂလုံးစေတီတော်ဘက်သို့ ညွှန်းပြသကဲ့သို့ ကိုင်းညွှတ် နေသည်ကို တွေ့ရှိရသည်။

အင်္ဂလုံးစေတီတော်သည်လည်း ထို့အတူ ရန်ကုန် ရွှေတိဂုံစေတီ တော်ကို ညွှန်ပြဘိသကဲ့သို့ ကိုင်းညွှတ်နေသည်ကို အထူးတွေ့မြင် ရသည်။

ကွမ်းခြံကုန်း-ဒလ ကားလမ်းအတိုင်း တပုသႀ-ဘလ္လိက ကုန်သည်ညီနောင်တို့ ဆံတော်ပင့်ဆောင်ရာလမ်းတစ်လျှောက် ကံ့ဘဲ့

လမ်းဆုံ ဘုရားငုတ်တိုအထိ ဆံတော်ကြိုစေတီတော်များနှင့် အခြား စေတီတော်များ ပျက်စီးပိုယွင်းခဲ့သည်။ တစ်နည်း တဖုသ-ဘလ္လိက နေထိုင်ရာ ဒေသလည်းဖြစ်ခဲ့သည်။

ယနေ့ လမ်းတံတားများသည် နိုင်ငံတော်အစိုးရ၏ ကြိုးစား မှုဖြင့် ကောင်းမွန်ခဲ့ရသည်။ လှိုင်သာယာ ဘီအိုစီမှ အစပြုလျက် **"ပန်းလှိုင်တံတား"**၏ ကောင်းကျိုးဖြင့် တွံတေးမြို့သို့ ကားလမ်း ဖောက်လုပ်ပြီးဖြစ်သည်။

တွံတေးတူးမြောင်းကို ထပ်မံတံတားဖောက်လုပ်၍ ကံဘဲ့ နပဲပင်ရွာ ယခုလက်ရှိ ဘုရားငုတ်တိုရွာအထိ ကားလမ်းဖောက်လုပ်ခဲ့ပြီး ဖြစ်သည်။ ထိုလမ်းသည် "ရတနာပန်း" လှိုင်စေသော သာသနာကို အခွန့်ရှည်စေရန် ဆက်သွယ်ရေးလမ်းကြောင်း လမ်းကောင်းတစ်ခု ဖြစ်သည်။

ယနေ့ ရွှေတိဂုံစေတီတော် သမိုင်းအကျဉ်းများကို ဖတ်ရှုရသော အခါ ကွမ်းခြံကုန်း-တွံတေး-ဒလ ကားလမ်းတစ်လျှောက် ဆံတော်ကြို စေတီများကို တွေ့နေရသော်လည်း တိမ်မြုပ်သကဲ့သို့ဖြစ်နေသည်။ **"ဆံတော်ကြိုစေတီများသည် ကမ္ဘာသိအောင် ပေါ်လွင်စေသော အဓိကရ စေတီတော်များကို ယခု နာဂစ်မုန်တိုင်းက သာသနာ အထွတ်ပြုရန် သာသနာထွန်းလင်းရန် အထူးပြုခဲ့ပါသည်"**။

နာဂစ်မုန်တိုင်းကြောင့် ဆံတော်ကြိုစေတီ ထီးတော်များ ပျက်စီးခဲ့ရသည်ကို ပြန်လည်ပြုပြင်ခွင့် ရရှိကြတော့မည်ဖြစ်၍ ကမ္ဘာ မှာ မြန်မာသည် သာသနာအညွန့်အဖူး တောင်ကျွန်းဒီပါ အမြတ် ကျွန်းမှာ ဘုရားအလောင်းတော်နတ်သား ကြည့်ခြင်းငါးပါး အပါအဝင် ဦးခိုက်ရာ အထူးဖြစ်သည်။ **ရှေးဘုရားရှင်တို့၏ ဓာတ်တော်မွေတော် များ ကိန်းအောင်းရာ အရပ်ဖြစ်သော ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် သည် အမိမြန်မာပြည်၏ သာသနာအတွက် ဘဒ္ဒကမ္ဘာတွင် ထင်ရှား**

ပွင့်ပြီး မြတ်ဗုဒ္ဓလေးဆူ ဓာတ်တော်မွေတော်များဖြင့် တည်ထားရာဖြစ်သောကြောင့် ကမ္ဘာ့အလယ် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ရသည်။

သာသနာ့ ဒါယကာကောင်းတို့ ကုသိုလ်ထူးချွန် အားသွန်ခွန်စိုက်ရေးအတွက် "**မဟာအလံ**" သာသနာ့တံခွန် လွှားနိုင်ကြလိမ့်မည်ဟု မျှော်လင့် ဝမ်းသာစွာဖြင့် အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

အာရ်ဘီဘာသာဖြင့် နာဂစ်မုန်တိုင်းသည် "**ပန်းပွင့်**" ဟု အဓိပ္ပာယ်ရသည်။ သာသနာပန်း ပွင့်လန်းရန်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခြားထားသော မြစ်ကို "**နာဖ်ဒေါရီယာ**" နတ်မြစ်ဟု အဓိပ္ပာယ်ဖွင့်ထားသည်။ (ဘင်္ဂလီ) နဂါးမင်းသမီးဟုလည်း နာဂစ်မုန်တိုင်းကို အဓိပ္ပာယ်ဖွင့်ဆိုသည်။

မည်သို့ပင်ဆိုစေ "**ဆံတော်ကြို စေတီတော်များအတွက်**" နာဂစ်မုန်တိုင်းအဆိုးမှ အကောင်းဆုံး မြတ်ဗုဒ္ဓ ၁၀၃ ခုနှစ် ပွင့်ထွန်းစမှ တပုဿညီနောင် ဆံတော်ပင့်ဆောင်ရာ သာသနာအထွတ်ပြု၍ လူတိုင်းသဒ္ဓါတရားအတွက် လာဘ်ကောင်း လာဘ်မြတ် ဖြစ်စေသော်ဟူ၍ ဆန္ဒပြု ရေးသားဖော်ကျူးလိုက်ရပါသည်။

*

လပြည့်ဝန်းမဂ္ဂဇင်း၊ ဩဂုတ်-၂၀၀၉ ခု



# မြစ်တို့၏ကမ္ဘာ သာသနာ

မြန်မာပြည်၌ အဓိကကျသော ဧရာဝတီမြစ်ကြီး၏ကျေးဇူး ကဗျာမမီ စာပန်းချီ ရေးဖွဲ့အလီလီ ဖွဲ့သီမဆုံးအောင်ဖြစ်သည်။ **ကမ္ဘာ့အံ့ဖွယ် ထူးကဲနိမိတ် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာသ သာသနာ့အလင်းရောင် ဗုဒ္ဓအဆုံးအမများ ရတနာမြတ်သုံးပါး ထွန်းလင်းခြင်း၏အစသည် ဧရာဝတီမြစ်၏ မြစ်လက်တက် တိုးမြစ်ကြီးကို သက်သေတည်ရမည်ဖြစ်သည်။**

ဧရာဝတီမြစ်ကြီးသည် ဟူးကောင်းတောင်ကြား မေခ၊ မလိခတို့ ပေါင်းဆုံရာမှ မြစ်ဖျားခံပြီး မြန်မာပြည်၏ အဓိကအသက်သွေးကြော

ကြီးအဖြစ် အထက်မှအောက် မြို့တော်ရန်ကုန်အနီး မြစ်လက်တက်များ ဖြာထွက်၍ ဘင်္ဂလားပင်လယ်အတွင်း စီးဝင်သော ရန်ကုန်တိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အကြား စည်းရိုးသဖွယ်တည်ရှိနေ သော တိုးမြစ်ကြီးဖြစ်သည်။

လူသားတို့၏ ခန္ဓာကိုယ်အသက်ရှင်မှုသည် သွေးကြောများ မရပ်မနား လည်ပတ်စီးဆင်းခြင်းနှင့်အတူ အသက်ရှင်လျက်ရှိနေကြ သည်။ ကမ္ဘာမြေပြင် တည်တံ့ခိုင်မြဲစေရန် မြစ်၊ ချောင်း၊ အင်း၊ အိုင် တို့သည် ကမ္ဘာ့ပထဝီမြေပြင်၏အတွင်း သွေးကြောကြီးများဖြစ်ပြီး ပင်လယ်သမုဒ္ဒရာတို့သည် ကမ္ဘာမြေပြင်၏ အာကာသလောဝါဒအဖြစ် တည်ရှိနေခြင်းဖြစ်သည်။

နေမင်း၊ လမင်း၊ ကမ္ဘာတို့ လမ်းကြောင်းမှန်သွားနေသကဲ့သို့ တောတောင်ရေမြေ သဘာဝတရားတို့ကို မြစ်ကြောင်းကြီးများဖြင့် သစ်လွင်သန့်စင် မွမ်းမံထားခြင်းဖြစ်သည်။ ထို့အတူ လူမျိုး၊ ဘာသာ၊ သာသနာအတွက် ကမ္ဘာ့အလယ်ဗဟို မဇ္ဈိမဒေသ၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပထမဝီမြေထွန်းသစ် မြတ်ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းတော် မူခဲ့သည့် **မြန်မာပြည် မြတ်ဗုဒ္ဓသာသနာ့အလင်းသည် သြဘာသ တောင်ကျွန်း ဇမ္ဗူဒိပ် နိမိတ်ထွန်းလင်းခဲ့သည့်** သာသနာသည် ပါရမီ ကြီးရင့်သူတို့သာ ထိုက်တန်စွာ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင် ကြသည်။

ပါရမီကြီးရင့်သော မြန်မာပြည်သား တပုဿ၊ ဘလ္လိက ညီနောင်သည် (တေံဒဂ္ဂ ဘိက္ခဝေ မမသာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံယဒိဒံ တပုဿဉ္စလ္လိကာ ဝါနိဇာ) သရဏဂုံဆောက် တည်ခွင့် ကမ္ဘာ့လူသားအားလုံးထက် သာလွန်သော မဒုမုတ္တရမြတ်စွာ ဘုရားထံမှ ဆုတောင်းဆုမြတ် ပါရမီထူး ကျေးဇူးအချိန်အခါ ရောက် ခဲ့ရသည်။ လေးဆူမြောက် ဘဂဝါရှင် ဂေါတမမြတ်ဗုဒ္ဓထံမှ အဦး ကိုးပါး သာသနာ့အလင်း ထွန်းလင်းခဲ့ရသည်။

ထိုအဦး ကိုးပါးမှာ-

(၁) ဖူးတွေ့ခွင့်ရရှိခြင်း၊ (၂) တရားနာခွင့်ရရှိခြင်း၊
(၃) ဆွမ်းလှူခွင့်ရရှိခြင်း၊ (၄) သရဏဂုံတည်ခွင့်ရရှိခြင်း၊
(၅) ဆံတော်ပူဇော် ခွင့်ရရှိခြင်း၊ (၆) ဦးပါသကာဖြစ်ခွင့်ရရှိခင်း၊
(၇) ဗုဒ္ဓဘာသာဖြစ်ခွင့် ရရှိခြင်း၊ (၈) တေဒင်္ဂရာထူးဖြစ်ခွင့်ရရှိခြင်း၊
(၉) စေတီတော်တည်ထား ကိုးကွယ်ခွင့် ရရှိခြင်းတို့ဖြစ်သည်။



တိဂုဏ္ဍဆံတော်ရှင် ရွှေတိဂုံစေတီပုံတော်

ကမ္ဘာ့ပထဝီမြေပြင် တပုဿညီနောင်၊ ဥက္ကလာပမင်းကြီး၊ အထက်ဘိုးတော်သိကြား၊ နတ်ဒေဝါများ၊ ပြည်သူအများကျေးဇူးဖြင့် ဘဒ္ဒကမ္ဘာ ပွင့်တော်မူပြီး မြတ်ဗုဒ္ဓလေးဆူသော ဓာတ်တော်မွေတော်များ စုစည်းရာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ယနေ့တွေ့မြင်ကြည်ညို ခွင့်ရရှိခဲ့ကြသည်။

တပုဿညီနောင်၏ ဇာတိနေရပ်မှာ ဇမ္ဗူဒီပါတောင်ကျွန်း သပြေထွန်းသော ကျွန်းမြတ်မဟာဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်အရသာ ညောင်လေးပင် ဦးအရိယကျမ်းမှ ဖွင့်ဆိုသည်။ ယနေ့ ကမ္ဘာ့ပထဝီ အင်ဒိုချိုင်းဒါးကျွန်းစွယ်တွင် တည်ရှိသော ရှေးယခင် အသိတဥ္စန ဥက္ကလာပတိုင်း (**ယခု ရန်ကုန်တိုင်းဒေသကြီး**) တောင်ပိုင်းခရိုင်အတွင်း ခမဲပင်ကျေးရွာ ဇာတိဖြစ်ကြောင်း ပထဝီမြေပြင်သမိုင်း သက်သေ အဖြစ် တည်လျက်ရှိသည်။

တပုဿညီနောင်တို့သည် ကုန်သည်အလုပ်ဖြင့် ရွာကြီး ၄၀ မှ ရွက်သင်္ဘောသား ၅၀၀ ကို ဦးစီးလျက် ဗုဒ္ဓဆံတော်မြတ်ကို ပင့်ဆောင် လာစဉ် ဘင်္ဂလားပင်လယ် ရေလမ်းခရီး ပင်လယ်ပြင်မှခ်ဦးအဝင် အဖြစ် မြင်တွေ့နေရသော ရွှေရောင်အဆင်း သဲသောင်ပြင်ကို "**ရွှေ ခြံမြေမှခ်ကျွန်း**" အမည်တွင်စေခဲ့သည်။

ဒီရေအတက် ကျောက်ချနားနေစဉ် နဂါးမင်းတို့ တောင်းဆို မှုဖြင့် ပင်လယ်သောင်စပ်တွင် စေတီတည်ရန် ကတိပြုခဲ့ရသည်။ ယခု ကညင်ကုန်းကျေးရွာ "**ကျောက်ဆူးငြိစေတီတော်**"တစ်ဆူ ပေါ်ထွန်း ခဲ့သည်။

ဒီရေအတက် ရွက်သင်္ဘောသားများ ထိုးဝါးဖြင့် ထိုးဝင်ခဲ့ရာ မြစ်ဖြစ်၍ "တိုးမြစ်"(**ဒီတိုးချောင်း**)အဖြစ် အမည်တွင်ခဲ့သည်။ အရှေ့ဘက်တိုး၊ အနောက်ဘက်တိုး၊ ညာသံပေး ထိုးဝါးဖြင့်ထိုးဝင်ရာ အမည်နာမဖြစ်၍ အရှေ့ဘက်တိုး ရွှေခြံမြေ မှခ်ကျွန်းဖြစ်သည်။ "**အနောက်ဘက်တိုးရွာ**" **ဧရာဝတီတိုင်းဒေသကြီး** တိုးမြစ်ကမ်းခြေ ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ကမ်းခြေရွာများမှာ ကဝက် ကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ နခေါင်းချောင်းကျေးရွာတို့ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီး အရှေ့ဘက်ကမ်းခြေ** တောင်ကုန်းချောင်း၊ ကျွန်းချောင်ချောင်း၊ တော်ခရမ်းချောင်း၊ ကွမ်းခြံကုန်းချောင်းတို့ဖြစ်သည်။

တိုးမြစ်ရိုးတစ်လျှောက် ရွက်သင်္ဘောဖြင့်ဝင်လာစဉ် ကျွန်းကို မျက်နှာ ပြုထားသောချောင်း 'ကျွန်းချောင်း' မင်္ဂလွန်းရွာသားများ ဗုဒ္ဓဆံတော်ဖူးမြော်ရန် တောင်းဆိုမှုဖြင့် တပုဿညီနောင် ဦးစီးပင့်ဆောင်ခဲ့သော ဗုဒ္ဓဆံတော် ဦးစွာနားခို အပူဇော်ခံခွင့်ရရှိခဲ့သည်။

ဆံတော်မြတ် အပူဇော်ခံရာနေရာတွင် "**ဓဇက္က**" တံခွန်အလံများ စိုက်ထူ၍ ပူဇော်ကြသည်။ ထိုတံခွန်စိုက်ရာ နေရာများတွင် ဥက္ကလာပမင်းကြီးကိုယ်တော်တိုင် စေတီတည်ထားခွင့်ပြုလျက် သာသနာအကြို ပန္နက်မှန် လမ်းစေတီများအဖြစ် ဆံတော်ကြိုစေတီ၊ ပန္နက်စေတီ၊ တံခွန်စေတီ၊ လမ်းပြစေတီများအဖြစ် ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်မုခ် ဘုရားလမ်း "**အလံပြစေတီ**" အထိ တည်ထားကိုးကွယ်မှုစခဲ့သည်။

ရွှေတိဂုံစေတီတော်ကို မြန်မာသမိုင်း အစောင်စောင်တွင် တိဂုမ္ဘဆံတော်ရှင်၊ သိင်္ဂုတ္တာကုန်းမြေကို မြို့လေးမြို့၊ ချောင်းလေးချောင်းဝိုင်းရံလျက်ရှိကြောင်းကို ဖော်ပြထားသည်။ အရှေ့ဘက်တွင် ရမ္မာဝတီမြို့နှင့် ဒီတိုးချောင်း၊ တောင်ဘက်တွင် ပေါက္ခဝတီမြို့နှင့် ပုဇွန်တောင် ချောင်း၊ အနောက်ဘက်တွင် အသိတဉ္ဇနမြို့နှင့် အသိတဉ္ဇနချောင်း၊ မြောက်ဘက်တွင် ဥက္ကလာပမြို့နှင့် ငမိုးရိပ်ချောင်းတို့ဖြစ်ကြသည်။

မောင်ရွှေနော် မွန်ရာဇဝင် သမိုင်းပေါင်းချုပ်နှင့် အနည်းငယ်ကွဲလွဲနေသည်။ အရှေ့ အသိတဉ္ဇနမြို့ သန်လျင်နှင့် ဒေါပုံမြစ်၊ အနောက်ရမ္မာနဂရမြို့နှင့် ဝါးတစ်ရာမြစ်၊ တောင် ပေါက္ခရဝတီ၊ တွံတေးမြစ်၊ မြောက် မယ်လမု ငမိုးရိပ်ချောင်းဟု ပြဆိုသည်။

တံခွန်ဦးစေတီတော်မှာ တောင်ကျွန်းဇမ္ဗူ မြေနှစ်ကဲ့သို့ အဖိုး အနဂ္ဃထိုက်တန်လှစွာ တောင်ကျွန်းမြေ ဩဘာသ သာသနာဗုဒ္ဓအဆုံး အမ ပထဝီမြေစတင်ပြီး ပန္နက်တင်ခြင်း၊ သာသနာအလင်းပြခြင်း၊ **ရတနတ္တယ** ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ခြင်းတို့ စတင်ခွင့်ရခဲ့သည်။

သာသနာဦး ထူးကဲလှစွာ မဟာသက္ကရာဇ် ၁၀၃ခုနှစ် သာသနာ၏ မော်ကွန်း ရွှေတိဂုံစေတီတော်ကြီး၏ လမ်းပြဆံတော်ကြိုစေတီများ မှေးမှိန်လှစွာရှိနေစဉ် သိကြားသန့်စင်မိုးအဖြစ် ဝေသာလီပြည် ကိုးကွယ် မှုမှား ဘီလူးစားချိန် ဗုဒ္ဓမြတ်စွာ ခြောက်ဝါမြောက် သောကြာနေ့ သူကောင်းမျောအောင် ရှာသွန်းသောမိုး **ဗုဒ္ဓမြတ်စွာစေတီခြောက်ဆူ** ရတနသုတ်တို့ ရွတ်ဖတ်ပေါ်ထွန်းခြင်းကဲ့သို့အတူ မြန်မာပြည် နာဂစ် မုန်တိုင်း မြန်မာသက္ကရာဇ် ၁၃၇၀ ကမ္ဘာသိအောင် တိုက်ခတ်ခဲ့သည်။ သာသနာတော်နှစ် ၂၅၅၂ ခုနှစ် သာသနာအတွက် "ဝေဒအမြင်" ကက်ကင်းလည်းပြန် အကျိုးပေးသန်စွာ **"ဆံတော်ကြိုစေတီ ကိုးဆူ"** ဖူးပွင့်ဝေဆာ ထွက်ပေါ်လာခဲ့ရသည်။

ထိုနှစ် နိုင်ငံတော်ဗိုလ်ချုပ်မှူးကြီးဦးသန်းရွှေ ဦးစီး၍ "**ရွှေတိဂုံ စေတီပုံတူ" ဥပ္ပါဒသန္တိစေတီ**၊ တိဂုဇ္ဇဆံတော်ရှင်ကိုယ်ပွား နေပြည် တော်တွင် ထီးတော်တင်ပူဇော်နိုင်ခဲ့သည်။ ကျိုက်ထီးဆောင်းဆရာတော် ဦးပညာဒီပဦးစီး၍ ဒကာတော် ဇေကမ္ဘာ ဒေါက်တာဦးခင်ရွှေ ဆီမီး တန်ဆောင်ပမာ ဆံတော်ကြိုစေတီများနှင့် စေတီပေါင်းများစွာ ထီးတော် များ အထွတ်တင်နိုင်ခဲ့သည်။

မင်္ဂလွန်း အောင်စကြာစေတီတော်မှာ ပြန်လည်အစတည်ခဲ့သော ဘဒ္ဒန္တသီရိန္ဒ ကျွန်းချောင်းရွာကျောင်း ဆရာတော်ကြီး၏တပည့် ရပ်ကျေးဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဦးဝိဇ္ဇောဘာသဦးစီးပြီး ရွာသူရွာသား များ ကောင်းမှုဖြင့် ထီးတော်ပြန်လည်၍ အထွတ်တင်နိုင်ခဲ့လေသည်။



တံခွန်ဦး မဂ်လွန်းအောင်စကြာစေတီ

စေတီတော်ဘွဲ့အပြည့်အစုံမှာ **"တံခွန်ဦး မဂ်လွန်း အောင်စကြာ စေတီ"**တော်ဖြစ်သည်။ ရှေးမွန်လူမျိုးတို့အခေါ် မဂ်လွန်းသည် မန်ကျည်းပင်ဖြစ်သည်။**(တော်ခရမ်းကြီးရွာသည် ခြံကြီးရွာဖြစ်သည်။)** မဂ်လွန်းရွာသည် မန်ကျည်းပင်ရွာဖြစ်သည်။ ယခုရွာအမည်သည် ကျွန်းနှင့်ချောင်းကို အမှီပြု၍ အနွတ္တမည်သော **"ကျွန်းချောင်းရွာ"** ရွာနာမည်ဖြစ်သည်။ ရှေးအခေါ် **"မဂ်လွန်းရွာ"**သည် သမိုင်းမညှိုးသော တန်ခိုးတေဇာဖြင့် စေတီတော်၏ ဘွဲ့အမည်ဖြစ်လေသည်။ သာသနာဒေဝါ အခြံအရံဖြင့် ပေါ်လွင်ထင်ရှားဖြင်းဖြစ်သည်။

ဗုဒ္ဓပွင့်ထွန်းစဉ်ကာလ ဂင်္ဂါ၊ ယမုံနာ၊ စီလာ စသည်ဖြင့် ဖွင့်ဖော်ကျူးရင့်မကုန်ဖွယ် ကဗျာမဓိ စာပန်းချီရှိခဲ့သည်။ မြန်မာပြည်၏ အထင်အရှား ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးလေးသွယ်၊ မြစ်ငယ်များစွာထဲမှ ဧရာဝတီမြစ်ကြီးလက်တက် တိုးမြစ်၏ ဩဘာသ

အမှောင်ခွင်း၍ အသိတရားတည်းဟူသော အလင်းစွမ်းပကားသည် ပဋ္ဌာန်းတရား၏ကျေးဇူး၊ တရား၏အစကျေးဇူး၊ ကျေးဇူး၏အစအသိ၊ အသိ၏နိဂုံး၊ တရား၏အဆုံးသို့ "**အသိဉာဏ်အလင်း**" အမှောင်ခွင်း၍ ကမ္ဘာလူသားအားလုံး "မြစ်တို့၏ကမ္ဘာ" တိုးမြစ်ကမ်းဘေးမှ ကြည်ညို ဖွယ်ရာ "**တံခွန်ဦး မင်္ဂလွန်းအောင်စကြာစေတီ**" ဖူးတွေ့နိုင်ကြပါစေ သားဟု ဆုတောင်းမေတ္တာပို့ ကောင်းကျိုးနိုးဆော်လိုက်ပါသည်။

*

ရောင်ပြန်မဂ္ဂဇင်း၊ စက်တင်ဘာ-၂၀၁၇။

ကျမ်းကိုး

- တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ "မဟာဗုဒ္ဓဝင် ဆဋ္ဌမပိုင်း" ဒုတိယတွဲ။
- ဒေါက်တာအရှင်ဉာဏိသာရ "ရွှေတိဂုံ ၂၆၀၀ ပြည့်ပွဲ"။
- သုတေသီမာမက "မွန်တို့ဌာနီ ရာမညာ"။
- ညောင်လေးပင် ဦးအရိယ "ဝိသုဒ္ဓိမဂ်အရသာ"။
- စစ်ကဲတော်မင်း ဦးရွှေနော် "မွန်ရာဇဝင်စေတီတော် သမိုင်းပေါင်းချုပ်" အဘိဓမ္မာဆိုင်ရာ။



## အရဟံ ဇဃံ ဂါထာတော်ကြီး

စစ်ကိုင်း ဝါးချက်မင်းကျောင်း ဆရာတော်ကြီးသည် မင်းတုန်းမင်းကြီး၏ ငယ်ဆရာဖြစ်သည်။ သက်တော်ကြီးရင့်တော်မူလာသောအခါ စစ်ကိုင်းဘက်သို့ တောထွက်တော်မူ၍ တရားဘာဝနာ အားထုတ်နေသည်ကို မင်းတုန်းမင်းကြီးသိရှိ၍ ကျောင်းဆောက်လှူဒါန်းတော်မူ၏။ ထိုကျောင်းကို 'မင်းကျောင်း'ဟု ခေါ်တွင်လေသည်။ အနီးအနားဝန်းကျင်မှ ကျေးရွာများကိုလည်း ဆွမ်းဝတ်မပြတ် ချက်ကပ်လှူဒါန်းကြရန် အမိန့်သတ်မှတ်စေခိုင်းသဖြင့် ထိုရွာကိုလည်း 'ဝတ်ချက်ရွာ'ဟု ခေါ်တွင်လာကြ၏။

တစ်နေ့သ၌ မန္တလေးတောင်ရသေ့ကြီး ဦးခန္တီသည် ရဟန္တာဟု ကျော်ကြားတော်မူသော ဝါးချက်မင်းကျောင်း ဆရာတော်ကြီးအား သွားရောက်ဖူးမြော်လေသည်။

ထိုအခါ ဆရာတော်ကြီးသည် ရသေ့ကြီး ဦးခန္တီအား တန်ခိုးအစွမ်းကို လက်တွေ့ပြစမ်းပါဟု အမိန့်ရှိတော်မူလေသည်။ ရသေ့ကြီး ဦးခန္တီသည် 'မှန်လှပါဘုရား၊ တပည့်တော်ကို ဘုရားဆောင်ရှေ့တွင် ပုတီးစိပ်ခွင့်ပြုတော်မူပါဘုရား'ဟု လျှောက်ထားပြီး ဘုရားခန်းသို့ ဝင်၍ ၄၅ မိနစ်ခန့် ပုတီးစိပ်ပြီး ပြန်ထွက်လာသည်။ ၁၅ မိနစ်ခန့် ကြာသော် အဝတ်အထည်သန့်စင်စွာ ဝတ်ဆင်ထားသော ဒါယကာ တစ်ယောက်ရောက်လာပြီး ရသေ့ကြီးဦးခန္တီကို အထုပ်တစ်ထုပ်လှူဒါန်း သွားလေသည်။ ထိုအထုပ်ကလေးထဲတွင် **ရွှေဒင်္ဂါး ၁၀၈ ပြားကို** တွေ့ရလေသည်။

စစ်ကိုင်းဝါးချက်မင်းကျောင်း ဆရာတော်ကြီးသည် 'အေး… ငါလည်း ပုတီးစိပ်လိုက်ဦးမယ်'ဟုဆိုကာ ဘုရားဆောင်ခန်းသို့ ဝင်သွားလေသည်။ ဆရာတော်ကြီးသည် ရသေ့ကြီး ဦးခန္တီနည်းတူ ၄၅ မိနစ်ခန့် ကြာသောအခါ ပြန်ထွက်လာပြီးနောက် ၁၅ မိနစ်ခန့်ကြာသောအခါ ဒါယကာတစ်ယောက်သည် လူနှစ်ယောက်ထမ်းလာသော အထုပ်တစ်ထုပ်ကို ဆရာတော်ကြီးအား လှူဒါန်းသွားလေသည်။ ထိုအထုပ်ထဲတွင် **သင်္ကန်းအစုံ (၁၀၈)စုံကို** တွေ့ရလေသည်။

ဆရာတော်ကြီးက ရသေ့ကြီးဦးခန္တီကို 'ဘာကို ပုတီးစိပ်ပါ သလဲ'ဟု မေးသောအခါ ရသေ့ကြီးက "**အရဟံ ဗလီအန္တ ဖယံ သုဂတံ**"ဂါထာကို ပုတီးစိပ်ကြောင်း လျှောက်ထားလေသည်။ ဆရာတော်ကြီးကလည်း 'အေး…ငါလည်း အဲဒီဂါထာပဲစိပ်တာ'ဟု မိန့်တော်မူလေသည်။

ထိုအကြောင်းအရာများကို နိုင်ငံတော်သံဃမဟာနာယကဉက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးက မိန့်ကြား၍ ဤဂါထာတော်ကို ဘဒ္ဒန္တ တိလောက(မင်းကင်း) နိုင်ငံတော်သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်မှ ဝေငှပါသည်။

**ကသစ်ကုန်း အရှင်ပုညဝန္တ ဓမ္မာစရိယ ဓမ္မကထိက နန်းဦး ကျောင်းတိုက်၊ ဒလမြို့မှ ဓမ္မလက်ဆောင်အဖြစ် ဤဂါထာတော်အား** သာသနာဟိတာယအကျိုးငှာ ရှင်လန်းချမ်းသာစေရန် ကုသိုလ်အကျိုး စာဆင့်ဖော်ကျူး ဖွင့်ဖော်လိုက်ပါသည်။

အရဟံ ဇယံ ဘုရားရှိခိုး

**အရဟံ ဗလီ အန္တဇယံ သုဂတံ၊**
**အမိတံ ဝိရဇံ လလိတံ အတုလံ၊**
**စရဏံ တိဘဝူပသမံ ယမကံ၊**
**သုခဒံ သရဏံ ပဏာမာမိဇိနံ။**

၁။ **အရဟံ** = ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၂။ **ဗဟိအန္တဇယံ** = အတွင်းအပရန်ကို အောင်တော်မူသော မြတ်စွာ ဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၃။ **သုဂတံ** = ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာ ဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၄။ **အမိတံ** = မနှိုင်းယှဉ်နိုင်သည့် တန်ခိုးပြဋ္ဌိဟာနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၅။ **ဝိရဇံ** = ကိလေသာမြူတို့မှ ကင်းတော်မူသော မြတ်စွာဘုရား ကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၆။ **လလိတံ** = တင့်တယ်သပ္ပာယ်တော်မူသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၇။ **အတုလံ** = အတုမရှိသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုး ပါ၏ဘုရား။

၈။ **စရဏံ** = အကျင့်စာရဏဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၉။ **တိဘဝူပသမံ** = ဘုံသုံးပါး၌ ကိလေသာတို့မှ ငြိမ်းချမ်းတော်မူသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၁၀။ **ယမတံ** = ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၁၁။ **သုခဒံ** = ချမ်းသာကို ပေးစွမ်းနိုင်သော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၁၂။ **သရဏံ** = ကိုးကွယ်အားထားရာဖြစ်သော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

၁၃။ **ဇိနံ** = မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို ပဏာမာမိ ရှိခိုးပါ၏ဘုရား။

*(ဘုရားရှေ့တွင် ၁၀၈ ခေါက် ပုတီးစိပ် လိုရာဓိဋ္ဌာန်ပါ)*

✳

လပြည့်ဝန်းမဂ္ဂဇင်း၊ ဩဂုတ်-၂၀၀၉ ခု။



# ဘိုးတော်ပြောသော ပလ္လင်တော်

စာရေးသူဘဝတစ်လျှောက် **မဟိတ္တိ**- နတ် ဘိုးတော် မယ်တော် ဝိဇ္ဇာ ဇော်ဂျီတို့ အိပ်မက်အဖြစ် တွေ့မြင်နေခဲ့ရသည်များ သိပ်တော့ မထူးဆန်းဟု ပြောရမည်ဖြစ်သည်။ သို့သော် မိမိသာ အမှတ်တမဲ့ တကယ်တော့ အမှတ်တရ ကျောက်စာတိုက်တို့ဖြစ်ကြောင်း တင်ပြ ရေးသားလိုက်ရပါသည်။

ကြည့်ညိုဖွယ်ရာ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလ (၈)ဝါ မြောက် မဟာသက္ကရာဇ် ၁၁၁ ခုမှာ ကေလာသတောင် ကြွချီတော်မူ ကြောင်း ဝိသုဒ္ဓိမဂ်စာစဉ်တို့တွင် တွေ့ခဲ့ရသည်။

**မဟိတ္တိနတ် မယ်တော်ကျေးရွာ၊ မြသပိတ်တော်စေတီ၊ ဆရာ ရသေ့တို့ကျေးရွာ၊ ဆံတော်စေတီ၊ သုဝဏ္ဏ သူတော်ကောင်း(ရွှေ) အမည်ဖြစ်သည့် ဘုမ္မိမြေနေရာ သတ်မှတ်ပြီး သုဝဏ္ဏဘုမ္မိနေရာ ပြခဲ့ သည်။**

ကျမ်းအလီအလီ သမိုင်းမှတ်တမ်းများ အထပ်ထပ် လေ့လာ သုံးသပ်သောအခါ **မြတ်ဗုဒ္ဓ ၁၀၃ ခုနှစ် မဟာသက္ကရာဇ်တွင် တပုဿ ဘလ္လိက ညီနောင်ကျေးဖူး** ဆံတော်ရှစ်ဆူ ဥက္ကလာပမင်းကြီး တိုင်းနှင့် ပြည်သူ ရွှေတိဂုံစေတီ ဖူးပွင့်ဝေဆာ ထီးတော်မဟာ တင်လှူနိုင် ခဲ့သည်။

မွန်ပြည်နယ်၊ တောင်စွန်း ကေလာသ မော်စတော် ဂူဆရာ တော်ထံ ဘုရားဖူးရင်းရောက်ခဲ့သည်။ ဆရာတော် မြတ်ဗုဒ္ဓဂုဏ် အထွတ်တင်ပုံကို ပညာအလင်း ပြပေးခဲ့သည်။

လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး ဘာအရေးပဲဖြစ်ဖြစ် စည်းကမ်း ရှိမှ တိုးတက်တယ်၊ အဲဒီအရေးတွေတောင် စည်းကမ်းရှိမှဆိုတော့ ဘာသာရေးမှာ **စည်းကမ်းရော နည်းလမ်းရောလိုတာပေါ့** ဒကာ။ ဘာမျှ မလုပ် ဘာမှမဖြစ်ဘူး၊ လုပ်မှဖြစ်တာ အကြီးကြီးတွေ သိပ်ပြောကြတာ၊ တကယ်က ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစရမယ်ဗျာ။

**"ဘာဝေတိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန အနုတ္တရံ။**
**ဣမ္မံသတိံ ဘာဝိရိတွာ၊ ပုရယိဿတိ မာနသံ "**

**ဘာဝနာနံ**- ဘာဝနာတို့တွင်။ **အနုတ္တရံ**- အတုမရှိ လွန်မြတ် သော။ **ဗုဒ္ဓါနုဿတိံ**- ဗုဒ္ဓါနုဿတိဘာဝနာကို။ **ဘာဝေဟိ**- ပွားများ ပါ။

**ဣမံသတိံ**- ဤဗုဒ္ဓါနုဿတိ ဘာဝနာကို။ **ဘာဝိရိတွာ**- ပွားများသည်ရှိသော်။ **ပုရိယိဿတိ မာနသံ**- စိတ်အလိုအတိုင်း ပြီးပြည့် စုံလိမ့်မည်။ (ကမ္မဋ္ဌာန်း ၄၀ အဖွင့် ဗုဒ္ဓါနုဿတိ အစဖြစ်သည်။)

ဗုဒ္ဓဂုဏ်တော် ၉ ပါး၊ ပုတီးအပါတ်ရေ ၉၀ စိတ် ၂၅ ရက် ပြည့်၊ ပထမအကြိမ်၊ ဒုတိယရက် ၅၀ ပြည့်တဲ့အခါ တစ်ကြိမ်၊ တတိယ ရက် ၁၀၀ တစ်ကြိမ်၊ စတုတ္ထ ရက် ၂၀၀။ အဲဒါ ဓာတ် လေးပါး နဝင်းကိုက် လိုတာရမည်၊ ဘာလုပ်မလဲပေါ့။

စာရေးသူ ဆရာတော်စကား မပယ်ရှား ကျိုးနွံလျက်ရှိသည်။

ဘဒ္ဒကမ္ဘာသည် ငါးဆူဗုဒ္ဓပွင့်ရမည်ဖြစ်သော ကမ္ဘာနိမိတ်ခတ်နှိပ်ပြီးဖြစ်သည်။ လေးဆူမြောက် ဘဂဝါကျေးဇူး ဂေါတမမြတ်ဗုဒ္ဓဆံတော် စေလွှတ်တည်ထားစေသော စေတီတော်နေရာသည် ကကုသန်၊ ကောဏာဂုံ၊ ကဿပ မြတ်ဗုဒ္ဓသုံးဆူတို့ ဌာပနာရှိနှင့်နေသော နေရာဖြစ်လေသည်။

ဂေါတမ မြတ်စွာဘုရားရှင်သည် ကမ္ဘာ့အလယ်ဗဟိုချက် မဟာပထဝီမြေဓာတ်မှ ဓမ္မစက်မြည်ဟီးစေလျက် ဗြဟ္မာ ၂၀ တိုင် တုံ၍တုံ၍၊ ခုန်၍ခုန်၍၊ လှုပ်၍လှုပ်၍၊ ရမ်း၍ရမ်း၍ ထင်ရှားသက်သေပထဝီမြေဝယ် ကမ္ဘာ့အလယ် ဗဟိုချက်မှ **"ဓမ္မစက္ကပဝတ္တန"** သုတ်တော် ဟောကြားခြင်းဖြင့် တရားမင်းအစစ် ပွင့်ထွန်းခြင်းဖြစ်ခဲ့ပါသည်။

ဘဒ္ဒကမ္ဘာ ထင်ရှားသက်သေ ကမ္ဘာမြေဝယ် မဇ္ဈိမ ကမ္ဘာ့အလယ် ဗဟိုချက်တွင် မြတ်ဗုဒ္ဓဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်၍ မြင့်မိုရ်တောင် တောင်ကျွန်း-ပြည်မြန်မာ တံဆိပ်ခတ် နိမိတ်မြတ်တို့ အထွဋ်တင်ပြီး သက်သေအမှု စေတီပြုခဲ့ခြင်းသည်။ စေတီယင်္ဂဏာ ၁၁ ကျမ်း ပြီးမြောက်သူတို့ သာသနာပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်တို့သာ စေတီတော်တို့ ဥက္ကဋ္ဌရာထူးဖြစ်ကြောင်းသက်သေ ဗုဒ္ဓအမွေ သစ္စာတရားတို့၏ ဘုံမွှီမြေ သက်သေတို့ဖြစ်သည်။

(တိပိဋက ယောဆရာတော်ပရိယတ္တိ)

သုဝဏ္ဏဘုမ္မိ ထိုနေရာ- သူတော်ကောင်းတို့ ရွှေမြေနေရာအစစ် ညွှန်းဆိုရသော် ယနေ့ "ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်အဝန်း သုဝဏ္ဏဘုမ္မိ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဟံသာဝတီ မဏ္ဍလပဲခူး၊ ဒဂုံ၊ ဒလ၊ မွန်တိရာမည"။ "၁၁၁ မဟာသက္ကရာဇ်၊ တောင်စွန်းတောင်ကြီး အမှီပြု၍ ကေလာသတောင်၊ ဒုတိယကေလာသဖ၊ မုတ္တမမဏ္ဍလ သထုံ မုတ္တမ မော်လမြိုင် ရေး မြိတ် ထားဝယ် မွန်စရာမည"။

တတိယ "ဧရာဝတီတိုင်း ပုသိမ် မဏ္ဍာလ မြောင်းမြ ခနုဖြူ မွန်သု ရာမည"။ သမိုင်းဖြစ်သည့် (မွန်)ဟူသော မွန်မြတ် ထွဋ်ထင်ဖွယ် အထူးလက်ျာ မွန်ဟူသော အနုစိပ်လက်ျာ(လက်ျာမွန်) တို့၏အခြေစကား မြတ်ဗုဒ္ဓ၏ သာသနာဖော်ကျူးခြင်းဖြစ်သည်။ မွန် မြန်မာ သာသနာ တူမျှရှိခဲ့သည်။

စာရေးသူ ည ၂း၀၀ နာရီကျော် ပုတီးစိပ်ရင်း မေးခနဲဖြစ်သွား သောခဏ…

**၁။ ပထဝီစားခြင်းက စတယ်၊**

**၂။ ကမ္ဘာ့အလယ် ဗဟိုချက်မှာ စခဲ့တယ်၊**

**၃။ အောင်လံဟာ နိမိတ်ဖြစ်တယ်၊**

**၄။ သရက်သား အောင်လံဖြစ်တယ်၊**

**၅။ ယှဉ်သူမဲ့လို့ အောင်လံခေါ်တယ်၊**

**၆။ ကမ္ဘာ့အလယ် ဗဟိုချက်က စခဲ့တယ်၊**

**၇။ အစွမ်းထက်တယ်-အစွန်းမှာရှိနေတယ်-တွေ့လိမ့်မယ်။**

မမေ့နိုင်ဖွယ် အမှတ်တရ စကားစုတို့ဖြစ်သည်။ ခန္ဓာကိုယ် အဖြူဝတ်ဆင်ထားပြီး မျက်နှာကို မမြင်လိုက်ရ၊ မှတ်သားရလွယ်ကူ မှတ်မိလွယ်သည်။ စာရေးခုံမှ ဘောပင်၊ စာအုပ် အရံသင့်ရေးမှတ် ထားပြီး စဉ်းစားအဖြေထုတ်ခဲ့သည်။ ကမ္ဘာအေး ရေကူး ဝိဇ္ဇောတာရုံ ဆွမ်းကိစ္စ ဗုဒ္ဓဟူးပါတ်စဉ် နှစ် (၂၀)ကျော် စာရေးသူသည် ဝါတွင်း ကာလ လုပ်နေကြဖြစ်သည်။

ဘယ်မျှလောက်ဝေးဝေး ကွမ်းခြံကုန်းမြို့ရောက်နေလျှင် ရန်ကုန် နှင့် မိုင် ၃၀ မျှသာ။ မွန်ပြည်နယ် တောင်စွန်းရောက်နေလျှင် မိုင် ၂၀၀ ဝန်းကျင်။ မန္တလေး-မုံရွာဘက်ရောက်နေလျှင် မိုင် ၃၀၀ ကျော်။ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဝိဇ္ဇောတာရုံ ဆရာတော်ကြီးကို ဖူးတွေ့ရခြင်း၊ ပရိယတ္တိ စာသင်၊စာချ သံဃာတော်

များ ဖူးတွေ့ရခြင်းနှင့်အတူ မိမိ၏ ကုသိုလ်ဒါန ဆွမ်းအကျိုးဆောင် ကုသိုလ်ပါရမီလေး မပျက်ရလေအောင် ကုသိုလ်ဝတ်အဖြစ် ကြိုးစားနေခြင်းဖြစ်သည်။ ၁၃၇၉ ခုနှစ် ဝါတွင်းကာလ ဘီလင်းမြို့ မွန်ပြည်နယ်မှ ဝိဇ္ဇောတာရုံ ဆွမ်းအကျိုးတော်ဆောင်အဖြစ်ရောက်ရှိစဉ် တောင် **ဥက္ကလာ (၄)ရပ်ကွက်၊ သီလလမ်း ဦးငွေစိုးကျေးဇူးဖြင့် ဆရာတော်ကြီး၏ သာသနာပိုင်အပ်နှင်းရရှိသော သာသနာ့ထွန်းခေါင်တို့၏ အောင်တော်မူ တံဆိပ်အမှတ်အသားအဖြစ် ပလ္လင်တော်နှင့် သာသနာ့ဥသျှောင်ပစ္စည်းကို တွေ့ခဲ့ရသည်။**

ကမ္ဘာအေး ရေကူး ဝိဇ္ဇောတာရုံ ဆရာတော်ကြီးသည် ရွှေကျင်သာသနာပိုင်အဖြစ် (၁၅)ပါးမြောက် သာသနာပိုင်ဖြစ်ကြောင်း၊ သံဃာတို့၏ ဓမ္မသေနာပတိအမည်ရှိ ပလ္လင်တော်ဖြစ်နေခြင်း၊ သာသနာ့ဥသျှောင် တံဆိပ်တစ်ခုပါ ဘုရားဆောင်တွင် ယခင်နှစ်များနှင့်မတူ ထူးခြားဖွယ် တွေ့မြင်ရလေသည်။

ဘိုးတော်ပြော၍ ရေးမှတ်ထားသောစာ ဘယ်လိုလဲဟု သိဖို့ စခဲ့ပါပြီ။ လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကာလ စေတီတစ်ဆူထံရောက်နေသည်။ ထီးတော်ကား မတင်ရသေး၊ စာရေးသူ သာသနာစောင့် နတ်မင်းကြီးများပင့်ပြီး မော့ကြည့်တော့ တကယ်ထီးတော် မတင်ရသေးသောစေတီ **"မင်းသွားလိုက်ပါဦး ဘိုးတော်ပြောသွားသည့် အိပ်မက်"** ဗုဒ္ဓဟူးနေ့မနက် ဆွမ်းကိစ္စပြီး၊ ဆရာတော်ကြီးမှ 'ကဲ… ဒါ့ဒကာတွေလည်း ကောင်းကျိုးရအောင် ရွှေပေါက္ကံစေတီနဲ့ ကျောင်းကို လိုက်ခဲ့ကြဟုခေါ်ကာ ရောက်သွားခဲ့ရသည်။

စေတီသို့ရောက်သောအခါ ပတ်ချာလည်လှည့် သမ္မာဒေဝ နတ်မင်းကြီးလေးပါးပင့်ပြီး မော့ကြည့်မိသည်။ ည ၂ နာရီမှာ မက်ခဲ့သည့် အိပ်မက်၊ ယခု ၉ နာရီမှာ တကယ်ဖြစ်နေသည်။

ဆရာတော်ကြီး ပြောထားခဲ့ဖူးသည့် နိမိတ်ရှိမှဖြစ်တယ်၊ နိမိတ်မရှိရင် မဖြစ်ဘူး။ နိမိတ်ရှိထားလျှင် အနှေးနဲ့အမြန်ပဲကွာတယ်၊ ဖြစ်မယ်တဲ့။

ယခု စာရေးသူ တွေ့ထိ မြင်သိ ကြားသိလိုက်ရသောနိမိတ်။

၁။ **"ပထဝီ စားခြင်းက စတယ်"**။ လူတွေ၏ အစ မြေဆီကို စားတယ်။ ဗြဟ္မာကြီးတွေက စတယ်။ ဗြဟ္မာ့ဘာ သဒ္ဒါကနေ မနုဿ-သဒ္ဒါ ပြောင်းတယ်။ လူဖြစ်တယ်ပေါ့။

၂။ **"ကမ္ဘာ့အလယ်ဗဟိုချက်မှာ စတယ်"**။ မြတ်ဗုဒ္ဓအဆုံးအမ မပေါ်ခင်က ရိုင်းတယ်။ သမိုင်းမကောင်း၊ အဟောင်းသိပ်မဖော်တာကောင်းတယ်။ အမှန်သိတဲ့ သစ္စာစကား အဆုံးအမပေါ်လာတော့ သမိုင်းကြောင်းကောင်းတယ်။ ကမ္ဘာ့အလယ်မှာစတဲ့ ဗုဒ္ဓရဲ့ ဓမ္မတရားတော် သံဃာတော်မြတ်အပေါင်းကို ဆိုလိုသည်။

၃။ **"အောင်လံဟာ နိမိတ်ဖြစ်တယ်"**။ ရတနာသုံးပါး ထွန်းလင်းခြင်းဟာ သာသနာ့ဓဇ သာသနာ့တံခွန်၊ တစ်နည်း-အလံ၊ ရဟန္တာတို့၏အလံ သင်္ကန်းဖြစ်သည်။ ကောင်းကင်ယံ ပျံကြွသွားချိန် သင်္ကန်းလွှင့်ထူဘိသကဲ့သို့ရှိ၏။ သင်္ကန်းသည် အလံတစ်မျိုး၊ ရောင်ခြည်တော်ခြောက်သွယ် အလံသည် ဓမ္မအလံဖြစ်သည်။ တံခွန်ဓဇဂ္ဂ-အလံ-အမှတ်အသားတို့သည် နိမိတ်မျှသာဖြစ်သည်။

၄။ **"သရက်သားပလ္လင် အောင်လံဖြစ်သည်"**။ သရက်သားပလ္လင် ကမ္ဘာမြေပြင် အပင်ကြီးမှသီးသော အသီးအားလုံးတွင် သရက်သီးသည် အဆင်း အနံ့ အရသာ လွန်ကဲကောင်းမွန်ကြောင်း တွေ့ရသည်။ သရက်- ကိန်းဂဏန်း ၆-၄ ဖြစ်သည်။ စိတ်ရှိင်းဝင်ပြီး ကြမ်းလွန်း၍ ဘီလူးက ကလျှင် ဘီလူးဆိုင်းတီးပြီး

သိုင်းကွက် ဖဋ ကွက်ပြည့် ကရသည်။ ဖဋ ကွက်သော ခြေချနေရာမှန်လျှင် ဘီလူးပင် ထွက်ပြေးရခြင်း၊ ဘီလူးနိုင်ခြင်း တို့ကြောင့် ရှာငယ် ဖဋ ရှာ အရံအတားတည်လျက် အတတ်ပညာရှင်များ အစီအမံထားခြင်းဖြစ်သည်။ ခလောက် ၉ လုံး၊ တော် ၉ လုံး၊ ကုန်း ၉ ကုန်း၊ ရှာနာမည်ပါသော အခြေခံ နဝင်းသုံးခု၊ ရှာနာမည်- ဥက္ကလာပမင်းလက်ထက် စိုးစံချိန် နေရာ ဥက္ကလာ ဇနပုဒ်ရှာငယ်များသမိုင်း အခြေချမွန်တိဖြစ် သည်။ **ဘီလူးကျွန်း ဖဋ ရှာ မွန်စ**ဖြစ်သည်။ **မွန်သု ရောဝတီမြစ် ကမ်းခြေ** ပင်လယ်ပြင်ပြသော်လည်း မြန်မာပြည်ကုန်းပေါ် တောင်တန်း ဧရာဝတီမြစ်အစ မြစ်အဆုံး မြန်မာပြည်တစ် နိုင်ငံလုံး အကျုံးဝင်သည်။

သရက်သားကို ပလ္လင်အဖြစ် ခြူးပန်းခြူးနွယ် ကနုတ် လက်ျာ ကြာမှောက်ကြာလှန်၊ ပုတုန်း ရုပ်ဖြင့် အခံအအုပ် ထုလုပ်ထားသောပလ္လင်ကို "ဘမရာ ပလ္လင်"ဟု ဆိုအပ် သည်။ ရတု ရကန် အဲ-အံ-ခြေင်းတို့ဖြင့် မင်း မိဖုရား ရာဇာ နန်းတက်ရာတွင် ဘိသေက- ဘိသိက်သွန်းလောင်းသော ပလ္လင် အဖြစ် အချိန်အခါ နေရာအစီအမံဖြင့် ရာဇာဘိသိက် အချိန်အခါသည် နန်းတက်ချိန်သာ ခွင့်ခါရသော သရက်သား ပုတုန်းရုပ်ပလ္လင်ကို **ဘိသေက အောင်လံပလ္လင်**ဖြစ်ကြောင်း ဖော်ကျူးသည်။

**သီဟာသနပလ္လင်ကို တစ်ဖန် တွေ့ရှိရပြန်သည်**။ သကျ သီဟ မြတ်ဗုဒ္ဓ၏မျိုးနွယ်စု သကျ=ကျွန်းပင်၊ သီဟ=ရာဇာ ဟူ၍ပင်ဖြစ်သည်။ ကျွန်းသားဖြင့် ထုဆစ်ပြီး ခြူးပန်းခြူးနွယ် ကြာမှောက်ကြာလှန် ကြာပုံ ညောင်ရွက်တို့ဖြင့် တန်ဆာဆင် လျက် သီဟခြင်္သေ့ရုပ် အတွင်းအပြင်ခံ၍ ပြုလုပ်ထားသော

ပလ္လင်၊ ဘုရင်ကိုယ်တော်တိုင် တစ်ပါးတည်းထိုင်သော တရား စီရင်သောပလ္လင်ကို ခေါ်ဆိုပြန်သည်။

သီဟာသနပလ္လင်သည် မြတ်ဗုဒ္ဓ၏ ဓမ္မတရားတို့ဟောကြား တော်မူသော တရားပလ္လင်သည်ပင် သီဟာသနပလ္လင်ဖြစ်ကြောင်း ပလ္လင်ခုနစ်ခန်းတွင် ပလ္လင်နှစ်မျိုးသည် ဓဇက္ကတံခွန် အလံ အဖြစ် အလေးပြုဖွယ်တွေ့ရသည်။ ထိုထိုအောင်လံတို့သည် မဇ္ဈိမအရပ် ကမ္ဘာအလယ်ဗဟို ချက်မမှ ပေါ်ထွန်းကြောင်း ထင်ရှားစွာပင် တွေ့ရပြန်ပါသည်။

၅။ **"ယှဉ်သူမဲ့လို့ အောင်လံခေါ်တယ်"** လူတို့၏သနင်း ပြည့်ရှင်မင်း ဦးကင်းရာဇာသည်၊ အမြတ်ဆုံး ပြိုင်သူမဲ့သော ပလ္လင်ဗွေထက် လူမင်းရာဇာ နန်းတက်ခြင်းဖြစ်သည်။ ရာဇာဓိရာဇာသည် လူ နတ်ဗြဟ္မာတို့ဦးကင်းဖြင့် မြတ်ဗုဒ္ဓခြေတော်ရင် းဝပ်ဆင်းလျက် လက်စုံအဉ္ဇလီ ဆယ်ဖြာလက်တို့ဖြင့် ပူဇော်ခြင်းသည် မြတ်ဗုဒ္ဓ၏ "ဘဂဝါ"ဂုဏ် ဘုန်းသီတင်း၊ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးခြင်း၊ သီလတရားတို့၏အစုံ ဓမ္မတည်း ဟူသော တရား၏ဂုဏ် သတင်းတို့ပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ စမ္ပာယ်တော်မူရာ သီဟာသနပလ္လင်သည် ဓမ္မပလ္လင်မည်၍ တရားမင်းပွင့်ထွန်းသည့် ပလ္လင်ပင်ဖြစ်သည်။ ထိုပလ္လင်သည် မဇ္ဈိမ ကမ္ဘာအလယ်တွင် ယှဉ်သူမဲ့သော အောင်လံဖြစ်သည်။

၆။ **"ကမ္ဘာ့အလယ် ဗဟိုချက်က စခဲ့သည်"**၊ ကမ္ဘာတည်ခြင်း အစကတည်းက ကမ္ဘာအလယ်ဗဟိုချက်က စခဲ့သည်။ လေထု၊ ရေထု၊ မြေထုမြင်းမိုရ် အစပြုပြီး ပထဝီဓာတု ပထဝီဓာတ်တို့ အစ ပြုသည်။ ကမ္ဘာ့အလယ် ဗဟိုချက်ကနေ စခဲ့သည်။ သာသနာ ဒေဝါ အစောင့်အရှောက်ဖြစ်သည်။ ဒေဝါဆိုသည် ဗြဟ္မာမင်း တို့ပင် နတ်ဒေဝါအဖြစ်တည်သည်။ လူ နတ် ဗြဟ္မာ

မတူညီ သော သဘောအဖြစ် အမှန်တရား စွမ်းပကားတို့ဖြစ်သည်။ မြတ်စွာဘုရားရှင်တို့သည် ကမ္ဘာ၏ အမြုတေရှင်၊ ကမ္ဘာ၏ ရတနာအထွဋ် ကမ္ဘာ့အမြတ်ဆုံး ရတနာတို့ဖြစ်ကြောင်း အနာဂတံ ကျမ်းတို့တွင် တွေ့ရသည်။

၇။ **"အစွမ်းထက်တယ်၊ အစွန်းမှာရှိသည်"**၊ မြတ်ဗုဒ္ဓ၏အစွမ်းသည် လောကီ လောကုတ် နှစ်ဌာနသောအကျိုး ပစ္စုပ္ပန် သံသရာ ကျိုးနှစ်ဖြာ၊ ယခုကောင်း နောင်ကောင်း၊ အကြောင်းအကျိုး အခြားမရှိ ရစေသော အကျိုးတရားတို့ဖြစ်သည်။ ထိုထိုတို့ထက် သံသရာဘေး ဒုက္ခအပေါင်း ငြိမ်းအေးစေကြောင်း သန္တိသုခ မြတ်နိဗ္ဗာန်ပင် ဖြစ်စေသည်။



သာသနာပိုင်
အပ်နှင်း
ရရှိသော
တံဆိပ်
မော်ကွန်း
ပလ္လင်



ထိုထို မြတ်ဗုဒ္ဓအစွမ်းတို့သည် ကမ္ဘာ့အလယ် ဗဟိုချက်မှ ရွှေစင်နှိပ်သည့် တံဆိပ်ပမာ သီဟာသနပလ္လင်မြတ်အထက် ဓမ္မသေနာပတိ တံဆိပ်ခတ်နှိပ်လျက် မြတ်ဗုဒ္ဓ၏ အင်္ဂါအထူး သာဝကမျိုး ဖြစ်သော **အရှင်သာရိပုတ္တရာ ရာထူးနေရာ ပလ္လင်ဂေဟာသည် ယနေ့ ဩဘာသနိမိတ်ထွန်းသော သာသနာ့အလင်းကျရာ မြင်းမိုရ်တောင်ထိပ် ဇမ္ဗူဒီပါတောင်ကျွန်း မြန်မာပြည်၊ ခြောက်ကြိမ်မြောက် သင်္ဂါယနာတင် မော်ကွန်းရှိရာ ကမ္ဘာအေးချမ်းနိမိတ် "ကမ္ဘာအေး" ရေကူး ဝိဇ္ဇောတာရုံ ဆရာတော်ကြီး၏ သာသနာပိုင် မော်ကွန်းမှတ်တမ်း ပလ္လင်တော်နှင့် သာသနာ့ဥဩချောင် တံဆိပ်တို့ဖြစ်ကြောင်း၊** အစွမ်းထက်တယ်၊ အစွန်းမှာရှိနေတယ်၊ တွေ့လိမ့်မယ်ဟု ဘိုးတော်ပြောသော ပလ္လင်တော် အဖြစ် သာသနာ့အောင်လံ ဖော်ကျူးရေးသားလိုက်ရပေသည်။

*



# ကောင်းသတင်းအစ သီလမှ

ပုဂ္ဂိုလ် သတ္တဝါအားလုံး အသံနိမိတ်တို့သည် သတင်းပုံရိပ်များ ဖြစ်ကြသည်။ အနိဋ္ဌာ၊ ဣဋ္ဌာ မကောင်းသတင်း၊ ကောင်းသတင်း သတင်းနှစ်ခု အနေး အမြန် သတင်းနှစ်မျိုး စသည်တို့သည် အကြောင်း အကျိုးတရားတို့ ဖြစ်ကြလေသည်။

**ကျေးငှက်ကလေးများသည် နံနက်အရုဏ်ကျင်းမှ အသံသာ ကလေးများဖြင့် အလင်းရောင်နှင့် အသံသာစွာ မင်္ဂလာသတင်း နှုတ်သံ ဖွင့်ကြသည်။** သူတို့နိုးထပြီ၊ အစာရှာရန်အတွက် အလုပ်စကြပြီဖြစ် ကြောင်း မိတ်ဆွေတွေအားလုံး မြင်တွေ့ ကြားသိစေရန် နှုတ်သံဖြင့် သတင်းနိမိတ်ဖွင့် အစာရှာကြသည်။

လူပုဂ္ဂိုလ်တို့သည် အရုဏ်နံနက်ခင်းမှ မင်္ဂလာသတင်းဖွင့် မိမိ ကိုယ်ကျိုး၊ အများအကျိုး၊ အတ္တဟိတ၊ ပရဟိတ အလုပ်နှစ်မျိုးလုပ်

ကြသည်။ အသံနိမိတ်သည် သတင်းနိမိတ် သတင်းပုံရိပ်တို့ အကောင် အထည်ပြုကြရသည်။ မိမိတို့လုပ်ငန်းဆောင်တာများ ပတ်ဝန်းကျင်နှင့် အဆင်ပြေစေရန် ပြောဆိုလုပ်ကိုင်ကြရသည်။

သတင်း၏ပတ်ဝန်းကျင် အဓိပ္ပာယ်သည် သက်တမ်းအားဖြင့် ခုနစ်ရက်မျှသာဖြစ်သည်။ **ချိုးမွှမ်း ခုနစ်ရက်၊ ကွဲရဲ့ ခုနစ်ရက်** သတင်း သက်တမ်းဖြစ်သည်။ ရှေးပညာရှိသူတော်ကောင်းများမှ ယနေ့ထိ တနင်္ဂနွေအစပြု စနေနေ့ ခုနစ်ရက်ကို သတင်းဖြန့်ဝေမှု ကုန်ဆုံးခဲ့ သည်။ လူတို့သေလွန်သော် သုံးရက်မှာပုပ်၊ ခုနစ်ရက်အတွင်း ပျက်စီး ကုန်ပြီး ပြီးဆုံးခြင်းရောက်ရသည်။ ဟုတ်လျှင်ကျော်၊ ပုပ်လျှင်ပေါ်၊ မကောင်းသတင်း၊ ကောင်းသတင်း ပြီးဆုံးခြင်းရောက်ခဲ့သည်။

လူသားတစ်ဦးသည် တနင်္ဂနွေမွေးနေ့ဖြစ်ခဲ့လျှင် တနင်္ဂနွေ သီတင်းတစ်ပါတ် မွေးသည့်နေ့အား မီးထွက်နေ့အဖြစ် မွေးနေ့ မင်္ဂလာပြုကြသည်။ လူမသေ၍ သတင်းမညှိုးစေရန် ကောင်းနိမိတ် ပန်ဆင်ပေးခဲ့သည်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို သားသမီးများထံ ဦးထိပ်ပန်ဆင်ပေးခဲ့သည်။ ဘုန်းတော်ကြီးကျောင်း တွင် ဆွမ်းပို့ခြင်း၊ စေတီတော်များထံ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း စသည်တို့ ပူဇော်လှူဒါန်းသည့် သတင်းမညှိုးစေသော ကောင်းမှု ဘုန်းကံတော်များဖြင့် မွှမ်းထုံလွှမ်းခြုံစေခဲ့သည်။

သတင်းသည် ခုနစ်ရက်ထက်ပိုလွန်၍ နှစ်တစ်ရာ၊ နှစ်တစ်ထောင် မက သတင်းမညှိုးခြင်းမှာ သမိုင်းအဖြစ် သတင်းပျံ့လွင့်ခြင်းဖြစ် လေတော့သည်။ သတင်းစကားပျံ့လွင့်ခြင်းသည် 'သီလသီတင်း'မှ သတင်းဟူသော စကားရပ်ပေါ်ထွန်းခဲ့သည်။ သီလသတင်း၊ အတင်း၊ အဖျင်းဟူ၍ ရှေးပညာရှိ သူတော်ကောင်းတို့ ဆင်ခြင်ကြခြင်း ဖြစ်သည်။

**သီလသတင်းသည် အလင်းစွမ်းပကား ပညာအစစ် အကောင်း သတင်းဖြစ်သည်။** အတင်းသည် အမွှေ အတ္တစွမ်းပကား အမှောင်

အမည်း မကောင်းသတင်းဖြစ်သည်။ အဖျင်းအတင်းစကားသည် တိုးတက်မှုမဲ့ အကျိုးအကြောင်းမဲ့သော အသုံးမဝင်သော အညံ့သတင်း စကားသာဖြစ်သည်ဟု မှတ်ချက်ယူရမည်ဖြစ်သည်။

ပညာရှိသူတော်ကောင်းတို့ သီလသတင်းသည် အကျိုးရှိစေရန် ခုနစ်ရက် သီလသတင်း မညှိုးလေအောင် သိစေလိုပါသည်။ မြန်မာ ဗုဒ္ဓဘာသာ ရှေးလူကြီးများပြောစကား၊ ကျင့်သုံးတရားနှင့် သတင်း စကားမှာ 'တစ်လကိုးသတင်း' အိမ်မပြန်ကြဘူး၊ နေနိုင်ကြတယ်၊ တစ်လမှာ ကိုးသီတင်း ဥပုသ်စောင့်ခြင်းဆိုသောစကားမှာ ယနေ့ ပျောက်နေသော သီလသတင်းဖြစ်သည်။

ပုဂံခေတ်နောက်ပိုင်း ဥပုသ်သီတင်းပြုရန် လဆန်း၊ လဆုတ် ၈ ရက် ဥပုသ်၊ လပြည့်၊ လကွယ် ဥပုသ်နေ့တို့သည် သီတင်းသီလ ဆောက်တည်သော နေ့များဖြစ်သည်။ ဥပုသ်နေ့တိုင်းတွင် အဖိတ်နေ့ ရှိသည်။ ကုသိုလ်ပြုရန် ဖိတ်ခေါ်သောနေ့ဖြစ်သည်။ ကောင်းသတင်းကို စတင်ဖိတ်ခေါ်ခြင်းဖြစ်သည်။

လူတို့၏ ဥပါသကာကျင့်ဝတ်မှာ ဂရုဓမ္မ ငါးပါးသီလ (နိစ္စရှုဝ) ဖြစ်သည်။ ဥပေါသထသီလ အင်္ဂါရှစ်ရပ် ရှစ်ပါးသီလဖြစ်သည်။ အများသိ ကျင့်သုံးနေကြ၍ အထူးမရေးလိုပြီ။ အဖိတ်နေ့ ညနေ ကျောင်းသို့သွားပြီး ကျောင်းဝေယျာဝစ္စပြုလုပ်ပြီး ရှစ်ပါးသီလ အကြို ယူခဲ့ကြသည်။ ညဝတ်တက်၊ ဝတ်ကပ် ဓမ္မစကြာ၊ အနတ္တလက္ခဏာ သုတ်၊ မဟာသတိပဋ္ဌာန် ရွတ်ဖတ်ပူဇော်၍ သမ္မာဒေဝနတ်မင်းများ သက်သေပြုကြလေသည်။ (၈)ရက်ဥပုသ်အတွက် အဖိတ်နေ့ ၇ ရက် နေ့ည ဥပုသ်ဝင်သည်။ (၈)ရက်နေ့ ဥပုသ်သီလယူသည်။ တစ်နေကုန် တရားအားထုတ် ညဝတ်တက်၊ ဝတ်ကပ်ပြုပြီး အိပ်သည်။ နံနက် အရုဏ်ဆွမ်းကပ်လှူပြီးမှ ပြန်သည်။ (၈ ရက် ဥပုသ်နေ့တွင် ၂ ရက်)

လပြည့်နေ့သည် ဥပုသ်နေ့ဖြစ်၍ လစက်ဝန်းကြီး ပြည့်ဝန်းညီညာမှုနှင့်အတူ ဥပုသ်ပြုကြရသည်။ (၈)ရက်ဥပုသ်ကဲ့သို့ အဖိတ်နေ့ (၁၄)ရက်နေ့မှ ညဝတ်တက်၊ ဝတ်ကပ်အမှု သမ္မာဒေဝ နတ်မင်းများ သက်သေပြု လပြည့်နေ့အကြို ကျောင်းတွင် ဥပုသ်ယူကြသည်။ အိမ်ကိုစွန့် ကျောင်းတွင်အိပ်ကြရသည်။ ဝေယျာဝစ္စပြုခြင်း နံနက် ၈နာရီတွင် ဥပုသ်သီလယူကြသည်။ ဆရာတော်ညွှန်ကြားသည့်အတိုင်း တရားအားထုတ်ကြသည်။ လပြည့်ကျော် (၁)ရက်နေ့တွင် သီလဖြင့် ကျောင်း၌ တစ်နေကုန်နေ ဥပုသ်ပြုကြပြန်သည်။ (၂)ရက်နေ့ အရုဏ်ဆွမ်းဆက်ကပ်ပြီးမှ ပြန်ကြသည်။ (လပြည့်ဥပုသ် ၃ ရက်)

လဆုတ်, လဆန်း (၈)ရက်၊ လကွယ်ဥပုသ်တို့သည် အဖိတ်နေ့အပါ ၂ ရက် ဥပုသ်ဖြစ်ပြီး လပြည့်နေ့ဥပုသ်သည် (၁၄)ရက် အဖိတ် လပြည့် ၁၅ ရက် လပြည့်ကျော် (၁)ရက် (၃)ရက်ဥပုသ်ဖြစ်သည်။ တစ်လတွင် လေးသီတင်းဥပုသ်ဖြစ်သော်လည်း တစ်လတွင်ကိုးသီတင်း ဥပုသ်အဖြစ် စောင့်ထိန်းကြသည်။

**အိမ်နေ အိမ်သူများ အမျိုးသား ကုသိုလ်မှုဝေရယူလျက် တစ်လကိုးသီတင်း** နေကြရသည်ဟု ဖော်ကျူးညွှန်းဆို စကားတစ်ရပ်ဖြစ်သည်။ မြန်မာပြန်နိကာယ် ဒုတိယတွဲ ဥပေါသထဝဂ်သုတ် တစ်ရက်စောင့်ဥပုသ် သုတ္တန်တွင် လဆန်း ၈ ရက် ဥပုသ်တွင် စတုမဟာရာဇ် သားတော်များ လှူပြည်ဆင်း သတင်းယူရသည်။ လဆုတ် ၈ ရက် ဥပုသ်နေ့များတွင် စတုမဟာရာဇ် နတ်မင်းကြီးများ၏ ကျေးကျွန်များ လှူပြည်ဆင်း သတင်းယူရသည်။ **လပြည့်နေ့များတွင် စတုမဟာရာဇ် နတ်မင်းကြီးများ ကိုယ်တိုင်ဆင်း၍ သတင်းယူရသည်ဟု ဖွင့်ဆိုလေသည်။**

လှူပြည်နှင့် စတုမဟာရာဇ်ဘုံ အခြားမရှိ ဆက်စပ်နေကြောင်း ဋီကာဘုံပိုင်းအဖွင့်တွင် တွေ့ရသည်။ စတုမဟာရာဇ်-တာဝတိံသာ၊

ယာမာ၊ သုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတ္တရ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ဘုံနှစ်ဆယ် အထက်ဘုံနန်းတို့ဖြစ်သည်။

လူ့ဘုံမှ အောက်အရပ် အပါယ်လေးဘုံ အားလုံးပေါင်း ဘုံသုံးဆယ်တွင် လူ့ဘုံဌာနအပါ ၃၁ ဘုံဖြစ်သည်။

အထက်ဘုံဘဝများသို့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဘာဝနာ မဂ် ဖိုလ် နိဗ္ဗာန်သို့ ညွှန်းဆိုပါသည်။

အောက်ဘုံဌာနများမှာ အပါယ်ငရဲသို့ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍လည်း ဖွင့်ဆိုသည်။ အပါယ်ခံဘဝသည် မကောင်းသောသတင်းများနှင့် အချိန်ကုန်ခဲ့သော (၇)ရက် သီတင်းညှိုး၍ အဆိုးဘဝများရောက်မှ နာရီ နေ့ရက် အချိန်များ နှမြောတသဖွယ် ကာလဝိပါတ် နောက်ပိုးတက်၍ အဆိုးရှေ့ဆောင် အမှောင်ဖုံးခဲ့ရသော အကုသလ သတင်းဆိုးများဖြစ်ခဲ့ရသည်။

ပန်းသတင်း လေညှင်းဆောင်၏၊ လူသတင်း လူချင်းဆောင်၏။ **သီလသတင်းကား အရပ် ၁၀ မျက်နှာဆောင်၏**။ စတုမဟာရာဇ် နတ်မင်းကျေးဇူး တာဝတိံသာနတ်သိကြား အထက်ဗြဟ္မာမင်းများ ကောင်းမှု သီလသတင်း ဖြစ်လေတော့သည်။

သီလ၏ အကျိုးကျေးဇူး သီလဘာဝနာ အလင်းစွမ်းပကား သတင်းအားသည် လျှပ်စီးတမျှ လျင်မြန်လွန်းလှသည်။ ကောင်းကင်ယံ လျှပ်စီးကြောင်းများ လင်းလက်ခြင်းကဲ့သို့ဖြစ်သည်။ ပါရမီဉာဏ် အလင်း အမှောင်ခွင်းသော အလင်းဖြစ်သည်။

ယခု လူတို့၏ပြည်တွင် **အင်္ဂလန်နိုင်ငံ ဟော်လန်မြို့သားသောမက်အက်ဒီဆင် တီထွင်ဖန်တီးမှု** အစပြုပြီး လျှပ်စစ်ဓာတ်အားများ အလင်းစွမ်းပကားဖြင့် လမ်းတံတား ကျောင်းဇရပ် စေတီတော်ကြီးများ ကြည်နူးဖွယ် ညခင်းမှာ နတ်ပြည်စောင်းတန်း လှေကားကြီး

များသဖွယ် တောင်ထွတ်တောင်စွယ် မိုးထိမြင့်ခေါင် စေတီတော်များ၌ ဆီမီးအလင်း လျှပ်စစ်မီးများမှာ အံ့သြထင်လင်းစွာ မျက်မြင်ဒိဋ္ဌ မြင်တွေ့ကြရလေတော့သည်။

*

၂၀၁၅၊ စွမ်းအင်ဝန်ကြီးထုတ်မဂ္ဂဇင်း

# သာသနာနိုင်သူသာ ဖျာခင်း



မြန်မာလူမျိုးတို့ ဖျာခင်းဟုဆိုလျှင် သိနှင့်ပြီးဖြစ်သည်။ ဧည့်ကောင်းအတွက် အခင်းပန်းမွေ့ယာ ရွှေကော်ဇောမရှိသော်လည်း ဆင်းရဲချမ်းသာမရွေး ဖျာကလေးနှင့် ခေါင်းအုံးတော့ အိပ်ရာထက် သန့်ရှင်းစွာအိပ်စက်ခြင်း၊ နားနေခြင်းဖြစ်သည်။

ရဟန်းရှင်လူ သူတော်ကောင်းနှင့် ပူဇော်ထိုက်သူတို့အတွက် ဖျာတစ်ချပ်တော့ လိုနှင့်နေကြသည်။ ဆင်းရဲသူတို့ ဖျာမဝယ်နိုင်သည့်တိုင် ခေါင်းရင်း,ခြေရင်း အိမ်ဖျာကလေးငှား မြို့သားဧည့်သည် လာလျှင် အခင်းအကျင်းနှင့် ရေနွေးကြမ်း၊ လက်ဖက်ဖြင့် ဧည့်ဝတ် ပြုကြသည်။

မြန်မာပြည်က ဖျာထွက်သောအရပ် **ပန်းတနော်မြို့ သင်ဖြူးဖျာကလေးတော့ မမေ့ကောင်းပေ**။ ယနေ့ထက်တိုင် ခေတ်တွေပြောင်း

ဖယောင်းပုဆိုးခေါ် ပလတ်စတစ်အခင်းကော်ဇော စသည်ဖြင့် မည်သို့ တိုးတက်စေကာမူ ပန်းတနော် သင်ဖြူးဖျာကလေးကတော့ အိမ်ဦးခန်း နေရာယူစမြဲ၊ မြန်မာတို့ သုံးစွဲမြဲဖြစ်သည်။

ပင်လယ်ရေပြင်၊ မြစ်ရေပြင် ငြိမ်သက်နေလျှင် သင်ဖြူးခင်း ထားသလို တင်စားသော လူတို့ဆိုရိုး **"ဝါခေါင်တော်သလင်း မြစ်တွင်း သင်ဖြူခင်း"** မြစ်တွင်း ငြိမ်နေတာပဲလို့ ငြိမ်းအေးခြင်း၊ ငြိမ်သက်ခြင်း နိမိတ်ဆောင်သော စကားရပ်တစ်ခု ရှိနေကြသည်။

ဖျာကလေးကို သတိရတိုင်း ငြိမ်းချမ်းမှု၊ သာယာမှု၊ ညီညွတ်မှု ကောင်းကျိုးရလဒ် လူ့ဘဝ၏ တစ်စိတ်တစ်ဒေသ စိတ်ချမ်းသာမှု အဖြစ် မြန်မာနိုင်ငံ ဧရာဝတီတိုင်း ပန်းတနော်မြို့ကလေးကတော့ သတိတရရှိနေကြသည်။ ပန်းတနော်ဖျာ သင်နုကလေးနှင့် ရက်လုပ် ထားတယ်။ သေတ္တာထဲ ခေါက်ထည့်လို့ရတယ်နော်လို့ အရောင်း ဈေးသည်နှုတ်ဖျား ရေပန်းစားလျက် ပန်းတနော်မြို့ သင်ဖြူးဖျာ တစ်နိုင်ငံလုံးခင်းသည့်ဖျာ ဖြစ်သည်။

ဖျာတစ်ချပ် အမှတ်တမဲ့နေခဲ့ပေမယ့် ရဟန်းရှင်လူ သူတော် အများ နေထိုင်ခွင့်နေရာလေးကိုတော့ မေ့နေတတ်ကြသည်။ ဇာတ်လမ်း အစမှ ဇာတ်လမ်းအဆုံးတိုင် မျှော်ကြည့်မည်ဆိုလျှင် ပန်းတနော်မြို့မှ လူပညာရှိ သူတော်ကောင်းကြီးကို အားကိုးဖွယ်အပြည့် ကမ္ဘာက မျှော်ကြည့်နေရသည့် အချိန်ကာလကို ပြောပြလိုပါသည်။

မြန်မာပြည် ပန်းတနော်မြို့သား ဦးသန့် မိသားစုတို့ဖြစ်သည်။ မိသားစုဆိုသည်မှာ ဆရာ မိဘ ဆွေမျိုး လူတော်လူကောင်းတို့ဖြစ် သည်။ **"အတတ်ကုံလုံ ပညာစုံသော သားကောင်းရတနာသည် အမျိုး၏ဂုဏ်ကို ဆောင်နိုင်၏"** (ကဝိဒပ္ပနီတိ) ကျမ်းပြုအတိုင်းဖြစ် သည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးကြီး၏ မွေးရပ်ဇာတိ အကျဉ်း မျှဟု မှတ်သားလိုပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးစွမ်းဆောင်သူ ကမ္ဘာ့သူ ကမ္ဘာ့သားများ အတွက် အခက်အခဲများစွာ အသက်သွေး ပေးဆပ်ရဲသူ စွန့်လွှတ်စွန့်စား သတ္တိနှင့် ဆုံးဖြတ်ချက်ပြတ်သားသူဖြစ်ကြောင်း လေ့လာလိုက်စားသူ စာပေသမားတို့ ချီးမွမ်းမကုန်ဖွယ်ဖြစ်သည်။ ယနေ့အထိ သမိုင်းတွင်နေသော သက်သေအဖြစ် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းမှ သခင်ကိုယ်တော်မှိုင်း အုတ်ဂူဗိမာန်၊ ဘုရင်မဂူဗိမာန်၊ ဦးသန့်ဂူဗိမာန် များမှာ သမိုင်းမညှိုးသော ကမ္ဘာ၏ ပိသုကာပညာရှင်ကြီးများဟု အမွန်းတင်ထိုက်သော ပညာရှိသူတော်ကောင်းကြီးများ တည်းခိုရိပ်သာပမာ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင် "နိုဘယ်ဆု" ရှင်ကြီးများ၏ ထီးနန်းသဖွယ် ဂုဏ်ယူကြည်နူးရာ ဦးထိပ်တင်ရာ အတုယူဖွယ်ဖြစ်သည်။

မြန်မာလူမျိုးတို့ ကိုးကွယ်ဆည်းကပ်ရာ ယုံကြည်မှု ဘာသာတရားသည် ဗုဒ္ဓမြတ်စွာတရားတော်၏ အဆုံးအမ လောင်းရိပ်အောက် ဗုဒ္ဓဘာသာ အများစုနေထိုင်ရာ အရပ်ဖြစ်သည်။ ပန်းတနော်ဖျာကလေးသည် လမ်းပြမြေပုံလေးပမာ ရေလမ်းမှာ တင်စားမှု ဖျာခင်းထားသကဲ့သို့ ကြည်နူးဖွယ် ရှုမျှော်ခင်းဖြစ်ပြီး ကုန်းလမ်းကျတော့ အိမ်ဦးခန်း ဖျာကလေးတစ်ချပ် ပညာရှိသူတော်ကောင်းများအတွက် နေထိုင်ရာ သင်ဖြူးဖျာကလေး အတုယူစရာ မြန်မာပြည်မှ ကမ္ဘာကို လှမ်းမျှော်ကြည့်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာပညာရှင်ကြီးများ စာရင်းဝင်သော တရုတ်ပြည်နှင့် အင်္ဂလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာမှ ဘားမားဦးသန့်ဟု ဖင် နိုင်ငံမြောက် ကမ္ဘာ့ကုလသမဂ္ဂ ဝင်ရောက်သူ အဖြစ် မြန်မာပြည်သိအောင် ဖော်ပြနိုင်သူ ကမ္ဘာ့ကုလသမဂ္ဂရာထူး ဖြစ်သည်။

မြန်မာပြည်မှ **အမေရိကန်နိုင်ငံ ကုလသမဂ္ဂ သံအမတ်အဖြစ်** သွားရမည့်အကြောင်း သူ့ဆရာကြီးကို သတိရ သွားကန်တော့သည့်

အချိန်မှာ ဆရာကြီးက ရှိုက်ငိုနေသည်ကို တွေ့ရသည်။ ဦးသန့် စိတ်မကောင်းစွာဖြင့်ရှိခဲ့ရသည်။ ဆရာကြီး ကျွန်တော် မြန်မာပြည် ကိုယ်စားပြုသွားရမှာ၊ ဘာလို့ ငိုနေတာလဲမေးတော့…

"ငါ မငိုပါဘူး၊ ဝမ်းသာလွန်းလို့ ရယ်နေတာကွ၊ မင်းကို ငါသိတယ်၊ ငယ်ငယ်လေးကတည်းက တော်လို့ တစ်နှစ်တည်း လေးတန်း ငါတင်ပေးခဲ့ရတာ၊ မင်း ဘာလို့ ဒီလောက်တော်နေတာလဲ မေးတော့ ကျွန်တော် ဆရာဖြစ်အောင် သင်မှာလို့ပြောတယ်။ အထက် တန်းကျောင်းသားဘဝမှာလည်း တော်နေလို့ မင်းကို ငါပြောဖူးခဲ့တယ် လေ၊ ရေအင်တုံထဲက မိကျောင်းလေး ရေထဲ ဝါးတစ်ရာနဲ့ ခြံထဲဆင်း၊ နောက် ပင်လယ်ကူးမှာလို့ ငါပြောခဲ့တယ်၊ အခု မင်း ပင်လယ်ကူး-တော့မယ်။ မင်း အတော်ဆုံးနေရာရောက်မှာ ငါသိနေလို့ ရယ်နေတာ မောင်သန့်"လို့ အသက် (၉၀)ကျော် ဆရာကြီးက ပီတိစကားပြော ခဲ့သည်။

ငယ်စဉ်က မူလတန်းပြ၊ နောက် အလယ်တန်းပြဆရာကြီး၏ လောင်းရိပ်အောက် မလွတ်ခဲ့။ ယခုမှ ဆရာကြီးကိုကြည့်ပြီး ပီတိဖြင့် ဝမ်းသာမှု ဆရာ-တပည့်ဖြစ်အင် ထူးခြားဖွယ်တစ်ခုဖြစ်ခဲ့သည်။

(ကုလ + သမဂ္ဂ)၊ **ကုလ**= သူတော်ကောင်း + **သမဂ္ဂ**= ညီညွတ်စုစည်းမှု၊ သူတော်ကောင်းများစုစည်းမှု အဓိပ္ပာယ်ဖြစ်သည်။ **မြန်မာနိုင်ငံ ပန်းတနော်မြို့သား ဦးသန့် ကုလသမဂ္ဂ အတွင်းရေးမှူး ဘဝဖြင့် ဖျာခင်းလိုက်ပြန်ပါပြီ**။ ဒီတစ်ခါ ဖျာခင်းလိုက်ခြင်းသည် လူမျိုးဘာသာ သာသနာအတွက် အထိုက်တန်ဆုံးဖြစ်သည်။ မြန်မာ လူမျိုးတို့၏ ယုံကြည်မှု ဘာသာတရား (**ဗုဒ္ဓဂယာ**)မြတ်ဗုဒ္ဓ၏ သာသနာ ဟု ခေါ်ဆိုနိုင်သော အိန္ဒိယနိုင်ငံမှာ စည်းရိုးခတ်သတ်မှတ်ပြီး မြေပြင် ဖျာခင်းခဲ့ပါလေပြီ။ သာသနာ၏အရိုက်အရာ မြတ်ဗုဒ္ဓပွင့်ထွန်းတော် မူရာ ကမ္ဘာ့အလယ်ဗဟိုချက် သမုတ်အပ်သော မဇ္ဈိမဒေသ၊ မြတ်ဗုဒ္ဓ

လောင်းလျာ **ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်** ဗုဒ္ဓဂယာအဖြစ် နောင်လူအများတို့ ကမ္ဘာ့အောင်လံ မှတ်သားထင်ပေါ် လုပ်နိုင်ခဲ့ပါလေသည်။ မမေ့နိုင်ဖွယ်၊ ဂုဏ်ယူဖွယ် ကမ္ဘာ့ပိသုကာဆရာကြီးအဖြစ် သာသနာအတွက် ဂုဏ်ယူဖွယ်၊ လူမျိုးအတွက် ဂုဏ်မငယ် အောင်ပန်းတနော်သားကြီး ဦးသန့်မွေးရပ်မြေ ဓာတိသရုပ်ဖြင့် ထိုက်တန်စွာ **'သာသနာနိုင်သူသာ ဖျာခင်း'** ဟု မြန်မာနိုင်ငံသား ပြုလုပ်နိုင်ခဲ့ပါသည်။ ၁၃၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်မွေးဖွား၍ ၁၃၇၄ ခုနှစ်အသက် (၆၅)နှစ် ကွယ်လွန်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူး ဦးသန့် ကမ္ဘာ့ခေါင်းဆောင်ကြီးအကြောင်း အနည်းငယ်မျှ ဖော်ကျူး ကျေးဇူးပြုလိုက်ပါသည်။

*

ရတနာတံခွန်မဂ္ဂဇင်း



# ဘဝနှင့်တူသော ကြိုး

လူသားတို့သုံးစွဲခြင်း လက်ကိုင်ကြိုး ကြိုးတစ်ချောင်းဖြစ်ဖို့ အုန်းဆံဖတ်နှင့် ကျစ်ထားသောကြိုး အုန်းဆံကြိုး၊ ရော်ဖတ်နှင့်ကျစ်ထားသော ရော်ကြိုး၊ ယနေ့ခေတ် ပလတ်စတစ်ကြိုး၊ နိုင်လွန်ကြိုး၊ ပိုးကြိုး၊ ချည်ကြိုး။ စက်နှင့်ကျစ်သောကြိုး၊ လက်နှင့်ကျစ်သောကြိုး၊ ခေတ်နှင့်အညီ လူသားတို့တီထွင်သောကြိုး၊ ချည်နှောင်ဖို့ ကြိုးဖြစ်သည်။

သဘာဝဆန်သော ကြိုးတစ်ချောင်းဖြင့် သဘာဝပစ္စည်း အမျိုးမျိုး၊ သက်ရှိ သက်မဲ့ အရာအားလုံး ဖမ်းဆီးချုပ်နှောင်ခြင်းအပြင် စည်းလုံးမှုအဖြစ်လည်း ကြိုးတစ်ချောင်းဖြင့် အသုံးချကြသည်။

လောကကြီး ဖြောင့်တန်းရှည်လျားစွာ တည့်မတ်လမ်းပြမှုသည် ကြိုးတစ်ချောင်းဖြင့် အဖြေရှာခြင်း၊ မျက်စိဖြင့် မရေရာသည်များ ကြိုးဖြင့် အဖြေရှာခြင်း၊ အတိုင်းအထွာများစွာ ကြိုးဖြင့်အဖြေရှာခြင်း၊

ဘဝအတွက် သေချာသောကြိုးတစ်ချောင်း၊ လမ်းပြပေးနေသော ကြိုးတစ်ချောင်း၊ လောကကောင်းအောင် ကြိုးတစ်ချောင်းကိုခင်း လျှောက်လှမ်းလာစဉ် ကိုယ်လျှောက်ခဲ့သောလမ်း ပြန်လှည့်ကြည့်၊ ရောက်နေသောနေရာ ရှေ့ဆက်ပြီး လျှောက်လှမ်းရမည့်လမ်း၌ ကြိုးကုန် သွားလျှင် ကမ္ဘာမြေပြင် ဘဝမှတ်တိုင်ကလေးတော့ အဆုံးဖြစ်သည်။

**အမေမွေးစက ချက်ကြိုးကလေးဖြတ်၊ ဘဝကြိုးတစ်ချောင်း လူ့ဘဝလမ်း မနားတမ်း နေ့၊ရက်၊လမှသည် နှစ်သို့လျှောက်လမ်းခဲ့ သည့်** ကမ္ဘာမြေပြင် သမိုင်းထင်အောင်လျှောက်ဖို့ ခြေတစ်စုံ ဘယ်- ညာ လျှောက်ချင်သလိုလျှောက်၊ လျှောက်သလောက်တော့ ရောက်နေ လေသည်။ ဘဝရှေ့ရေးကို လျှောက်တတ်သလိုလျှောက် ခြေတစ်စုံ၊ လုပ်တတ်သမျှ လုပ်၊ လက်နှစ်ဖက်ကျေးဇူး ဘဝအတွက် အရိပ်ကြိုး တစ်ချောင်း ကိုယ့်ဘဝအကြောင်း တို့တာဝန်ကောင်းရန် လောကဓံ တရား ဘဝကြိုးတစ်ချောင်းဖြင့် ဖြောင့်တန်းဖို့လိုသည်။

တစ်ခါတစ်ရံ မကသောအရုပ် ကြိုးရှုပ်ခဲ့ရသည်။ ရုပ်သေး ကြိုးဆွဲဆရာ အမိကကျသည်။ ဇာတ်သေတ္တာထဲမှ မင်းသမီးရုပ်ကလေး ခဏခဏထုတ်၊ မင်းသားရုပ်ကလေးလည်း ထို့အတူ အနအလှ ကြိုးမရှုပ်ခဲ့ကြ၊ အသုံးခံဘဝ လူကြမ်းရုပ်နှင့် ဝန်ကြီးရုပ် အတ္တအကြမ်း နှင့် ပရအကြမ်းကပြရသည်။ ပရအကြမ်းရုပ် မျှတမှုဖြင့် လူကောင်း၊ အတ္တ အကြမ်းရုပ်က ငါလုပ်မယ်၊ ငါထင်ရာလုပ်မယ် လူဆိုး၊ ဘုရင်ရှေ့ မှောက်နေသော ဝန်စိမ်းက အတ္တနှင့် ထင်ရာလုပ်ပြီး လူဆိုး။ ဝန်နီ ကတော့ စဉ်းစားပြီး မီးနီပြနေရသော လူကောင်းဖြစ်သည်။

ဇာတ်ဆရာ လူကြမ်းနှင့် ဝန်မင်း ဇာတ်သေတ္တာထဲ အထုပ်နှင့် ထုပ်ပြီး သီးသန့်မထားမိသည့်အမှား ကြိုးရှုပ်ခဲ့ရသည်။ အတ္တလူကြမ်း နေရာ၊ ပရလူကြမ်းထည့် ဝန်နီနေရာ၊ ဝန်စိမ်းထည့် ကခဲ့ရသည့် ဇာတ်ဆရာ လူကြမ်းနှင့် တရားလွဲမှားခဲ့ရသည်။

အမှန်မှာ ကြိုးရှုပ်ခဲ့၍ အမှားအမှန် လွဲမှားသွားခြင်းဖြစ်သည်။ ကြိုး၏အစသည် အစအတိုင်းရှိပြီး အစမသေချာခြင်း၊ အစထောင်ခြင်း၊ အစထိုးခြင်း၊ အစရှုပ်ခြင်း၊ အစ၏ကောင်းခြင်းမရှိ အလယ်တွင် ရှုပ်ရှုပ်ထွေးထွေး အရှုပ်ကြိုးဖြစ်ခဲ့ရသည်။

အခုမကောင်း နောင်မကောင်း၊ မကောင်းမှု အကြောင်းတရားသည် ဘဝကြိုး မဖြောင့်တန်းခြင်းဖြစ်၍ ကွေ့ကောက်စေတတ်သော ဘဝသည် ကကြိုးများကို ရှုပ်ထွေးခြင်းဖြစ်စေတော့သည်။

ဘဝကြိုးတစ်ချောင်း စုပုံပြီး အရှုပ်ထုပ်ကြီး မဖြစ်သင့်၊ ဆရာ လက်ကိုင် လိုအပ်လှပေသည်။ **"ဘီးခေါင်းကျောက်ဖိ"** ကြိုးကိုင် ဆရာ၏တန်ဖိုး သက်ဝင်လှုပ်ရှားကာ ကြိုးတို့၏ ဆရာသခင်သည် လက်ကိုင်ဆရာကောင်းအဖြစ် မိဘ၊ ဆရာကောင်းတို့ အထူးလိုအပ်ကြောင်း **"ဘဝဆန်သော ကြိုးတစ်ချောင်း"** အဖြစ် သီလ၊ သမာဓိ၊ ပညာတို့သည်သာ ဘဝကောင်းကျိုး တန်ဖိုးမြင့် ကြိုးတစ်ချောင်းပင် ဖြစ်လေတော့သည်။

*

**သီလဝဘာသာရေးမဏ္ဍပ်**

၂၀၁၆ ခု။



# သာသနာထက်ဝက် တစ်ကျော့ပြန်ထွန်းချိန်

မေခ မလိခ အစ ဧရာဝတီမြစ်ကြီးသက်သေတည်ပြီး မြစ်တို့ သဘာဝ ကွေ့ကောက်လျက် ကြံခင်းထုံးဘို၊ အကောက်တောင်စေတီ တော်များအကြောင်း ဗုဒ္ဓရုပ်ပွားတော်များ မြစ်ကမ်းခြေတစ်လျှောက် တောင်ထွတ်၊ တောင်စွယ်၊ ကျောက်တောင်ကမ်းခြေ ကြည်ညိုဖွယ်ရာ သာသနာ့အမြင်အတွေ့ ကြည်နူးဖွယ်ရာများမှ အစပြု မြန်မာပြည် အကျိုးပြု သာသနာအထွတ် မြစ်တစ်စင်း စတင်ဖွားမြင်ခြင်းဟု အမည်တွင်ရမည့် 'တိုးမြစ်'ဖြစ်သည်။

**တိုးမြစ်ကြီးကို သက်သေတည်လျက် ရှေးမင်းအဆက်ဆက် အခွန်ကောက်ရာ မြစ်ဆိပ်ဖြစ်၍ အကောက်တောင်၊** ဗုဒ္ဓလောင်းလျာ ကျေးမင်းဘဝ အစာကောက်ဌာနဖြစ်၍ အကောက်တောင်၊ ဧရာဝတီ

မြစ်ကြီးမှ ခွဲထွက်ရာ ကုန်းမြေအစ တိုးမြစ်ဖြစ်သည်။ တိုးမြစ်ကြီးသည် ဘင်္ဂလားပင်လယ်မှ အစတည်ရာဖြစ်ပြီး သာသနာအစ တပုဿ ညီနောင် ဒီရေအတက် ထိုးဝါးဖြင့် တိုးဝင်ခဲ့ရလို့ ဒီတိုးချောင်း(တိုးမြစ်) အမည်တွင်ခဲ့ရပါသည်။

ဗုဒ္ဓဆံတော်ဓာတ် ကမ္ဘာမြေတုန်ဟီးစေဖို့ သာသနာသက္ကဒေဝါ၏ မြန်မာပြည် ဘုန်းတန်ခိုးစည်ဖြိုးစေဖို့ လူမင်းရာဇာ ဥက္ကလာပမင်း၊ နတ်မင်းဒေဝါ သက္ကဒေဝါ၊ ပါရမီရှင် ဥက္ကလာပမင်းကြီး ဥက္ကလာ ဇနပုဒ် နပဲပင်ရွာ၊ ယခု ဘုရားငုတ်တိုအနီး တပုဿ၊ ဘလ္လိက ညီနောင်တို့ ပါရမီထူး ဥပါသကာညီနောင်ကျေးဇူး၊ ဥက္ကလာပတိုင်းသား ပြည်သူများတို့၏ကျေးဇူး သိင်္ဂုတ္တရကုန်းတော်မြတ်မဟာ မြတ်ဗုဒ္ဓ ပွင့်ထွန်းသောနှစ်၊ ရွှေတိဂုံစေတီ မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်း လပြည့် ထီးတော်အထွတ် တင်လှူနိုင်ခဲ့ပါလေသည်။ (**ကမ္ဘာ့စေတီဦး ဖြစ်သည်။**)

ဗုဒ္ဓမြတ်စွာ၏ ဥပါသကာ အဦးကိုးပါး တေဒင်္ဂဘွဲ့ထူးရှင်တို့ ဖြစ်ခွင့် ပါရမီရင့်သန်သော အချိန်အခါမှန် လမ်းနေရာရခဲ့သည်။ တိုးမြစ်ကြီးအထက် ရောဝတီမြစ်ခွဲ ထွက်ခဲ့ရသောအစ ပြန်လည်ကြည့် ပြန်သော် ကြည်ညိုဖွယ်ရာ စေတီရုပ်ပွားတော်များ သာသနာ့မှတ်တမ်း လက်တစ်ကမ်း ယနေ့ မနုဿအမည်ခေါ် လူသူတော်များ ဖူးမြော် ကြည်ညို ရှုမျှော်မဆုံးနိုင်သော **အကောက်တောင် ရုပ်ပွားတော်ပေါင်း ၁၀၀၀ မှာ ချီးကျူးပူဇော်မဆုံး** ရှိနေလေတော့သည်။

ရောဝတီမြစ်မှ စတင်ခွဲထွက်သော အကောက်တောင် ပြည်မြန်မာ သာသနာမည့်ိုး တိုးပွားစေသောအကြောင်း ပေါ်လွင်စေခြင်း ဖြစ် သည်။

သာသနာသည် မြန်မာပြည်အတွက် ရာဇာမင်းတို့ တစ်မိန့် တစ်အာဏာရှင်များ ကျဆုံးသွားကြသော်လည်း ဆရာဒကာ သာသနာ

လက်တွဲညီညာ ခိုင်မြဲစွာဖြင့် စေတီတော်များ ရောင်ဝါထွန်းသစ်၍ မြေပြင်စာတင်လျက် ခံ့ညားထည်ဝါစွာ သာသနာထွန်းတောက်ချိန်ခါ ဖြစ်သည်။

ဥပသကာ တပုဿညီနောင် စေတဒဂ်ဘွဲ့ထူးရှင် ရွှေတိဂုံ စေတီတော်ကြီး၏ ဥပါသကာကောင်းများ နေခဲ့သောအရပ် သာသနာ ၂၅၀၀ ကျော် ရွှေခြံမြေဂရန်ကြီး ၂၅၀၀ ရွှေသဲသောင်ပြင် ရွှေခြံမြေ ဘင်္ဂလားပင်လယ်၏ မြစ်အဝဖြစ်၍ မုန်ကျွန်း၊ တံခွန်ဦး မင်္ဂလွန်း အောင်စကြာစေတီတစ်ဆူနှင့် ကွမ်းခြံကုန်း-ဒလကားလမ်း စေတီတော် ကိုးဆူ၊ ထို့နောက် ၁၁၁ ခုနှစ် ကေလာသတောင် သထုံမြို့ အရှင် နယ်တွင်း ဂဝံပတိနှင့် ရဟန္တာမထေရ်မြတ်တို့မှ သာသနာ့အာဇာနည် သာသနာပြုရဟန်း ၁၉ ပါးသည် တံခွန်ဦးစေတီရှိရာ မုန်ကျွန်းပိုင် အတွင်း ဥက္ကလာပမင်းကြီးနှင့် ပြည်သူအများသာသနာ အထောက်အပံ့ ခံယူ၍ စေတီတော်များ တည်ထားကိုးကွယ်ရန် ရောက်ရှိလာခဲ့ ကြသည်။

**တွံတေးမြို့ ရွှေဆံတော်ရှင်** တည်ထားတော်မူသော ရဟန္တာ ၁၁ ပါးနှင့် **ရဟန္တာအပေါင်း ၃၀ တည်ထားသော ယနေ့ ရွှေခြံမြေ** ကွမ်းခြံကုန်းမြို့ တောင်ကုန်းကျေးရွာအမည်ခံ ကျွန်းချောင်းကျေးရွာ အပိုင်း ဂရမ်ကြီး ၂၅၀၀ အတွင်းစေတီတော်များတည်နေချိန် တံခွန်ဦး မင်္ဂလွန်းစေတီအပါအဝင် ဆံတော်ကြိုစေတီများတွင် တံခွန်စေတီများ ဖြစ်ပြီး (တံခွန်နှင့်ဘုရား)ဟုကြွေးကြော်လေသည်။ သံဃာတော် ၃၀ တည်ထားသောစေတီ ၃၀ ပါ တံခွန်တိုင်များစိုက်ထူ၍ (တံခွန်နှင့်ဘုရား ဟူသောစကား) ယနေ့တိုင် ကြားယောင်ဆဲဖြစ်လေသည်။ သာသနာ့ အောင်လံ အမှတ်အသားဟုလည်း ခေါ်ဆိုအပ်သည်။ **ဆံတော်ကြိုစေတီ တော်များအပါအဝင် အလုံး ၄၀၊ ဓေတ္တတံခွန်စေတီတော်များအဖြစ်** 'သုတေသီမာမက မွန်တို့ဌာနီ ရာမည' စာအုပ်တွင် တွေ့လေတော့သည်။

ရှေးမူများအရ ကောင်းကင်ယံနေမင်းကို အကြောင်းပြု၍ နေနာရီ၊ ရေကိုအကြောင်းပြု အချိန်အတိုင်းအတာ ရေနာရီ၊ ထို့အတူ မြေပြင်ကိုကြည့်၍ နွေမိုးဆောင်း ဥတုအချိန်အခါရာသီ အစရှိသည်တို့၏ ကောက်ကြောင်းမြေပြင်သည် **နိမိတ်ပုံပြင် ခြေရာလက်ရာ သင်္ကေတများ** ကျန်ရစ်ခဲ့ကြပါသည်။

သာသနာ၏ နိမိတ်ကောင်းများကို နတ်၊ ဝိဇ္ဇာတို့ နှုတ်သံ နိမိတ်များ ထုတ်လုပ်ခဲ့သည်။

သာသနာ ၂၅၀၀ ကျော်ခရီး မြန်မာပြည် သာသနာထွန်းတောက် စေသော နိမိတ်တဘောင်တစ်ခု ပေါ်ပေါက်ခဲ့သည်။

## မြတ်ဗုဒ္ဓသာသနာ တစ်ကျော့ပြန် အချိန်အခါ နေရာပြတဘောင်

*ပန်းသေလို့ ကျီးသာ၊ ကျီးသာလို့ မအူပွင့်၊*
*မအူပွင့်လို့ ဝက်စား၊ ဝက်စားလို့ ညောင်တုန်း၊*
*ညောင်တုန်းမှ တေးသာ၊ တေးသာလျှင် ရောင်တော်ပွင့်၊*
*ဆံတင့်လေငြား…။*

## ဖော်ကျူးကောက်နုတ်ချက်

ရောဝတီတိုင်း ပန်းတနော်မြို့စည်ကားချိန် ပန်းတနော်သား ဦးသန့်၊ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးဘဝမှ ကွယ်လွန်ပြီးနောက် ပိုင်းကာလကို ဆိုလိုသည်။ **ပန်းသေလို့ အဓိပ္ပာယ်ဖြစ်သည်။**

ကျီးကန်သိုက်ရွာကလေး အမှတ်မထင် စည်ကားခဲ့သည်။ ထို ရွာလေး စည်ကားခြင်းမှာ မအူပင်တံတားအတွက် တည်ဆောက်ချိန် တည်းခိုရာ အချက်အချာနေရာဖြစ်၍ စည်ကားခြင်းဖြစ်သည်။ **ကျီးသာ ခြင်း အဓိပ္ပာယ်ဖြစ်သည်။**

ကျီးကန်သိုက်ရွာလေး စည်ကားပြီး မအူပင်မြို့ လမ်းပွင့်သွားသောအခါ မအူပင်မြို့ စည်ကားခြင်းဖြစ်သည်။ **ကျီးသာလို့ မအူပွင့်ခြင်း အဓိပ္ပာယ်ဖြစ်သည်။**

မအူပင်တံတားဆောက်လုပ်ပြီး မအူပင်လမ်းပွင့်ချိန် ဝက်လက်ရွာကလေး ရေတိုက်စား ပျက်သွားခဲ့ရသည်။ **မအူပွင့်လို့ ဝက်စားခြင်း အဓိပ္ပာယ်ဖြစ်သည်။**

ဝက်လက်ရွာကလေး ရေတိုက်စားပျက်စီးသွားချိန် ညောင်တုန်းမြို့ စည်ကားလာခဲ့သည်။ **ဝက်စားလို့ ညောင်တုန်းခြင်း အဓိပ္ပာယ်ဖြစ်သည်။**

ပန်းတနော်-မအူပင်-ညောင်တုန်း ကားလမ်းမကြီးများ၊ တံတားကြီးများ ဖောက်လုပ်ပြီးချိန် သိကြားမင်းတည်သော လှိုင်သာယာမြို့ ဘီအိုစီအဝိုင်းမှ ပန်းလှိုင်မြစ်ကိုဖြတ်ကျော်ပြီး တွံတေးမြို့သို့ ကားလမ်းဖောက်ခဲ့ပြန်သည်။ တွံတေးမြို့သို့ စည်ကားရန် နိမိတ်၊ တွံတေးမြေ တစ်စလောင်း တစ်သောင်းတန်ဟု စနည်းတဘောင် ရှိခဲ့သည်။ တွံတေးမြို့ သာသနာစည်ကားခြင်းဖြစ်သည်။ **ညောင်တုန်းမှ တေးသာဟု ဆိုအပ်သည်။**

တွံတေးတူးမြောင်းကိုဖြတ်ကျော်၍ ဘုရားငုတ္တိုလမ်း ဖောက်လုပ်ကာ ဒလ-ကွမ်းခြံကုန်း ကားလမ်းမကြီးသို့ ရောက်ခဲ့လေတော့သည်။ လှိုင်သာယာမြို့ ဘီအိုစီအဝိုင်းမှ ဘုရားငုတ္တို ကားလမ်းပေါက်ပြီးနောက် သာသနာနှစ် ၂၅၅၂ ခုနှစ် (ကက်ကင်းလည်ပြန်) သာသနာနှစ်ဖြစ်၍ ရောင်တော်ပွင့်ပွဲ နာဂစ်မုန်တိုင်း လှိုင်သာယာ ပန်းလှိုင် တံတားလမ်းတစ်လျှောက်ကျေးရွာ အဆိုးမှ အကောင်းပေါ်ခဲ့သည်။ **တေးသာလျှင် ရောင်တော်ပွင့်ခြင်းဖြစ်သည်။**

ဗုဒ္ဓမြတ်စွာ (၆)ဝါမြောက် ဝေသာလီပြည် ဘီလူးစားချိန် လစ္ဆဝီတိုင်း (သိကြားသန့်စင်မိုး-ပေါက္ခရဝတီမိုး) ရတနသုတ်ပရိတ်

တော် **စေတီကြီးခြောက်ဆူ** ပေါ်ထွန်းခဲ့သည်။ မြန်မာပြည် နာဂစ်မုန်တိုင်း (သိကြားသန့်စင်မိုး-ပေါက္ခရဝတီမိုး) **ဆံတော်ကြိုစေတီကိုးဆူ**နှင့် ရွှေတိဂုံစေတီပုံတူ နေပြည်တော် ဗိုလ်ချုပ်မှူးကြီးဦးသန်းရွှေနှင့် တပ်နှင့်ပြည်သူ အပါအဝင် ကျိုက်ထီးဆောင်း ဦးပညာဒီပ၊ ဒကာတော် ဇေကမ္ဘာ မဟာသရီသုဓမ္မ ဦးခင်ရွှေနှင့် ပြည်သူအများ **စေတီပေါင်း ၃၀၀ ကျော်** ထီးတော်တင်လှူပွဲများ ပြုလုပ်နိုင်ခဲ့သည်။

ဆံတော်ရှင်စေတီတော်များ အခြေပြုရာ သာသနာပနက် ဗုဒ္ဓရောင်ဝါ၊ တံခွန်ချက်နေရာ၊ ပန္နက်စေတီ သာသနာရောင်ဝါအစ တံခွန်၊ အလံ၊ အလင်းအရောင်၊ အမှောင်ခွင်းခြင်း၊ ပါပ့်ညစ်ဆိုး မကောင်းမှုတို့အမျိုးမျိုး ကွယ်ပျောက်စေခြင်း အကြောင်းရင်းတို့ဖြစ်ကြောင်း ၁၀၃ ခု မဟာသက္ကရာဇ်ကဲ့သို့ စေတီတော်များတဘောင် ပညာရှိသူတော်ကောင်းများ နတ်သံယောင်များ ညောင်တုန်းမြို့ ရှေးကျောင်းဆရာကြီးတစ်ဦး၏ တစ်ဆင့်ဖြစ် ကြောင်း ရေးသားထုတ်ဖော်ခဲ့ပါသည်။

*

ဓမ္မဒီပ်ဂျာနယ်
အမှတ် ၂၉၆၊ ၂၀၁၈။



# ဗုဒ္ဓဘာသာ ပြည်မြန်မာ ဆွမ်းတော်ကြီးခံ ဥပါသကာ

## (က) "ရွှေခြံမြေ"

တောရွာကလေးမှ ကြေးစည်အကြီး အသေး အလတ် ဒူဝေဝေ အသံ သာယာနာပျော်ဖွယ် အဝေးမှကြားလျှင် ဥပါသကာ အဝတ်ဖြူတွေ တန်းစီပြီး "ဆွမ်းတော်ကြီးခံ"၊ "အမေရေ…လာနေပြီ"၊ အပြောနှင့်အလုပ် တန်ပြီးလောင်းလှူဖို့ ငွေ သို့မဟုတ် ဆန်အိုးထဲမှ ဆန်ခပ်ယူပြီး လမ်းမပေါ် အပြေးကလေးတက် လောင်းလှူခဲ့သည့် ကလေးဘဝကို ပြန်လည်သတိရမိသည်။

မိဘများမှ ဆွမ်းတော်ကြီးခံ ကြေးစည်သံကြားလျှင် မလောင်းလှူမိဘဲနေမယ်၊ ငွေမရှိလျှင် ဆန်ခပ်လောင်း၊ စေတီကြီးတွေပြုပြင်ဖို့

လှူဖြစ်အောင်လှူရမယ်။ "ငရဲနှင့်ခြောက်၊ ဘုံနှင့်မြှောက်" အမိ အဖများ သားသမီးများအပေါ် လိမ္မာအောင် ယဉ်ကျေးအောင် ဘာသာ တရားဖြင့် ဆုံးမခဲ့သည်။

မလှူရင် ဘာဖြစ်လဲ အမေ၊ ငရဲကြီးတတ်သလား ပြန်မေးမိ သည်။ မလှူရုံနဲ့တော့ ငရဲမကြီးဘူး။ ပြန်လှန်စော်ကားရင် ငရဲကြီး တတ်တယ်။ စိတ်ထဲကတောင် မစော်ကားကောင်းဘူး။ ငရဲကျရောက် စေတယ်။ စေတီတော်ကြီးတွေအပေါ် စိတ်ကောင်းမရှိရင် ရတနာသုံးပါး စော်ကားမိသလိုဖြစ်နေတယ်။ စေတီတော်ကြီးတွေအပေါ် စိတ်ကောင်း နှလုံးကောင်းမွေးပါ။ ကြည်ညိုပါ၊ လေးစားပါ။ စေတီတော်ကြီးတွေ ပြုပြင်တဲ့အလှူကို လက်မရှိ့တန်းလှူပါ။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ကုသိုလ်အတွက် ဥစ္စာမြုပ်နှံရာ ခုနစ်ဌာနပြခဲ့တယ်။

"**ဦးစွာ စေတီတို့၏အထံ၌သော်လည်းကောင်း**"ဟူ၍ အစဉ် အတိုင်းပြခဲ့တယ်။ စေတီတော်ကြီးတွေ လှူဒါန်းတဲ့ ပါရမီကုသိုလ် ထူးတယ်။ သံသရာဘဝအဆက်ဆက် ကောင်းကျိုးရဖို့ ကုသိုလ်ပြု ကြရတယ်။ **စလေဦးပုညရေးခဲ့တဲ့ တံခွန်တိုင်လှူတဲ့ကုသိုလ် နတ်ပြည်၊ ဗြဟ္မာ့ပြည်စံစားပြီး ကျွတ်တမ်းဝင်ခဲ့တယ်**လို့ ရေးထားတယ်။

စေတီတော်တွေ အကျိုးဆောင်ရှက်သူ အပါယ်လေးပါး မကျရောက်ဘူး။ အမြတ်ဆုံး ရတနာမြတ်သုံးပါး ယုံကြည်ပွားများသူ ဗုဒ္ဓါနုဿတိမည်တယ်စသည့် စကားပေါင်းများစွာ ပုပ္ပစရိယ အမိ အဖတို့စကား ပြန်လည်ကြားမိသည်။

## (ခ) သာသနာဦးအစ

ဆရာဒကာ သာသနာသည် ရှေးပဝေ ဗုဒ္ဓပွင့်ထွန်းတော်မူသော ၁၀၃ ခုနှစ်၊ မဟာသက္ကရာဇ်မှ စခဲ့သည်။ သာသနာသည် ဒါယကာ အမျိုးကောင်းသားတို့လက်တွင် အရှည်ခံ့တည်ခဲ့သည်။ "**မြတ်ဗုဒ္ဓ၏**

**သာသနာ**” ဆရာဒကာ သာသနာအတွက် ဦးထမ်းပဲ့ထမ်း သာသနာ့လမ်း မပင်မပန်း ရွှင်လန်းချမ်းသာစွာ လျှောက်လှမ်းလာခဲ့သည်။ ဂေါတမမြတ်ဗုဒ္ဓ ဓမ္မစကြာ ဟောကြားတော်မူခြင်း (**ဓမ္မစကြာ နီးထခြင်း**) အနုတ္တလက္ခဏာသုတ်တော် မဟာသတိပဋ္ဌာန် တရားတော်များနှင့်အတူ ရဟန္တာသံဃာတော်များ ပေါ်ထွန်းတော်မူသော အချိန်ကာလမှ ယခုအချိန်အထိ နှစ်ပေါင်း ၂၆၀၀ (နှစ်ထောင်ခြောက်ရာ) ကြာမြင့်ခဲ့သည်။

ထိုသို့ ကြာမြင့်ခဲ့သော်လည်း ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ် ထင်ရှားရှိခြင်း။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကသုံးပုံ ထင်ရှားရှိခြင်း။ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်း၊ ဝိနည်းငါးကျမ်း၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ပရိယတ္တိသာသနာအထင်အရှား သာသနာရေသောက်မြစ်ပမာ ခိုင်မာစွာတည်တံ့ခဲ့သည်။

မြတ်ဗုဒ္ဓသာသနာ၏ ထူးမြတ်ကောင်းမွန်လှသော ဓမ္မတရားတော်၏ အဆုံးအမသည် အင်အားအကြီးမားဆုံးသော မေတ္တာ၊ အမှန်ကန်ဆုံးသော သစ္စာတရားများ၊ လမင်း နေမင်းတို့ထက် သာလွန်လင်းလက်သော အသိ၊ ဉာဏ်၊ ပညာ (သို့မဟုတ်) သီလ၊ သမာဓိ၊ ပညာတည်းဟူသော အေးငြိမ်းမှုစွမ်းပကားများရရှိသည်။

'ဒါနကုသိုလ်'၊ 'အကုသိုလ်'တို့၏ ဝိဘာဂ်အကျိုးအကြောင်းတရားများ၊ သံသရာဘုံဘဝများစွာ 'သုတ္တန်'ဒေသနာတော်ဖြင့် ပုံဝတ္ထုသာဓကများ။ ကျင့်ဝတ်ပြည့်စုံ သူတော်ကောင်း သူမြတ်လောင်းတို့၏ ပါရမီအထုံ 'သီလ'ကျင့်ဖွယ် 'ဝိနည်း'တော်များ။ သီလနှင့်ပြည့်စုံ၍ တည်ငြိမ်သော သမ္မာဓိဈာန် အဘိညာဉ် သမထပညာ ရင့်ကျက်မှု သာသနာ၏ ဝိဘာဂ်အဆုံး ပွားများရာ ဘာဝေတဗ္ဗာ “ဘာဝနာ”အကျိုး နိဗ္ဗာန်အထိ အေးငြိမ်းခြင်းအစွမ်းသတ္တိများရရှိသော ဗုဒ္ဓတရားတော်များ ထင်ရှားရှိနေသည်။ (အဘိဓမ္မာဒေသနာ)

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တရားမင်းအရှင်ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ အဘိဓမ္မာခုနစ်ကျမ်း "ပဋ္ဌာန်းကျမ်းကျေးဇူး တရားတော် အဟုန် တရား၏အစွမ်း ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးခြင်းဖြစ်သည်"။ အဘိဓမ္မာခုနစ်ကျမ်း ၄၉ ရက်ပြည့် ဗုဒ္ဓပွင့်ထွန်းခြင်းနှင့် အတူ ဆွမ်းဦးဒါယကာ ဥပါသကာအဖြစ် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း သြဘာသ နိမိတ်ထွန်းလင်းသော ဇာတိနေရပ်မှ တပုဿ ဘလ္လိကာ ညီနောင် ကုန်သည်ဘဝဖြင့် ၉၁ ကမ္ဘာ အထက်ပါရမီ အချိန်ကျ၍ ပျားမုန့်ဆွမ်းများ ကပ်လှူပူဇော်ခွင့်ရရှိခဲ့သည်။

## (၁) ဆွမ်းဦးဒါယကာ

ဂေါတမ မြတ်စွာဘုရားရှင်သည် အာဟာရ၏ ပူဇော်အထူး ကျေးဇူးခံစားရရှိစေရန် ဒွေဝါစိက သရဏဂုံတည်စေခြင်း၊ သရဏဂုံ၏ အကြောင်းအခြေခံ ကျင့်ဝတ်သီလ ငါးပါးမြဲခြင်း၊ မကောင်းမှုအားလုံး ကွယ်ပျောက်ရန်၊ ဆည်းကပ်ကိုးကွယ်မှု၊ "**ဆံတော်ရှစ်ဆူ စေတီ တည်ရန် အပ်နှင်းခဲ့သည်**"။ ရတနတ္တ အမြတ်ဆုံးရတနာသုံးပါး ကိုးကွယ်မှု "**ဥပထမ္ဘက**" **ဗုဒ္ဓမြတ်စွာ အနီးအပါး** အလုပ်အကျွေး ပြုသူ ဆွမ်း၊ ပန်း၊ ရေချမ်း ထာဝစဉ်ကပ်လှူပူဇော်သူ "စေတိယ သဒ္ဓါ" စိတ်အစဉ် ရတနာသုံးပါး အာရုံထား၍ ပူဇော်လှူဒါန်းခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်း အစုံတို့ဖြင့် မြတ်ဗုဒ္ဓ၏အဆုံးအမ သာသနာ တော်လောင်းရိပ်အောက် ခိုဝင်ရောက်ရှိခြင်းတို့ဖြင့် တစ်ဘဝသာသနာ အဆုံးအမ တာဝန်ထမ်းရွက်လျက် ကျင့်ဝတ်မပျက် ဆောင်ရွက်ခဲ့သည်။

ရှေးပါရမီ ဘုန်းကံကြီးမားသူတို့သာလျှင် သာသနာ့တာဝန် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအဖြစ် ထမ်းရွက်သည်ပိုး ဆောင်ရွက်နိုင်သော သာသနာ့ဇမ္ဗူရစ် ရွှေစင်နှစ်ရတနာ ကိုးကွယ်ရာ ဖြစ်လေတော့သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မြင်းမိုရ်ရွှေတောင် မဟာပထဝီမြေခြားတ်မှ "ဓမ္မစကြာ" ဓမ္မစကြာတရားတော် ဦးစွာမည်ဟီးပေါ်ထွန်းခဲ့သည်။ ဘူမိမြေမှ စိန်ရွှေငွေရတနာတို့၏ ဓာတ်အစုံ ပုဂ္ဂိုလ်သတ္တဝါတို့၏ ပါရမီဓာတ်အစုံ သုံးဆယ့်တစ်ဘုံသားတို့၏ ကျင်လည်ရာ ဗဟိုချက်ဖြစ်သော မနုဿ လူ့ဘုံဌာန မြတ်ဗုဒ္ဓပွင့်တော်မူခဲ့သည်။

ဘဒ္ဒကမ္ဘာမှ ပွင့်တော်မူပြီး ဗုဒ္ဓသုံးဆူ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ နောင်တော်များ ဓာတ်တော်မွေတော် ကိန်းအောင်းတည်ရှိရာ (တောင်ကျွန်းသပြေပင်) သိင်္ဂုတ္တရကုန်းမြေမဟာ စေတီတော်တည်ထား ကိုးကွယ်စေခဲ့သည်။ ယနေ့တိုင် မြန်မာပြည်၏ ထင်ရှားစွာ ကိုးကွယ်ဆည်းကပ်ရာ "ရွှေတိဂုံစေတီ"ဖြစ်သည်။

## (ဃ) ကမ္ဘာမြေစေတီစတင်ရာ သရဏဂုံပါ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် အထက်ဘိုးတော်သိကြားမင်းနှင့် နတ်ဒေဝါများ။ "**အတီတဥ္စန ဥက္ကလာပ**" လူမင်းရာဇာ ပြည်သူအများ ဂေါတမမြတ်ဗုဒ္ဓ၏ ဆံတော်ရှစ်ဆူ ဘဒ္ဒကမ္ဘာ၏ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်များ သိင်္ဂုတ္တရကုန်းမြတ်မဟာ နေ့အခါ မနုဿလူသားများ၊ ည ၁၂ နာရီမှ ၂ နာရီအထိ နတ်ဗြဟ္မာများ **လူတစ်ရစ် နတ်တစ်ရစ်** ဗုဒ္ဓမိန့်ဆိုချက် "စေ"ရာ နေရာမှတ်တည်ထားခဲ့သည့် ရွှေတိဂုံစေတီတော်ဖြစ်သည်။

ဥပါသကာ ကျေးစူးများပုံမှာ အမြတ်ဆုံးရတနာသုံးပါး ဒွေဝါစိက (**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ**)ဟူသော မြတ်စွာဘုရား ကိုးကွယ်ဆည်းကပ်မှု၊ ဗုဒ္ဓ၏ ဝစနတ္တ ရွှေနှုတ်တော်မှ ဓမ္မတရားတော်နှင့် ကျင့်ဝတ် သီလပါရမီအစုံတို့ဖြစ်သည်။

"ဗုဒ္ဓံ သရဏံ"ဟူသည် ဗုဒ္ဓမြတ်စွာ ကိုးကွယ်ဆည်းကပ်ခြင်း အဖြစ်သော်လည်းကောင်း၊ ဓမ္မတရားတော်ကို ကိုးကွယ်ဆည်းကပ်ခြင်း

ဟူ၍သော်လည်းကောင်း။ သံဃံ- သံဃာတော်ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံဟူ၍သော်လည်းကောင်း အနက်အဓိပ္ပာယ်ထင်ရှားသည်။

"ဂစ္ဆာမိ"ဟူသည့် **ဂစ်**- မကောင်းမှုပြုခဲ့သမျှ ဆိုနင့်စွာ မြို့ချသောအသံ အာရုံထင်ရှားခြင်း။ **ဆာ**- နှုတ်မှ ကျန်ရှိသော အနံ့အသက် အာခံတွင်း ကုန်စင်အောင် ဟစ်ထုတ်စွန့်ပယ် ခါရမ်းသော အသံ အာရုံထင်ရှားခြင်း။ **မိ**- သရဏဂုံ ဘုရား တရား သံဃာ ရတနာ သုံးပါး အမိအရ ရေငုံနှုတ်ပိတ်သကဲ့သို့ အမိအရ တားဆီးထိန်းသိမ်းသော အသံအာရုံထင်ရှားခြင်းဖြင့် သရဏဂုံ တည်စေခြင်းဖြစ်သည်။ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းစ "သံဃာရတနာ" ဗုဒ္ဓ၏သာဝက အဆုံးအမ နာကြားကျင့်ကြံသူ သားတော်မြတ် ရှင်ရဟန်း မပေါ်ထွန်းသေးသော ကာလဖြစ်သော်လည်း သံဃာတော်မြတ်အပေါင်းတို့၏ အမိအဖသဖွယ်ဖြစ်တော်မူသော မြတ်ဗုဒ္ဓသည် သံဃာတော်တို့၏ နေရာတွင် ရှိနှင့်နေပြီးဖြစ်သည်တို့ကြောင့် "**ရတနတ္တ ရတနာသုံးပါး ဒွေဝါစိက သရဏဂုံ**"ဟု ထင်ရှားသည်။

## ( င) သာသနာတော်နှင့် ပုဂ္ဂိုလ် ၄ ပါး

"စေတိယ"သဒ္ဒါအနက် အမြတ်ဆုံး ရတနာသုံးပါး တစ်ခုတပေါင်းတည်း ကိုးကွယ်ရာ ဆည်းကပ်ရာ "စေတီ" အနန္တငါးပါး ကျေးဇူးပြုရာ ကိလေသာဝဋ်ဆင်းရဲကင်းလွတ်ရာဌာနအဖြစ် ဝတ္ထုကမြေ ဟူ၍ စေတီကုန်းတော်အကျယ်အဝန်း ထီး၊ ဖိနပ်၊ ဦးထိပ်တပ်ဆင်သော တန်ဆာဖယ်ရှားခြင်း၊ ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်ကို အာရုံပြုပြီး ဦးညွှတ်ခြင်းဖြစ်သည်။ သံဃာတော်များပင် ကျင့်ဝတ် ထီး၊ ဖိနပ် "ရင်ပြင်တော်"မစီးနင်း အလေးသမှုပြု၏။

တပုဿညီနောင် ဥပါသကာတို့၏ ကျင့်ဝတ်ညီစွာ မြတ်ဗုဒ္ဓ၏ ဦးစွာ သရဏဂုံနှင့် ဗုဒ္ဓ၏စေထားရာ စေတီတော်တည်ထားပူဇော်ခွင့် ရရှိခဲ့သည်။ ဥပါသကာသည် ရတနာမြတ်သုံးပါး နေ့စဉ်အမြဲ ထာဝရ ဦးခေါင်းလှိုင်လှဲ ရင်ထဲစွဲအောင် မမေ့တရား အမြဲထားလျက် ကျင့်ဝတ် ငါးပါးသီလကို ဆောက်တည်ခွင့်ရခဲ့သည်။

**"ယောခေါ အာနန္ဒာ, ဘိက္ခုဝါ၊ ဘိက္ခုနီဝါ၊ ဥပါသကာဝါ၊ ဥပါသိကာဝါ ဓမ္မာနု ဓမ္မပဋိပန္နော"** တရားဖြင့် ကျေးဇူးဆပ်ခြင်း သည် ငါဘုရားအား ပူဇော်ခြင်းနှင့်အတူ ကျေးဇူးဆပ်ရာရောက်သည် ဟု မြတ်ဗုဒ္ဓ၏ ပုဂ္ဂိုလ်လေးပါး သာဝကပရိသတ်အဖြစ် ဗုဒ္ဓမြတ်စွာ ကိုးကွယ်ဆည်းကပ်သူအားလုံး တရားဖြင့်ကျေးဇူးဆပ်ရန် မှာတမ်း ပြုသည်။ (ဒီ-၂၊ ၁၁၄၊ ပဒ-၁၉၉)

မြတ်ဗုဒ္ဓ၏သာသနာ အဆုံးအမ လောင်းရိပ်အောက်ရောက် သော ရဟန်း ဘိက္ခု၊ ရဟန်းမ ဘိက္ခုနီ၊ ဥပါသကာ အမျိုးကောင်းသား၊ ဥပါသိကာ အမျိုးကောင်းသမီး ဆရာဒကာ လက်တွဲညီကာ သမ္မဂ္ဂါ ညီညွတ်မှုဖြင့် သာသနာအဆုံးအမ တည်တံ့ရန် တောင်ကျွန်းဒီပါ တပုဿညီနောင်မှစတင်၍ ကြိုးပမ်းခဲ့ကြသည်။

စေတိယသဒ္ဒါ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ ရတနတ္တယတရား အမြတ်ဆုံး ရတနာသုံးပါး တစ်ခုတည်းသော မြတ်ဗုဒ္ဓ၏ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီအပြား လေးပါးထားသော် လည်း ဥဒ္ဒိဿရည်မှတ်၍ ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး၊ ဓမ္မ၏ဂုဏ်တော် ခြောက်ပါး၊ သံဃာဂုဏ်တော် ကိုးပါး၊ ဂုဏ်တော်အပေါင်းတို့အား စိတ်အစဉ်ရည်မှတ်၍ ကိုးကွယ်ဆည်းကပ်မှုဖြစ်သည်။ (ဗုဒ္ဓါနုဿတိ)

ဆွမ်းတော်ကြီးခံ ဥပါသကာ ရှေးပညာရှိ သူတော်ကောင်းကြီး များ အမွေအနှစ် သာသနာဦး တပုဿ၊ ဘလ္လိကညီနောင်မှ အစပြု၍

ရွှေခံ့မြေမုခ်ကျွန်းတစ်ပိုင် တံခွန်ဦး မင်္ဂလွန်းစေတီတော် အပါအဝင် ဆံတော်ကြို့စေတီတော် (တံခွန်စေတီ)များ တည်ထားခွင့် ဥက္ကလာပ မင်းကြီးနှင့်အတူ သာသနာပြု တည်ထားခဲ့ကြသည်။ သာသနာနှစ် ရာဂဏန်းမှ ခြံနွယ်ပိတ်ဖုံးကွယ် တိမ်မြုပ်၍ စေတီတော်များ သာသနာနှစ် ၂၅၀၀ ကျော် သိကြားစောင့်ရှောက်မှုကာလမှ ပြန်လည်ပေါ်ထွက်ခြင်းဖြစ်သည်။

စေတီတော်များတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း။ စေတီတော်များ ပြုပြင်မွမ်းမံ၍ စေတီတော်ဗုဒ္ဓဝေယျာဝစ္စများ ဝတ်တာက်ဝတ်ကပ် ရွတ်ဖတ်ပူဇော်ရန် တရားတော်များ အားထုတ်ပွားများရာ ဗုဒ္ဓ၏ သာသနာ့အလံ တံခွန်ထူရာအရပ် စေတီဖြစ်သည်။ ဗုဒ္ဓ၏ သာဝက အဆုံးအမရှိနေသရွေ့ စေတီတော်များ ယခုနောက်နောင် ဦးထိပ်ထား ပူဇော်လျက်ရှိနေကြမည်သာဖြစ်သည်။

## (စ) မြတ်ဗုဒ္ဓကြွချီရာ ပြည်မြန်မာ

ဗုဒ္ဓဘုရားရှင်သည် ရတနာမြတ်သုံးပါး အထွတ်ပြု၍ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သုံးရပ်သော သာသနာတို့နှင့်အတူ စေတီတော် ဗုဒ္ဓဝေယျာဝစ္စ ဥဒ္ဒိဿရည်စူး ပူဇော်အထူးတို့ဖြင့် ဆောင်ရွက်ကြသော ပုဂ္ဂိုလ်တို့သည် ကောင်းကျိုးကိုသာမြင်သည်ဟု "ဂဝံပတိရဟန္တာ" ကို မြတ်ဗုဒ္ဓမိန့်တော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာ ရှစ်ဝါမြောက်တွင် ဗုဒ္ဓသာသနာ ထွန်းကားစေရန် ဂဝံပတိရဟန္တာ လျှောက်ထားမှုဖြင့် မဟာသက္ကရာဇ် ၁၁၁ (တစ်ရာ့တစ်ဆယ့်တစ်ခုနှစ်) ဗုဒ္ဓကိုယ်တော်တိုင် မြန်မာပြည် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ကြွရောက်တော်မူ၍ ပါရမီရှင် နတ်မယ်တော်များကျေးဇူး။ ကေလာသတောင်တော်တွင် သထုံမြသပိတ်စေတီတော် ပါရမီရှင် ဆရာရသေ့ကြီးများကျေးဇူး။ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော် ပရိယတ္တိ

မှတ်တိုင်ကြီးများသဖွယ် ယနေ့ထိ မြန်မာပြည်တည်ရှိနေနှင့်ကြသည့် မှတ်တမ်းများ တွေ့မြင်နေရသည်။

သုဝဏ္ဏဘူမိသည် ဝိသုဒ္ဓိမဂ်ကျမ်းအလာ ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူစဉ်ကာလ ရဟန်းတော်များ ဆွမ်းကိစ္စမပြီးခင် စပါးလှမ်းမရအောင် ရဟန္တာများ ဈာန်အားဖြင့် ကောင်းကင်ယံသွားလာနေ၍ ၁၂ နာရီကျော်မှ စပါးခင်း နေရောင်ကျရောက်သည်ဟု ပါရှိသည်။ ဗုဒ္ဓမြတ်စွာ ကြည်ညိုသဒ္ဓါ ပါရမီရှင်များ ထွန်းတောက်ရာ အမှန်ဖြစ်ခဲ့သော ဗုဒ္ဓသာသနာ ၅၀၀၀ အရှည်ကြာခံမည့် တောင်ကျွန်း အောင်သပြေထွန်းသော မြန်မာပြည်ဖြစ်သည်။

ဒုတိယအကြိမ် သာသနာနှစ် (၂၃၅၊ ၂၃၆)ခုနှစ် သီဟသုဓမ္မရာဇာ စူဠသီရိမာမင်းမှ အစပြု၍ မနုဟာမင်းအထိ သုဝဏ္ဏဘူမိမင်းဆက် ၅၇(ငါးဆယ့်ခုနစ်)ဆက် ရာဇာဓမ္မာ မင်းနှစ်ဖြာသာသနာ နေရောင် လရောင်ပမာလင်းခဲ့သည်။

သာသနာသက္ကရာဇ် (၂၃၅၊ ၂၃၆)ခုနှစ်တွင် သောဏထေရ်၊ ဥတ္တရထေရ် နှစ်ပါးဦးဆောင်သော သာသနာပြုထေရ် ငါးပါးတို့ သုဝဏ္ဏဘူမိမြို့တော်သို့ရောက်ရှိ၍ စူဠသီရိမာသောကမင်းနှင့် သာသနာထေရဝါဒ ဗုဒ္ဓသာသနာတော် အမြစ်တွယ်ခဲ့ပြီး ဗုဒ္ဓ၊ ဓမ္မ ပါဠိတော် ပိဋကတ်ကို ဆောင်ယူသင်ကြားရှိတော်မူခဲ့သည်။

သာသနာသက္ကရာဇ် ၉၀၀ နှင့် ၁၀၀၀ ကြားကာလ အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်သို့ကူးပြီး ပိဋကကျမ်း ပါဠိတော် အဋ္ဌကထာများကို မာဂဓဘာသာပြန်ဆို ကူးယူပြီး သုဝဏ္ဏဘူမိ သထုံသို့ဆောင်ယူခဲ့သည်။ (သုတေသီမာမက မွန်တို့ဌာနည်ရာမည)

တတိယအကြိမ် သုဝဏ္ဏဘူမိ သထုံမနုဟာမင်းလက်ထက်ရောက်သောအခါ သာသနာတော်သည် အညာဆန်ခရီး ပုဂံပြည်သို့

ခရီးဆန့်လေရာ ပုဂံမြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝကုန်းဘောင် ရတနာပုံ မန္တလေးအထိ ပျံ့နှံ့ခဲ့လေသည်။

တစ်ကျော့ပြန် သာသနာ နှစ်ပေါင်း ၂၅၀၀ ပြည့်သောကာလဝယ် ဒဂုံဒေသ မြို့တော်ရန်ကုန် မြတ်ဗုဒ္ဓဆံတော်ဦး ရွှေတိဂုံစေတီတော်မှ ပြန်လည်အစဖော်၍ ကောဇာသက္ကရာဇ် ၁၃၃၃ ခုနှစ် ရောက်ပြန်သောအခါ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ထိပ်တန်းသာသနာပြု ကျိုက်ထီးဆောင်း ဆရာတော်ကြီးသည် မွန်ပြည်နယ် ဘီးလင်းမြို့အပိုင် ဇုတ်သုတ်ကျေးရွာ မြဦးတောင်ထိပ်ရှိ ကျိုက်ထီးဆောင်းဆံတော်ရှင်ကို ထီးမဏ္ဍိုင်သဖွယ် ဗဟိုရ်ပြု၍ ခရိုင်သဖွယ်ဖြစ်သော မဟာဓာတုဝင်၊ မဟာထူပဝင်၊ မဟာဂန္ဓဝင် ဆံတော်ရှင်စေတီအပြိုအပျက်များကို ပြန်လည်ပွင့်လင်းစေပြီး တစ်ကျော့ပြန်သာသနာ ဤအချိန်ခါဝယ် ပြန်လည်နိုးထစေခဲ့၍ သာသနာ မညှိုးသောပန်း အမြဲရှင်သန်လျက်ရှိသည့် မြန်မာပြည်ဖြစ်သည်။

## (ဆ) ဥပါသကာလက်ကိုင် ပစ္စည်း ၉ မျိုး

ရှေးပဝေ ဗုဒ္ဓမြတ်စွာ ထင်ရှားရှိစဉ်ကာလမှ ယနေ့ထိတိုင် မိုးတွင်းကာလ ဝါဆိုလမှ သီတင်းကျွတ်လ ခုတာအကျင့် သံဃာတော်များ ဂန္ထဓုရ ပရိယတ္တိစာပေ သင်ကြားခြင်း၊ ဝိပဿနာဓုရ တရားအားထုတ်ခြင်း၊ ဆရာတော် သံဃာတော်များ အားထုတ်ကြိုးစားကြသည်။ ပထဝီမြေပြင် နိုးထခြင်းအဖြစ် လယ်ယာမြေများစိုက်ပျိုးခြင်း၊ မြန်မာပြည်ရာသီဥတု လယ်ယာထွန်ယက်ပြီးစအချိန် စေတီတော်များအတွက် ဝါတွင်းကာလ ဥပါသကာများ တာဝန်တစ်ရပ်အဖြစ် ဝတ်ဖြူဝတ်စုံ ခေါင်းပေါင်းအဖြူ စေတီတော်ဝေယျာဝစ္စ စာတမ်းပါသော စလွယ်ဆွမ်းတော်ကြီးခံဝတ်အဖွဲ့ လှည့်လည်၍ ဆွမ်းဆန်၊ ဝတ္ထုငွေ၊ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ စေတီတော်အတွက် တစ်လလေးကြိမ် အပူဇော်ခံထွက်ကြသည်။

(၁) ဥပါသကာတို့ လှည့်လည်အပူဇော် အလှူခံရာ **"ဆွမ်းတော်ကြီးခံ"**အဖွဲ့ပိုင် သုံးစွဲပစ္စည်းများမှာ **သိုင်း၊ ကြိုင်း၊ ယပ်၊ ကြေးစည်၊ ခရုသင်း၊ ပန်းဆိုင်း၊ ဖလား၊ ပြစ်တောင်း၊ ဗျတ်** ကိုးမျိုးသော ဥပါသကာလက်ကိုင်ပစ္စည်းတို့ဖြစ်သည်။

(၁) အစဉ်အလိုက် ရှေ့ဆုံးမှ **'သိုင်း'**လေးကိုင်းသဖွယ် ကွေးညွတ်နေသော မှန်စီရွှေချ ခြောက်ပေခန့်အရှည် အလုံး တစ်လက်မခန့် သစ်သားဖြစ်သည်။ သာသနာအတွက် အရံအတား 'နတ်သိုင်း'၊ လူတို့အခေါ် လေးကိုင်းဖြစ်သည်။

(၂) **'ကျိုင်း'** စေတီတော်၏ ထီး၊ မကိုဋ်၊ အထွတ် မှန်စီရွှေချ စေတီတော်တို့၏ကိုယ်စား ကိုယ်ပွားဖြစ်သည်။ (မြန်မာ့သုခမအဘိဓာန် ကျိုင်း-မင်းမှူးမတ်အဆောင်အယောင်)။ (မြန်မာ-အင်္ဂလိပ်အဘိဓာန် ကျိုင်း-ရာထူးမြင့်ပုဂ္ဂိုလ်တို့အဆောင်)

(၃) **'ယပ်'** နေမင်း၏တံဆိပ်၊ 'ဒေါင်းကရုပ်' လမင်း၏တံဆိပ်၊ ယုံမင်းပုံ တစ်ဖက်တစ်ချက် အမှတ်အသားဖြင့် ပန်းချပ်ပြားဖြစ်သည်။ ထူးကဲသော သင်္ကေတမှာ နေမင်း၏ သစ္စာစွမ်းပကား ပညာဉာဏ် အလင်းအား၊ လမင်း၏ မေတ္တာစွမ်းပကား အင်အားကြီးမားမှု သာသနာတော်ကြီး နေရောင် လရောင်ပမာ ကမ္ဘာတည်သရွေ့ အရှည်ခံ့တည်တံ့ ရန်ဖြစ်သည်။

(၄) **'ကြေးစည်'** သုံးဆယ့်တစ်ဘုံသားတို့၏ ပါရမီအနုအရင့် မျှဝေ သာဓုအဆင့်ဆင့် ကောင်းမှုပွားတိုး သာဓုခေါ်သံ ကောင်းကျိုးဖြစ်သည်။

(၅) **"ခရုသင်း"** ခရုသင်းသည် ဗြဟ္မာ သိကြား လက်ကိုင်ပစ္စည်း မကောင်းမှုကွယ်စေသော အသံဟိတ်နှင့် မင်္ဂလာဘိသိက်ရှိခြင်း၊ မင်္ဂလာ သတင်းပေးသောအသံဖြစ်ပြီး ပျူခေတ် ဗိဿနိုးမင်း၏ မိဖုရားလယ် တွင် အဆောင်ပြုဆွဲထားသည့် လက်ချိမ်းလည်ဆွဲဖြစ်သည်။

(၆) **ပန်းဆိုင်း၊ ဖလား၊ ပြစ်တောင်း၊ ဗျတ်** လေးမျိုးသော ပစ္စည်းတို့သည် အလှူခံပစ္စည်း သိုမှီးရာဖြစ်သည်။ နတ်သိုင်းအပါအဝင် ငါးမျိုးသော ပစ္စည်းတို့သည် ကြည်ညိုဖွယ်ရာ ကိုးကွယ်ဆည်းကပ်ရာ စေတီတော်ကြီးများအတွက် ညွှန်းတမ်းသက်သေဖြစ်သည်။ (ဆွမ်းအုပ်-ကွမ်းတောင်း၊ ပန်းတောင်းတို့သည် ဥပါသိကာ လူအမျိုးသမီးကိုင်ပစ္စည်းတို့ဖြစ်သည်။

**ဥပါသကာတို့သည် ပုဆိုးဖြူ အင်္ကျီအဖြူ ဦးပေါင်းအဖြူ "စေတီတော်ဝေယျာဝစ္စအဖွဲ့"** ရေးထားသော စလွယ်အနီ၊ သန့်ရှင်းသပ်ရပ်သော ဝတ်ဆင်မှု အမြင်အာရုံနှင့် ဥပါသကာ ဝတ်လှည့်လိုက်သူများ ငါးပါးသီလ လူ့ကျင့်ဝတ် သရဏဂုံသီလ ဗုဒ္ဓမြတ်စွာအထံအပါး ဥဒ္ဒိဿ ရည်စူး၍တောင်းခံပြီး နံနက် ၇ နာရီတွင်စ၍ ကိုယ်ခန္ဓာအတွင်းအပြင် သန့်ရှင်းစင်ကြယ်စွာ ကုသိုလ်တရား စေတီတော်၏ ဥပထမ္ဘက အနီးအပါး အလုပ်အကျွေးပြုခြင်းဖြစ်သည်။

သာသနာတော်၏ ဝေယျာဝစ္စ စေတီတော်ကြီးများအတွက် တစ်နှစ်တာ တစ်ဝါတွင်းကာလ ဆွမ်းတော်ကြီးခံထွက်ခြင်းဖြစ်သည်။ ဆွမ်းတော်ကြီးခံ ငွေကြေးနှင့် ဆွမ်းဆန်များ စေတီတော်ကြီးများအတွက် သာသနာအစ တပုဿညီနောင်မှပဟု "ဥပထမ္ဘက" ဗုဒ္ဓအနီးအပါး အစပြု၍ အလုပ်အကျွေး မွမ်းမံခြင်းဖြစ်သည်။

(ဇ) **ရွှေခြံမြေဆွမ်းတော်ကြီးခံဝတ်အဖွဲ့များ**

ဘိုးစဉ်ဘောင်ဆက် ဘိုးဘွားလက်ထက် မပြတ်ကြိုးစားခဲ့သော ယနေ့သာသနာသည် တပုဿညီနောင် ဆံတော်ပင့်ဆောင်ရာလမ်းတစ်လျှောက် ရွှေခြံမြေမုခ်ကျွန်းအဝင် တံခွန်ဦး မင်္ဂလွန်း ဆောင်စကြံာ စေတီတော်မှ အတိတဥ္စန ဥက္ကလာပမင်းကြီး နယ်မြေအ[illegible]

သာသနာအထောက်အပံ့ ဒါယကာများ “ဆွမ်းတော်ကြီးအလှူခံ” ဝတ်စခဲ့ကြသည်။

ကောင်းမှုကုသိုလ် ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်သော အတိတ်ဘဝက ဥက္ကလာပမင်းကြီး၏သဒ္ဓါတရား သာသနာအား ယနေ့တိုင် တိုးပွားမြဲဖြစ်သည်။ မင်းနှင့်ပြည်သူ ချစ်ကြည်ဖြူမှု သာသနာဦးမှ အစပြုခဲ့သော သမဂ္ဂညီညွတ်မှုအောင်ပွဲဖြစ်သည်။ လမ်းဟောင်း လမ်းကောင်းဖြစ်သည့် သာသနာအတွက် ရေးမူမပျက်စေရန် ဆွမ်းတော် ကြီးခံ ဝတ်အဖွဲ့မှ ရှင်သန်လျက်ရှိနေလေသည်။

ရွှေခြံမြေမုခ်ကျွန်းဂရမ်ကြီး ၂၅၀၀ အပိုင်အတွင်း တံခွန်ဦး မင်္ဂလွန်း အောင်စကြာစေတီကောင်းကျိုး ပြုပြင်မှုအတွက် **ကျွန်းချောင်း ကျေးရွာမှ ဝါတွင်းကာလ ဝါဆိုလဆန်း (၆)ရက်၊ (၁၃)ရက်၊ လပြည့် ကျော် (၆)ရက်၊ (၁၃)ရက် တစ်လတွင် (၄)ရက်၊ ကုသိုလ်မပျက်** လှည့်လည်အပူဇော်ခံခြင်းကို ကျွန်းချောင်းကျေးရွာ ဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒစေတီတော်ကြီး ပြန်လည်တည်ထောင်ထားခဲ့သော ၁၃၁၅ ခုနှစ်မှစတင်၍ ပြန်လည်တည်ထောင်ခွင့်ရရှိခဲ့သည်။

ထို့အတူ ကျေးရွာကြီးများဖြစ်သော တောင်ကုန်းကျေးရွာ ဆိပ်ကြီး၊ မြတ်လေးရုံ၊ တော်ခရမ်းကြီးစသော ရွာကြီးများမှ ရှေးဆရာ တော်ကြီးများ စေတီတော်များအတွက် သမိုင်းအစဉ်ထား၍ ရှေးမူ မပျက် ဆောင်ရွက်လျက်ရှိခဲ့သည်။

ဆွမ်းတော်ကြီးခံဝတ်အသင်း လူတစ်ဆယ်ကျော်မှ နှစ်ဆယ် ကျော်အထိ ဥပါသကာ ပစ္စည်းအစုံ ကြေးစည်အကြီး,အသေး,အလတ် ဒူဝေဝေ အသံကြားနေသော ဝါတွင်းလေးလ ငယ်စဉ်ကလေးဘဝက စခဲ့သော ယနေ့ အဘအရွယ်ရောက်သည်အထိ ကြားနေရသောအသံ ရှေးပဝေ နှစ်ပေါင်း ၂၆၀၀ ကြာခဲ့သော ဘိုးဘေးကစခဲ့သည့် သာသနာ ထွန်းတုံးလယ်မြေ ပတ်ချာဗွေမှာ သာသနာအစစ် မြင်းမိုရ်တောင် ကမ္ဘာ

တည်နေသရွေ့ အဆုံးအမ သာသနာကောင်းမှုအဖို့ အမျှဝေ သာဓု ဒူဝေဝေ အသံစုံပါသော နတ် လူ ဗြဟ္မာ သာဓုခေါ်ဖွယ်ဖြစ်သည်။

## (ဈ) ဆွမ်းဦးဥပါသကာတို့ကောင်းကျိုး

သာသနာဦးမှစခဲ့သည့် စေတီတော်အတွက် "ဆွမ်းတော်ကြီးခံ" ဥပါသကာ နောင်တော်ဖြစ်သော တပုဿသည် သောတာပတ္တိဖိုလ်၌ တည်၍ ဥပါသကာသာလျှင်ဖြစ်၏၊ ညီတော် ဘလ္လိကသည် ဒုတိယ အကြိမ် မြတ်ဗုဒ္ဓနှင့်တွေ့လျှင် သာသနာ့ဝန်ထမ်း ရဟန်းပြု၍ အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသော ဆဠဘိညာ ရဟန္တာဖြစ်လေသည်။ **(ထေရဂါထာ-ဋ္ဌ-၁။ နှာ-၆၀)**။ တေဒဂ်(၈၀) ဘွဲ့ထူးရှင် ဂေါတမ မြတ်ဗုဒ္ဓ၏ သာသနာမှတ်တမ်း ဒွေဝါစိက သရဏဂုံ တေဒဂ်ဘွဲ့ထူးခံ စေတီတော်ကျေးဇူး၊ "သာသနာမှ ဆွမ်းတော်ကြီးခံ ဥပါသကာ" ယနေ့အထိ ရှင်သန်တည်တံ့လျက်ရှိသည်။

## (ည) သင်္ဂါယနာမှတ်တမ်း

သာသနာ၏ မှတ်တမ်းကျောက်စာတိုက်ပမာ နေအထောင် လအထောင် ထွန်းလင်းသာအောင် သာသနာရှည်ခံ့ တည်တံ့ရန် သင်္ဂါယနံ့ကင်းရှင်းစေရန် သာသနာတော်ကို ရာဇာမမ္ဘာ မင်းနှစ်ဖြာတို့ သန့်ရှင်းတည်တံ့စေရန် သင်္ဂါယနာခြောက်ကြိမ်မြောက် သန့်စင်မွမ်းမံ၍ ရဟန္တာအရှင် ထေရ်ကြီးဝါကြီး သံဃာတော်များ အတည်ပြုမှတ်တမ်း တင်ခဲ့ကြသည်။

၁။ ဗုဒ္ဓမြတ်စွာ ဝစနတ္ထ တရားတော်တို့အား ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံ၍ လေးလရောက်သောအခါ အရှင်မဟာကဿပ အမှူး ရှိသော ရဟန္တာငါးရာတို့သည် **သုဘဒ္ဒရဟန်းကြီး၏စကား** သာသနာထိခိုက်သည်ကို ကြားရသဖြင့် သာသနာအရှည်တည် စိမ့်သောငှာ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ဝှမ်း စရည်းပင်

ပေါက်သော လိုဏ်ဂူ၌ အဓောတသတ်မင်းကိုမှီ၍ ခုနစ်လပတ်လုံး သင်္ဂါယနာတင်လေသည်။

၂။ နှစ်တစ်ရာမြောက် ရောက်သောအခါ အရှင်မဟာရသ အမှူးရှိသော ရဟန္တာခုနစ်ရာတို့သည် **ဝဇ္ဇီတိုင်းသားရဟန်းတို့ အဓမ္မဆယ်ပါးပြုသည်ကို** သုတ်သင်၍ ဝေသာလီပြည် ဝါဠုကာရီကျောင်းတိုက်၌ ကာဠသောကမင်းကိုမှီ၍ ရှစ်လပတ်လုံး ဒုတိယသင်္ဂါယနာတင်သည်။

၃။ သာသနာနှစ် ၂၃၅ ခုနှစ်မြောက်တွင် အရှင်မောဂ္ဂလိပုတ္တတိဿအမှူးရှိသော ရဟန္တာတစ်ထောင်တို့သည် သာသနာသို့ အတင်းအဓမ္မဝင်သော **တိတ္ထိ ခြောက်သောင်းတို့ကို နှိမ်နင်း၍** ပါဋလိပုတ်ပြည် အာသောကာရုံကျောင်းတိုက်၌ သီရိဓမ္မာသောကမင်းကို မှီ၍ ကိုးလပတ်လုံး တတိယသင်္ဂါယနာတင်သည်။

၄။ သာသနာနှစ် ၄၅၀ မြောက် ရောက်သောအခါ ရဟန္တာငါးရာတို့သည် သီဟိုဠ်ကျွန်း မလယအရပ် အာလောကလိုဏ်၌ ဝဋ္ဋဂါမဏိမင်းကိုမှီ၍ ပေထက်အက္ခရာရေး၍ မပျောက်ကွယ်နိုင်အောင် စတုတ္ထသင်္ဂါယနာတင်ခဲ့လေသည်။

၅။ သာသနာနှစ် ၂၄၅၁ ခုနှစ်ရောက်သောအခါ ပိဋကတ္တယပါရဂူရ ထေရ်ကြီးများစွာတို့သည် **မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့တော်၌ မင်းတုန်းမင်းကြီးကိုမှီ၍** ကျောက်ထက်အက္ခရာတင်ပြီး နှစ်ငါးထောင်တည်စိမ့်သောငှာ ငါးအသချေ်ယကပ်လုံးတည်သည့် ကပ္ပဋ္ဌိတိ လေးပါးထောက်၍ ပဉ္စကပ္ပဋ္ဌိတိအဖြစ်ဖြင့် **ပဉ္စသင်္ဂါယနာတင်တော်မူသည်။**

၆။ သာသနာနှစ် ၂၅၀၀ ပြည့်တွင် **ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေမဟာပါသဏ လိုဏ်ဂူတော်တွင် သမ္မတ ဦးဝင်းမောင်၊** နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတို့နှင့် မင်းကွန်းတိပိဋက ဦးဝိစိတ္တ

သာရာဘိဝံသ ဆရာတော် အဖြေပုစ္ဆာရှင်အမှူးပြု၍ ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီးနှင့် ထေရ်ရှင်သံဃာတော်များ **ဆဋ္ဌမအကြိမ်မြောက် မြန်မာပြည်** နှစ်ကြိမ်တိုင်သင်္ဂါယနာတင် မော်ကွန်းကျောက်စာရေးထိုးနိုင်ခဲ့သည်။

ထိုသို့ သင်္ဂါယနာတင်အပ်သော ဗုဒ္ဓမြတ်စွာတရားတော်တို့သည် ရသအားဖြင့် ကိလေသာမှထွက်ခြင်း၊ ဝိမုတ္တိအရသာ တစ်ပါးတည်းသာဖြစ်၏။ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ပထမဝစန မဇ္ဈိမဝစန ပစ္ဆိမဝစနအားဖြင့် သုံးပါး၊ ပိဋကအားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့်ကိုးပါး၊ **ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀** အပြားရှိ၏။

ဤပရိယတ္တိဓမ္မကို သင်ယူရာ၌ သင်ယူနည်း သုံးမျိုးရှိသည်။ လာဘ်ရလို၍သင်ခြင်း၊ ကျော်စောထင်ရှားလိုခြင်း၊ သူတစ်ပါးကို ချုပ်ချယ်လိုခြင်းစသည်ဖြင့် သင်ယူခြင်းသည် (အလဂဒ္ဒူ) ပမာမည်၏။ မြွေအမြီးလိုက်ဆွဲသည်နှင့်တူ၏။ မသင်အပ်။

ဒုတိယသင်ခြင်းသည် သဒ္ဓါပဗ္ဗဇိတကုလပုတ္တတို့ကား သီလနည်းတွေ့လျှင် နည်းယူ၍ ကျင့်ပါအံ့၊ သမ္မာဓိနည်းပညာ နည်းတွေ့လျှင် နည်းယူ၍ မဂ်ဖိုလ်ရအောင် ကျင့်ပါအံ့ဟု သင်ယူကုန်၏။

တတိယမြောက် ရဟန္တာများ စာသင်ခြင်းသည် ကျင့်နည်းအတွက်မဟုတ်၊ အဆက်အနွယ် မပျက်အောင် သင်သောကြောင့် ဘဏ္ဍာဂါရိကမည်၏။ **ဘဏ္ဍာစိုး ဘဏ္ဍာစောင့်သည်နှင့်တူ၏။** ဒုတိယနှင့် တတိယ စာသင်နည်းသာလျှင် မြတ်သော ပရိယတ္တိစာသင်နည်းဖြစ်လေတော့သည်။

**(၄) "ဥပထမ္ဘက" ဥပါသကာတို့ သိအပ်၊ ကျင့်အပ်သော တရားကထာဝတ္ထု၁၀ ပါး**

၁။ **အပ္ပိစ္ဆကထာ** - အလိုနည်းကြောင်းစကား။ (အဓမ္မကင်း)

၂။ **သန္တုဋ္ဌိကထာ** - ရောင့်ရဲကြောင်းစကား။
(အမှားမထိရောက်)

၃။ **ပဝိဝေက ကထာ** - ဆိတ်ငြိမ်စွာနေကြောင်းစကား။

၄။ **အသံသဂ္ဂကထာ** - လောကီအာမိသ မရောကြောင်းစကား။

၅။ **ဝီရိယာရမ္ဘကထာ** - လုံ့လအားထုတ်ကြောင်းစကား။

၆။ **သီလကထာ** - သီလအားထုတ်ကြောင်းစကား။

၇။ **သမာဓိကထာ** - သမာဓိတည်ကြောင်းစကား။

၈။ **ပညာကထာ** - ဝိပဿနာစကား မဂ်စကား။

၉။ **ဝိမုတ္တိကထာ** - ဖိုလ်စကား။

၁၀။ **ဝိမုတ္တိဉာဏဒဿနကထာ** - မဂ်ဖိုလ်နိဗ္ဗာန် အာရုံပြုသောစကား တို့ဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ပုဂ္ဂိုလ်လေးပါး အပါအဝင် ဗုဒ္ဓဘာသာဝင်တို့သည် သိအပ်၊ ကျင့်အပ်သော တရားအစုတို့ဖြစ်သည်။ အနှစ်ချုပ်အားဖြင့် **ဗုဒ္ဓကထာမှ လွဲမှားခဲ့သော် တိရစ္ဆာနကထာ**- တိရစ္ဆာန်တို့ စကားဟု အကျုံးဝင်လေတော့သည်။ ပရိယတ္တိမဖွဲ့ အစဉ်တည်တံ့စေရန် အကျင့်ကောင်း စရိုက်မှန်အား ထုတ်ဖော်ညွှန်ကြားခြင်းမျှသာ ဖြစ်သည်။

## (၅) ဥပါသကာတို့ ပန်ဆင်ထားသောရတနာ

ဗုဒ္ဓဘာသာဝင် သားသမီးတို့သည် မွေးသည့်နေ့ရက်မှ ငါးရက်တစ်ပတ်ခန့်တွင် မီးထွက်မွေးနေ့မင်္ဂလာအဖြစ် သရော်ကင်ပွန်းတို့နှင့် ခေါင်းဆေးမင်္ဂလာပြု၍ **အိမ်ဦးခန်း ဘုရားဆောင်** ဆွမ်း၊ပန်း၊ရေချမ်း၊ဆီမီးတို့နှင့် ရတနာမြတ်သုံးပါး ဦးခေါင်းထက်ပန်ဆင်လျက် ခန္ဓာကိုယ်မွှမ်းထုံလွှမ်းခြုံပေးခဲ့သော အမြတ်ရတနာသုံးပါးခံယူပြီး သားကောင်း၊ သမီးကောင်းဖြစ်သည်။

အမိ အဖတို့ လွှမ်းခြုံမွမ်းထုံပေးခဲ့သော ကိုးကွယ်မှုအမှန် ဘုရား တရား သံဃာ ဆည်းကပ်ဖွယ်အမှန်သည် လောကီ လောကုတ် နှစ်ဖြာ သော အကျိုးစွမ်းအားတို့၏ ယခုနောက်နောင် ကောင်းကျိုးဆောင် စေသော "ရတနာ"ကောင်းကို ရရှိပန်ဆင်ပြီးဖြစ်သည်။

**သရေခေတ္တရာ-ဂမနှ** သာသနာအတွက် ထမ်းရွက်သည့်ပိုးစွမ်းနိုင်သော သားကောင်း သမီးကောင်းတို့သည် အကျင့်ကုန်လုံ ပညာစုံလျက် အမျိုး၏ဂုဏ်ကို စွမ်းနိုင်ကြကုန်သည်။ ဥပါသကာအနွယ်ပွား ဗုဒ္ဓ ဘာသာ မြန်မာလူမျိုးများသည် မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ လူမျိုး ဘာသာ သာသနာအကျိုး၊ ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ ပုထိုး၊ လမ်းတံတားများ ပြုပြင်မွမ်းမံ၍ သာသနာရောင် ထွန်းပြောင်စေခဲ့ သည်။

လောကဓမ္မသဘာဝ ဗုဒ္ဓဘာသာတရားများသည် ပရိယတ္တိ သာသနာရေသောက်မြစ် အမှီပြု၍ ကမ္ဘာ့သရဖူ သဗ္ဗညုတဘုရားရှင် အဆူဆူတို့၏ တရားတို့အား ဂေါတမမြတ်ဗုဒ္ဓ အနာဂတံသကျမ်းများ ကောင်းမြတ်သော အသိအတတ်ပညာများဖြင့် လျှောက်လှမ်းနိုင်ကြ လေသည်။

မြတ်ဗုဒ္ဓဘာသာဝင်တိုင်း အိမ်၏ဥပစာ အိမ်ဦးခန်း ဘုရား ဆောင်တွင် ကြည်ညိုဖွယ် ရုပ်ပွားတော်အမျိုးမျိုးတို့ကို ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟူ၍ စေတီအပြား လေးပါး ပြားသော်လည်း "ဥဒ္ဒိဿ"ရည်စူး၍ ကိုးပါးဂုဏ်အင် ပြည့်စုံရှင် ဖြစ်သော ဗုဒ္ဓဿ ဘဂဝါမြတ်စွာဘုရား ရည်စူးပူဇော်ခြင်းဖြင့် ဆွမ်း အစ ဒါတဗ္ဗဝတ္ထုအစုစုဖြင့် ပူဇော်အထူးပြုလျက်ရှိကြလေသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်မှ အစပြု၍ တပုဿညီနောင် အထူးပြုပြီး မြန်မာပြည် **"မြတ်ရွှေတိဂုံစေတီ"** ပူဇော်အထူးရခဲ့လေ သည်။ သာသနာ့အလင်းစွမ်းပကား "ဩဘာသ" ထွန်းလင်းခဲ့သည်။

ဇမ္ဗူဒီပါတောင် ကျွန်းမြတ်မဟာသည် မြတ်ဗုဒ္ဓဘုရားရှင်၏ ဆံတော် ပင့်ဆောင်ရာ လမ်းတစ်လျှောက် **သာသနာ့တံခွန်ရောက်၍ ရွှေခြံမြေမှ ဇမ္ဗူဒီပါလကျာ** တောင်ကျွန်းသာသနာရောင် ထွန်းလင်းခဲ့သည်။

အင်္ဂလန်နိုင်ငံ ဟော်လန်မြို့သား သောမက်အက်တီစင် လျှပ်စစ် မီးအလင်းရရှိသကဲ့သို့ သာသနာ့အလင်းသည် ကမ္ဘာတစ်ခွင် စလယ်ဆုံး သာသနာထွန်းလင်းမည့် နေရာသည် ဇမ္ဗူဒီပါ လကျာတောင်ကျွန်း ဩဘာသာနိမိတ်ထွန်းသော မြန်မာပြည်သာပင် ဖြစ်လေတော့သည်။

ဗုဒ္ဓဘာသာဝင်တို့အိမ်တိုင်း ဘုရားဆောင်တွင် စေတီယင်္ဂန ဉတ္တိသ ရည်မှန်းပူဇော်လျက် ဥပါသကာတို့ပင်ဖြစ်သည်။

ဆရာ-ဒကာ လက်တွဲကာဖြင့် သာသနာ့တာဝန် ထမ်းဆောင် လာခဲ့သည်မှာ နှစ်ပေါင်း ၂၆၀၀ သို့ တိုင်ခဲ့ပါသည်။ မပင်မပန်း ရွှင်လန်းချမ်းသာ သာသနာအကျိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆရာ တော်တို့သည် ပိဋကပြီးမြောက်သော သံဃာဖြစ်ပြီး ဒကာတော်တို့မှာ ပြည့်ရှင်မင်းတို့ ဖြစ်ကြသည်။ ယနေ့သည်လည်း ဘုန်းကံကြီးသူတို့ သာသနာဖြစ်၍ ဘုန်းတန်ခိုးတောက်လျက်ရှိသည်။

## (၃) ဥပါသကာဂုဏ်ရည်

သံယုတ္တနိကာယ သုတ္တန္တပိဋက သောတာပတ္တိ သံယုတ္တပါဠိ(၄) ပုညာဘိသန္ဒဝဂ်၊ ၇-မဟာနာမသုတ် ဥပါသကာဂုဏ်ရည်ကို မြတ်စွာ ဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း မဟာနာမ် သာကီဝင်မင်းကိုဟောကြားသော တရားတော်ဖြစ်သည်။

အခါတစ်ပါး မြတ်စွာဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ် ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေထိုင်တော်မူ၏။ ထိုအခါ မဟာဝန် သာကီဝင်မင်းသားသည် မြတ်စွာဘုရားထံသွားရောက်ရှိခိုးပြီး

သင့်တော်သောနေရာတစ်ခု၌ ထိုင်နေ၍ "အဘယ်မျှဖြင့် ဥပါသကာ ဖြစ်ပါသနည်း" ဟု ဘုရားရှင်အား လျှောက်ထားလေသည်။

မဟာနာမ်သာကီဝင်မင်း… ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ကာမျှ ဥပါသကာဖြစ်၏။

ဥပါသကာသည် အဘယ်မျှဖြင့် ပြည့်စုံပါသနည်းဘုရား။

မဟာနာမ်သာကီဝင်မင်း… သူ့အသက်သတ်မှု၊ သူတစ်ပါးဥစ္စာခိုးမှု၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်းကျင့်မှု၊ မမှန်စကားပြောကြားမှု၊ သေရည်အရက်သောက်မှုမှ ကြဉ်ရှောင်ကာမျှဖြင့် ဥပါသကာသည် သီလဖြင့်ပြည့်စုံ၏။

ဥပါသကာသည် အဘယ်မျှဖြင့် ယုံကြည်မှုသဒ္ဓါနှင့် ပြည့်စုံပါသနည်းဘုရား။

မဟာနာမ်သာကီဝင်မင်း… ဤသာသနာတော်၌ ဥပါသကာသည် ယုံကြည်မှုသဒ္ဓါတရားရှိ၏။ မြတ်စွာဘုရားသည် ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဘဂဝါမည်၏ဟု မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏။ ဤမျှဖြင့် ဥပါသကာသည် ယုံကြည်မှုသဒ္ဓါနှင့်ပြည့်စုံ၏။

ဥပါသကာသည် အဘယ်မျှဖြင့် စွန့်ကြဲမှု "စာဂ" နှင့် ပြည့်စုံပါသနည်းဘုရား။

မဟာနာမ်သာကီဝင်မင်း… ဤသာသနာတော်၌ ဥပါသကာသည် ဝန်တိုမှု "မစ္ဆရိယ" ကင်းသောစိတ်ဖြင့် အိမ်ကိုအုပ်ချုပ်နေ၏။ လွတ်လွတ်စွန့်ကြဲတတ်၏။ လှူဒါန်းရန် ဆေးကြောထားသော လက်ရှိ၏။ စွန့်ကြဲခြင်း၌မွေ့လျော်၏။ ပေးကမ်းဝေခြမ်းခြင်း၌ မွေ့လျော်၏။ ဤမျှဖြင့် ဥပါသကာသည် စွန့်ကြဲမှု "စာဂ" နှင့် ပြည့်စုံ၏။

ဥပါသကာသည် အဘယ်မျှဖြင့် ပညာနှင့် ပြည့်စုံပါသနည်းဘုရား။

မဟာနာမ်သာကီဝင်မင်း··· ဤသာသနာတော်၌ ဥပါသကာသည် သိသောပညာ ရုပ်နာမ်ကို ဖောက်ထွင်း၍သိသော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်ကြောင်းဖြစ်သော မြတ်သောပညာဖြင့် ပြည့်စုံ၏။ မဟာနာမ်သာကီဝင်မင်း··· ဤမျှဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံ၏ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာ၏အဆုံးအမတည်းဟူသော သာသနာတော်အရှည်ခံ တည်တံ့စေရန် အင်္ဂုတ္တရနိကာယ သုတ္တန္တပိဋက အဋ္ဌကနိပါတပါဠိ- ၃-ဂဟပတိဝဂ္ဂ၊ ၅-မဟာနာမ်သုတ် ဥပါသကာဂုဏ်ရည်ကို ထပ်တူ ဟောကြားတော်မူပြန်သည်။

ဥတ္တကနိကာယ သုတ္တန္တပိဋက မိလိန္ဒပဉှာပါဠိ - ဥပါသကာ ဂုဏပဉှာ - ဥပါသကာ၏ ဂုဏ်အင်္ဂါ ၁၀ ပါးမှာ-

၁။ ဥပါသကာသည် သံဃာနှင့်တူမျှသော ချမ်းသာဆင်းရဲ ရှိသူဖြစ်၏။

၂။ ဘုရားဟော တရားတော်သာလျှင် အကြီးအမှူးထားသူဖြစ်၏။

၃။ ဥစ္စာပစ္စည်း အင်အားအလျောက် ဝေဖန်ခွဲခြားခြင်း၌ မွေ့လျော်သူဖြစ်၏။

၄။ ဘုရားသာသနာတော် တိုးတက်စည်ပင်ခြင်းမှာ လုံ့လစိုက်ထုတ်၏။

၅။ ကောင်းသောအယူဝါဒ ရှိသူဖြစ်၏။

၆။ ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာအယူမှ ကင်းလွတ်၍ အသက်ဟူသော အကြောင်းကြောင့်လည်း သာသနာတော်မှ တစ်ပါးသောသူကို ဆရာဟူ၍ မညွှန်ကြား။

၇။ ဥပါသကာသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာကိုလည်း စောင့်စည်း၏။

၈။ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်သူ ပျော်ပိုက်သူဖြစ်၏။

၉။ မငြူစူတတ်သူဖြစ်၏။
၁၀။ ကောက်ကျစ်စဉ်းလဲသည့်အစွမ်းဖြင့် သာသနာတော်၌ ကျင်လည်သူမဟုတ်၊ ရတနာသုံးပါးတို့၌ ကိုးကွယ်ဆည်းကပ်သူဖြစ်၏။

ဤသည်တို့ကား ဥပါသကာ၏ ကျင့်ဝတ်ဂုဏ်အင်္ဂါ ဆယ်ပါးတို့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ သာသနာနွယ်ပွား ဥပါသကာများ၏ ကောင်းမှုကုသိုလ်ကျိုးသည် ဘဒ္ဒကမ္ဘာသာသနာ ဘုန်းရောင်နေသို့ လင်းစေသော်၊ မြတ်ဗုဒ္ဓသာသနာ ပြည်မြန်မာ ကမ္ဘာကျော်လို့ လင်းစေသော်ဟု စေတနာအညွန့်ဖူးဖြင့် ပူဇော်လိုက်ပါသည်။

*

မြတ်ပန်းရဂုံ(စာမူပြိုင်ပွဲဝင်) ၂၀၁၈ ခု။

ကျမ်းကိုး

- တိပိဋက ဦးဝိစိတ္တာသာရာဘိဝံသ မဟာဗုဒ္ဓဝင် ဆဋ္ဌမပိုင်း ဒုတိယတွဲ
- ဒေါက်တာအရှင်ဉာဏိသရ ရွှေတိဂုံ (၂၆၀၀)ပြည့်ပွဲ
- သုတေသီမာမက "မွန်တို့ဌာနီ ရာမည"
- ညောင်လေးပင် ဦးအရိယ "ဝိသုဒ္ဓိမဂ်အရသာ"
- စစ်ကဲတော်မင်း ဦးရွှေနော် "မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်"
- ပိဋကတ်မြန်မာပြန်တရားတော်များ နိကာယ်ငါးရပ်၊ ပထမပိုင်း သုတ္တန္တပိဋက
- အဘိဓမ္မာဆိုင်ရာများ

# ရွှေတိဂုံ ဘောင်နှင့် စေတီတော်

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီး အနောက် ကျွန်းချောင်းကျေးရွာ **တံခွန်ဦး မင်္ဂလွန်း အောင်စကြာစေတီ တော်သမိုင်း** အခြေခံတဘောင်ဖြစ်သည်။ ရှေးအစဉ်အလာ ဗုဒ္ဓမပွင့် ထွန်းမီကာလမှစ တဘောင်သက်ညွှန်းဟု ရှိခဲ့သည်။ အတိတ်တဘောင် အမြင်လက်ဆောင် ဟူ၍လည်းရှိခဲ့သည်။ အစဉ်အဆက် ပညာရှိ သူတော်ကောင်းများ ကျင့်သုံးမှတ်ယူကြသည်။

မိမိပြုခဲ့ဖူးသော အတိတ်က ကောင်းကံ၊ မကောင်းကံတို့သည် မိမိထံသို့သာ အရိပ်သဖွယ် ကြရောက်စမြဲဖြစ်သည်။ ထို့အတူ အမှန် မည်သော သစ္စာတရားတို့သည် ဗုဒ္ဓတစ်ဆူပွင့်ထွန်းတိုင်း ပေါ်ပေါက်မြဲ ဖြစ်သည်။ ထိုအမှန်တရား မပေါ်ထွန်းခင် ကြိုတင် နတ်ဒေဝါများ၊ ဗြဟ္မာမင်းများ၊ လူ့ဘုံဌာန သတိပေး သတင်းစကားကြားစေခဲ့သည်။

ဗုဒ္ဓပွင့်ထွန်းတော့မည်ကို **"အနှစ် နှစ်သောင်း"** ကြိုတင် သတင်းနိမိတ် နှုတ်သံပြုခဲ့သည်။ နတ်၊ ဗြဟ္မာမင်းများ၊ လူ့ပြည်တွင် တောင်ကျွန်းကို မွမ်းမံပြင်ဆင်ရသည်။ သိမ်းတစ်ကုတ်စာရှိသော

သိင်္ဂုတ္တရမြတ်ကုန်းမြေ ယခုရွှေတိဂုံစေတီတော်နေရာ မဏိမေခလာနတ်သမီးရေပြင် မြေခင်းပြီး (ပဒေသာပင်) ဆန့်စပါးစိုက်ပျိုးခွင့် ပင်လယ်ရေဆုတ်ပေးခဲ့ရသည်။ ဩဘာသ သာသနာ့အလင်းရောင် တဘောင်နိမိတ်ထွန်းတောက်မည့် အကြောင်းဖြစ်သည်။

ထို့အတူ တစ်ဆယ့်နှစ်နှစ်စော၍ မင်္ဂလာအမေးပုစ္ဆာ ထုတ်ခဲ့သည်။ ထို့အတူ ဗုဒ္ဓမိဂဒါဝန် မြတ်ဗုဒ္ဓပွင့်ထွန်းတော့မည်ကို ကြိုတင်သိနေကြသည်မှာ အတိတ်တဘောင် သက်ညွှန်းတို့ကြောင့်ပင်ဖြစ်၏။ ဤသည်ကို တဘောင်သက်ညွှန်းဟု ခေါ်ဆိုအပ်ပေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူ၍ သစ္စာတရားထွန်းတောက်ခဲ့သည့် သာသနာနှစ်သည် နှစ်ပေါင်း ၂၆၀၀ ပြည့်သို့ ယခုကျရောက်ခဲ့သည်။ **ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းစတွင် တပုဿ၊ ဘလ္လိကညီနောင် သံဃာမပေါ်မီ ဒွိဝါစိက သရဏဂုံနှင့် ဥပါသိကာဘွဲ့ထူးခံယူ၍ ဆံတော်ဦးစေတီ** တည်ထားခွင့်ရခဲ့သည်။

တပုဿသတို့ကား ဖွားမြင်ချိန်တွင် ဥက္ကလာပမင်းကြီး မြို့တွင်းလှည့်လည်ရန် အချိန်အခါ **တံပိုးမှုတ် စည်တီးသော** နန်းတော်ထွက်၊ တိုင်းခန်းလှည့်ချိန်ဖြစ်သည်။ ထို့ကြောင့် တပုဿဟုအမည်တွင်သည်။

ဒုတိယမြောက် သားမွေးချိန်သည် ထို့အတူ ဘုရင်မင်းမြတ်နန်းတွင်းမှထွက်ချိန် မင်းတို့ထွက် ရက်ရာဇာ ဟူသည့်အတိုင်း အချိန်ကောင်း အခါကောင်း **တံပိုးမှုတ် စည်တီးချိန်**ဖြစ်သည်။ ထို့ကြောင့် 'ဘလ္လိက'ဒုတိယမြောက်သားဟု အနက်အဓိပ္ပာယ် ထူးကဲစွာဖြင့် အနွတ္ထမည်သောနာမည်၊ ဘဝနှင့်လိုက်ဖက်သော နာမည်ဖြစ်ခဲ့သည်။

ကြီးပွားချမ်းသာ ထင်ရှားကျော်ဇောခြင်း အတိတ်ပါရမီကံတို့အထွက်ရောက်သော **ဗုဒ္ဓဆံတော် ဘုရင်ထံ** ပါရမီဖြည့်နိုင်သူဘဝဖြစ်သည်။

**ပဒုမုတ္တရာ**- မြတ်စွာဘုရားရှင်လက်ထက် ဥပါသကာနှစ်ယောက်ကို ရွေးဦးစွာ သရဏဂုံတည်သောအရာဝယ် အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်အားကျကာ ကောင်းမှုကုသိုလ်ပြု ဆုတောင်းပါရမီစခဲ့၍ ပါရမီရှေးကောင်းမှုဖြစ်သည်။

ယခု ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတွင် "**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿ ဘလ္လိကာ ဝါဏိဇာ**" ဥပါသကာတို့တွင် အသာဆုံး အမြတ်ဆုံးဘွဲ့ထူး ဧတဒဂ်ရရှိခဲ့သည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူစဉ် တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ကုန်ရောင်းသွားရင်း ဘုရားရှင်ထံသို့ရောက်၍ တရားဟောကြားတော်မူလေလျှင် နောင်တော်ဖြစ်သော တပုဿသည် သောတာပတ္တိဖိုလ်၌ တည်၍ ဥပါသကာသာလျှင်ဖြစ်၏။ ညီတော် ဘလ္လိကသည် သာသနာ့ဝန်ထမ်း ရဟန်းပြု၍ အဘိညာဉ်ခြောက်ပါးနှင့်ပြည့်စုံသော "ဆဠာဘိညာ" ရဟန္တာဖြစ်လေသည်။ **(ထေရဂါထာ၊ ဋ္ဌ-၁၊ နှာ-၆၀)**

ထိုအကြောင်းအရာသည် ဩဘာနိမိတ်ထွန်းသော တောင်ကျွန်းဒီပါ အရပ်ဒေသ နေရခြင်း၊ ရှေးဘုန်းကံစွမ်းပကား အပါအဝင်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်တို့သည် မဇ္ဈိမဒေသ ကမ္ဘာ့အလယ် ဗဟိုရ်ချက်ဓမ္မစကြာ ပထဝီမြေဓာတ်၌ ဓမ္မစက် မြည်ဟီးတုန်လှုပ်ကာ ဖြပ်မှာနှစ်ဆယ် စကြဝဠာအနန္တ ထင်ရှားစေသော မြတ်ဗုဒ္ဓ၏ အတိတ်ပါရမီ စွမ်းပကား တန်ခိုးတော်တို့ဖြစ်သည်။

ထို့နည်းတူစွာ ဗုဒ္ဓငါးဆူ ပွင့်တော်မူမည်ဖြစ်သော မွေတော်ဓာတ်တော်များ စုစည်းရာ ဘဒ္ဒကမ္ဘာ၏ သာသနာ့တံခွန် စေတီတော်များ၏ ဌာပနာတည်ရှိရမည့် နေရာအဖြစ်ရှိခဲ့သည်။ ဤသည်မှာ

ဩဘာသနိမိတ်ထွန်းသော တောင်ကျွန်းဒီပါ ကျွန်းမြတ်မဟာ ဖြစ်ခွင့် သာခဲ့သည် မဟုတ်တုံလော။

ယနေ့ ဘဒ္ဒကမ္ဘာသည် ကျွန်ုပ်တို့နေထိုင်ရာ ဆီမီးတန်ဆောင် ပမာ သာသနာထွန်းပြောင်လျက် ကမ္ဘာ့အလယ်တွင် ထင်ရှားစေခဲ့ သည်။ သာသနာနှစ် ၂၆၀၀ ပြည့် သာသနာတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ် တည်တံ့လျက် သံဃာတော်အပေါင်း ကိုးကွယ် ဆည်းကပ် ပူဇော်ခွင့်ရရှိလျက်ရှိသည်။

**သံဃေ ဒိန္နံမဟာဖလံ့**- သံဃာတော်အရှင်မြတ်အပေါင်းတို့အား။ **သမ္မာ**- ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့။ **ဦးပဒ္မိး**- ခေါင်းတုံးပြောင်။ **အရဟတ္တဓဇ**- သင်္ကန်းဝတ်ရုံလို့ ဝတ်နည်းတော်ညီ သီလနှင့် ပရိက္ခရာရှစ်ပါး ခန္ဓာဝန်အတွက် ငြိမ်းချမ်းစွာ အရံအတား နှင့် သီတင်းသုံးနေတော်မူသော နှစ်ပေါင်း ၂၆၀၀ ခန့်က ရှေးဟောင်း ပစ္စည်းကိုးကွယ်ရာ ဆည်းကပ်ရာ ရတနာမြတ်အဖြစ် ရှေးပဝေ အဆက်ဆက် ကိုးကွယ်ဆည်းကပ်မှုပါပဲလို့ သမ္မာတူညီမျှတ ဗုဒ္ဓ မြတ်စွာ ရှိစဉ်ကကဲ့သို့။ **ဒိန္နံ**- ပေးလှူခြင်းသည်။ **မဟာဖလံ့**- အကျိုး ကျေးဇူးမြင့်မားစွာ။ **ပရမတ္ထ**- သံဃာတော်များရရှိထားသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆုမြတ်လည်း ပြီးပြည့်စုံစေသော အချိန်အခါကောင်းနှင့် ကြုံတွေ့နေရသည့် မြန်မာပြည်ဖြစ်သည်။

တံခွန်စေတီများပေါ်ပေါက်၍ (တံခွန်နှင့်ဘုရား)ဟူသော ရှေး တဘောင်အဖြစ် ယခုတိုင် ကြားယောင်နေရခြင်းဖြစ်သည်။

ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်တော်မူသော ၁၀၃ ခုနှစ်တွင် ယနေ့မြန်မာပြည် ရွှေတိဂုံစေတီတော်ကြီးကို ကကုသန်၊ ဂေါဏဂုံ၊ ကဿပ၊ ဂေါတမ မြတ်ဗုဒ္ဓလေးဆူ ဓာတ်တော်မွေတော်များနှင့်အတူ ထီးတော်အထွတ်ကို တဖုဿညီနောင်၊ ဥက္ကလာပမင်း၊ ဘိုးတော်

သိကြားမင်း၊ ဗြဟ္မာ၊ နတ်၊ လူအပေါင်း ပူဇော်ခွင့်ရခဲ့သည်။ ဆံတော်ကြို စေတီ (တံခွန်စေတီ)များလည်း ထီးတော်တင်လှူခွင့်ရရှိခဲ့ကြသည်။

စေတီယ သဒ္ဓါ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ အမြတ်ဆုံးရတနာသုံးပါး၏ အစွန်းအစ လက္ခဏာတော်များ ကိန်းမွေ့ပျော်ရာ (ဗုဒ္ဓဗျာဒိတ်)ရှိရာ မဟာပထဝီ လူ့ဘုံဌာန အထွတ်ထားပူဇော်ရာ စေတီဖြစ်သည်။

တစ်နည်း စေတီယသဒ္ဓါ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂ စေတီ၊ ဥဒ္ဒိဿစေတီဟု လေးပါးပြားသော်လည်း ဥဒ္ဒိဿရည်မှတ်၍ ဗုဒ္ဓမြတ်စွာ၏ပုံတော်ကို အာရုံတင်လျက် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး ကို နှလုံးသားကြည်နူးဖွယ်ရာသဒ္ဓါ မိမိခန္ဓာဝယ်လွှမ်းခြုံ၍ ကြည်ညို ဖွယ် ဗုဒ္ဓဂုဏ်ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမလောင်းရိပ်အောက်၌ ဒုက္ခအပေါင်းကင်း ငြိမ်းပြီး အေးချမ်းသာယာသည့် မြတ်သုခဖြင့် ပြည့်စုံစေသော သာသနာ အဝန်း "ဓဇဂ္ဂ" ဆံခွန်အလံဖြစ်သည်။

သာသနာနှစ် ၂၅၅၂ ခုနှစ်၊ မေလ ၂ ရက်နေ့၊ သောကြာ စနေအကူး (**သိကြားသန့်စင်မိုး**) နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည်။ အကောင်းတွေ့ခါနီး အဆိုးရှေ့ကခံဆိုသကဲ့သို့ လောကဓံကပြုလုပ် စီမံခဲ့သည်။ ကမ္ဘာသိအောင် နှစ်ပေါင်းနှစ်ထောင်ကျော် မဖြစ်စဖူး ထူးကဲစွာ တွေ့ကြုံခံစားခဲ့ရသည်။ သာသနာ နတ်ဒေဝါစောင့်ရှောက်မြဲ ဖြစ်သည်။ နာဂစ်မုန်တိုင်းဒဏ် အင်တာနက်မှတွေ့ရသည်။ မင်္ဂလွန်း စေတီ၏ ထီးတော်သည် ဦးစွာပထမ ဘုံအဆင့်ကျန်ပြီး စိန်ဖူးတော်နှင့် ထီးတော်များ မြေခခဲ့ရသည်။

(ပထမထီးတော်ဘုံမှာ အများပြည်သူကောင်းမှု အလှူဖြစ် သည်။) ထို့နောက် ဆံတော်ကြိုစေတီတော်များ ထီးတော်မြေခ ပြုတ်ကျ လာကြသည်။ **ထီးတော်၏ ပိန္နဲတိုင်သံချောင်းကြီးသည် ရွှေတိဂုံစေတီ**

**တော်ရှိရာ ဦးခိုက်ညွှန်းဆိုဘိသကဲ့သို့ ကိုင်းညွှတ်နေကြသည်မှာ အံ့ဩ ဝမ်းနည်းဖွယ်ဖြစ်သည်။**

လောကဓံတရားဟူသည် ခေတ္တမျှသာဖြစ်သည်။ ထိုနှစ် တပေါင်းလပြည့်ဝန်းကျင် အများပြည်သူနှင့် မွန်ပြည်နယ် ကျိုက်ထီး ဆောင်းဆရာတော် ဦးပညာဒီပ၊ မဟာသီရိသုဓမ္မ ဒေါက်တာဦးခင်ရွှေ ထီးတော်များပြန်လည်ပူဇော် အထွဋ်တင်နိုင်ခဲ့ကြသည်။ **ဆံတော်ကြို စေတီတော်များ တစ်ကျော့ပြန်သာသနာထက်ဝက် ခရီးပြန်လည်ပြီး နိုးထခွင့်** ဘုန်းသာသနာထွန်းပစေခဲ့သည်။

အံ့ဩဖွယ်ရာ ဆံတော်ကြိုစေတီများနှင့်အတူ **ရွှေတိဂုံစေတီ ပုံတူ** နေပြည်တော်တွင် နိုင်ငံတော်မှ ဗိုလ်ချုပ်မှူးကြီးဦးသန်းရွှေ ဦးစီး တည်ထားခဲ့သော စေတီတော်ကြီးပါ တပေါင်းလဆန်း ၁၄ ရက် စက်ယန္တရားဖြင့် ထီးတော်တင်လှူနိုင်ခဲ့သည်။ လပြည့်ကျော် ၁ရက်နေ့ တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော် စတုမဟာရာဇ်နတ်မင်း လေးပါးအပ်နှင်း၍ ပန်းရထားဖြင့် ထီးတော်တင်လှူ ပူဇော်ခွင့်ရခဲ့ သည်။ ထူးကဲလှသည့် သာသနာမြန်မာပြည် အံ့ဖွယ်ကောင်းဖြင်းဖြစ် သည်။

**တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော်၏ သမိုင်းတဘောင် ကို ကြားသိခဲ့ရသည်။**

**၁။ သာသနာပေါက်ကာထွန်းမည်ပါ့၊**
**ဖောက်ကာထွင်းညီညာ ကြယ်တာရာစုံလို့၊**
**မြေကြီးကို လက်ခတ်လို့စိုးမယ်၊**
**ပန်းသပြေ မန္တမ်းခင်ညောင်ရေလောင်းပါလို့လေး။**

**၂။ မန္တမ်းသည် ဘုန်းရောင်လက်မည်ပါ့၊**
**ဗိုးလမင်းစံအိမ်ပြောင်သလို မြန်မာပြည်သာယာဖို့၊**

စနေနံ ဧကန်ရောက်ပါတော့မယ်၊
သေီရိစန်းလက်အိမ် နန်းတက်ချိန်နီးပြီကွဲ့လေး။

၃။ တစ်နည်းမျှော်တော်ရောင် ဘုန်းမောင်လာစေဖို့၊
အောင်သပြေ ညောင်ရေမည့်ိုးစေနဲ့ မျှော်ကိုးလို့နေကြ၊
မိုးချုပ်လို့ လမသာ မျှော်တော်ရောင်လေး၊
ဖန်မီးရှေ့အိမ်နဲ့ ဆီးကြိုပါ့လေး။

၄။ တံခွန်ဦးစေတီပေါ်မယ် ဆီးကြိုတော့ကွယ်၊
တာဟောင်းကိုပယ် တာပြိုကို မှန်ကာသပါလို့၊
အရှေ့တောင်ညီနောင်က လူနီနီဘောင်းဘီဝတ်ပါတယ်၊
အရှေ့ဆိုတောင်ပေါ်ထိပ် ကေလာသရောင်ဆံတော်ထွေး၊
ပြည်ညွှတ်အောင်လာဖို့ ဘုန်းမောင်ကွဲ့လေး။

ဖော်ကျူးဖွင့်ဆိုချက်

၁။ **"သာသနာပေါက်ကာထွန်းမည်ပါ့"**။ ဝိမုတ္တိယုဂခေတ် တစ်ကျော့ပြန် ဝိပဿနာတရားများပေါ်ထွန်းချိန် ဗုဒ္ဓပွင့်ထွန်းစကဲ့သို့ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသတိပဋ္ဌာန်တရားများ ပေါ်ထွန်းပြီး သာသနာတော်ကြီး ထွန်းလင်းသည့်အချိန်ကာလကို ညွှန်းဆိုသည်။

**"ဖောက်ကာထွင်းညီညာ၊ ကြယ်တာရာစုံလို့ မြေကြီးကို လက်ခတ်လို့စိုးမယ်"**။ ဗုဒ္ဓမြတ်စွာပွင့်ထွန်းစ တောင်ကျွန်း မဟာ "စေတီ"ဦးစွာရ၍ ထိုစေတီတော်သည် ဆံတော်ဦး ရွှေတိဂုံစေတီတော်။ ရှစ်ဝါမြောက်ဆံတော်ရှင် စေတီတော်များ ကြယ်တာရာများကဲ့သို့ ညီညာစုံလင်စွာ ကမ္ဘာမြေပြင်ထိုးဖောက်ကာ ရှေးပညာရှိသူတော်ကောင်းများ ပါရမီတော်ဖြည့်ဆည်းလျက် မြင့်မိုရ်တောင် ကမ္ဘာမြေပြင်

ကို လက်ဖြင့် ကုတ်ခြစ်ထုဆစ် အမွမ်းတင်ခဲ့သော စေတီတော်များကို ညွှန်းဆိုသည်။

၂။ **"ပန်းသပြေ ညောင်ရေလောင်းပါလို့၊ မန္တမ်းသည် ဘုန်းရောင်လက်မည်ပါ့"**။ မြန်မာလူမျိုးတို့ ကိုးကွယ်ဆည်းကပ်မှု စေတီတော်များ ပန်းသပြေညောင်ရေလောင်းလို့ ဗုဒ္ဓဝေယျာဝစ္စ ဥပါသကာအနွယ်ပွား မြန်မာလူမျိုးများ ကြိုးစားအားထုတ်မှုကြောင့် စေတီတော်များ ဘုန်းရောင်တောက် သာသနာမည့်ိုးနွမ်းခြင်းကို ညွှန်းဆိုသည်။

**"ဖိုးလမင်းစံအိမ်ပြောင်သလို၊ မြန်မာပြည်သာယာဖို့ စနေနံ ကံရောက်ပါတော့မယ်"**။ ဗုဒ္ဓမြတ်စွာသာသနာ ဆရာ ဒကာ ကြိုးစား ကြည်ညိုလေးစားမှုကြောင့် တစ်လ ရက် ၃၀ တွင် ၁၅ ရက်တစ်ကြိမ် လပြည့်ဝန်းကြီး ကမ္ဘာမြေပြင်ထွန်းလင်းသကဲ့သို့ သာသနာထက်ဝက် ခရီးတွင် ဗုဒ္ဓမြတ်စွာအဆုံးအမ အထွတ်တင်ထားသော မြန်မာပြည် သာသနာ ထွန်းလင်းတောက်ပြောင်စေဖို့ (သာယာစေဖို့) စနေနံထီးတော် တင်လှူပွဲများကျရောက်မည်ကို ညွှန်းဆိုသည်။

**"သေီရိ စန်းလင်္ဂအိမ် နန်းတက်ချိန်နီးပြီကွဲ့လေး"**။ ရှေးမြန်မာ မင်းများ နန်းတက်ချိန် တိုင်းသူပြည်သားများ အေးချမ်းသာယာပျော် ရွှင်ဖွယ် လမ်း၊ တံတား၊ စေတီပုထိုးများ သဲဖြူခင်း ရာဇမတ်ကာ သာသနာတော်အတွက် ဆရာဒကာ အေးချမ်းသာယာစွာရှိသော နက္ခတ် တာရာ စန်းနဲ့လဂ် တစ်ထပ်တည်းကျ၍ ကောင်းမွန်သော အချိန် ကာလကို ညွှန်းဆိုခြင်းဖြစ်သည်။ **(ထီးတော်များတင်လှူပူဇော်ချိန် ကာလ)**။

၃။ **"တစ်နည်းမျှော်တော်ရောင် ဘုန်းမောင်လာစေဖို့ အောင် သပြေ ညောင်ရေမညှိုးစေနဲ့"**။ သာသနာထက်ဝက်ခရီးတွင် ဗုဒ္ဓမြတ်စွာ ဆံတော်စေတီများနှင့်အတူ ဆရာဒကာ လက်တွဲညီညာကြစေဖို့ ဗုဒ္ဓ၏

ရောင်တော်ထက်ပါလာသော ဆံတော်များကို ပညာရှိသူတော်ကောင်း များ ဆံတော်စေတီ လမ်းပနက်တင်ခဲ့သည်။ ရှေးပဝေအစ ဂန္ဓဝင် မြောက် ဆံတော်ကြိုစေတီများ ဘုန်းသဘာတင့်အောင် ဘုန်းသဘာရှိ ပညာရှိသူတော်ကောင်း ပါရမီရှင်များ နတ်ဒေဝါ အစောင့်အရှောက် တာဝန်ရှိ ပါရမီရှင်များရောက်လာစေဖို့ **အောင်သပြေ ညောင်ရေမည့်ိုး အောင် စောင့်မျှော်ကိုးခြင်းကို ညွှန်းဆိုသည်။**

"**မျှော်ကိုးလို့နေကြ၊ မိုးချုပ်လို့ လ,မသာ၊ မျှော်တော်ရောင် ကလေး၊ ဖန်မီးရွှေအိမ်နဲ့ ဆီးကြိုပါ့လေး**"။ ဆန္ဒမွန်ဖြင့် သာသနာ အကျိုးမျှော်ကိုးသော်လည်း အချိန်အခါ နေရာ သဘာဝမျှတမှု စောင့်ဆိုင်းကြရမြဲဖြစ်သည်။ မိုးချုပ်လို့ လမသာဆိုသကဲ့သို့ ဆံတော်ကြို စေတီများ ပွဲခင်းကျင်းပ ဘုန်းသဘာတင့်သော်လည်း တံခွန်ဦးစေတီ တော်ကျန်နေခြင်း၊ ရှေးပဝေအစတွင်လည်း ဆံတော်ရှင်စေတီတော်ကြီး ရွှေတိဂုံ (မဟာတိဂုမ္ဘဆံတော်ရှင်)ပြီးမှ တံခွန်ဦးစေတီတော်အား ဥက္ကလာပမင်းကြီးကိုယ်တော်တိုင် ဦးစီးကျင်းပကြောင်း သီးခြားသဖွယ် အချိန်အခါ ရွေးချယ်ကြောင်းသိရသည်။

ထိုကဲ့သို့ နောက်ကျကျန်၍ ရောက်မလာသော်လည်း ဖန်မီး ရွှေအိမ်နဲ့ ဆိုထားဘိသကဲ့သို့ လူမဖန်တီးနိုင်သော်လည်း နာဂစ်မုန်တိုင်း ကျေးဇူးနဲ့ နတ်ဒေဝါအစောင့်အရှောက် လျှပ်စစ်မီးသီးများနှင့် ရွှေရောင် ငွေရောင်အလင်းရောင် တိုးမြစ်ကြီးတစ်လျှောက် ဆံတော်ကြိုတံခွန်ဦး စေတီအဖြစ် ပြနေ၊ ဆီးကြိုနေခြင်းဖြစ်သည်ကို ရည်ညွှန်းဆိုခြင်းဖြစ် သည်။

တိုးမြစ်ကြီး၏ကျေးဇူးသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့အတွက် မြန်မာပြည်ဆန်အိုးကြီး ဖြစ်အောင် ဖန်တီးခြင်း၊ သား၊ ငါး၊ သီးနှံဖြစ်ထွန်းအောင်မြင်ခြင်း၊ ကမ္ဘာမြေပြင် တည်တံ့ခိုင်မြဲစေဖို့ သွေးကြောသဖွယ်ရှိခြင်း၊ ကမ္ဘာ

မြေပြင် သမိုင်းအဆက်ဆက် ကောက်ကြောင်းခြေရာ မြေပုံညွှန်းသဖွယ် သိင်္ဂုတ္တရကုန်းမြေ ရွှေတိဂုံတည်ရာဌာနကို မြို့လေးမြို့ ချောင်းလေးချောင်း ဝိုင်းရံထားသော အလယ်တွင်ရှိသည့် ကမ္ဘာ့အထင်ရှားဆုံး စေတီဟု ညွှန်းဆိုသက်သေ နေရာဖြစ်သည်။

၄။ **တံခွန်ဦးစေတီပေါ်မယ် ဆီးကြိုတော့ကွယ်။** တံခွန်ဦးစေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့အပိုင် ဂရမ်ကြီး ၂၅၀၀ အတွင်း မုတ်ကျွန်းပိုင်နယ်မြေအတွင်း ကျရောက်ခြင်း၊ ဓမ္မစကြာဖြင့် အောင်ပွဲခံခြင်း၊ နတ်ဒေဝါများ စောင့်ရှောက်ခြင်း။ ၁၄ ရက် အဖိတ်နေ့များတွင် ရောင်ခြည်တော်ကွန့်မြူးတတ်ခြင်း၊ ရွှေခြံမြေအဖြစ် "မုခ"တောင်ကျွန်းဒီပါ၏ မျက်နှာဝ မုခ်ဦးအဝင်ဖြစ်ခြင်း၊ သာသနဓဇ သာသနာ ၂၅၀၀ ခရီး တံခွန်သဖွယ်ဖြစ်ခြင်း၊ တိုးမြစ်ကြီး၏ ပင်လယ်အဝင် ကမ်းခြေဖြစ်သည့် ထိုစေတီတော် စည်ကားမှု ဆီးကြိုရန် ညွှန်းဆိုသည်။

"**တာပေါင်းကိုပယ် တာပြိုကို မှန်ကာသပါလို့**"။ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးမှ နိုင်ငံတော်ကို တောင်းခံမှုဖြင့် နာဂစ်မုန်တိုင်းတတ် ရေလမ်းကြောင်း ပျက်စီးခဲ့သည့်အစား နောက်ထပ်တစ်ဖန် တည်ဆောက်သော မြစ်ပါတ်တာပြိုကို ယခုတစ်ဖန် ပြန်လည်၍ အကောင်းဆုံးတာဘောင်လမ်းဖြစ်အောင် **၅-၂-၂၀၁၂ တနင်္ဂနွေနေ့** စေတီဝန်းကျင်ပြီးစီးခဲ့သည်။ ဤသည်ကို လေးစားဖွယ် တဘောင်သက်ညွှန်း အချိန်အခါနေရာ သာသနာသက္ကရာဇ် ၂၆၀၀ ပြည့် အံ့ဖွယ်အခါကောင်းဖြစ်သည်။

"**လှနီနီ ဘောင်းဘီဝတ်ပါ**"လို့ ဒါယကာတို့အထက် ရဟန်းမြတ်(စေတီယင်္ဂဏ) စေတီတော်များ မြင်းမိုရ်တောင် ကမ္ဘာမြေပြင်ထုဆစ် အမွန်းတင်နိုင်သော ရဟန်း၊ တပ်မတော်မှ ပါရမီရှင် စစ်သူရဲကောင်းများကို ဆိုလိုသည်။

**"အရှေ့တောင်ညီနောင်က လူနှိုးဘောင်းဘီဝတ်ပါလို့"**။ စေတီတော် ပြုပြင်မည့်သူသည် အရှေ့တောင်အရပ်ဟု ဆိုလိုသည်။ ညီတော်နောင်တော်ဟူ၍ ရှေးဗုဒ္ဓဘုရားရှင်များအား သက်သေပြုခဲ့သည်။ သာသနာဦး တပုဿနှင့် ဘလ္လိကညီနောင် အပါအဝင် သာသနာတွင် ညီနောင်အတွဲ ရှစ်ဝါမြောက် **တိဿရသေ့ညီနောင်**။ သာသနာနှစ် ၂၃၅-၂၃၆ ခုတွင် **သောဏာမထေရ်** ရဟန္တာညီနောင်များ ယနေ့တိုင် သာသနာမည့်ြိုးစေသောကျေးဇူး။ မြန်မာ့သမိုင်းတစ်လျှောက် ဆရာဒကာ လက်တွဲညီကာ သာသနာ့ဝန်ထမ်းဆောင်ခြင်း ကျေးဇူးဖြစ်သည်။

**"အရှေ့ဆို တောင်ပေါ်ထိပ်၊ ကေလာသရောင် ဆံတော်ထွေး၊ ပြည်ညွတ်အောင်လာဖို့အရေး၊ ဘုန်းမောင်ကွဲ့လေး။"**

မွန်ပြည်နယ် ဘီးလင်းတောင်စွန်းတောင်ကြီးမှ ကေလာသတောင်ထိပ် ကျိုက်ဒေးယျုံစေတီ (ကေလာသစေတီ + ကေလာသဖစေတီ)၊ ကြက်မင်းစေတီ၊ မြသပိတ်စေတီ၊ ကြောင်တရာစေတီ၊ ကျားစေတီတော်၊ သထုံမြသပိတ်စေတီ (ပထမစေတီ)တို့ကို သာသနာထက်ဝက်ခရီးမှစတင်၍ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ထိပ်တန်းသာသနာပြု ကျိုက်ထီးဆောင်းဆရာတော်ကြီးသည် မွန်ပြည်နယ်၊ ဘီလင်းမြို့နယ်၊ **ဇုတ်သုတ်ကျေးရွာ မြဦးတောင်ထိပ်ရှိ ကျိုက်ထီးဆောင်ဆံတော်ရှင်ကို ထီးမထွိုင်သဖွယ်** ဗဟိုပြု၍ ခရိုင်သဖွယ်ဖြစ်သော မဟာဓာတုဝင်၊ မဟာထူပဝင်၊ မဟာဂန္ဓဝင် ဆံတော်ရှင်စေတီ အပြိုအပျက်များကို ပြန်လည်ပြုပြင်စေပြီး တစ်ကျော့ပြန်သာသနာ ဤအချိန်အခါဝယ် ဗုဒ္ဓ၏ ဉာဏ်တတ္တ အရိယာပရိသတ်တို့အား ကြုံဆုံစေလျက် ဝိဇ္ဇာဉာဏ်သုံးပါးသော "ပုဗ္ဗေနိဝါသဉာဏ်" ရှေးကောင်းမှု အတိတ်ပါရမီဉာဏ်ရှိခြင်း၊ "ဒိဗ္ဗစက္ခု" သာသနာအတွက် ဉာဏ်ထက်မြက်ခြင်း၊ နတ်ဒေဝါများ သာဓုခေါ်ရခြင်း၊ "အာသဝက္ခယဉာဏ်" အကုသိုလ်ကင်း၊ ကုသိုလ်ရှင်းအောင် သိမြင်ခြင်း၊ မမြင်အပ်,မြင်အပ်

အတား အဆီး ကျော်လွှားနိုင်ခြင်းစသော ဘုန်းကံကြီးသူ ပါရမီရှင် ဘုန်းမောင်ကွဲ့လေးဟု လာဆဲလာလတ္တံ့ဟု ဖော်ညွှန်းချိန်ခါ ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ဆံတော်ရှင်စေတီများ သာသနာဦးဆံတော်ထူး ဥက္ကလာပတိုင်း ဇနပုဒ် တပုဿ၊ ဘလ္လိကညီနောင်မှ အစပြုပြီး ဗုဒ္ဓကိုယ်တော်တိုင် ကြွချီ၍ သုဝဏ္ဏဘုမ္မိ သူတော်ကောင်းများနေရာ အမှန်ဖြစ်အောင် ပြောင်းလဲပေးခဲ့သော သာသနာ၏အဝန်း မြန်မာပြည်ဖြစ်ကြောင်း ဆရာ ဒကာ သာသနာ့တာဝန်ကို ကျေပွန်စွာရှိကြောင်း ကြည်ညိုဖွယ်ရာ စေတီမဟာများအတွက် စွမ်းနိုင်ကြသော ပါရမီရှင်ကြီးများအတွက် ဂုဏ်ယူစွာ ဖော်ကျူးရေးသားအပ်ပါသည်။

ဤတဘောင်သည် ယောမင်းကြီး ဦးဖိုးလှိုင်၏ တဘောင် ဖြစ်ကာ ညွှန်းတန်းဝင်ဖြစ်လေတော့သည်။

*

ရောင်ပြန်မဂ္ဂဇင်း၊ ၂၀၁၇ ခု၊ အမှတ် (၂၇၈)

## နာဂစ်မုန်တိုင်း အစိုင်းမဆိုသာ

အမှန်တရားဖော်ထုတ်ရာတွင် **တစ်ခါတစ်ရံ အချိန်အခါစောင့်အပ်သည်။** ကမ္ဘာ၏ဆွဲအား ကမ္ဘာအကြောင်း သုတေသနရှင် (ဂယ်လီလီယို) ကမ္ဘာကြီးလုံးသည်ဟု သက်သေသက္ကာယဖြင့် ပြဆိုနိုင်ခဲ့သည်။ အများပြည်သူက **ကမ္ဘာကြီးလုံးသည်ဟု ပြောဆိုရမည်လားဟု ရေနံဖတ်များပက်၍ မီးရှို့သတ်ပြစ်ခဲ့ကြသည်။**

ထို့အတူ သာသနာ့ဘောင်မှ **အရှင်အာဒိစ္စဝံသ ပကာသနီယကံဆောင်ပြုဖြစ်ခဲ့ကြသည်။** ကျွန်တော်ငယ်စဉ်က ကမ္ဘာကြီးသည် လုံးဝန်းသောပုံသဏ္ဍာန်ရှိသည်ဟု ကျောင်းစာဖတ်နေစဉ် ဖခင်ဖြစ်သူမှ မှားသည်ဟူ၍ ကမ္ဘာကြီးသည် အိမ်တွင်ပြား၍ ကျောင်းတွင် လုံးခဲ့ရသည်ကို ပြန်သတိရသည်။ ယနေ့ ကမ္ဘာကြီးသည် လုံးဝန်းကြောင်း လူသားအားလုံး လက်ခံလာကြသည်။

နာဂစ်မုန်တိုင်းကြောင့် မြန်မာပြည် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘင်္ဂလားပင်လယ်အနီးတစ်ဝိုက် မုန်တိုင်းဒဏ်ခံစားခဲ့ကြရသည်ကို ဝမ်းနည်းဖွယ်၊ ရင်နာဖွယ်၊ ကြောက်မက်ဖွယ်၊ အိပ်မက်

ဆိုးကြီးပမာ လူသားတို့ ခံစားခဲ့ကြရသည်။ လောကဓံအဆိုးကို လူသားတို့ တွန်းလှန်ဖြိုခွင်းနိုင်ခဲ့ကြသည်။

ကမ္ဘာသိမုန်တိုင်း လူသားတို့ရှိုင်းသည်ဟု ထင်ကြရသော်လည်း သာသနာနှစ် ၂၅၅၂ ခုနှစ် ဝေဒအမြင် 'ကက်ကင်းလည်ပြန်' သာသနာအတွက် အကျိုးပေးသန်ခဲ့သည်။ သာသနာ အစ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပုသ္သ၊ ဘလ္လိကညီနောင်ကျေးဇူး ဆံတော်ကြိုးစေတီ ကိုးဆူနှင့် ရွှေတိဂုံပုံတူ သန္တိဥပ္ပါဒစေတီတော် အပါအဝင် စေတီတော် ပေါင်း ၃၀၀ ကျော် ဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေနှင့် တပ်နှင့်ပြည်သူ ဆရာတော်ဦးပညာဒီပ ကျိုက်ထီးဆောင်း ဆရာတော်နှင့် မဟာသီရိ သုဓမ္မ ဒေါက်တာဦးခင်ရွှေ ပြည်သူအပေါင်း ကမ္ဘာပထဝီမြေပြင် ကုတ်ခြစ်ထုဆစ် သာသနာအတွက် အထွတ်ပြု စေတီတော်များ ပေါ်ထွန်းခဲ့သည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း၊တရား၏ဂုဏ်တော်၊ အကာလိကော ချက်ချင်းလက်ငင်း အချိန်တိုင်း သတိရတိုင်း မြတ်ဗုဒ္ဓ၏လောင်းရိပ် ကောင်းသော ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံစွာ တန်ဖိုးသိသလောက် ချမ်းသာပြည့်စုံသည်။

**'နာဂစ်' မုန်တိုင်း အမည်နာမ ပေါ်ပေါက်လာခြင်းမှာ ဘင်္ဂလီ၊ အာရ်ဘီလူမျိုးများမှ အမည်ပေးလိုက်ခြင်းဖြစ်သည်။** မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်ခုကြား စည်းရိုးသဖွယ် ခြားထားသောမြစ်ကို (နာခ်ဒေါ်လီယာ) နာခ်မြစ်ဟု ခေါ်သည်။ ထိုမြစ်သဲသောင်ကမ်းခြေ တွင်နေသော ဘင်္ဂလီလူမျိုးတို့ ခံစားနေကျ မုန်တိုင်းအမျိုးအစားဖြစ်သည်။

မုန်တိုင်းကျရောက်တော့မည်ဆိုလျှင် လေနီကြမ်းကြီး ကောင်းကင်မှ ပင်လယ်ရေအတွင်း ထိုးဝင်သွားသည်ကို မြင်ကြရသည်။ သိပ်

မကြာမီအချိန် ပင်လယ်ပြင်မှ နဂါးကြီးတစ်ကောင် ပေါ်ထွက်လာသလို ကောင်းကင်မှ ''မိုး''ပင်လယ်ပြင်မှ ရေတွေ မြေပြင်ပေါ်တက်ပြီး ရွာချနေသော မိုးရေသည်လည်း ရေသန့်မဟုတ်၊ ပင်လယ်ရေနောက်တွေ ပါလာသည်။ ပင်လယ်ရေဖြင့် မြေပြင်ဆေးသလို မုန်တိုင်းကြီး၏ လေတိုက်နှုန်းလည်း များလွန်းသည်။ လောက ကမ္ဘာမြေပြင် တန်ခိုး ပြင်းထန်သော နဂါးမင်းကြီး မြူးပျော်နှင်းခြေသွားသလို လူသားတို့ သေကျေပျက်စီး တလင်းပြင်ကြီးအဖြစ် စွန်းထင်းကျန်ရစ်ခဲ့လေသည်။

ထိုအဖြစ်ဆိုးများ ခံစားခဲ့ရသော အာရ်ဘီလူမျိုးများနှင့် ဘင်္ဂလား ဒေ့ရှ်လူမျိုးများ ထိုမုန်တိုင်းကို နာ့ခ်မြစ်အနီး တိုက်ခတ်လေ့ရှိ၍ နာ့ခ်မုန်တိုင်း (နာ့ခ်=နဂါး)ဟု မြန်မာပြန်သည်။ နာ့ခ်မြစ်မှ အစပြု ဖြစ်သောကြောင့် နဂါးမုန်တိုင်းဟု ခေါ်ကြသည်။

အာရ်ဘီလူမျိုးများမှာ 'နာ့ခ်ဒေါ်လီယား' နဂါးပန်းပွင့်မုန်တိုင်း ဟု အမည်ပေးကြသည်။ ထိုကဲ့သို့ အသွင်တူမုန်တိုင်းဖြစ်၍ မြန်မာပြည် မေလ ၂ ရက်နေ့ တိုက်ခတ်သောမုန်တိုင်းကို 'နာဂစ်'မုန်တိုင်းဟု အမည်ဖြစ်သည်။

ထိုမုန်တိုင်းဆိုး ကာကွယ်နိုင်ရန် ဘင်္ဂလီ အာရ်ဘီလူမျိုးများ နာ့ခ်မြစ်ကမ်းခြေ သဲသောင်ပြင်တွင် 'နဂါးမင်းကြီး မရမ်းကားပါနှင့်၊ နဂါးမင်းကြီး မနှိပ်စက်ပါနှင့်၊ စောင့်ရှောက်ပါ'ဟု နဂါးစာကျွေးခြင်း အဖြစ် နွားနို့၊ ပျားရည်၊ ဒိန်ချဉ်၊ ပေါက်ပေါက်၊ နှင်းဆီပန်းများ လင်ပန်း ခွက်တို့ဖြင့်ထည့်ပြီး နဂါးပူဇော်တောင်းပန်ပွဲ လုပ်လေ့ရှိသည်။

ရှေးယခင်များနှင့်မတူ ယခုခေတ် လူတို့သည် ကမ်းခြေတစ် လျှောက် ဒီရေရောက်သစ်တောများ စိုက်ပျိုးခြင်း၊ သစ်ပင်များ အကာ အကွယ်ပြု၍ နာ့ခ်မုန်တိုင်းဘေးအန္တရာယ် ကင်းဝေးသွားခဲ့ကြရသည်။

မြန်မာပြည် နာဂစ်မုန်တိုင်းတိုက်ခတ်လာခြင်းမှာ ရန်ကုန်တိုင်း ဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်း ပင်လယ်ကမ်းခြေမှ မိုင်

နှစ်ရာအကွာ ကိုးကိုးကျွန်းမှ မိုင်တစ်ရာအကွာ ဘင်္ဂလားပင်လယ်အော် အတွင်းသို့ လေနိုကြမ်းကြီး ထိုးဝင်သွားသည်။ ၂၄ နာရီခန့်အကြာ ဘင်္ဂလားပင်လယ်ကမ်းခြေ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း နာဂစ် မုန်တိုင်းကြီး ကမ္ဘာ့သိ တိုက်ခတ်လာလေတော့သည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ရွှေခြံမြေမုခ်ကျွန်း ဂရမ်ကြီး ၂၅၀၀ အတွင်း မင်္ဂလွန်းစေတီတော် ဦးစွာထီးတော်မြေခ ခဲ့ရသည်။ (အင်တာနက်တွင် တွေ့နေရသည်)။ စေတီတော်၏ ပိန္နဲတိုင် မှာ ရွှေတိဂုံစေတီတော်ကြီးရှိရာ ညွှန်းဆိုပြနေလေသည်။ ဆံတော်ကြို စေတီတော်များအားလုံး ပိန္နဲတိုင်များ တစ်ထပ်တည်း ရွှေတိဂုံစေတီ တော်ကြီးကို ညွှန်ပြနေကြသည်။

မေလ ၂ ရက်နေ့ 'ရွေးကောက်ပွဲ' နာဂစ်မုန်တိုင်းမရွှေ့ဘဲ အချိန်မီတိုက်ခတ်ပေးခဲ့သည်။ ဝမ်းသာဖွယ် ရွေးကောက်ပွဲရလဒ် သူ့ဌေးသူကြွယ် သဒ္ဓါဖွေးဖြူ ပေးလှူခွင့်ရခဲ့သည်။ ရွေးကောက်ပွဲ အာဏာပိုင်လူကြီးများ ပြည်သူများကို အရေးတယူ ဖေးကူနေရသည်။ ရဟန်းရှင်လူ သူတော်တွေလည်း ဗုဒ္ဓမြတ်စွာ သာသနာဦး တပုဿ၊ ဘလ္လိကညီနောင် သာသနာလမ်းကြောင်း သာသနာနှစ် ၂၅၅၂ ခုနှစ် 'ဝေဒ'ကျမ်းအလို 'ကက်ကင်းလည်ပြန်' ဇာကန်အောင်ပွဲ သမ္မာဒေဝ နတ်မင်းများကျေးဇူး သာသနာတော်အတွက် သူတော်ကောင်း နတ်ကောင်း မ,ခဲ့သည်။

မြန်မာပြည် တရားပြဓမ္မကထိက ဆရာတော်များ ပြည်သူ များကို ပြန်လည်လှူဒါန်းခဲ့သည်။ ဓမ္မရူပ စာသင်စာချဆရာတော် များ ပြည်သူတွေ လှူဒါန်းထားသောဝတ္ထု ပြည်သူတွေဒုက္ခရောက်ချိန် ပြည်သူကို ပံ့ပိုးရန် တရားပြခဲ့သည်။ ဝမ်းသာဖွယ်ရာ၊ ကြည်နူးဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာအဖြစ် လူသားတို့ မုန်တိုင်းဒဏ် ဖြတ်ကျော်ခဲ့ကြသည်။

နှစ်ပေါင်း ၂၅၀၀ ကျော် မပေါ်ပေါက်ဘူးသော မုန်တိုင်းကျေးဇူးကြီးမားသည်။ အကယ်၍ နာဂစ်မုန်တိုင်း မတိုက်ခတ်ခဲ့ပါလျှင် 'အတ္တနော မတိ' ဖြစ်ချင်တာသာ ရှေးရှုသူများအတွက် 'တရားကိုမတွေ့၊ ဘုရားကို မေ့နေကြမည်သာ'ဖြစ်သည်။

စာဖတ်သူတို့ သိစေအပ်သော ဘဝကိုပျက်စီးစေတတ်သော အကြောင်းတရား ငါးပါးရှိသည်။ ပါတီ၊ ဂိုဏ်းဂဏ၊ ဩဇာ၊ လက်နက်၊ ငွေတို့ဖြစ်သည်။

၁။ ပါတီ = အဖွဲ့အစည်းများ။

၂။ ဂိုဏ်းဂဏ = ထင်ရှားသောအစုအစည်း။

၃။ ဩဇာ = အမိန့်အာဏာထက်မြက်သူ။

၄။ လက်နက် = လူကိုသေစေသောပစ္စည်း။

၅။ ငွေ = အင်အားအထက်မြက်ဆုံးသို့ ကူးပြောင်းစေခြင်း။

အတ္တနှင့်ယှဉ်သော လောဘ၊ ဒေါသ၊ မောဟ သုံးပါးသော အင်အားဘက်သို့ လူသားတို့ အမှောင်ခင်းလာသည်ရှိသော် ပြင်းထန်သော မုန်တိုင်းအောက်သို့ ကျဆင်းစေပြီး ရှေးကံပါရမီ ရှိသေးသောသူ၊ ဗုဒ္ဓတရားဖြင့် မကင်းလွတ်သေးသောသူတို့သည် ယနေ့ ကမ္ဘာကြီးကို ရွာတစ်ရွာလို ကြည့်ခွင့်ရသော နတ်မျက်စိပမာ 'အင်တာနက်လောက'၊ နတ်သမီးတစ်ပါးလို ပြင်သလိုရသောခန္ဓာကိုယ် 'သိပ္ပံလောက'၊ နတ်ဗိမာန်လို ဆောက်လုပ်နေနိုင်သော 'စက်မှုနှင့် လျှပ်စစ်လောက'တို့ကို တွေ့ထိခွင့်ရခဲ့လေပြီ။ သူတော်ကောင်းတို့ လောကခံကို ရဲရင့်သော ပါရမီဖြင့် ဖြတ်သန်းရင်း ကောင်းမွန်သော သုခတရားများ ပြီးပြည့်စုံနိုင်ပါစေဟု ညွှန်းဆိုပြုလိုပါသည်။

*

ပေါက်ဝိဇ္ဇာဂျာနယ်

အတွဲ-၁၊ အမှတ်-၄၆၊ မတ်လ ၂၀၁၇



# ဂန္ဓာရီပုတီးလေးတစ်ကုံး
## မဟာမြိုင်ချက်မ

ဆရာတော်ဘဒ္ဒန္တပညာဓောတ(သဲဖြူရိပ်သာ မှော်ဘီ) လေးကျွန်း ရန်အောင်မြင်ဘုရား ဒီပါအေးကုန်းတော် မဟာမြိုင်ချက်မ ကလေးဝ မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးသို့ရောက်ခဲ့စဉ် စာရေးသူ၏ ပုတီးလေး တစ်ကုံးအကြောင်း ဗုဒ္ဓနုဿတိ ပွားနေလေတိုင်း သတိတရဖြင့် ရေးလိုက်မိပါသည်။

မဟာမြိုင်ဆရာတော်ကြီးသည် ဆရာတော် ဘဒ္ဒန္တပညာဓောတ ဆရာတော်ကို 'သဲဖြူ'ဟု အတိုကောက်ခေါ်ဆိုသည်။ ထို့အတူ

ပျူခေတ် သရေခေတ္တရာ ဒွတ်တဘောင်မင်း ပန်ထွာမိဖုရားကြီးကို 'မိပန်း' ဟု ခေါ်ဆိုပြန်သည်။

တစ်နေ့ မောင်သဲဖြူ မင်းနောက်ကို မိပန်းလိုက်နေတယ်ကွာ။ မိပန်းနဲ့တိုင်ပင်ပြီး မဟာမြိုင်ချက်မမှာ မင်း သာသနာပြုလုပ်ငန်းတွေ လုပ်ပါ။ တိုက်တွန်းပြီး မဟာမြိုင်ဆရာတော်ကြီးမှ တောင်ဝှေးတစ်ချောင်းပေးခဲ့သည်။

ဘိုးတော်အောင်မြင့်၊ ဘိုးတော်သောင်းနွဲ့တို့မှ သဲဖြူဆရာတော်ထံ လာရောက်၍ စေတီတော်ကြီးအား ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ မိန့်ကြားချက်အရ ၁၀၈ တောင် အမြင့်ဆောင် သာသနာ့ထွတ်ခေါင် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးဟု ဘွဲ့တော်ပေး၍ အောင်မြင်စွာတည်ထားသည်။ အများပြည်သူ နဖူးပြင်ဦးတင်လျက် ပြည်သူများ ကုသိုလ်ယူနိုင်ခဲ့ကြလေသည်။

စာရေးသူ မဟာမြိုင်ချက်မ သံဖြူဆရာတော်ဘုရားထံသို့ ၁၆-၄-၂၀၁၇ ခုတွင် ရောက်ခဲ့သည်။ သုမင်္ဂလဓဇောတရေ ဦးလှမြင့် မြေလျှောက် ဝိဇ္ဇာဘွဲ့ခံ ဦးဝါယမ သာသနာ့ဓဇဓမ္မာစရိယ ဆရာတော်ကြီး၊ တရားဟော တရားပြ ဆရာတော် ပညာနန္ဒနှင့် ကားမောင်းသူ ကိုသောင်းလှိုင်၊ အကူတစ်ယောက်၊ ဦးလှမြင့် လက်တွဲဖော်တစ်ဦး၊ ရဟန်းနှစ်ပါးနှင့် လူငါးယောက်တို့ဖြစ်သည်။

စာရေးသူတို့အဖွဲ့ နေ့လယ် ၁၁ နာရီကျော်ရောက်၍ အားလုံး သက်သတ်လွတ် **(အသွေးအသားမဲ့)** ကောင်းမွန်သော အာဟာရပြည့်စုံဖွယ် အာဟာရစားသောက်ပြီးချိန် သဲဖြူဆရာတော်နှင့် ပဋိသန္ထာရ ခေတ္တစကားပြောချိန်ရပြီး နားနေဆောင်ကို ဆရာတော်တစ်ပါး လိုက်ပို့ပေးသည်။

မြင့်မားသော ကညင်ပင်ကြီးများနှင့် ကုန်းမြင့်ပေါ်မှ နှစ်ထပ်ကျောင်းဆောင်မှာ ရေမီးအစုံ အိမ်သာ ရေချိုးခန်းတို့နှင့် အပေါ်ထပ်

ခြင်ဆန်ကာတပ်ထားသော မှန်တံခါးများ ခံ့ညားထည်ဝါစွာ ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်သည်။ စာရေးသူတို့အဖွဲ့ ရှင်လန်းချမ်းသာစွာ နားနေခွင့်ရခဲ့သည်။

နေ့လယ်ခင်း ခေတ္တအပန်းဖြေနားနေပြီး ညနေသုံးနာရီခွဲကားဖြင့် မဟာမြိုင်ချက်မ ဒီပါအေးကုန်းတော် လေးကျွန်းရန်အောင်မြေစေတီစတင်လို့ ဖူးမြင်ဦးတင်ကြရသည်။ ၁၀၈ တောင် အမြင့်ဆောင်သောစေတီပုထိုးဖြစ်သည်။ ရန်ကုန်မြို့ မဟာဝိဇယစေတီကြီးကဲ့သို့ ပုံတူဖြစ်သည်။ ဂူကြီးအတွင်း ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်ကြီးလေးဆူမွမ်းမံနေချိန်ဖြစ်သည်။

ထို့နောက် ရွှေတိဂုံပုံတူ တည်ထားမည့်နေရာ ရှုတင်ဆောင်ရဟန်းတစ်ပါးရှိသောနေရာသို့ လိုက်ပို့ပေးသည်။ ကားဖြင့် နာရီဝက်နီးပါး မောင်းနှင်၍ ကုန်းကမူထက်မြင့်သော တောင်ကုန်း မဟာမြိုင်ချက်မ၏ အမြင့်ဆုံးတောင်နေရာဖြစ်သော စေတီပန္နက် သတ်မှတ်ထားသည့်နေရာ အနည်းငယ် ခြေကျင်တက်ရပြန်သည်။

ရွှေတိဂုံစေတီပုံ တည်ထားတော်မူမည့်နေရာ ပန္နက်သဖွယ်တည်ထားသော တိုင်သုံးလုံး ဖိုခနောက်ဆိုင်စိုက်ထူပြီး ကျောက်တုံးကလေးများစုပုံ၍ တံခွန်၊ ကုက္ကား၊ ထီးဖြူနှင့် တိုင်သုံးလုံးစုစည်းထားသောနေရာတွင် သာသနာ့အလံကြီးကို ညှပ်ထားသည်ကို တွေ့လိုက်ရသည်။

ထိုအနီးအနား သစ်ပင်ခြေတွင် 'နေသဓ္ဓိရှုတင်'ဆောင် ရဟန်းတစ်ပါးရှိကြောင်း နေရာပြသည်။ စာရေးသူတို့ ကားစက်သံကြား၍ ရှုတင်ဆောင်ဆရာတော် ရှောင်နေဟန်တူသည်။

နေသဓ္ဓိရှုတင်ဆိုသည်မှာ လဲလျောင်းသောအကျင့်၊ ကျောမှီသောအကျင့် (**ကျောခင်းခြင်း၊ ကျောမှီခြင်း**) မကျင့်သုံးပါဟု ဖွင့်ဆိုသည်။ တရားအားထုတ်ရာတွင် မဟာသတိပဋ္ဌာန်နည်း ဣရိယာပထ သွား၊

ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုဒ်လေးပါးတွင် **'သယာနော' လျောင်းသောအကျင့်ကို ပယ်၍ကျင့်ခြင်းဖြစ်သည်။** မြတ်ဗုဒ္ဓ သာဓုခေါ်သော သီလအကျင့် မြင့်မြတ်သဒ္ဓါ ခိုင်မြဲစွာဖြင့် သာသနာမြတ် ဗုဒ္ဓအဆုံးအမ နှလုံးရင်ချိမ့် ဦးခေါင်းထဲ၌ စွဲမြဲမှန်စွာ သာသနာဦးထိပ်ပန်ဆင်ခြင်းဖြစ်သည်။

စာရေးသူကိုယ်တိုင် လုပ်နေကျ စေတီတစ်ဆူရောက်လျှင် ပုတီးလေးကို နေရာချသည်။ အိတ်အတွင်းမှထုတ်၊ လက်မှကိုင်သင့်လျှင်ကိုင်၊ ချိတ်သင့်လျှင်ချိတ်၊ တင်သင့်လျှင်တင်၊ သမ္မာဒေဝနတ်မင်းကြီးလေးပါးအကြောင်းပြု ပင့်ဖိတ်ခြင်း၊ အထက်ဘိုးတော် သိကြားသာသနာ့ဟိတာယ သာသနာအတွက် အထောက်အကူပြုရန် အနာဂတ်သာသနာ အရှည်ခံ တည်တံ့ရန် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာကဓိုးနတ်ဒေဝါ အမျိုးမျိုးအားလည်းကောင်း၊ တောစောင့်၊ တောင်စောင့်၊ နယ်စောင့်၊ ရပ်စောင့်၊ မြေစောင့်၊ ရေစောင့်၊ မမြင်အပ်၊ မြင်အပ်အပေါင်းနှင့် သံသရာအဆက်ဆက်က မဟိဒ္ဓိ သိဒ္ဓိမယ်တော်အပေါင်း၊ ဘိုးတော်အပေါင်း၊ ဝိဇ္ဇာအပေါင်း၊ **(ဥပဇ္ဇိုငါးပါးအပေါင်း)** ရွှေတော်ရှစ်သောင်းမျိုးတော်အပေါင်း ပင့်ဖိတ်သက်သေပြု၍ သာသနာအကျိုးငှာ စောင့်ရှောက်ခြင်းဖြင့် ကူညီရန် ကောင်းကျိုးမျှော် နှိုးဆော်မြဲဖြစ်သည်။

ထီးတော်တင်မည့် စေတီသို့ရောက်လျှင် ထီး၊ ပိန္နဲတိုင် မစိုက်ထူမီ (စိန်ဖူး) ငှက်ပျောဖူးခေါ် အင်္ဂတေထက်ပတ်ပြီး ပုတီးစိတ်၊ ဂုဏ်တော်ပွားခြင်း၊ ပုတီးတင်၍ ပူဇော်ခြင်းပြုလုပ်လျက် သာသနာအတွက် အဓိဋ္ဌာန်ဝတ်ပြုလေ့ရှိသော ပုတီးဖြစ်သည်။

စာရေးသူ လက်ကိုင်ပုတီး ကောင်းမှုအတွက် သက်သေတစ်ခု ၁၆ နှစ်သား ဖခင်ထံမှ သူတော်အမွေတောင်းခံပြီး စိတ်နေကျပုတီးကုံးလေး။ ယနေ့ အသက် ၆၀ မဟာမြိုင်ချက်မတောကြီး၏ ရွှေတိဂုံပုံတူ ပန္နက်နေရာ သာသနာအထွတ်ပြုထားသော တိုင်သုံးလုံးမှ

တစ်တိုင်ကိုချိတ်ပြီး ကောင်းမှုကုသိုလ် မိမိပြုခဲ့ဖူးသော လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊ ကျောင်းဇရပ်အမျိုးမျိုး၊ စေတီပုထိုးတို့ကို အာရုံပြု၍ **(ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု အနာဂတေ သာသနံ လဒ္ဓိရက္ခိသတိ)** အနာဂတ်သာသနာ သူတော်ကောင်းတွေထံပါး အရှည်ခံ တည်တံ့ပါစေဟု မေတ္တာပို့ဆုတောင်းနေစဉ် သုဓမ္မမဏိဇောတဓရ ဦးလှမြင့်မှ ဝတ်ဖြူဝတ်စုံ (ဥပါသကာ)ဝတ်စုံဖြင့် ဟောဒီရွှေတိဂုံပုံတူ စေတီတော်မြတ်ကြီးကို အများကြီးလှူဒါန်းနိုင်ပါရစေ၊ အထူးလှူဒါန်းနိုင်သူဖြစ်ပါစေ၊ ကောင်းမှုတွေ အများကြီးပြုပါရစေလို့ နှုတ်တိုက်ရွရွ ဆုတောင်းနေသံ ကြားနေရသည်။



**သုဓမ္မမဏိဇောတဓရ ဦးလှမြင့်**

စာရေးသူ ဆင်ခြင်မိသည်။ လွန်ခဲ့သည့် ၁၅ နှစ်ဝန်းကျင် စာရေးသူတို့နှင့်အတူ ဆရာတော် ဦးတေဇိန္ဒ သာသနဓဇ ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ရတနာတောင် ပန်းတံနော် ကျောင်းတိုက်၊ မွန်ပြည်နယ်၊ ဘီလင်းတောင်စွန်းတွင် တောင်တန်း

သာသနာပြု၍ ကျောင်းသိမ်တန်ဆောင်း နဂါးရုံစေတီ စေတီငယ်များ ရှာဖွေရသမျှ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေသူ လမ်း၄၀ ပုလင်းလှမြင့်၊ ဒေါ်သန်းသန်းဝင်း ရိုးရိုးလေးပေမယ့် သုဓမ္မမဏိ ဇောတခရ စလွယ်အပ်နှင်းပြီး သူတော်ပြုခံရသူ ဦးလှမြင့် တောတောင် အထပ်ထပ် တောင်ထွတ်တောင်စွယ်မှာ စေတီတည်နေသော ပုဂ္ဂိုလ် ဖြစ်သည်။

ယခု ရွှေတိဂုံပုံတူအတွက် စေတီတော်ကြီးပြီးမြောက်ရန် ရည်သန်နေသော စိတ်စေတနာ ဇောအဟုန်တို့ကိုကြည့်ပြီး ကဲ… ဦးလှမြင့် ထရပ်လိုက်ပါ။ ဒီသာသနာ့အလံ ဆရာတော် မည်သည့် အတွက် တိုင်သုံးလုံးတောင်ထိပ်တွင် ကြိုးဖြင့်ချည်နှောင်ပြီး သာသနာ့ အလံ မလွှင့်ထူဘဲ လိပ်ထားသည်မသိ။ **ဦးလှမြင့်အားယူပေး၍ လွှင့်ထူ စေခဲ့သည်။** သိသလို အနည်းငယ်မျှ တွေးမိပါသည်။ ရတနတ္တယ ရတနာမြတ်သုံးပါး တစ်စုတစ်ပေါင်းတည်းအတွက် စေတီဖြစ်ကြောင်း စေတနာသုံးတန် အာဂမသဒ္ဓါ ပါရမီကြီးရင့်သူတို့ သာသနာ့တာဝန် အမျိုးကောင်းသားတို့တာဝန်သာ ဖြစ်သည်။

စာရေးသူသည် ဗုဒ္ဓစာပေများကို အပတ်တကုတ် သင်ယူခဲ့ပါ သည်။ အဘိဓမ္မာဋီကာတို့အောင်မြင်ပြီး မင်္ဂလာဗျူဟာတွင် ဝိသုဒ္ဓိမဂ် သုံးဆင့် ၂၀၀၄ ခုနှစ် (၄၇)ကြိမ်မြောက်တွင် တစ်နှစ်တွင်း အောင်မြင် ခဲ့သည်။ ရှင်သာမဏေဗိမာန်တွင် နိကာယ်ငါးကျမ်း သိမ်ကြီးဈေး မဓ္ဓာရုံကြီးတွင် မဟာသရဏဂုံသုံးဆင့် ပဋ္ဌာန်းဓမ္မစကြာ အနတ္တ လက္ခဏာသုတ်တို့နှင့် ပသုံးလုံး ဝိပဿနာတက္ကသိုလ်စသော ပရိယတ္တိ စာပေများ ကြိုးစားသင်ယူ အောင်မြင်ခဲ့သည်။

**ဝိသုဒ္ဓိမဂ် စာသင်ချိန် သုဝဏ္ဏဘုံမှိ သထုံပြည် ဗုဒ္ဓမြတ်စွာ ကြွချီတော်မူခဲ့သော (၈)ဝါမြောက်ကာလတွင် ရဟန္တာများ ကောင်းကင်ယံ ရောက်အင်္ဂါဖြင့် ဆွမ်းခံကြွနေကြစဉ် နေမွမ်းလွဲမှ စပါးလှန်းရသော**

**သာသနာသမိုင်းကြောင်း** သိခဲ့ရ၍ သွားချင်လှသော သုဝဏ္ဏဘူမိ နိကာယ်ငါးကျမ်း ရှင်သာမဏေဘိမာန် ဖြေဆိုပြီးချိန် မွန်ပြည်နယ်၊ ဘီးလင်းတောင်းစွန်း ရတနာတောင် ပန်းတနော်ကျောင်းတိုက် ဆရာတော် **မကွေးအရှင်တေဇိန္ဒ (သာသနဓဇဓမ္မာစရိယ)** ဆရာတော်နှင့် တွေ့ဆုံရောက်ရှိ၍ သာသနာတော်အတွက် တောင်စွန်းတောင်ကြီး ညှိုညှိုမှိုင်း သာသနာ့မြတ်ပန်းဆိုင်းပမာ ဖောင်တော်ဦးစေတီ၊ ကြက်မင်းတောင်စေတီ၊ ကေလာသစေတီ၊ မြသပိတ်စေတီ၊ ကြောင်တရာ ကျားတရာစေတီတို့ကို မကြာမကြာ လေ့လာဖူးတွေ့ ကြည်ညိုရင်းနဲ့ ပျော်စရာကောင်းတဲ့ ဝိဇ္ဇာတို့ပျော်စံရာ ရတနာပန်းတနော်ကျောင်းတိုက် ဖြစ်ခဲ့သည်။

စာရေးသူ တစ်ခါက ဆရာကြီး မင်းသိခ် မဟာဂန္ဓာရီ မဟာမြိုင်တောသွားမည်ဟု တပည့်ဖြစ်သူ မောင်လှထွန်းအောင် (ဘော်ဒီ) ကျောင်းပြီးသူ ပြောခဲ့ဖူးသည်။ မင်းတို့ဆရာကြီး မင်းသခ် မဟာမြိုင်တော **ပါရာဒိုကားဖြင့်သွားမှ ရောက်မှာပေါ့ကွ**။ ကျားမနိုင်၊ ဆင်မနိုင်၊ မြွေမနိုင်ဘဲကွာ မဟာဆိုတာ ကြီးမား မြင့်မြတ်တယ်။ ဂန္ဓရီဆိုတာ ကြမ်းတမ်းတယ်။ ပန်းခင်းလမ်း မဟုတ် ဘူး။ မသူတော် မရောက်နိုင်ဘူး။ ရယ်စရာပါကွာလို့ လှောင် ပြောင်ခဲ့ဖူး သည်။

"ယနေ့တော့ ကိုယ့်ဘဝ တကယ်ပါ ရာဒိုကားနဲ့ အကူကတော့ သုဓမ္မမဏိဇောတဓဇ ဦးလှမြင့်ကား နှစ်ပေါင်း ၃၀ စေတီပေါင်း ထောင်မက သောင်းချီပြီး မဟာဂန္ဓာရီ လှည့်နေသော သာသနာ့ဓဇ ဓမ္မာစရိယ မြေလျှောက်ဝိဇ္ဇာဘွဲ့ခံ ဆရာတော် ဦးဝါယမဆရာတော် ကျေးဇူးဖြင့် မဟာမြိုင်တော မပင်မပန်း ရွှင်လန်းချမ်းသာ ရောက်ခဲ့ရပါသည်။

မဟာမြိုင်ဆရာတော်ကြီး အစပြုလို့ သဲဖြူဆရာတော် သာသနာတော်၏ ထီးပန္နက်တံခွန်စေတီတော်ကြီးများနှင့် ရှေးသမိုင်းစဉ် ပန်ထွာ

မိဖုရားကြီး၏ မယ်တော် စန္ဒမုခီတို့ နေထိုင်ရာ ဖြစ်သော မဟာမြိုင်တော (ဇာတက) မြတ်ဗုဒ္ဓ ကျမ်းအလို ပဒကုသလပန္နဝ ဇာတ်တော်လာ ခြေရာမှာ လိမ္မာသော ခြေရာကြည့် သိနိုင်သောခြေရာကြည့် ကျွမ်းကျင်သူတို့ နေရာများ ဖြစ်လေ"သလား တွေးခေါ်စရာ ဖြစ်သည်။

တစ်ချိန်က သုဝဏ္ဏဘုမ္မိရကျိုရ် ဘီလူးတွေ သိမ်းပိုက်နေလို့ သောဏုတ္တရရဟန္တာတို့ "မနုသီဟ" ခြင်္သေ့ကိုယ် ဖြဟ္မာဦးခေါင်း ဖန်ဆင်းပြီး စူဠသီရိမာမင်းသား သားတုံးတိုင်းပြည်ဘဝမှ သထုံပြည်ဖြစ်ခဲ့ကြောင်း မဲလံဆံတော်ရှင် စေတီသမိုင်း မောင်စေတနာရေး သောစာပေများ ပြန်လည်သတိရမိသည်။

ကြမ်းတမ်းလွန်းသော သရဲ၊ တစ္ဆေ၊ မှင်စာ၊ မြေဘုတ်၊ ဘီလူးစသည့် သိဒ္ဓိ၊ မဟိဒ္ဓိမြင် အပ် မမြင်အပ်အရာတို့၏ အဆိုးထိပ်ခေါင်အတွက်ဆောင်ပြီး ရန်စွယ်အမျိုးမျိုး မာန်ဟုန်တန်ခိုးတို့သည် ဗုဒ္ဓါနုဘာဝေန၊ ဓမ္မာနုဘာဝေန၊ သံဃာနု ဘာဝေန၊ ရတနတ္တယရတနာမြတ်သုံးပါးတစ်စု တစ်ပေါင်းတည်း "စေတီ"တော်မြတ် စေတီယသဒ္ဓါစေတ်တို့ဖြင့် အေးငြိမ်းချမ်းသာ ကောင်းမှု (အဖြာဖြာ ပြီးပြည့်စုံစွာကောင်းကျိုးသုခ ရရှိခဲ့လေသည်။

နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ရက္ခ၊ ဂန္ဓဗ္ဗ၊ ဝိဂန္ဓရ သိကြား ပြည်တာဝတိံသာ ဘုံခုနစ်လွှာ ပါရမီရှင်များ ပါရမီအရင်းပြုသာသနာပြုသက်သေ ကမ္ဘာမြေပြင် အထွတ်တင်၍ ကုတ်ခြစ် ထုဆစ် အမွန်းတင်လျက် မြတ်ဗုဒ္ဓဂေါတမ သာသနာ ၁၀၃ ခု၊ မဟာသက္ကရာဇ်မှာ အစ၏ ကောင်းခြင်း၊ ရွှေတိဂုံစေတီဥပါသိကာတို့ကျေးဇူး ထင်ရှားသက်သေ မြန်မာပြည်၏ သာသနာ့ရောင်ခြည် အလင်းဆောင်ခဲ့သည်မှာ ဘုန်း သမ္ဘာကြီးရင့်သူတို့ သာသနာဖြစ်သည်။

ဘုရင်မင်းမြတ်ရာဇာတို့ပျောက်၍ တစ်မိန့် တစ်အာဏာရှင်တို့ပျောက်ဆုံးခဲ့ပါလေပြီ။ ယနေ့သာသနာ မဟာသမတမင်းများ လက်

ထက် ပြည်သူအပေါင်းတို့ ကုသိုလ်ဖြစ်လေတော့သည်။ မဟာမြိုင် ချက်မတောအလယ် သဲဖြူဆရာတော် တောနင်းလမ်းခင်းလျက် သာသနာအထွတ်တင်ရန် ရွှေတိဂုံပုံတူအစ ပန္နက်တင်လိုက်ပြန်ပါသည်။

စာရေးသူတို့ ကားဖြင့် သဲဖြူးဆရာတော်ထံ ပြန်ရောက်ချိန် မှောင်ရီပိုးတဝါး ဖြစ်နေလေ သည်။ ကားပေါ်မှဆင်းချိန် မျက်စေ့ထဲ ပုတီးလေးကို ရွှေတိဂုံပုံတူ ပန္နက်တိုင်တွင် ကျန်ရစ်နေခဲ့သည်။ စာရေးသူ လက်ဆွဲအိတ်တွင် ဆမ်ဆောင်းဖုန်းတစ်လုံး၊ စာအုပ်၊ ပုဆိုးတစ်ထည်၊ ပုဆိုးဖြူဝတ်ထားချိန်ဖြစ်၍ ပုဆိုးအပို ခေါက်ထည့်ထားသည်။ စိပ်ပုတီးရှာ၍ မရဖြစ်နေသည်။ သတိတရဖြုတ်၍ ထည့်သည်ဟု မှတ်ယူသော်လည်းကျန်နေခဲ့သည်မှာ သေချာလေသည်။

စာရေးသူ နှမြောတသ တုန်လှုပ်စွာ ပုတီးပြန်ယူရန် ကြိုးစားမိသည်။ **၁၆ နှစ်သားက ပုတီး၊ ယခုအသက် ၆၀ ဒီပုတီး**၊ သံယောဇဉ် နှစ်မျိုးရှိသည်။ အဖေစိပ်နေတဲ့ပုတီး အတင်းတောင်းလို့ လုပြီးစိပ်ပါများလို့ အဖေကယူကွာလို့ ပေးခဲ့တဲ့ပုတီး၊ နောက်တစ်ချက် ယောမင်းကြီး ဦးဖိုးလှိုင် ပုတီးတစ်ကုံးဖြင့် ယောနယ်အပိုင်စားခဲ့ရတဲ့ ယောမင်းကြီးနဲ့ မင်းတုန်းမင်းကြီး ဖခင်ကြီး ဦးညွှန့်မောင်သည် ယောမင်းကြီးရဲ့ မြေးတစ်ယောက် ကိုယ့်ဘဝ ငယ်စဉ် ကလေးလေး လေးဘက်သွားအရွယ် ငိုလို့မတိတ်လျှင် အဖေက ပုတီးလည်ပင်းဆွဲပေး အငိုဟိတ်တဲ့ဘဝ ပြန်ပြောလို့သိခဲ့ရသည်။ ကိုယ်ကိုယ်တိုင်က ဒီပုတီးအကြောင်း ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်း၊ ကျွန်းချောင်းရွာ အစ်မအိမ်ကျန်နေခဲ့သည်။ မွန်ပြည်နယ်၊ ဘီးလင်းတောင်စွန်း၊ ပန်းတနော်ကျောင်းရောက်နေ၊ သုံးရက်ကြာ ပုတီးအိတ်ထဲ ပြန်ရောက်နေသည်။ သူများတွေ လိုချင်လို့ ခိုးသွား ပြန်ပေးသည်။ ကမ္ဘာအေးစေတီ၊ ရွှေတိဂုံစေတီတွေမှာကျန်နေခဲ့ ပြန်ရသည်။ စေတီတွေ ထီးတော်တင်

လျှင်စေအဖြစ် အသုံးပြုခဲ့သည်။ တော်လောက်ပါပြီ။ စာရေးသူ ပုတီးကို အရမ်းလိုချင်သည်။ သဲဖြူးဆရာတော်ကြီးကို လျှောက်တော့ ဆရာတော်မှ ပြန်ဖြေပေးခဲ့သည်။

**ဝိဇ္ဇာတွေ လိုချင်လို့ ယူထားလိုက်တာပါ**။ နောက်တစ်ခေါက်ပြန်လာအောင်လုပ်တာ မပူပါနဲ့လို့ ပြောလိုက်သည်။ ဒီလိုပါပဲ နိုင်ငံ့ခေါင်းဆောင်ကြီးတွေလည်း ပစ္စည်းတစ်ခုခု ကျန်နေတတ်တယ်။ ဝိဇ္ဇာတွေ ယူထားလိုက်တာပါ။ နောက်လာစေချင်တဲ့သဘောတဲ့ ဘာမှမပူပါနဲ့ နေကြပါဦးလားဟု တားရှာသည်။

ဒါပေမယ့် ဆရာတော် တရားဟော တရားပြ အရေးကြီးနေ၍ ပြန်လာခဲ့ရသည်။ အော် တွေ့ ကြဆုံကြ တစ်ခဏ ဘာလို့ကောင်းမှုတွေမှာ မအားနိုင်ကြတာလဲ။ သူတော်အနီးအပါးလဲတစ်ခဏပဲ နေခွင့်ရခဲ့လေသည်။ သာသနာပြု မဟာမြိုင်ဆရာတော်ကြီး ဒုတိယ သဲဖြူးဆရာတော် သုဝဏ္ဏဘူမိသောနုတ္တရ ညီနောင်နှစ်ပါး သာသနာပြုကဲ့သို့ သာသနာ့နယ် မဟာမြိုင်တောဝယ် ဆရာတော်နှစ်ပါး၏ သမိုင်းသက်သေ တည်နေမည်သာ ဖြစ်သည်။ ။

သူတော်တို့၏ **စိပ်ပုတီးလက်၌ စိတ်အစဉ် ဂုဏ်တော်ပျိုးပြီး ငြိမ်းအေးမှု နိဗ္ဗာန်ဒီလမ်းကပဲသွားကြရမှာ ဖြစ်သည်**။ ဗုဒ္ဓဂုဏ်ရည်စူးလျက် ချမ်းသာစစ်မှန် မြတ်နိဗ္ဗာန် ဗုဒ္ဓလမ်းမှလွဲ၍ နတ္ထိ မရှိသည့်တို့သာ ဖြစ်လေတော့သည်။

**ဗျူဒိပ်ဂျာနယ်၊**

**လပြည့်ဝန်းမဂ္ဂဇင်းအမှတ် ၂၂၆၊**

**ဧပြီ ၂၀၁၈။**

## လှိုင်သာယာမြို့(တဘောင်)
## ရွှေရင်အေးစေတီနှင့် အောင်မြေသာယာစေတီ

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်း လှိုင်သာယာမြို့ကြီး မပေါ်ပေါက်သေးမီကာလ ရွှေရင်အေးစေတီတော် အဝန်းအဝိုင်းအတွင်း ဆရာတော်ကြီးမှာ ပုတီးကို လက်ကမချ ဂုဏ်တော်ပုတီးကို အာရုံပြုပြီးနေလေ့ရှိသည်။ စကားလည်း အလွန်နည်းသူ ဆရာတော်တစ်ပါးဖြစ်သည်။

"သကြံ့ဘယန်းတောင်း လှိုင်မြစ်ချောင်း၊
မြို့ဟောင်းပေါ်လိမ့်မည်။
မြို့တည်ပြီးကာ သာသနာ၊
ဒေဝါသိကြား မ,လိမ့်မည်။"

ဆွမ်းဒကာ လူအများနဲ့ ရွှေရင်အေးစေတီနေ လူအများ ဆရာတော်ကြီး ပုတီးစိပ်တယ်၊ သိဒ္ဓိပေါက် ရူးပြီးပြောနေတာဟု လှောင်ပြောင်၍ပြင်နေခဲ့ကြသည်။

ဒီနေရာ မြို့ဖြစ်စရာ အကြောင်းမရှိ၊ လယ်ကွင်းထီးထီး ကွင်းခေါင်ခေါင် တောကျသောနေရာဖြစ်၍ တဲစု ရွာငယ်ကလေးတွေ နေရာ မမျှော်မှန်းကောင်း နေရာအရပ်ဖြစ်သည်။

ရှေးသမိုင်းဝင် ရွှေရင်အေးစေတီတော် နာဂစ်နောက်ပိုင်း၊ တစ်နည်း သာသနာထက်ဝက်ခရီး ပြန်လည်ပြီး ဘုန်းသမ္ဘာတင့်၍ ရှေးယခင် ရောင်တော်ကွန့်မြူးခြင်း ဖူးတွေ့ခဲ့ကြရပြီး၊ ယခု ပြည်သူအများ လှူဒါန်းပူဇော် ရောင်တော်ဖွင့်ခြင်းအဖြစ် ပါရမီကုသိုလ် ပြုလျက် ရှိသည်။

**ရွှေရင်အေးစေတီနေရာ တဘောင်တစ်ခုကတော့ ရှိနေခဲ့သည်။ "ရွှေတိဂုံမှာ တောက်တဲ့၊ ရွှေရင်အေးမှာ ပန်းလိပ်ပြာ၊ သာသနာ ထက်ဝက် လိပ်ပြာတက်"** ဟု စာတစ်ခုရှိနေပြန်သည်။ သာသနာနှစ် ငါးထောင် ထက်ဝက်ကျော်လျှင် မြန်မာပြည်စည်ကားသောမြို့ဖြစ်မည့် နိမိတ်ဖြစ်သည်။

ရွှေရင်အေးစေတီတော်သမိုင်းကို ပါးစပ်ရာဇဝင်တော်တော် များများ တစ်ယောက်တစ်ပေါက်ဖြင့် များများရှိသည်။ သို့သော် စေတီတော်၏ အဓိကနှစ်ချက်မှာ အခိုင်မာဆုံးအဖြစ် ယူသင့်သည် ဖြစ်သည်။

စေတီတော်၏ အရှေ့ဘက်ခံတန်ဆောင်း ဝတ်ပြုနေရာ ပန်းလိပ်ပြာ ပုံဖော်ထားခြင်း နိမိတ်တစ်ခုတော့ တွေ့နေရသည်။ လိပ်ပြာ၏ သဘာဝမှာ ပူလွန်းသော နွေရာသီနှင့် မိုးရာသီကြားကာလ လိပ်ပြာ မြူးသောကာလ အချိန်ဖြစ်ပြီး လောက အပူအအေးမျှတချိန် တွေ့မြင် ရသော အနက်ကိုဆောင်သည်။ (ငြိမ်းချမ်းရေးလိပ်ပြာနိမိတ်)

ရွှေတိဂုံစေတီမှာ တောက်တဲ့သင်္ကေတ မတွေ့ရသော်လည်း ပုံသဏ္ဌာန်တူ မိကျောင်းရုပ်ကြီးများ တောင်ဘက်စောင်းတန်း အစပြု

တွေ့ခဲ့ရသည်။ ရွှေတိဂုံစေတီ မြို့လေးမြို့ ချောင်းလေးချောင်း အလယ်တွင် တည်ရှိကြောင်းတွေ့ရသည်။

လှိုင်မြစ်ချောင်း (ငမိုးရိပ်ဇာတ်တော်) လှိုင်သာယာမြို့ ဆရာတော်ကြီး တဘောင် သင်္ကြာပန်းတောင်းသည်။ သက္ကဒေဝါ ဆုပန်တောင်းခြင်းဟု ဖွင့်ဆိုသည်။ မြို့တည်ပြီးလျှင်လည်း သက္ကဒေဝါ သိကြားမင်းစောင့်ရှောက်လိမ့်မည်ဟု ဖွင့်ဆိုသည်။

ရွှေတိဂုံစေတီမှာ တောက်တဲ့၊ ရွှေတိဂုံစေတီတော်ကြီးသည် သာသနာထက်ဝက်ခရီး ဘုန်းသဘာ ထွန်းလင်းတောက်ပ စည်ကားချိန် ရွှေရင်အေးစေတီ ပန်းလိပ်ပြာ ပျံဝဲလျက်ရှိသကဲ့သို့ ရွှေရင်အေးစေတီ ရှေးဟောင်းစေတီတော် လှိုင်သာယာမြို့လည်းဖြစ်၍ ယနေ့ အနောက်ပိုင်းတက္ကသိုလ်သည် (စိန်ခလုတ်မြို့ရိုးတည်) ရှေးစနည်းတဘောင် ယနေ့ မြို့စည်းရိုးနေရာ ဖြစ်နေပြန်သည်။

လှိုင်သာယာမြို့စည်ကားမှု ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး အထွဋ်တင်မှုသာ အဓိကကျသည်။ မြို့ဦးစေတီအဖြစ် **"အောင်မြေသာယာစေတီတော်"** အောင်ဇေယျကြိုးတံတား တစ်မိုင်ခန့်အကွာ ညောင်တုန်းလမ်းမကြီးဘေး တည်ထားခြင်းဖြစ်သည်။ ဘုရင့်နောင်တံတား၊ ရွှေပြည်သာတံတား ဘယ်ညာဖြန့်ကြက်လျက် လှိုင်မြစ်ကို တံတားသုံးစင်း လမ်းခင်းခဲ့သည်။

စာရေးသူကိုယ်တိုင် လှိုင်သာယာ ပင်လုံဈေးအနီး မလွန်ဆန်လျှ အဖွဲ့ဝင် ဦးသန်းမြင့် ဥက္ကဋ္ဌ၊ ဒု-ဦးငွေငြိမ်း၊ ဦးရွှေဝင်းတို့နှင့်အတူ ၁၃၆၅ ခုနှစ်မှ သုံးနှစ်ဆက်တိုက် မြန်မာနိုင်ငံ မလွန်ဆန် ပထမရရှိခဲ့သည်။ **"ဆားတောင်ဆရာတော်ကြီး"** ဦးစီးလျက် လှိုင်သာယာ မလွန်ဆန် အထွဋ်ရခဲ့ဖူးသည်။ ယနေ့လည်း သာသနာရောင်ဝါတန်ခိုးဖြင့် တင့်တယ်စည်ပင်လျက်ရှိသည်။

လှိုင်သာယာ ရပ်ကွက်ကြီး (၂၀) မစည်ကားသည့် ရပ်ကွက်မရှိ၊ မလွန်ဆန်လှုအသင်းထောက်များနှင့် တစ်ရပ်ကွက်လျှင် နှစ်ည **ဆွမ်းဆန်ရေစက်ချ တရားပွဲ မန္တလေး မင်းဝန် စစ်ကိုင်း တောင်ကြီး အကြောင်းပြု ရဟန်းရှင်လှူ သူတော်စင်များအတွက်** ယနေ့တိုင် ကုသိုလ်ယူလျက်ရှိသည်။

တာဝတိံသာ သဏ္ဌာတည်သော မြို့ဖြစ်၍ လူပြည် (၃၅)နှစ် နတ်တို့သက်တမ်း တစ်ရပ်မျှဖြစ်သည်။ **မြတ်ဗုဒ္ဓ အဘိဓမ္မာတရား ဟောကြားစဉ် အချိန်ကာလ လူတို့ပြည် ဝါတွင်းသုံးလ တာဝတိံသာ 'ကိုးမိနစ်ခန့်'ဖြစ်သည်။** ယနေ့ လှိုင်သာယာမြို့သက်တမ်း နှစ်ရက်ခန့် မပြည့်မီသေးဟုလည်း ဖော်ကျူးအပ်ပါသည်။

ယနေ့ သိကြားမင်းတည်သော မြို့သကြာ ပန်းတောင်း လှိုင်မြစ်ချောင်း သူတော်ကောင်းတို့ ကုသိုလ်ပါရမီပြုသော ဆုတောင်း ပြည့်ဌာန တည်ရာမြို့ဟုသာ ဖော်ကျူးဖွင့်ဆို ရေးသားလိုက်ပါသည်။

*

# ကွမ်းခြံကုန်းမြို့ သာသနာအတွက်ရွှေခြံမြေ

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တွင်တည်ရှိ၍ တိုးမြစ်ကြောင်းတစ်လျှောက် ဘင်္ဂလားပင်လယ်အထိ ပိုင်ဆိုင်သော ပင်လယ်ကမ်းခြေမြို့ဟုခေါ်လျှင်လည်း ဖြစ်သည်။ ယနေ့ ပင်လယ်ကမ်းခြေနှင့် ကွမ်းခြံကုန်း ၁၀ မိုင်ဝန်းကျင် ကညင်ကုန်း လက်ခုတ်ကုန်း ကမ်းရှားရှည် ဝက်ကိုက်သောင်ကုန် ဆယ်အိမ်တန်းစသည်ဖြင့် ပင်လယ်ကမ်းခြေ ရွာကြီးများ စည်ကားလှစွာရှိနေသည်။

**မြန်မာပြည် ဗုဒ္ဓဘာသာသာသမိုင်း**- ရွှေခြံမြေခေါ် ကွမ်းခြံကုန်းမြို့မှ စရမည်ဖြစ်သည်။ မြတ်ဗုဒ္ဓမပွင့်ထွန်းမည် အနှစ်,နှစ်သောင်းကြို၍ သိန်းတကုတ်စာ ရွှေတိဂုံစေတီနေရာမှ တစ်နှစ်လျှင် မဏိမေခလာနတ်သမီးကြီး ပင်လယ်ရေပြင် ဥပဓာတစ်ခု (ယောက်ျားခဲလက်တစ်ပစ်) သဲသောင်ထွန်း၍ ဇမ္ဗူဒီပါ ဩဘာသောင်ကျွန်းနိမိတ်ကောင်းထွန်းတောက်ရာအရပ် ပင်လယ်ရေပြင် ဆုတ်ပေးခဲ့ရသည်။

ယနေ့ထိတိုင် ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်ပင်လယ်ပြင် ရွှေခြံမြေခေါ် **ကွမ်းခြံကုန်းမြို့အပိုင် ပင်လယ်ကမ်းခြေရွာကြီးများ နှစ်စဉ်**

**သဲသောင်ပေါ်ပြီး ရွာကြီးများ သဲသောင်များခင်းပေးဆဲ၊** ပင်လယ်ရေဆုတ်နေလျက်ဖြစ်သည်။

မြန်မာပြည် ရွှေတိဂုံစေတီတော် တည်ထားရာအရပ်သည် မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူရာ **ကမ္ဘာ့အလယ် ဗဟိုချက်မှ ဟိမဝန္တာတောင်တန်း၏ တောင်ထွတ်တောင်စွယ်ဖြစ်နေကြောင်း ပထဝီသမိုင်း**ကြောင်းတို့ တွေ့နေရသည်။

ရေလမ်းမှ ဘင်္ဂလားပင်လယ် ဧရာဝတီလက်တက်ခွဲ ဒီတိုးချောင်း(တိုးမြစ်) တပုဿညီနောင် ဆံတော်ပင့်လာရာလမ်း ပင်လယ်မှကြည့်လျှင် မြစ်ဝဖြစ်ပြီး မြစ်ကမ်းမှကြည့်လျှင် ပင်လယ်ဝ (မုခသဒ္ဒါ မျက်နှာဝ၊ မုခ်ကျွန်း)ဖြစ်သည်။

ကွမ်းခြံကုန်းမြို့ချောင်း၏ တောင်ဘက်ကမ်းမုခ်ကျွန်းသား (ကွင်းသား)ဟုခေါ်ဆိုပြီး ကွမ်းခြံကုန်းချောင်း၏ မြောက်ဘက်ခြမ်းတောသား (တောကြီးသား)ဟု တွံတေးမြို့အပါ တွံတေးတောကြီးတန်းဟု ခေါ်ဆိုသည်။

**ပင်လယ်ရပ်ခြား တိုင်းတစ်ပါး ရွက်သင်္ဘောကြီးများနှင့်ကုန်ရောင်းသွားရင်း "သကာလဲနှင့် ဇနီး သတာပန်"တို့မွေးသောတပုဿ၊ ဘလ္လိကညီနောင် ဦးဆောင်သော ရွက်သင်္ဘော၏သွားရာလမ်းရှေးပဝေ မဟာဇနက္ကမင်းသားသွားသော မင်းသားကြီးရေကြောင်းလမ်းဟောင်း တိုးမြစ်ကြောင်း** ပင်လယ်ထွက်လမ်းဖြစ်သည်။

ပင်လယ်ပြင်မှကြည့်လျှင် နေအတက် ရွှေရောင်တောက်နေသော သဲသောင်ပြင် ခြံကျယ်ကြီးများ ခြံဝန်းခတ်နေကြ၍ ရွှေခြံမြေမုခ်ကျွန်းဟု ခေါ်စမှတ်ပြုသည်။ ကွင်းသားအမည်ခံ ရွှေရောင်စပါးခင်းကိုလည်း အမွှမ်းတင်ခြင်းဖြစ်သည်။

အနွတ္တမည်သောနာမည် မွန်တို့အခေါ် "တော်ခရမ်း"သည် ခြံကြီးဖြစ်ပြီး ခြံကြီးရွာအမည်ခေါ် တော်ခရမ်းကြီးရွာသည် ကွမ်းခြံကုန်းမြို့၏ တောင်ဘက်ခြမ်းတွင်ရှိသည်။

ရှေးသမိုင်းစဉ်တို့နှင့် ယနေ့ဌာနများခန့်မှန်းချက် ကွမ်းခြံကုန်းချောင်း တောင်ဘက်ကမ်းသည် လယ်ကွင်းနှင့် ပင်လယ်ပြင်ကြီးဖြစ်ပြီး မဏိမေခလာ နတ်သမီးကြီး လက်ခဲတစ်ပစ် ပင်လယ်ရေဆုတ်ပေးရင်း လယ်ယာမြေတည် ရွာတည်ရင်း တောင်ကျွန်းမြေ ဇမ္ဗူရစ်ရွှေဖြစ်လာခြင်းဖြစ်သည်။

ရွှေခြံမြေ **အစ၏ကောင်းခြင်း "သာသနာနှင့် လယ်ယာ"၊ အလယ်၏ကောင်းခြင်း "သာသနာနှင့် မြေယာ"**၊ သာသနာငါးထောင် အရှည်ခံ့အောင် အထက်ဘိုးတော်သိကြားနှင့် မဟာမဏိမေခလာတို့ ကျေးဇူး၊ **ဗုဒ္ဓသာသနံ စိရံ့ဋ္ဌတု အနာဂတေ သာသနံ လဒ္ဓိရက္ခိသတိ** သာသနာအရှည်ခံ့ တည်တံ့ရန် အနာဂါတ်သာသနာ သူတော်တွေ၏ နှလုံးအိမ်နှင့် ဦးခေါင်းထက် တည်တံ့ပါစေဟု မျှော်တမ်းတလျက် သာသနာရွှေရောင်လွှမ်း တည်တံ့စေရန် ရွှေမြန်မာ ကမ္ဘာမှာထင်ပေါ်စေဖို့ တိုးမြစ်ကြောင်း ရွှေခြံမြေသာသနာပနတ်လမ်း ဩဘာသ ဗုဒ္ဓရောင်ဝါ စေတီတော် ဒီကစခဲ့တယ်လို့ ဟာစ်အော်ကာ ပြောခြင်းဖြစ်ပါသည်။ ရွှေခြံမြေသားဟု **ကွမ်းခြံကုန်း ရွှေမြို့တော်**ဖြစ်သည်။

သမိုင်းအကြောင်းမသိ မရေရာလျှင် အဖပျောက် သားတစ်ယောက်ကဲ့သို့ အမေပင် မျက်နှာငယ် အရှက်ရဖွယ်ဖြစ်သည်။ "မိကောင်းဖခင်" မြန်မာတို့စကား အမိကောင်း အဖမှန် သမိုင်းကေန်ဖြစ်သည်။

အမှန်မြင်စေ သိစေနိုင်သော မြတ်ဗုဒ္ဓ၏ သစ္စာဝစနတင်ခြင်း ဓမ္မစကြာဖြင့် အောင်မြင်သောစေတီဖြစ်၍လည်းကောင်း မြတ်ဗုဒ္ဓသာသနာ့အလံတံခွန် တောင်ကျွန်းမြေ ဦးစွာစိုက်ထူ၍လည်းကောင်း ရွာနာမည် စေတီဘွဲ့တပ်၍လည်းကောင်း (တံခွန်ဦး မင်္ဂလွန်း အောင်စကြာစေတီ) တော်ခရမ်းကြီးအနောက် ကျွန်းချောင်းကျေးရွာ တိုးမြစ်ကမ်းဘေးတွင် တည်ရှိသည်။

ကွမ်းခြံကုန်း ကော့မှူး တွံတေး ဒလအထိ ကားလမ်းတစ်လျှောက် ကြည်ညိုဖွယ်မြတ်ဗုဒ္ဓဆံတော်ကြိုးစေတီများနှင့် ရှေးမင်းကောင်းမင်းမြတ်တို့ တည်သောစေတီများ ဆရာတော် သမားတော်ကြီးများ တည်ထားသော စေတီတော်များနှင့် သာသနာဦး အစထူးခဲ့သော သာသနာလမ်း ပန္နက်တင် ကျွန်းဒီပါချက်နေရာ ကွမ်းခြံကုန်းမြို့ သည် ယနေ့ တိုးမြစ်ကိုဖြတ်ကျော်၍ ဒေးဒရဲမြို့သို့ တံတားကြီး အောင်မြင်ခဲ့ပြီး ရန်ကုန်တိုင်း ဧရာဝတီတိုင်း ဆက်သွယ်ရေးလမ်း ကောင်းမွန်၍ ပိုမိုစည်ကားချိန် သာသနာနှစ် ၂၅၀၀ ကျော်ခရီးတွင် ဘုရားငုတ်တိုသို့ လှိုင်သာယာမှ ဖြတ်လမ်းသည်လည်း သာသနာ အတွက် ရတနာပန်းလှိုင်တံတားဖြစ်ပြီး တိုးမြစ်တံတားသည် ဧရာ ဝတီတိုင်း ရန်ကုန်တိုင်းအတွက် သာသနာပန်းလှိုင်တံတား ဖြစ်လေ တော့သည်။

ကွမ်းခြံကုန်းမြို့သည် ရန်ကုန်နှင့်နီးခြင်း သားငါးသီးနှံဆန်စပါးကောင်းတို့ထွက်ခြင်း၊ ရဟန်းသူတော်ပညာရှိပေါ်ခြင်း၊ လှပဆန်းကြွယ် နေချင်စဖွယ် ရာသီဥတုမျှတခြင်း၊ သာသနာအတွက် လောင်းရိပ်အောက်ရောက်ခြင်း၊ ဥက္ကလာပတိုင်းကြီး၏ သာသနာ့ဒါယကာတို့ စံမြန်းရာ ရှေးသမိုင်းဝင်စေတီများနှင့် တပည့်ဒါယကာ ဥပါသကာ ဥပါသိကာ စေတီအလုပ်အကျွေးပြုသူ ဝတ်ဖြူဝတ်စုံဖြင့် စေတီတော်ကြီးများပြုပြင်ရန် ဝါတွင်းကာလ အလှူခံဝတ်ထွက်ခြင်း ရှေးပဝေမှ စခဲ့လေသော **"တံခွန်ဦး မင်္ဂလွန်း အောင်စကြာ"** စေတီနှင့် တော်ခရမ်းကြီးကျေးရွာ မုခ်ကျွန်းပိုင် သာသနာလမ်း ဥပါသကာတို့ယနေ့ ရှင်သန်ဆဲဖြစ်သော သာသနာအထောက်အပံ့ကောင်း ရွှေခြံမြေကွမ်းခြံကုန်းမြို့မှ ယနေ့ကမ္ဘာ မြန်မာတို့ ရွှေရောင်သာသနာ ကမ္ဘာတည်၍မြဲစေဂုန် ရည်သန်ရေးသားလျက် ဤကမ္ဘာမြေမှ ရွှေနှင့်ကွပ်သော ပြည်မြန်မာ ရွှေခြံမြေမှ သာသနာဟု ဖော်ကျူးရေးသားလိုက်ပါသည်။

*

# ဇမ္ဗူဒိပ်မှသည် မြန်မာပြည်သို့

ကိုမင်းအောင် ဆိုသောသီချင်း…

***"အာကာကို လွှာပုံပြု… မေရုကိုတဲ့ စုတ်တံချီ…ဘယ်ပန်းချီ ရေးလို့မမီ…"*** ဟူသော အလင်္ကာမြောက် စာပေစကားများအရ ကောင်းကင်ပြင် အာကာသကို စာပေရွက်လိုသဘောထားပြီး မေရုမြင့်မိုရ်တောင်ကို စုတ်တံကလေးတစ်ချောင်းလို ရေးခြစ် ပုံပန်းချီဆွဲ စိတ်ကူးယဉ်ဖွယ် ပုံပမာခိုင်းနှိုင်းစပ်ဆိုခြင်း အလင်္ကာဖြစ်သည်။

ကောင်းကင်ပြင်သည် ကျယ်ဝန်းကြောင်း၊ ကမ္ဘာမြေပြင်သည် မြင့်မိုရ်တောင်ဟူ၍ မြတ်ဗုဒ္ဓသည်ပင် ပုံပမာပြု ဟောကြားခဲ့သော သုတ္တန်ဒေသနာတချို့ ရှိနေခဲ့လေသည်။

အဘိဓမ္မာ ဘုံပိုင်းအဖွင့်တွင် **ကမ္ဘာတည်ပုံ လေထု၊ ရေထု၊ မြေထု၊ မြင့်မိုရ်**ဟူ၍ မဟာပထဝီမြေပြင်သည် မြင့်မိုရ်ဖြစ်ကြောင်း လေးကျွန်းတစ်မြင့်မိုရ်၊ သီတာပဗ္ဗတ ဟူ၍လည်းကောင်း၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခ၊ ဂန္ဓဗ္ဗ၊ ဝိဂန္ဓရ သိကြားပြည်ဟူ၍ ဘုံခုနစ်လွှာ သူတော်ကောင်းတို့ ပါရမီဖြည့်ကျင့်ရာ လူ့ပြည်အချက်အခြာ၊ သုဂတိဘုံဌာန

ဟူ၍လည်းကောင်း၊ နတ်မင်းများတောင့်တသော လူ့ဘဝ ပါရမီဖြည့်ကျင့်ဖွယ် အလွန်ကောင်းသော အရပ်ဟူ၍ ဒေဝတာ၊ သက္ကကျမ်းအလိုတို့တွင်လည်းကောင်း လူတို့ပြည် အမွှမ်းတင်ခြင်း၊ မြတ်ဗုဒ္ဓအဆူဆူတို့သည် ပထဝီမြေဓာတ်မှ ဓမ္မစကြာနိုးထစေကြောင်း "ဓမ္မစက္ကပဝတ္တန" သုတ်တော်တွင် ထင်ရှားတွေ့ရလေသည်။

ဤမြင့်မိုရ်တောင်မြတ် သူတော်ဓာတ်တို့စုစည်းရာ လူ့ပြည်လူ့ရွာသည် ၃၁ ဘုံသားတို့ ခိုမှီးမြတ်နိုးရာ ပစ္စည်းစုံတည်ရှိပြီး ရွှေငွေ ကျောက်သံ ပတ္တမြား ရွှံ့ညွှန် သဲရေကြည် ရေနောက် အားလုံးရောက်၍ ဘဝကျင်လည်ရာ ဗဟိုချက်ဖြစ်ကြောင်းတို့ကိုလည်း တွေ့ရှိရပြန်သည်။

သုတေသီမာမက **"မြင့်မိုရ်တောင်ဆိုသည်မှာ"** စာအုပ်တွင် မြတ်ဗုဒ္ဓကျမ်းအလီလီ ထောက်ရှု၍ မဟာပထဝီမြေကိုလျှင် မြင့်မိုရ်ဖြစ်ကြောင်း ထောက်ဆိုရေးသားခဲ့သည်။ မြင့်မိုရ်ထက်မှ လူသားတို့သည် အထက်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း ဘုံဘဝခွဲစိတ်ဖြာ၍ ကုသိုလ်၊ အကုသိုလ် စိတ်ထက်သန်ရာဌာနသို့ အလိုရှိရာ ဆရာလက်တစ်ကမ်း လက်လှမ်းမှီရာ လိုက်ပါရမြဲဖြစ်လေတော့သည်။

မြတ်ဗုဒ္ဓအဆူဆူတို့သည် ကမ္ဘာ့အလယ် ဗဟိုချက်မှ ပွင့်ထွန်းတော်မူကြ၏။ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းသို့ ဓာတ်တော်မွေတော်များ ဦးခိုက်ပူဇော်ရာ သာသနာမြုပ်နှံ၍ ကျန်ရစ်မြဲဖြစ်၏။ လေးဆူမြောက် ဘဂဝါရှင်မြတ် ဗုဒ္ဓဂေါတမအရှင်သည် မဇ္ဈိမဋ္ဌပွင့်ထွန်း၍ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာသ သာသနာရောင်ထွန်းပြောင်စေရန် တောင်ကျွန်းမြေ ဇမ္ဗူဒိပ်သို့ မြတ်ဗုဒ္ဓဖြစ်သည်နှင့် (ဥပထမ္ဘက) ဥပါသကာဖြင့် တပုဿညီနောင် ဆံတော်မြတ်စေလွှတ်၍ စေတီပြုရန် မိန့်တော်မူခဲ့သည်။

စေသူ မြတ်ဗုဒ္ဓတည်မြဲသည်မှာ ဓမ္မဓာတ်တော် မြတ်ဆံတော် ကိန်းအောင်းမည့်နေရာသည် ယနေ့ ဘဒ္ဒကမ္ဘာ၏ ပွင့်တော်မူပြီး မြတ်ဗုဒ္ဓ ကကုသန်၊ ဃောဏာ၊ ကဿပ၊ မြတ်ဗုဒ္ဓတို့ဓာတ်တော်ပါ လေးဆူသော ဘဂဝါတို့ ဓာတ်တော်ကိန်းအောင်းရာ ထူးခြား တောက်ပြောင် ဗုဒ္ဓရောင်ဝါ ဓာတ်တော်စုစည်းရာ ဓာတုစေတီ၊ ဓမ္မ စေတီ၊ ပရိဘောဂစေတီအား "ဉဒ္ဒိဿ" မြတ်စွာဗုဒ္ဓ ရည်စူးထူးကဲစွာ ဆွမ်း ပန်း ရေချမ်း ဆီမီးတို့ဖြင့် ဉပါထမ္ဘက စေတီအနီးအပါး အလုပ် အကျွေးပြုသူ ဉပါသကာတို့ ဝတ်မပျက် ပူဇော်လျက်ရှိနေခဲ့ကြလေ သည်။

မြတ်ဗုဒ္ဓဘုရားရှင်တို့၏ **အင်အားအကြီးမားဆုံး "မေတ္တာ"၊ အမှန်ကန်ဆုံးသော "သစ္စာ"** တရားတို့အောက်ရောက်ရှိ၍ ငြိမ်းအေးမှု သံသရာ ပါရမီလမ်းမှန် ဆောက်တည်ရန် နေရာအရပ်အကောင်းဆုံး ကမ္ဘာ့ထိပ်သို့ နေရာမှန်ရောက်နေသော အချိန်အခါနေရာ ပြည်မြန်မာ ဖြစ်လေတော့သည်။

သမ္မဂ္ဂါညီညွတ်ခြင်း သံဃသမဂ္ဂါ မြတ်ဗုဒ္ဓသာသနာ စည်ပင် ဖွယ်ရာ စတင်ခဲ့သော သံဃာတို့၏စုစည်းရာ သာသနာနှင့် သံဃာ ထေရ်ရဝါဒ သင်္ကာမကင်းမရှိရလေအောင် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံလွန် ပြီးနောက် မကောင်းညစ်ကြေး ကင်းစင်ရေးအတွက် (သင်္ဂါယနာ) တင်ပွဲများ ကျင်းပခဲ့သည်။

သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်ရောက်သောအခါ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသနလိုဏ်ဂူတွင် နိုင်ငံတကာမှ သံဃာ တော်များနှင့် မင်းကွန်းတိပိဋက ဦးဝိစိတ္တဆရာတော်ကြီး အဖြေ ပုစ္ဆာပြု၍ အမေးပုစ္ဆာရှင် မဟာစည်ဆရာတော်ကြီး နိုင်ငံတော်သမ္မတ ဦးဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနုတို့မှ သာသနာ့အထောက်အကူပြု၍ ဆဋ္ဌသင်္ဂါယနာ ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်သည်။

(မယ်လမုစေတီ၊ ကမ္ဘာအေးစေတီ၊ ရွှေတိဂုံစေတီတို့၏ နေရာသည် မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူစဉ် ၁၀၃ ခု မဟာသက္ကရာဇ်တွင် အတိတ္တဥ္စန ဥက္ကလာပမင်း နေပြည်တော်နေရာဖြစ်ခဲ့သည်။) မြန်မာပြည်သည် ပဥ္စမ၊ ဆဌမ နှစ်ကြိမ် သင်္ဂါယနာတင်ခဲ့သည်။ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေနေရာသည် ကမ္ဘာအေးချမ်းစေသာ သာသနာ့အောင်လံနိမိတ် စိုက်ထူခဲ့သည်။ သာသနာတော်နှစ် ၂၅၀၀ ပြည့်မှသည် ယနေ့ သာသနာပိုင်တံဆိပ် ရွှေကျင်သာသနာပိုင်အဖြစ် ကမ္ဘာအေး ရေကူး ဝိဇ္ဇောတာရုံဆရာတော်ကြီး ခန့်အပ်လျက်ရှိနေခဲ့သည်။

သာသနာအစ စေတီရှေ့ သာသနာ ၅၀၀၀ အလယ် ဂုဏ်ယူဖွယ် သာသနာ့တံဆိပ်တို့ ကမ္ဘာအေးစေတီ သာသနာ့သင်္ဂါယနာတင်ရာနယ်အတွင်း သာသနာ၏ ဓမ္မသေနာပတိ (သာရိပုတ္တရာ) မြတ်ဗုဒ္ဓ၏ သာသနာ အားထားဖွယ် အမှတ်တံဆိပ်တို့ ရောက်ရှိခြင်းဖြစ်သည်။

ဂုဏ်ယူဖွယ်ရာ သာသနာအတွက် ဇမ္ဗူဒိပ် နိမိတ်ကောင်းခြင်း ဓမ္မရောင်ခြည် ကွန့်မြူးလည်၍ ဦးလည်တောင်စွန်း နေစကြဝန်းသို့ တင့်ရှန်းဝေဆာ တန်ခိုးဖြာလျက် ကောင်းစွာမသွေ တည်တံ့ပါစေသတည်းဟူသော ဆန္ဒဖြင့် **ဇမ္ဗူဒိပ်မှသည် မြန်မာပြည်သို့ဟု ယုံမှားမရှိ အစဉ်ထာဝရရှိနေမည့် ထေရဝါဒ ဗုဒ္ဓဘာသာ သံဃာတော်မြတ်အပေါင်းနှင့် စေတီတော်များအကြောင်း ဖွဲ့သီကျူးခဲ့ရပါလေသည်။**

*

**ဇမ္ဗူဒိပ်ဂျာနယ်**

# ဝိနာလင်္ကာရ ဋီကာမှ နမောပြန်ဂါထာ

မြန်မာပြည် ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့သည် ယုံကြည်ကိုးကွယ်မှု အစစ်အမှန် ဂေါတမမြတ်စွာဘုရား၏သာသနာ ပွင့်ထွန်းတော်မူပြီးဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ အစရှိသော နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့နှင့် ပါရမီအရင်းခံ ပွင့်တော်မူသော ဂင်္ဂါသဲလုံးမျှ ပွင့်တော်မူကြကုန်သော ဗုဒ္ဓမြတ်စွာ ဘုရားရှင်အဆူဆူတို့ကို အာရုံညွတ်၍ ရှိခိုးပူဇော်ကြရလေသည်။

စိတ်အာရုံစေလွှတ်၍ ရှိခိုးပူဇော်ခြင်းအစ **နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**ဟူ၍ ရှိခိုးပူဇော်ရာတွင် မြတ်ဗုဒ္ဓဘုရားရှင်တို့၏ ဂုဏ်တော်ကိုးဝ အကျဉ်းမျှဖြစ်သော ဘဂဝါဂုဏ် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ်သုံးပါး အထွဋ်တင်လျက် ပူဇော်ရှိခိုးခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်အများ အသိတရားရှေ့မှာထား စိတ်အာရုံစေလွှတ်၍ "နမော"ဟူသော ပါဠိတော်သည် မိမိစိတ်အစဉ်တို့ ကောင်းမြတ်သော သဒ္ဓါတရားပြည့်စုံမှုဖြင့် နမော ရိုကျိုးသော အမူအကျင့်

ရှိသော သက္ကစ္စဂါရဝ အမှုဖြစ်ခြင်း၊ နမော အားကိုးမှုမှန် ယုံကြည်မှု မှန်ဖြစ်ခြင်း၊ နမော မာန်မာနမရှိ လောဘ၊ ဒေါသ၊ မောဟတရားများ ကင်းစင်စွာဖြင့် လက်စုံချီမိုး ဦးညွှတ်ရှိခိုးခြင်းသည် အာရုံတင် ပဏာမ ရှိခိုးခြင်းဖြစ်သည်။ ကောင်းမှုမှန်သမျှ လိုအင်ဆန္ဒအားလုံး ပြီးပြည့်စုံ စေသည်။

နမောပါဠိတော်ကို အဖန်ဖန် အပြန်အလှန် ပူဇော်ရှိခိုးခြင်းဖြင့် နမောပြန်ဂါထာဟူ၍ "ဇိနာလင်္ကာရဋီကာ" တွင် အလာရှိသည့်အတိုင်း ပူဇော်ရေးသားလိုက်ရပါသည်။

တရားဟော ဓမ္မကထိက ဆရာတော်များ တရားဟောပလ္လင်ဖွင့် ဂါထာအဖြစ် ပူဇော်ခြင်း မဟာဂန္ဓာရီ ခရီးသွားများ မြတ်ဗုဒ္ဓဂုဏ် မညှိုးရန် ပူဇော်ပြန်သည်။ အထွဋ်သရဖူ မြတ်ဗုဒ္ဓဂုဏ်တော်အပေါင်း အာရုံပြောင်း စိတ်ထားကောင်းဖြစ်၍ လိုအင်ဆန္ဒ ကောင်းမှုမှန်သမျှ ပြည့်စုံကြရခြင်း ဖြစ်လေတော့သည်။

နမောပြန်ဂါထာသည် "ပတိလောမ ဗုဒ္ဓပူဇ နယဂါထာ" ဟူ၍ လည်း ရေးကျမ်းအလာများ ရှိခဲ့လေသည်။

**"နမော တဿ ရတော**
**မဟီမတော ယဿတမောန"**

**ယတောမဟီမတော**- ပါရမီတော်ဆယ်ပါး အကျယ်ပွားက အပြားသုံးဆယ် ငါးသွယ်စာဂ စရိယနှင့် ဒုက္ကရအကျင့်မှန် တတန် မာန်မျိုး ပယ်လှန်ချိုး၍ သုံးမျိုးဝိဇ္ဇာ ပု-ဒိ-အာဟု များစွာစုပေါင်း အကြင်စွမ်းအားတည်းဟူသော အကြောင်းတို့ကြောင့်။

**ယဿ ဘဂဝါတော**- ဘုန်းတော်ခြောက်ဝ လွှမ်းတောက်ပသည့် ဂေါတမဟု နာမထင်ရှား အကြင်မြတ်စွာဘုရားအား။ **တမော**- အမှန် လေးချက် သဘောနက်ကို ဖုံးဖုက်ကွယ်ကာ အဝိဇ္ဇာနှင့် တဏှာအခွယ် ပယ်ရန်ခဲခက် ထက်ဝက်သုံးတောင် ကိလေမှောင်သည် (န) ဝါသနာ

ဓလေ့ ထုံဋ္ဌေမျှ တစ်စေ့တစ်မြူ ရှိတော်မမူပေ။

**တထောမဟိတော**- ပါရမီတော်ဆယ်ပါး အကျယ်ပွားက အပြားသုံးဆယ် ငါးသွယ်စာဂ စရိယနှင့် ဒုက္ကရအကျင့်မှန် တတန် မာန်မျိုး ပယ်လှန်ချိုး၍ သုံးမျိုးဝိဇ္ဇာ ပု·ဒိ·အာဟု များစွာစုပေါင်း အကြင်စွမ်းအားတည်းဟူသော အကြောင်းကြောင့်။

**ယဿ ဘဂဝါတော**- (ဘုန်းတော်ခြောက်ဝ) လွန်တောက်ပ သည့် ဂေါတမဟု နာမထင်ရှား အကြင်မြတ်စွာဘုရားအား။ **မေ အမှာကံ**- အဝိဇ္ဇာမှောင် တဏှာထောင်ဝယ် ပိတ်လှောင်ခံထား ဘုရား တပည့်တော်များ၏။ **နမော**- အမှောင်လွတ်ကင်း အလင်းရောင်အောက် အမြန်ရောက်ရန် စိတ်ရည်သန်၍ အဖန်ဖန် ရှိခိုးခြင်းသည်။ **အတ္ထု**- ချက်ချင်းမြန်စွာ ဖြစ်ပါစေသား အရှင်ဘုရား။

## ဂါထာတော်၏ သိမှတ်ဖွယ် ဗုဒ္ဓဂုဏ်ရည်

မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဂုဏ်ရည် ပါရမီဆယ်ပါး-

| | |
|---|---|
| ၁။ ဒါန | ၆။ ခန္တီ |
| ၂။ သီလ | ၇။ မေတ္တာ |
| ၃။ နိက္ခမ္မ | ၈။ သစ္စာ |
| ၄။ ပညာ | ၉။ အဓိဋ္ဌာန် |
| ၅။ ဝီရိယ | ၁၀။ ဥပေက္ခာ- ပါရမီတို့ဖြစ်သည်။ |

ပါရမီသုံးသွယ်-

၁။ **ဒါနပါရမီ** - စည်းစိမ်၊ ဂုဏ်သိမ်၊ ဥစ္စာတို့ဖြစ်သည်။

၂။ **ဥပပါရမီ** - ခန္ဓာကိုယ်အစိတ်အပိုင်း၊ ကိုယ်အင်္ဂါတို့ဖြစ်သည်။

၃။ **ပရမတ္ထပါရမီ** - အသက်စွန့်လှူခြင်းတို့ဖြစ်သည်။

**"ငါးသွယ်စာဂ၊ စွန့်ခြင်းငါးပါး"**

**၁။ စည်းစိမ် ၃။ ဇနီးမယား**

**၂။ သားသမီး ၄။ ကိုယ်အင်္ဂါ**

**၅။ အသက်-တို့ဖြစ်သည်။**

**"ကိလေသာမာန် ဖြိုဖျက်လှန်ရန် ရေတွက်နည်း"**

| | |
|---|---|
| စိတ် + စေတသိက် ၅၂ = | ၅၃ |
| နာမ်တေပည်း | ၅၃ |
| နိပ္ဖန္နရုပ် | ၁၈ |
| လက္ခဏာရုပ် | ၄ |
| | ၇၅ |
| အဇ္ဈတ္တ ဗဟိဒ္ဓ | × ၂ |
| | ၁၅၀ |
| ကိလေသာ ၁၀ ပါး | × ၁၀ |
| | ၁၅၀၀ ကိလေသာတိုးပွားရာ |

## ကိလေသာ ဆယ်ပါး

၁။ လောဘ ၆။ ဝိစိကိစ္ဆာ

၂။ ဒေါသ ၇။ ထိနမိဒ္ဓ

၃။ မောဟ ၈။ ဉဒ္ဓစ္စ

၄။ မာန ၉။ အဟိရိက

၅။ ဒိဋ္ဌိ ၁၀။ အနတ္တပ္ပ

**"ဒုက္ခရစရိယာ ခြောက်နှစ်ကျင့်မှန် ငါးတန်မာန်မျိုး ပယ်လှန်ချိုး နိုင်ခဲ့သော ပါရမီဟုန်"**။

၁။ ဒေဝပုတ္တမာရ်၊

၂။ ကိလေသာမာရ်၊

၃။ ခန္ဓမာရ်၊

၄။ မစ္စုမာရ်၊

၅။ အဘိသင်္ခါရမာရ်

သုံးမျိုးဝိဇ္ဇာ ပု-ဒိ-အာ များစွာစုပေါင်း အကြင်စွမ်းအားတည်း ဟူသော အကြောင်းတို့ကြောင့် **"ဘုန်းတော်ခြောက်ပါး"**။

၁။ ဣဿရိယ - အရာရာမျိုး အစိုးတရရှိခြင်း။

၂။ ဓမ္မ - လောကုတ္တရာ တရားကိုးပါးရှိခြင်း။

၃။ ယသ - အခြံအရံပေါများခြင်း၊ ကောင်းဂုဏ် ကောင်းသတင်း ထင်ရှားခြင်း။

၄။ သီရိ - ရုပ်ရူပကာ အလွန်သပ္ပာယ် တင့်တယ်ခြင်း။

၅။ ကာမ - အလိုတော်ရှိသမျှ တခဏဖြင့် ပြည့်စုံတော်မူခြင်း။

၆။ ပယတ္တ - အထွဋ်အထိပ်သို့ ရောက်တော်မူသော ဝီရိယရှိခြင်း။

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို အရှိ၊ သတိ၊ အသိတရားတို့ဖြင့် နမော စိတ်အာရုံတင်၍ ပူဇော်ရှိခိုးခြင်းတို့၏ အကျိုးအာနိသင်သည် လိုအင်ဆန္ဒအဝဝ ပြီးပြည့်စုံကြလေတော့သည်။

နမော- အပြန်အလှန် ဝေဖန်စစ်ကြော ပူဇော်ခြင်းဖြင့် နမော ပြန်ဂါထာဟူ၍ ဗုဒ္ဓဂုဏ်လွှမ်းခြုံလျက် အလိုရှိတိုင်း ပြီးမြောက်ခြင်းသို့ ရောက်ခဲ့ကြလေတော့သည်။

*

# မြန်မာပြည် မိုးရွာခြင်းသုတ

မြတ်ဗုဒ္ဓပွင့်တော်မူသော မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ရွှေတိဂုံ စေတီသမိုင်း ပေါက္ခရဝတီတိုင်း မြန်မာပြည်ဟု သမိုင်းသက်သေတို့ ထင်ရှားရှိခဲ့သည်။ မြတ်ဗုဒ္ဓငါးဆူ ပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာသည် ဂေါတမမြတ်ဗုဒ္ဓ လေးဆူမြောက်ပွင့်ရန် အချိန်အခါ အနှစ်,နှစ်သောင်း စော၍ မဟာပထဝီမြေပြင်ပြုပြင်ရန် အချိန်အခါစခဲ့ရသည်။ မြတ်ဗုဒ္ဓ ဘုရားရှင် ပွင့်တော်မူတော့မည်ကို ဗြဟ္မာမင်းကြီးတို့ နှုတ်သံပြု၍ လူသားတို့အလယ် မထင်မရှား ကြွေးကြော်ခဲ့ရသည်။

ရေပြင်ပိုင်စိုးသော မဏိမေခလာ နတ်သမီးကြီးနှင့် အထက် ဘိုးတော်သိကြားမင်းတို့ တောင်ကျွန်းပြုပြင်ကြရသည်။ ကမ္ဘာ့အလယ် မဇ္ဈိမဒေသကဲ့သို့ ဂင်္ဂါ၊ ယမုံနာ၊ သီတာ၊ စွာရဏာသီမည်သော မြစ် လေးစင်းရှိသကဲ့သို့ တောတောင်များလည်း နည်းတူပြင်ဆင်ခဲ့သည်။ ပေါက္ခဝတီတိုင်း ယနေ့ မြန်မာပြည်နေရာ ဧရာဝတီ-ချင်းတွင်း-စစ်တောင်း-သံလွင်မြစ်တို့ကို ထင်ရှားပြု၍ မဏိမေခလာ နတ်သမီးကြီး တစ်နှစ်လျှင် ဥပဇာတစ်စုပြောင်းပြီး ရေပြင်ဆုတ် မြေခင်းခဲ့ရသည်။

ထိုအရပ်ဒေသ ရွာသောမိုးသည် (**ပေါက္ခရဝတီမိုး**)၊ တစ်နည်း- သက္ကဒေဝါမိုး၊ ညစ်ကြေးကင်း၍ သန့်စင်သောမိုးဖြစ်လေသည်။ ရှေးအခေါ် ပုလဲပန်းမိုး ရွှေမိုး ငွေမိုး တင်စားခေါ်တွင်၍ သက်စောင့်မိုး သက်ကယ်မိုး ကြမ္မာမိုး အမည်နာမခေါ်တွင်ကြသည်။ ကောက်ပဲ သီးနှံတို့ မိုးရေတစ်ပေါက် ရေတစ်ထမ်းလောက် ခရီးရောက်သည်ဟု လည်း ဆိုသည်။ မြေပြင်နူးစေမိုးဖြစ်သည်။ "**ကောက်**" ဟူသည် ကောက်ကြီးစပါးကို ဆိုလိုသည်။ ပဲသည် အမည် အမျိုးများသော သီးပင်ဖြစ်သည်။ သီးနှံအားလုံး မြေပြင်၏ မြေဆီပင်များဖြစ်၍ လူသားတို့ စားပင် အာဟာရနှင့် ဆေးပင်တို့ဖြစ်သည်။ အကျဉ်းအားဖြင့် သက္ကဒေဝါ တည်သောနေရာ ရွာသောမိုးဖြစ်၍ ပေါက္ခရဝတီမိုးဟု ခေါ်ဆိုခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓ ခြောက်ဝါမြောက် လစ္ဆဝီတိုင်းသားတို့ပင့်လျှောက်ချိန် မြတ်ဗုဒ္ဓသည် ဘုရင်ဗိမ္ဗိသာရမင်းကို မေးလျှောက်ပြီး တိုင်ပင်ရန် ပြောကြားသည်။ ဘုရားရှင်၏ မေတ္တာစေတ် သတ္တဝါအနန္တ ချမ်းသာ စေရန် ကြွချီတော်မူမည့်အကြောင်းလည်း ဘုရင်ကြီးအားလျှောက်ထား စေခဲ့သည်။

လစ္ဆဝီမင်းတို့ဘုရင်သည် ဗိမ္ဗိသာရမင်းကြီးအား မြတ်ဗုဒ္ဓလာပင့် ကြောင်း မိမိတို့တိုင်းပြည် နတ်ဘီလူးကိုးကွယ်မှုများ၍ ဝေသာလီပြည် ဘီလူးစားခံရပြီး လူသေအလောင်းအရိုးများ ကြည့်မကောင်းဖြစ်နေ ကြောင်း ဘုရင်ဗိမ္ဗိသာရအား ပြောကြား၍ မြတ်ဗုဒ္ဓကြွချီတော်မူမည့် အကြောင်း လျှောက်ထားပြောကြားလေသည်။

ဗိမ္ဗိသာရဘုရင်ကြီးသည် သူကိုယ်တော်တိုင် မြတ်စွာဘုရားနှင့် ရဟန္တာများကို ဖောင်တော်ပေါ်တင်၍ နိုင်ငံနှစ်ခုခြား မြစ်လယ်အထိ ပို့ဆောင်မည့်အကြောင်း ပြောလေသည်။

လဗ္ဗဝီမင်းတို့ မြစ်လယ်မှ ဖောင်တော်ဖြင့်စောင့်ကြိုသည်။ ဗိမ္ဗိသာရမင်းကြီး ဘုရားရှင်နှင့် ရဟန္တာများကို ဖောင်တော်ဖြင့် မြစ်လယ်သို့ ပို့ဆောင်တော်မူသည်။ ဖောင်နှစ်ခု ထိကပ်၍နေသော်လည်း မြတ်ဗုဒ္ဓသည် လဗ္ဗဝီမင်းတို့ ဖောင်တော်ပေါ်သို့ ကြွချီတော်မမူပေ။ ထိုအချိန် လဗ္ဗဝီတိုင်း မှောင်ပိတ်ဖုံး၍ မိုးသည်းထန်စွာ ရွာချလေသည်။

မိုးသည်းထန်စွာ ရွာချပြီးချိန် ဘုရားရှင် လဗ္ဗဝီမင်းတို့ ဖောင်တော်ပေါ်တက်၍ လဗ္ဗဝီပြည်သို့ ကြွတော်မူလေသည်။ လဗ္ဗဝီမင်းများ မိမိတို့ ဒုက္ခတိုင်းပြည်အကြောင်း မကောင်းညစ်ဆိုး ဒုက္ခတွေ ပြစရာမရှိအောင် လူသေအလောင်း အရိုးတွေ ဘာတစ်ခုမျှမရှိ သန့်စင်ပြီး ရေဆေးပြီးသောမြို့၏ အလှအပ၊ ကြည့်ကောင်းသော အရပ်ဒေသ သဖွယ်ဖြစ်နေသည်ကို တွေ့မြင်ကြရလေသည်။

မြတ်ဗုဒ္ဓနှင့် ရဟန္တာများ ရတနာသုတ် ပရိတ်တော်ရွတ်ဖတ်၍ နေ့ညမနား သုံးရက်ခရီး ရွတ်ဖတ်ပူဇော်ခြင်းဖြစ်သည်။ **လဗ္ဗဝီတိုင်း နတ်ဘီလူးများကိုးကွယ်သော နတ်ကွန်းကြီးခြောက်နေရာ စေတီကြီးခြောက်ဆူ**ကို တည်ထားလျက် မြတ်ဗုဒ္ဓ၏ ဓာတု၊ ဓမ္မ၊ ပရိဘောဂ ဟူ၍ မြတ်ဗုဒ္ဓရည်စူးလျက် ဥဒ္ဒိဿစေတီအဖြစ် စေတီတည်ထားမှု ဝေသာလီပြည် စခဲ့လေသည်။

လဗ္ဗဝီမင်းတို့တိုင်းပြည် ရွာသွန်းသောမိုးသည် **သိကြားသန့်စင်မိုးဖြစ်၍** ဤမိုးသည် ပေါက္ခရဝတီမိုး သိကြားမင်းတည်သောအရပ် သိကြားမင်းရွာချပေးသောမိုး **ပေါက္ခရဝတီမိုး**ဟူ၍ပင် ရှေးသမိုင်းစာပေများ မြတ်ဗုဒ္ဓ အဘိဓမ္မာဆိုင်ရာ ဋီကာနှင့် မဟာဗုဒ္ဓဝင် နိကာယ်ငါးရပ်တို့မှ ကောက်နုတ်၍ ရေးသားခြင်းဖြစ်သည်။ မိုးရွာခြင်းအကြောင်း သုတအဖြစ် "**သူကောင်းမျှော**"ဟူ၍ လည်းကောင်း၊ "**ကြာဖက်အင်း**" မိုးရွာခြင်းဟူ၍လည်းကောင်း မိုးရွာရက်နေ့ကို

မင်္ဂလာရှိသော ကောင်းသောမိုးအဖြစ် ပုလဲမိုး၊ ရွှေမိုး၊ ငွေမိုးဟူ၍ တင်စားကောင်းချီးပေးကြသည်။ "သူကောင်မျှော" မိုးရွာရက် သောကြာ၊ တနင်္လာ၊ ကြာသပတေး နတ်ဒေဝါတို့ပြုသောမိုး "ကြာ ဖက်အင်း"မိုးရွာခြင်း။ တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ သုံးရက် သည် လောကီသဘာဝ ရွာသောမိုးဟု ရှေးဝေဒကျမ်းအလို ဖော်ကျူး ရေးသားလိုက်ရပါသည်။

*



# ရွှေးတဘောင်နှင့် တိုင်းပြည်ဘုရင် သိုက်နန်းရှင်တို့အကြောင်း

ဗုဒ္ဓစာပေ ကျမ်းအလီလီတို့မှ ကောက်နုတ်၍ အပရေ ဆရာ အလီလီ ဩဝါဒအမည်များ ကွဲပြားလျက်ရှိခဲ့သည်။ "**သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ၊ အဘိဝါဒိယဘာသိသံ၊ အဘိဓမ္မတ္ထ သင်္ဂဟံ**"ဟူသော မြတ်ဗုဒ္ဓအဘိဓမ္မာကျမ်းမှ အစပြု၍ တရားတော်၏ နက်ရှိုင်းမှု၊ လောကီ လောကုတ် နှစ်လီ ပွားထုတ်ကုန်မည်မဟုတ်သော "အဘိဝါဒိယ" သာသနာအတွက် ယခုနောက်နောင် ကောင်းကျိုး ရောက်ရန် ပါရမီနုရင့် အကြောင်းသင့်လှပေတော့သည်။

မြတ်ဗုဒ္ဓ၏ သာသနာနှစ်ပေါင်း ၂၅၀၀ ကျော်ခရီး မာန်လည် ဆရာတော်ကြီး၏ မဟာသုတကာရီ မာဃဒေဝလင်္ကာ၌ ရေးသားခဲ့သော မှတ်ဖွယ်သုတမှာ-

**တိုင်းပြည်အခင်း၊ မင်း၏အတွက်၊**
**ထိုနှစ်ချက်တို့၊ ဖြစ်ပျက်ခါနီး၊**
**လူနှုတ်သီး၌၊ ကပ်မှီးရောယောင်၊**
**လူတို့ဖောင်၍၊ တဘောင်နိမိတ်၊**
**ကောင်းဟိတ်ဆိုးမှု၊ ပြုလာပြုလျက်၊**
**ပြည်သူလေ့လာ၊ များတတ်စွာ၏။**
**လူ့ရွာစန်ရှေး၊ မှတ်တရေးလည်း၊**
**"ကလေးတမည်၊ သဘင်သည်တစ်ဦး၊**
**အရူးခေါ်ရိုး"၊ ဤသုံးမျိုးကို၊**
**ကောင်းဆိုးတဘောင်၊ နိမိတ်ကောင်တည်း။**

ဟု ဖော်ကျူးရေးမှတ်ခဲ့သည်။ မြတ်ဗုဒ္ဓပဋ္ဌာန်းတရားတော် "စေတောပရိယဉာဏသ- စိတ်ကိုစေလွှတ်ပေးပါ။ ပုဗ္ဗေဏိဝါသဉာဏသ- ပြီးခဲ့သော အတိတ်ကာလသို့လည်းကောင်း။ ပစ္စုပ္ပန္နသဉာဏသ- ယခုဖြစ်ဆဲကာလသို့လည်းကောင်း။ ဉာဏသ- ဉာဏ်ပညာထက်သောသူတို့သည်။ အနာဂတံသဉာဏသ- အနာဂါတ်ကာလသို့ ထိုးဖောက်သိနိုင်ကြောင်း ပစ္စယသတ္တိ အထင်အရှားရှိလေတော့သည်။

သာသနာနှင့် ဒါယကာ ဆရာ-ဒကာ လက်တွဲညီကာရှိခဲ့သည်။ ဆရာတော်သည် ပိဋကအာဂုံဆောင်တို့ဖြစ်ပြီး ဒကာတော်သည် ပြည့်ရှင်မင်း ဘုရင်ဧကရာဇ်တို့ ဖြစ်ခဲ့ကြသည်။

သာသနာ ၅၀၀၀ ထက်ဝက် ၂၅၀၀ သို့ရောက်သည်တွင် ရာဇာဘုရင်တို့ နန်းပျောက်ဆုံး၍ သာသနာသည်သင်္ဂါယနာခြောက်ကြိမ်မြောက် ပြုခဲ့သည်။ မင်းတုန်းမင်းကြီး ငါးကြိမ်မြောက် နောက်ဆုံး

ရာဇာအဖြစ် ခရီးနှင်ပြီး သမ္မတမင်းခေတ် သင်္ဂါယနာခြောက်ကြိမ်မြောက် သမ္မတ ဒွိပိဋက ဦးဝင်းမောင် ကမ္ဘာအေးစေတီ နိမိတ်ဖတ်၍ ထေရဝါဒ ဗုဒ္ဓဘာသာ ပြည်မြန်မာတွင် ကမ္ဘာဦးထိပ် မြင့်မိုရ်တောင် နိမိတ်ကောင်း သာသနာ့အလင်းတိုင်ဖြင့် "သင်္ဂါယနာ" သာသနာရန့် သန့်ရှင်းစွာ မြန်မာပြည် ကမ္ဘာ့အေးကုန်းမြေတွင် သာသနာ့အလင်း လွင့်ထူနိုင်ခဲ့သည်။

## မြတ်ဗုဒ္ဓဗျာဒိတ်တော်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ကောသမ္ဘီပြည်မှ ရဟန္တာငါးရာနှင့်တကွ ဆွမ်းခံကြွတော်မူသည်တွင် ပေါက္ကံမြို့အနောက်ဘက် တန့်ကြည့်တောင်မှ ရပ်တန့်၍ မြတ်စွာဘုရားရှင် ပြုံးတော်မူလေသည်။

ကိုယ်တော်မြတ် အဘယ့်ကြောင့် ပြုံးသနည်းဟု လက်ဝဲရံ မောဂ္ဂလာန်နှင့် ညီတော်အာနန္ဒာတို့ လျှောက်ထားတောင်းပန်လေသည်။

ရေစီးနေသော မြစ်လယ်၌ **အုံးလက်ငယ်တစ်ခုသည် ရပ်တန့်နေသည်ကိုမြင်၍ ပြုံးတော်မူသည်**ဟု မိန့်တော်မူ၏။

နောင်အခါ မည်သို့ဖြစ်မည်နည်း လျှောက်ထားလေသော် အုံးလက်ငယ် ယခုရပ်တန့်နေသော နေရာ၌ ရေသားခန်းခြောက် မြစ်ပျောက်လောက်အောင် သောင်ထွန်း၍ ကျွန်းကြီးတစ်ခုပေါ်လိမ့်မည်။ အင်းဝရွှေပြည်ကြီး တည်လိမ့်မည်။ အင်းဝရွှေပြည်ကြီးကို အပြစ်ရောက်စရာမြင်သည်။

ဘယ်သို့ဖြစ်မည်နည်းဘုရားဟု မောဂ္ဂလာန်နှင့် အာနန္ဒာတို့ လျှောက်ထားသော် **အင်းကို ဟသ်ာတို့က တိုက်ခိုက်၍ ဖျက်လိမ့်မည်**ဟု မြတ်ဗုဒ္ဓမိန့်ဆိုတော်မူခဲ့သည်။

ယနေ့ မြန်မာပြည် အင်းဝခေတ်ကို မြတ်ဗုဒ္ဓ နှုတ်သံဗျာဒိတ် ပြုခဲ့ခြင်းဖြစ်သည်။

## သိကြားမင်းစောင့်ရှောက်သော သာသနာ

သိကြားသာသနာဆိုသည်မှာ သိကြားမင်းထားသော သာသနာ မဟုတ်၊ ကျွန်ုပ်တို့ မြတ်ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးကာလ ညဥ့် သန်းခေါင်ယံ၌ သိကြားမင်းအား ငါဘုရား၏ ဗုဒ္ဓသာသနာသည် ၅၀၀၀ တည်စေ၍ ထိုသာသနာနှစ် ၅၀၀၀ အနက် အနာဂါတ်သာသနာ တော် ၂၅၀၀ နှစ်ကို ဒါယကာသိကြားမင်းက အထူးကြပ်ကဲစောင့် ရှောက်စေရမည်ဟု ဗျာဒိတ်ထားတော်မူခဲ့လေသည်။

ထိုအကြောင်းတို့တွင် တစ်ညဥ့်အတွက် ညဥ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံဟု အချိန်သုံးပါးရှိသည့်အနက် သန်းခေါင်ယံ၌ သိကြား မင်းသည် မပြတ်ခစား၍ တရားနာချိန်ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီး ညဥ့်ဦးအလွန် သန်းခေါင်ယံ သိကြားမင်းလာရောက် ပြီးသော် အရှင်ဘုရား အခြားသော ကကုသန် ကောဏာ ကဿပ စသော ဘုရားရှင်တို့သည် သာသနာတော်ရှည်ကြပါ၏။ ယခုမူကား အရှင်ဘုရားသက်တော်သည် အလွန်တိုတောင်းလှပါသဖြင့် သာသနာ တော် လွန်စွာတိုတောင်းနေပါသည်။ ထို့ကြောင့် ဓမ္မစက်သာသနာ တော်ကို ဗျာဒိတ်ထားခဲ့တော်မူပါဘုရားဟု လျှောက်လေသည်။

ဘုရားရှင်သည် 'အို…ဒါယကာ သိကြားနတ်၊ ကလိယုဂဆုတ် ကပ်တွင် ငါဘုရားသာသနာတော်အား စောင့်ရှောက်သူနည်းပါးသဖြင့် ဖြစ်နိုင်ပါမည်လော'ဟု မိန့်လေလျှင် သိကြားမင်းသည် 'အရှင်ဘုရား သာသနာတော်မြတ်ကို ထားတော်မူခဲ့ပါဘုရား၊ အရှင်ဘုရား ဗျာဒိတ် တော်အတိုင်း သာသနာတော်ကို စောင့်ရှောက်ပါမည်'ဟု တင်လျှောက် လေသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ ဓမ္မတရားတော် နှစ်ငါးထောင် သာသနာ အတွက် သာသနာထက်ဝက် ၂၅၀၀ ကျော်လျှင် သိကြားဒါယကာ စောင့်ရှောက်လေဟု ဗျာဒိတ်ပေးတော်မူ၏။

နတ်တို့သနင်း သဂ္ဂဒေဝါ သိကြားမင်းသည် မြတ်ဗုဒ္ဓ၏ ဓမ္မရတနာ သာသနာတည်စေရန်ငှာ ဇမ္ဗူဒိပ်ကျွန်း ဦးထိပ်ကင်းဖြစ်သော လကျ်ာတောင်ကျွန်း ကောင်းမြတ်သော ဒေဝါနိမိတ်ကောင်း မြတ်ဗုဒ္ဓ ဟိတ်အကြောင်း နိမိတ်တို့ ထင်ရှားသက်သေဖြစ်လေတော့သည်။

## နတ်ဒေဝါသာသနာအတွက် အုပ်ချုပ်မှုဖွဲ့စည်းပုံ

မြတ်ဗုဒ္ဓထံတွင် ဝန်ခံချက်အရ သိကြားမင်းသည် သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်း၍ နေရောင် လရောင်ပမာ ထွန်းလင်းစေခြင်းငှာ အုပ်ချုပ်စီမံရလေသည်။

သာသနာစောင့်အဖြစ် စတုမဟာရာဇာ နတ်မင်းကြီးလေးပါး ဓဋ္ဌရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေဓ အရပ်လေးမျက်နှာ အရံအတားတာဝန်ပေး၍ ထို့နောက် နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ရက္ခ၊ ဂန္ဓဗ္ဗ၊ ဝိဂန္ဓရ၊ သိကြား ဘုံခုနစ်လွှာခွဲ အုပ်ချုပ်ခြင်း၊ ဂုမ္ဘာန်ရက္ခ မျိုးနွယ်ပွားနတ်ဘီလူးတစ်ထောင်အားလည်းကောင်း၊ ထွက်ရပ်ပေါက် ဝိဇ္ဇာရှစ်သောင်း ဆရာရသေ့ပေါင်း၊ ထို့နောက် မြို့စောင့် ပြည်ရွာအစောင့်အရှောက် မျိုးရိုးစဉ်ဆက် ၁၀၁ ပါးသော အောက်လက်ငယ်သားနတ်ဒေဝါတို့အားလည်းကောင်း အနာဂါတ်သာသနာ ကောင်းသူကယ်၊ မကောင်းသူပယ်၍ သာသနာနယ် အရှည်ကြာဖွယ် စောင့်ရှောက်လေသည်။

## မြတ်ဗုဒ္ဓ ဗျာဒိတ်တော်ရ
## သာသနာထက်ဝက် မင်းကောင်းတစ်လက်

သာသနာတော် ထက်ဝက်ကျော်သောအခါ တိုင်းမသိလျှင် ဗာရာဏသီ၊ မင်းမသိလျှင် ဖြဟ္မဒတ်ဟူသော ရာဇာမင်းတို့ကွယ်ပျောက်ချိန်ကို ဆိုလိုသည်။

မြတ်ဗုဒ္ဓ အဘိဓမ္မာနည်းဖြင့် လူတို့သက်တမ်း (ရေတွက်မရအောင်) ရှည်လျားချိန် "မဟာသမ္မတ" မင်းတို့ အုပ်စိုးလျက်ရှိ၏။ ထိုကာလမှ အာရဆုတ်ကပ်ရောက်၍ လူတို့သက်တမ်း အနှစ်(နှစ်သောင်း)တွင် မဟာဗြဟ္မဒတ်မင်းတို့ အုပ်စိုး၏။ ယနေ့ လူတို့သက်တမ်း (ရာ)ဂဏန်းအောက် မဟာဗြဟ္မဒတ်မင်း ကောရာဇမင်းများ ကွယ်ပျောက်၍ သမ္မတမင်းနှင့် သမ္မဂ္ဂါတို့ ယခုပေါ်ပေါက်ချိန်ခါဖြစ်သည်။ (လူသားတို့ တရားစောင့်သိရန် အချိန်အခါကောင်းဖြစ်သည်)။

**စကြာသခင် ဒို့အရှင်ဟု အများအကြိုက် ဘုရားသိုက်ဟူသော စကားအရ "မြတ်ဗုဒ္ဓလေးမျိုး"** ဝိဝါဒကွဲပြားရန် လိုအပ်၏။ သုည ကမ္ဘာတို့၏ အထွတ်ဘုရင် ပစ္စေကဗုဒ္ဓါအရှင်တို့ ပွင့်ထွန်း၏။ ဗုဒ္ဓငယ် ဟူ၍ မှတ်ယူအပ်၏။ ပစ္စေကဗုဒ္ဓါအရှင်တို့ ဟောတရားကား သုတမျှ ဖြစ်ဖွယ် ကုသိုလ်ကောင်းကျိုး၊ အကုသိုလ်ဆိုးကျိုး "**ကုသလ၊ အကုသလ။ သုတမျှ ဟောကြားနိုင်၍ သုတ**" ဗုဒ္ဓဟူ၍ သာသနာ ပေါ်ထွန်း၏။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်တို့သည် ပါရမီတို့ ထူးကဲလွန်မြောက်၏။ လေးသင်္ချေ ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေ ကမ္ဘာတစ်သိန်းတို့ ကျင့်ဆောင်ပါရမီ ပန်ဆင်ကြရလေသည်။

အမှန်တရားမည်သော သစ္စာလေးပါး ကိုယ်တော်တိုင် ပါရမီဉာဏ်အားဖြင့် သိ၏၊ ကျင့်၏။ သူတစ်ပါးအား တစ်ခုမကျန် ပြန်ဟောနိုင်၏။ သစ္စဗုဒ္ဓပိုင်ရှင် တရားမင်းအစစ် ဘုရားရှင်ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓ ဟောကြားသော တရားတော်တို့သည် သစ္စာမည်၍ သစ္စဗုဒ္ဓဖြစ်ပြီး ပဌမဟောကြား တရားသည်ပင် "ဓမ္မစက္ကပဝတ္တန" သုတ်တော်၊ မြတ်ဗုဒ္ဓတရားအားလုံး တရားဦးမလွတ် "ဓမ္မစကြာ" သာလျှင် စတင်ပြီး ဟောကြား၍ **စကြာမင်းရှင်သည် မြတ်ဗုဒ္ဓပင်ဖြစ်လေသည်။**

**၁။ ပစ္စေကဗုဒ္ဓါ၊ သုတဗုဒ္ဓ ဟူ၍ နှစ်မျိုး။**

**၂။ သမ္မာသမ္ဗုဒ္ဓ၊ သစ္စဗုဒ္ဓ ဟူ၍ နှစ်မျိုး။**

**တစ်မျိုးစီတွင် ဗုဒ္ဓ၏ ရသနှစ်မျိုးပြား၍ မြတ်ဗုဒ္ဓလေးပါး ဟူ၍ နိကာယ်ငါးကျမ်းမှ ကောက်နုတ်ဖော်ပြလေသည်။**

နတ်နှင့်လူ သံပြိုင်ကျူးရင့်ခဲ့သော မြတ်ဗုဒ္ဓသာသနာ လူသားတို့ တောင့်တသော **"သာသနာထက်ဝက် မင်းကောင်းတစ်လက် စကြာမင်းလေး လာတော့မယ်ဆိုသော ဘုရားသိုက်တဘောင်"** သတိပြုမှတ်ယူစေလိုပါသည်။


ကမ္ဘာပေါ်တွင် မင်းရာဇာ ဧကရာဇ်တို့ ပျက်ပြုန်းကုန်လေသော် စကြာရှင် မင်းတစ်ပါးတည်း နှစ်ပေါင်း ၂၅၀၀ အုပ်စိုးပြီးချိန် လူ့ပြည်မှ စေတီတော်များ ဓာတ်တော် ရောင်တော်ပြန် ကွန့်မြူးလျက် ကျွတ်ထိုက်သူတွေ လူမပါ **"နတ်တွေမှန်းခြေ သန်းကုဋေ"** ဟု **"ဂန္ဓမာဒနေတောင်နှင့် တာဝတိံသာ"** နတ်ကျွတ်တမ်းဟူ၍ ကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂါယနာတင် မဟာစည်ဆရာတော်ကြီး ရေးသားတော်မူသည့် **"ယောမဝတ"** သုတ္တန်တွင် တွေ့ရလေသည်။

စကြာမင်းသည် လူမဟုတ်၊ နတ်မဟုတ်၊ ဝိမုတ္တိတစ်ကျော့ပြန် မြတ်ဗုဒ္ဓသာသနာ ဓမ္မစကြာပွင့်ထွန်း သာသနာ ထွန်းလင်းရောင်ဝါ ဖြာလျက် (မင်းမကောင်း မင်းအပြစ်၊ မဟာသမ္မတမင်းခေတ်ရောက်၍) သာသနာသတင်းကောင်း အကြောင်းဟူ၍မှတ်ယူအပ်လေတော်မူသည်။

သက္ကဒေဝါစောင့်ရှောက်သော သာသနာ ၂၅၀၀ မှန်ကန်သော သစ္စာတရားစောင့်ရှောက်၍ ဓမ္မစကြာထွန်းသော **"စကြာမင်း"** သစ္စာမည်သော အမှန်တရားသာ ယခုနောက်နောင် ဧကရာဇ တစ်ခုတည်းသော ကောင်းဆိုးရလဒ် အကျိုးပေးခံစားရမည်သာဖြစ်လေတော့သည်။

*

မြို့ဒိပ်ဂျာနယ်၊ ၂၁-၅-၂၀၁၈



# နမောတဿဘုရားရှိခိုးနှင့် မြတ်ဗုဒ္ဓပဋ္ဌာန်း တေးထပ်

**"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား သည် ပါရမီတော်တို့၏ အညွန့်အဖူး ထူးသည့်ချိန်ခါ မဇ္ဈိမဒေသ ကမ္ဘာအလယ် ဗဟိုချက် (၄၉)ရက်၏ နောက်ဆုံးကျမ်းအလာ မဟာပဋ္ဌာန်းကျမ်းတော်ကြီးဖြင့် အံ့ချီး၍မကုန် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးထွန်းတောက်၍ **"ဘဂဝါ"** ဂုဏ်သတင်းတောက်ပြီး ဖြပ်ပွားနတ်လူ ပူဇော်ကော်ရော် ဦးချတော်မူ၍ အရဟံဂုဏ်ထူးဖြင့် ပူဇော်တော်မူခြင်း။

**"သမ္မာ"** အမှန်တရား **"သမ္ဗုဒ္ဓ"** ဆရာမကူ ပါရမီတော်အဟုန်ဖြင့်ပြီး မြောက်တော်မူခြင်းတို့ကြောင့် အရဟံ သမ္မာ သမ္ဗုဒ္ဓဿဟု နမော ရှိသေမြတ်နိုး လက်စုံမိုးလျက် လူနတ်ဖြပ်ပွား သတ္တဝါအနန္တ ရှိခိုးဦးချ ကန်တော့လိုက်ရပါ၏ မြတ်စွာဘုရား။ အဘိဓမ္မာကျမ်းအလာ

"**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**" မြတ်နိုး ပူဇော် ရှိခိုးကြလေတော့သည်။

အဘိဓမ္မာသည် မြတ်ဗုဒ္ဓ၏ ဝိပဿနာတရားတို့ မည်ပါပေ၏။ ကျမ်းအစဉ်တို့ ဖော်ရာအဖြစ် မှတ်သားရ လွယ်လေအောင် အဘိဓမ္မာ ခုနစ်ကျမ်း လင်္ကာအားဖြင့် သံသာဓမ္မ ဖွဲ့ကျူးခဲ့သော ရှေးပဝေ ဆရာကြီးတို့ နည်းနာ ဓားထပ်အဖြစ် ရေးမှတ်ခဲ့သော စာပေဖြင့် ပြန်လည်ဖော်ကျူးလိုပါသည်။

၁။ ဓမ္မသင်္ဂဏီ··· ဒွါရဿ၊
ကျွတ်တာက··· ခုနစ်ကုဋေ။
၂။ ဝိဘင်္ဂ··· ရက်တူပေ။
ကျွတ်ဝေနေ ခြောက်ထား။
၃။ ကျမ်းဓာတု၊ ခြောက်ရက်ကြာမှာ၊
ဝေနေရာ··· ခြောက်ဟုမှတ်သား။
၄။ ပုဂ္ဂလ··· ရက်သတ္တာ၊
ဝေနေရာ··· ခြောက်ဟုမှတ်သား။
၅။ မြတ်ကထာ··· ရှစ်ရက်မမှားပါဘူး၊
ကျွတ်ချက်အား··· ခုနစ်ကုဋေ။
၆။ ယမိုက်လေ··· ဝီသာရက်ပါဘဲ။
ကျွတ်ချက်က··· မှတ်ကြရှစ်ကုဋေ
၇။ ပဋ္ဌာန်းပြ··· ပဉ္စဝိ မသွေတယ်၊
ကျွတ်ကုဋေ··· ကုဋေလေးဆယ်ပ···
ပေါင်းလိုက်ကြ··· ရှစ်ဆယ်ကုဋေ
ကျွတ်ကြသူတွေ။
မြတ်ဗုဒ္ဓ ဟောမိန့်ခြေသည်
မြတ်အဘိဓမ္မာ တန်ခိုးကြွယ့်လေး···။

မြတ်ဗုဒ္ဓ ရက်ပေါင်း (၉၀)ဟောကြားစဉ် ကျွတ်တန်း ဝင်သူ ပေါင်း ကုဋေ(၈၀)ဖြစ်ကြောင်းညွှန်းတမ်းဖြစ်သည်။ လူတို့၏ ပြည် ရက်ပေါင်း (၉၀)၊ တာဝတိံသာတွက်ကိန်း (၉) မိနစ်ခန့် အကြာမျှသာ ရှိသည်ဟု အချိန်ကွာခြားမှုဖြစ်သည်။

(၁) ဓမ္မသင်္ဂဏီ - ရုပ်နာမ်မွေ့တရားများ ပိုင်းခြားစုစည်းခြင်း၊

(၂) ဝိဘင်း - သံသရာဝိပါတ်တရားများ စုစည်းခြင်း။

(၃) ဓာတုကထာ-ရုပ်ဓာတ်၊ နာမ်ဓာတ် သဘာဝဓာတ်တရား များ စုစည်းခြင်း၊

(၄) ပုဂ္ဂလ - ပုဂ္ဂိုလ်သတ္တဝါ ကွဲပြားစုစည်းခြင်း။

(၅) ကထာဝတ္ထု-ကထာဝတ္ထုဆယ်ပါး ပိုင်းခြား စုစည်းခြင်း၊

(၆) ယမိုက် - ရုပ်အစဉ်၊ နာမ်အစဉ်တို့ ပြီးမြောက်၍ ရုပ် အစဉ်၊ နာမ်အစဉ်တို့ ချုပ်ငြိမ်းခြင်းမှ ယမက -ယမမင်း မျက်ခြည်ပြတ်၍ ဘဝမကျန် သန္တိသုခနေရာမှန်ဖြစ်သည်။

(၇) ပဋ္ဌာန်းကျမ်းတော်သည် ပစ္စယသတ္တိ ကျေးဇူးတရား၏အစ ကျေးဇူးတရားအဆုံးအသိ အနန္တနယ များမြောင်လှစွာ မြတ် ဗုဒ္ဓဉာဏ်တော်ဖြင့် (၂၅)ရက် ကျက်စားတော်မူရာ ကျမ်း တော်ကြီးအပြီး ရောင်ခြည်တော်ခြောက်သွယ် ကျေးဇူး တော် အဟုန်ဂုဏ်တော် ထွန်းပေါက်တရား၏ဂုဏ်ပေါ် ကျေးဇူးတော်ရောင်ဝါလျှမ်း၍ ခြောက်ရောင်သွယ် ကွန့်မြူး ခြင်းဖြင့် “ဘဂဝါအစ အရဟံပေါ် ရွှေဉာဏ်တော် သမ္မာ သမ္ဗုဒ္ဓ”ဟု နမောအစချီ ရှိခိုးကြပါလေသည်။

၁၃၇၉ ခုနှစ်၊ သာသနာတော်နှစ် ၂၅၆၁ ခုနှစ်တွင် ဝါဆိုလသည် စနေဆန်းသောနှစ်ဖြစ်၍ ရှေးပဝေဆရာကြီးများဝေဒကျမ်းအလို

“စနေဆန်း ပဋ္ဌာန်းရွတ်ပါ” ဆိုသောလင်္ကာဖြင့် ပူဇော်စေခြင်း “မမွ စကြာ ဒေသနာ ဟောကြားတော်မူသော ဓမ္မစကြာထူး အဦးလည်ပတ်သော အခါထူးဖြင့် ကြုံနေခြင်းတို့ဖြင့် သာသနာကောင်းကျိုး မျှော်ကိုး၍ ရေးသားပူဇော်လိုက်ပါသည်။

**လေအန်ကုန်းမဂ္ဂဇင်း၊ အမှတ်(၂)**



# ဟေမဝတသုတ္တန်မှ
# ရာဇ ဒေဝီ သာသနာ

ကဿပမြတ်စွာဘုရားသည် လူတို့၏သက်တမ်း အနှစ် (နှစ်သောင်း)တမ်းတွင် ပွင့်ထွန်းတော်မူသည်။ ကဿပမြတ်စွာဘုရား၏ သာသနာကွယ်သော် လူတို့၏ သက်တမ်းအနှစ် (နှစ်သောင်း)မှ ဆုတ်ယုတ်ပြီး အနှစ်(တစ်ရာ)တွင် တစ်နှစ်ဆုတ်လျက် လူတို့သက်တမ်း ဆယ်နှစ်တမ်းတွင် ကပ်ဆိုးကြီးနှင့် လူအများ သေကြေဖျက်ဆီးကြရသည်။

ကျန်ရစ်သူလူများ သံဝေဂ တရားရလျှက် မေတ္တာအစရှိသော တရားများ ပွားများအားထုတ်ကြ၍ ဆယ်နှစ်တွင် သက်တမ်း တစ်နှစ်တိုး၍ အသင်္ချေယျမှ လူတို့သက်တမ်းဆုတ်ကပ် သက်တမ်းနှစ် (တစ်ရာ)တမ်းရောက်သောအခါ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၅၂ ခုနှစ်

မြောက်က ယခုကဲ့သို့ ကဆုန်လပြည့်နေ့မှာ ကျွန်ုပ်တို့လူသားများ ကိုးကွယ်ဆည်းကပ်သော ဂေါတမမြတ်စွာဘုရားရှင်ပွင့်တော်မူသည်။

မြတ်ဗုဒ္ဓပွင့်တော်မူပြီး နှစ်လအကြာ ဝါဆိုလပြည့်နေ့ မြတ်ဗုဒ္ဓ ဓမ္မစက္က ပဝတ္တန သုတ်သော် တရားဦးအဖြစ် ဟောကြားတော်မူခဲ့ သည်။

တရားဦးကျွတ်တမ်းဝင်သူ လူသားထဲမှ အရှင်ကောဏ္ဍည သောတ ပတ္တိဖိုလ် တရားထူးရခဲ့သည်။ ဗြဟ္မာ(၁၈)ကုဋေ နတ်တွေမရေတွက် နိုင်အောင် များစွာပင်တရားထူးရကြသည်။

သာတာဂီရိ နတ် တရားနာနေရင်း သူ့မိတ်ဆွေ ဟေမဝတ နတ်ကို သတိရနေကာ စိတ်ပျံ့လွင့်နေ၍ တရားကိုမရခဲ့ဘဲ ဟေမဝတ နတ်ကိုဖိတ်ခေါ်လျက် ဒုတိယအကြိမ် မြတ်ဗုဒ္ဓထံ အမေးအဖြေတို့ဖြင့် လျှောက်ထား နာကြားပြီး အခြံအရံ နတ်ဘီလူး တစ်ထောင်တို့နှင့်တကွ နတ်မင်း နှစ်ဦးစလုံး သောတပတ္တိမဂ်ဖိုလ် တရားထူးကိုရကြသည်။ ထိုသုတ္တန်သည် မြတ်ဗုဒ္ဓ၏ ဒုတိယသုတ္တန် ဟောစဉ်ဖြစ်သည်။

ဟေမဝတနတ်မင်း ဂါထာတော်တို့ဖြင့် သိလိုရင်းများ မေးလျှောက် လျှက် မြတ်ဗုဒ္ဓအားအလွန်ကြည်ညို ချီးကျူးပူဇော်သောအားဖြင့် ဝမ်းမြောက်စွာ ဂါထာတစ်ပုဒ်ဖြင့် ကြေညာခဲ့သည်။

**ဟေမယံ ဝိစရိသာမ၊**
**ဂါမာဂါမံ နဂါနဂံ။**
**နမဿမာနာ သမ္ဗုဒ္ဓံ၊**
**ဓမ္မဿစ သုဓမ္မတံ။**

ဟေမယံမြတ်စွာဘုရားထံမှ တရားနာကြ၍ တရားထူးကို သိကြ သော ငါတို့သည်၊ သမ္ဗုဒ္ဓေါ မြတ်စွာဘုရားကို နမဿမာနာ ရှိခိုး ပူဇော်ကြကုန်လျှက်၊ ဓမ္မဿတရားတော်၏၊ သုဓမ္မတံစကောင်းသော တရား၏ အဖြစ်ကိုလည်း၊ နမဿမာနာ ပူဇော်ဟောပြောကုန်လျှက်၊

ဂါမာဂါမံ တစ်ရွာမှ တစ်ရွာသို့၊ နာဂါနာဂံ တစ်တောင်မှ တစ်တောင်သို့၊ ဝိစရိသာမ လှည့်လည်သွားကာ ကြွေးကျော်ကြပါအံ့တည်း။

ဟေမဝတ သာတာဂီတိ ယက္ခနှယ်ဖွား ဘုန်းတံခိုးကြီးမားသော နတ်ဘီလူးတစ်ထောင်တို့ကိုယ်စား ဟေမဝတ၏ ကြေညာချက် ဆောင်ပုဒ်ကို ဆရာတော်ကြီးရေးစပ်ခဲ့သည်။

**ဘုရား တရား ဂုဏ်များချီကာ**
**တစ်ရွာမှသွား တခြားမြို့ရွာ။**
**တောတောင်သစ်ဟောင်း ရွှေပြောင်းသွားလာ၊**
**ငါတို့များလည်း သွားနေတော့မှာ.....။**

**ဆင္ဆသံဂီတိ ပုဏ္ဏက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော် အရှင်မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဟေမဝတသုတ္တန် မြတ်ဗုဒ္ဓပွင့်စမှ ၂၅၅၂ ခု မြတ်ဗုဒ္ဓထေရဝါဒ သာသာနာထွန်းလင်းရာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ရွှေရောင်သွန်းလောင်းသော မြန်မာပြည် ဖြစ်သည်။** လေးဆူဓာတ်တော် ရွှေတိဂုံဆံတော်ရှင် သမိုင်းသက်သေတွင်သော မဟာသက္ကရာဇ် ၁၀၃ခုနှစ်အစ၏ ကောင်းခြင်း မြတ်ဗုဒ္ဓ ပွင့်ထွန်းသော သက္ကရာဇ်ဖြစ်သည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် လေးလမြောက် အဇာတသတ် **ပထမသင်္ဂါယနာတင်မော်ကွန်းမှ သာသနာ သက္ကရာဇ်– ၂၅၅၂ သည် သာသနာနှင့် (ကမ္ဘာ)သို့ တင့်တယ်စေသည် "နာဂစ်" မုန်တိုင်းတိုက်ခတ်၍ မနိုင်းသာအောင် ရိုင်းခဲ့သည်ဟု ထင်ရသော်လည်း သဏ္ဍာဒေဝါနှင့် မဏီမေခလာတို့ ဖန်တီးသော** သာသနာတွက် ပင်လယ်ရေဖြင့် ဆေးကြောသန့်စင်စေလျက် စေတီတော်တို့ ဘုန်းတန်ခိုးတက်ရာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာနိမိတ် ထွန်းသစ်လေအောင် စီမံခဲ့သည်။ (တစ်မိန့်တစ်အာကာ ဩဇာကြဆင်းစေရန် ရာဇာမင်းတို့ တစ်ကမ္ဘာလုံးသိမ်း၍ စကြာလေးပါး လေးရပ်မှ သာသနာ

အမှန်မည်သော **"သာသနာ့တံခွန်"** စေတီမွန်တို့ဌာနသို့ သာသနာနှစ် ၂၅၅၂ ခုနှစ် နတ်တို့တစ်ဖန် သာသနာအပရန်များ တွန်းလှန်ခဲ့လေတော့သည်။

မြတ်ဗုဒ္ဓပွင့်ထွန်းပေါ်ပေါက်စ ဓမ္မစကြာဦးအထူးမှသာသနာ-၂၅၅၂ ခုနှစ် ကာလအကြာနှင့် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး သာသနာနှစ်-၂၅၅၂ ခုနှစ်ဖြစ်ရပ်တို့၏ ကမ္ဘာ့ဗုဒ္ဓ-ကမ္ဘာ့အံ့ဖွယ် လောကဓမ္မသဘာဝတို့ မြန်မာပြည်သာသနာ မြတ်ဗုဒ္ဓသင်္ဂါယနာရာဇာမင်းတို့ ငါးကြိမ်တင်ပြီး ဆဋ္ဌမအကြိမ် သာသနာသင်္ဂါယနာ နေရာသက္ကဒေဝါ၏ သားတော် ဥက္ကလာပမင်းကြီး လူတို့ပြည် ရွှေတိဂုံစေတီဆံတော်ဦးစေတီဒါယိကာ လူနှင့် နတ်တစ်ရစ်စီတည်ခဲ့သော နတ်နှင့် လူအတူတည်သောစေတီ **ဥက္ကလာပမင်းကြီး စံမြန်းရာ နေရာဒေသ နတ်တိုင်းရာဇာတို့ အုပ်စိုးခဲ့သော ယနေ့မြန်မာပြည်** ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးစေတီ (ကမ္ဘာအေးစေသော) နိမိတ်ဆောင်လျက် သင်္ဂါယနာ (ခြောက်ကြိမ်မြောက်) **"သမ္မတ ဦးဝင်းမောင်"** သာသနာအတွက် စေတီအခိုင်အမာ လိုဏ်ဂူတော်နှင့် မည်သည့် ပုဂ္ဂိုလ်မျှဖျက်စီးမရစေရန် မြန်မာပြည်မှ ရာဇာတို့ သာသနာဝန်းခတ်အပြီး သာသနာအတွက် ဒေဝါတို့ ဝန်းခတ်လျက် ဥက္ကလာပမင်းကြီး ထီးနန်းစိုက်ရာ သာသနာ ရာဇာ ဒေဝါ အခြံအရံနှင့် သာသနာတိုင် အခိုင်အမာ ဤမြေမှာ စိုက်ခဲ့ကြသည်။

သာသနာ့ဒါယကာ ကိုးဂဏန်းပိုင် သမ္မတတို့ တိုင်မနိုင်လေးနှစ် မကိုင်ရ ဟူသော စကြာလက်နက် (**ပါရမီစက်ခုန်ကျော်သူတို့ ပြုတ်ကျ အိမ်ဖြူတော်နှင့် သမ္မတ မမျှတသော ဘုန်းကံသဘောတို့ဖြင့် "ဆူးလေ" မွတ်တိုင်ခိုင်အောင် ကိုင်နိုင်သောမင်းကောင်းတို့၊ သာသနာတိုင်ကိုင်နိုင်သူ စကြာမင်းလောင်းသို့၊ ပါရမီကြောင်းသာ အဖြေရှာ သမ္မတမင်းကောင်းတို့ဟု သမ္မတမင်းတို့ပစ္စည်း တရားစီရင်ရာ သက်သေမလို အပြစ်ပေးစရာမလို အရိပ်၊ နိမိတ်၊ ပုံတို့ဖြင့် ရွေးသမ္မတမင်း**

**တို့နည်းတရားစီရင်ပြီးဖြစ်သည်။** စာပေကတ္တားရှိရာ ကံမလာရ=ကံရှိရာ ကတ္တားမသွားရ ထိုရာမမှူး ကံပြုလိုက (ကတ္တားထဲကံထည့်ရုံပ)ဟု ရှေးဆရာတော်ကြီးများ အကျိုးအပြစ် ပြလေသည်။

ဥပမာ-ခွေးကို+တုတ်ဖြင့်=ရိုက်၏၊ (ကံကတ္တားခွဲလေ) ရှေး သမ္မတမင်းတို့သည် အပြစ်ရှိသူအား မိမိကျူးလွန်ကြောင်း မှန်ထောင်၍ ပြသည့်နယ် အရိပ်နိမိတ်အသံတို့ ပေါ်၍ပြနေသည်။ မည်သည့်အပြစ် သည် မည်သို့ဟုလည်း ရှိနှင့်ပြီး ပြည်သူသိနှင့် ပြီးဖြစ်သည်။

**ယနေ့ သမ္မတတို့ခေတ် အင်တာနက် ကမ္ဘာကြီးရွာကြီး လိုကြည့် သိနိုင်သည်။** အပြစ်သိရန်သာလိုတော့သည်။ သို့သော်သမ္မတနှင့် သာဆိုင်သည်။ ပြည်သူနှင့် သမ္မတဘုန်းကံအမှန်မည်သော အသိသာ လိုအပ်၏။

စေတီယသဒ္ဒါအနက် ရတနတ္တယ ရတနာမြတ်သုံးပါး ကိုးကွယ်မှု စွမ်းအားစုံ အကုန်သိဘွယ် "အသိပညာ"သာလျှင် မြတ်ဗုဒ္ဓအလိုကြ ဖြစ်လေသည်။

*



ရန်ကုန်တိုင်းဒေသကြီး၊

ကွမ်းခြံကုန်းမြို့နယ်

တော်ကူးအနောက်စံပြကျေးရွာ

လယ်ပေါ်ကျောင်းတိုက်

**ကျေးရွာတော်ရှင်**

**ဘဒ္ဒန္တရေဝတ၏**

**ထေရုပ္ပတ္တိအကျဉ်း**

ဖွားတော်မူခြင်း

တော်ကူးကြီးအနောက် စံပြကျေးရွာလယ်ပေါ်ကျောင်း သာသနာတော်ကြီးကိုထိန်းသိမ်း စောက်ရှောက်မည့် သူငယ်လောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၉၈ ခု ဝါခေါင် လဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့ နံက် ၈ နာရီအချိန်တွင် တော်ကူးကြီး အနောက်စံပြကျေးရွာအုပ်စု၊ ရေတံခါး ကျေးရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးမြဟန် မယ်တော်မှာ ဒေါ်အုံးသင်ဖြစ်ပြီး မွေးချင်း ၆ ယောက်အနက် ဒုတိယ မြောက်သားရတနာဖြစ်သည်။ ငယ်မည်မှာမောင်ရွှေမြို့ဖြစ်သည်။

## သာသနာ့ဘောင်ဝင်ရောက်ခြင်း

၁၃၀၅ခုနှစ်တွင်ရေတံခါးကျေးရွာ မှ ဦးကြီးဖြစ်သူဦးဘညွန့် + ကြီးတော်ဖြစ်သူ ဒေါ်အုံးမေတို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် တော်ကူးကြီးစံပြကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်နယ်လှည့် ဓမ္မကထိကဆရာတော် ဦးစန္ဒိမာမထေရ်ကို ဥပဇ္ဈာယ်ပြု၍သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ရေဝတဖြစ်ပါသည်။

## ရဟန်းဘောင်သို့ ဝင်ရောက်ခြင်း

၁၃၁၈ ခုနှစ် တန်ခူးလဆန်း(၈) ရက် ဗုဒ္ဓဟူးနေ့တွင် ဒလမြို့ အုတ်တန်းလမ်း ပွဲစားကြီး ဦးဘနွယ်+ဒေါ်တင်တင် မိသားစုတို့၏ အထောက်အပံ့ဖြင့် တော်ကူးကြီးအနောက် စံပြကျေးရွာ၊ မစိုးရိမ် ကျောင်းတိုက်၊ သီလဝိသောဓနီ အမည်ရှိသော ခဏ္ဍာသိမ်တော်၌ တော်ကူးအနောက် စံပြကျေးရွာ၊ လယ်ပေါ်ကျောင်း မထေရ်မြတ်ကို ရှေးရှုဦးတည်ဥပဇ္ဈာယ်ယူပြီးလျှင်မြင့်မြတ်သော ရဟန်းဖြစ်သို့ ရောက်ရှိတော်မူသည်။

## သိက္ခာထပ်ထားရဟန်းဒါယကာများ

ရဋ္ဌညှ မဟာနာယက အမည်တွင်မည့်အရှင်ရေဝတကို သိက္ခာထပ် မင်္ဂလာပြုကြတဲ့သာသနာ့ ဆွေတော်မျိုးတော်တို့မှာ ဦးဖိုးသန်း+ ဒေါ်ချစ်မေ တော်ကူးအနောက်၊ ဦးကျော်+ဒေါ်ကြည်ညွန့် တော်ကူး အနောက်နှစ်ခါ၊ သာသနာ့မယ်တော်ကြီး ဒေါ်မှတ် တော်ကူးအနောက်၊ ဦးသောင်းရွှေ+ဒေါ်သန်းညွန့်တော်ကူးအနောက်၊ ဦးမြခိုင်+ ဒေါ်သေး သေး ရေတံခါးကျေးရွာ၊ ဦးနွဲ့+ဒေါ်သန်းအေး တော်ကူးအနောက်၊ ဦးအောင်ကျော်မှီ+ဒေါ်စိန်စိန် ရန်ကုန်စသည်တို့ အပါဝင် စုစုပေါင်း ယနေ့ထိ ၄၅ ဦးတို့ဖြစ်ကြသည်။

## ပရိယတ္တိသင်ကြားခြင်း

အရှင်ရေဝတသည် ငယ်ရွယ်စဉ် ကိုရင်ဘဝ ၁၃၁၈ ခုနှစ်မှ ၁၃၂၃ ခုနှစ်ထိ ရဟန်း ၅ ဝါတိုင်တိုင် ကျေးဇူးရှင်လယ်ပေါ်ဆရာတော် ဘုရားကြီးထံ၌ ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ မာတိကာအစရှိသည်တို့ ကိုပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် သင်ယူပြီးမြောက်၍ စာသင် တိုက်သို့စာသင်ထွက်ရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ငါလည်းကျန်းမာရေး မကောင်း သည့်အတွက်မင်းမရှိရင်ငါဒီမှာနေလို့ဖြစ်မှာ မဟုတ်ဘူး ဟု မိန့်သဖြင့် ကိုယ်ကျိုးစွန့်ကာစာသင်တိုက်သွားခြင်းကိုပယ်ဖျက်၍ ဆရာတော်ဘုရားကြီးအား ဝတ်ကြီးဝတ်ငယ်ပြုလျက် ကျေးဇူးရှင် ဆရာတော် သခင်၏ကျန်းမာရေးကိုရှေးရှုငဲ့ကာ ကျေးဇူးဆပ်ကာဖြင့် ပြုစုစောက်ရှောက်ပြီး ကျေးဇူးရှင်လယ်ပေါ်ဆရာတော်၏အထံ၌မှာပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသောကျမ်းစာများကိုဆရာ တော်ပျံလွန်တော်မူ သည်အထိ အာစရိယ ပာဌမုတ္တိရမိအောင် သင်ယူခဲ့ပါသည်။

သာသနာရေးအတွက်ဆောင်ရွက်ချက်များ အရှင်ရေဝတအား ၁၃၄၄ ခုနှစ်၊ နတ်တော်လဆန်း(၈)ရက်၊ ကြာသပတေးနေ့၌ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဘဒ္ဒန္တကောဏ္ဍညမှ လယ်ပေါ် ကျောင်းတိုက်ကြီးနှင့်တကွ ဖယောင်းတိုင်ပါမကျန် လဟုဘဏ်၊ ဂရု ဘဏ် ကျောင်းအသုံးအဆောင်အားလုံးကို အကုန်အလွှဲအပ်ပြီး ငါလိုပဲ လယ်ပေါ်ကျောင်းတိုက်ကြီးနှင့်တကွ သာသနာတော်မြတ်ကြီးကို အစွန့် ရှည်တည့်တံ့အောင်ဆရာ၊ ဒကာညီညာလက်တွဲပြီး စောက်ရှောက်ပါ ဟု ဆရာတော်စကားနားဝယ်ထားကာ ကိုယ်ရောစိတ်ပါ။ တက်တက် ကြွကြွဖြင့် မျိုးဆက်သစ်တပည့်သာမဏေ၊ ရဟန်းတော်များအား စာပေ ပို့ချသင်ကြားခြင်း၊ ဝိနယဂရုက၊ သိက္ခာကာမရှိပေသလ ဖြစ်သော တော်ကူးကြီးအနောက်စံပြကျေးရွာ/ လယ်ပေါ်ကျောင်းတိုက်၌ သီတင်း

သုံးလျက်ရှိသော ဘဒ္ဒန္တရေဝတအားဝိနည်းဓိုရ်အဖြစ် ခန့်အပ်သည်။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကစိတ္တသာရာဘိဝံသ၊ ဓမ္မနာဒရတိုက်၊ မင်းကွန်း၊ အကျိုးတော်ဆောင်၊ အထက်ပါသာသနာတာဝန်ပေးအပ်ချီးမြှင့်ချက်အရ၊ ဆရာတော်ရေဝတသည် (၁၃၄၃ ခုနှစ်မှ ၁၃၅၂ နှစ်ခုနှစ်အထိ မြို့နယ်ဝိနည်းဓိုရ်အဖြစ်ဆောင်ရွက်ခြင်း၊ ဝိနည်းဓိုရ်အဖြစ်သာသနာတာဝန်ကိုထမ်းဆောင်စဉ်ကာလ၌ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပညာတံခွန်ကျောင်းနှင့် သံယုတ်ကျောင်း ဝါဒအဓိကရဏ်း၊ ဒလမြို့နယ်၊ ပျော်ဘွယ်ကြီးကျေးရွာ သာစုကံကျောင်းနှင့် ဆရာသက်ကြီးဓမ္မာရုံဝါဒ အဓိကရဏ်းများကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။ နောက်ပိုင်း၌ မြို့နယ်ဩဝါဒစရိယ(ရွှေကျင်)အဖြစ်ဆောင်ရွက်ခြင်း၊ သီလဝန္တ၊ သိက္ခာကာမဂုဏ်၊ ရွှေကျင်နိကာယမာမက ဗဟုသုတဂုဏ်၊ ပရိယတ္တိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်၊ ရဋ္ဌညူ မဟတ္တဂုဏ်စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးအနောက် စံပြကျေးရွာ၊ လယ်ပေါ်ကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တရေဝတအား ရွှေကျင်နိကာယရဋ္ဌညူမဟာနာယကဘွဲ့ ပုံလက်မှတ်ကိုချီးမြှင့် လိုက်သည်။

ရွှေကျင်နိကာယာဓိပတိ၊ ဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ၊ ရွှေကျင်သာသနာပိုင်ဆရာတော်၊ ၁၃၇၀ ခုနှစ် တပို့တွဲလဆန်း (၁၄) ရက်နေ့ အထက်ပါစာဖြင့်ရဋ္ဌညူ မဟာနာယကဆွဲပုံ လက်မှတ်ဆက်ကပ်ချီးမြှင့်ခံရခြင်း။ ရဋ္ဌညူ မဟတ္တ၊ မဟာနာယကဂုဏ်၊ ဝိနယဂရုက၊ ပရိယတ္တိသာရဒဂုဏ်၊ဗဟုဇနမနာဘာဝနီယဂရုကာ တဗ္ဗဂုဏ်၊ ရွှေကျင်နိကာယာဘိပုဂ္ဂိုသမာဝဟာဂုဏ်၊ သဒ္ဒေသနိဇသံဃ သမာဒပကဂုဏ်၊ ဌာနာဌာနကောသလ္လဂုဏ်စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီး အနောက်

စံပြကျေးရွာ လယ်ပေါ်ကျောင်း တိုက်၌သီတင်းသုံးနေတော်မူသော သိက္ခာတော် (၅၆)ဝါရှိ ဘဒ္ဒန္တရေဝတမထေရ်အား ရွှေကျင်နိကာယ သာသနာကို ထိမ်းသိမ်းစောက်ရှောက်ရန် ကွမ်းခြံကုန်း ရွှေကျင် နိကာယ၊ ဝိနည်းပြန်ဌာန၏ဂဏာရက္ခ၊ ဂိုဏ်းအုပ်ဆရာတော်အဖြစ် ခန့်အပ်လိုက်သည်။

ဦးအဂ္ဂိယ၊ စုဒ္ဒသမရွှေကျင်သာသနာပိုင်၊ ရွှေကျင် နိကာယာဓိပတိ၊ ဥက္ကဋ္ဌမဟာနာယကဓမ္မသေနာပတိ၊ ရွှေကျင်နိကာ ယဗဟိုဌာန၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊၁၃၇၃ခုနှစ်၊ တပို့တွဲ၊ ၂၀၁၂၊ ဖေဖော်ဝါရီလ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ အစရှိသော အထက်ပါစာတို့ဖြင့် ရွှေကျင်နိကာယဂဏာရက္ခ၊ ဂိုဏ်းအုပ်ဘွဲ့တံဆိပ် တော်ကိုလည်း ဆက်ကပ်ချီးမြှင့်ခံခဲ့ရပါသည်။ ဆရာတော်သည် မိမိ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏စကားကို မြေဝယ်မကျနားဝယ် ထားကာ ယခုသက်တော်(၇၈)နှစ်ရှိသည်အထိ စိတ်ရောကိုယ်ပါ နစ်မြှုပ်ပြီး ဘာသာ၊ သာနာအတွက် အပင်ပန်းခံကြိုးစားနေရုံမျှမက မိမိ၏ နောင်အနာဂတ်မျိုးဆက်ရဟန်း၊ သာမဏေတပည့်တပန်းများ ကိုလည်း အစိုးရမူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယကိုအောင်မြင့်သည်သာမကသီဟိုဠ်၊ အိန္ဒိယ၊ အမေရိကန် အစရှိသော ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်သာသနာပြု လုပ်ငန်းများကို ပို့လွှတ်ထောက်ပံ့အားပေးလျှက် သာသာနာအဓွန့် ရှည်တည်တံ့ရေးကို မျှော်ကိုးကာ ဆရာဒကာ ညီညာစွာဖြင့် ကျန်းမာ ချမ်းသာစွာ လယ်ပေါ်ကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိပါကြောင်း ရွှေရတုအထိမ်းအမှတ် ရွှေကျင်နိကာယ၊ ဝိနယာနုဂ္ဂဟ စာတော်ပြန် ပွဲကြီးမှာ ကျေးဇူးတော်အရှင် ရဋ္ဌညမဟာနာယက ဆရာတော် ဘုရားကြီးအကြောင်း တစေ့တစောင်း ထေရုပ္ပတ္တိအားရေးသား ပူဇော် လိုက်ရပါသည်။

*

# မုဆိုးမင်းဆက် ၁၁ ဆက်
# (တဘောင်)
# မြတ်ဗုဒ္ဓဗျာဒိပ်တော်ရ (မန်လည်ဆရာတော်)

မန်လည်ဆရာတော်ကြီးသည် မဃဒေဝဟူသော အမည်ဖြင့် အလင်္ကာများ ရေးစပ်တော်မူသည်။ မြန်မာတို့ ကိုယ့်ထီးကိုယ်နန်း အကြောင်းကို ရေးသားတော်မူခဲ့သည်။ ။

အင်းကို ဟသ်ာဆင်းမည်၊ ဟသ်ာ မုဆိုးလေးနှင့် ခွင်း၏၊ မုဆိုး ထီးရိုက်၏ ထီးရိုးမိုးကြိုးပြစ်၏။ ငှင်းမိုးကြိုး ထိုလူမျိုး မညိုးတေဇော်ကြီး၏ တေဇာတန်ခိုး ကမ္ဘာမိုး အမျိုးဘာသာပွင့်လိမ့်မည်။

**မုဆိုးမင်းဆက် ၁၁ ဆက်မြန်မာလူးလား**…၊ ရွှေဘိုချဉ်ပေါင် (၇) တောင်၊ ဖူးခေါင်ဝေဝေ ဦးအောင်စေဟု ရေမြေအုပ်စီး သားတော်ကြီး နန်းစိုက်တော်မူ၍ ဆင်ဖြူရှင်တစ်ပါး နောင်တော်ဘုရားဟု ဖောင်းခါးစာတဝ အမရပူရ ပထမနန်းတည်။ လျှမ်းကြည်ဖြိုးကျော် ဘိုးတော်ဦးဝိုင်း သမိုင်းအစဉ်ဖလ်နန်း ရှင်ပတက်ကြွ ဘုန်းရောင်

ကုန်းဘောင်ရွှေဘို ရေညိုဝန်းရ ပုဂံမင်းတုန်း သီပေါတွင်ဆုံးခဲ့ပေါ့ ဘုန်းရောင်ပကွယ်ခြင်း ငါတို့မြန်မာမင်းဟု ရေးသားပြုခဲ့သည်။

'မုဆိုးသိုက်' … သစ္စဉပအကျင့်မှန် ကုသီလသစ္စတမ အစောင့်ထား မုဆိုးတကျိပ်ငါး မုဆိုးစဦးအောင်ဇေယျဖြစ်၏ (သ) သောကြာသား ဦးအောင်ဇေယျ အလောင်းမင်းတရားကြီး (၁၁၁၃) ခုနှစ် နန်းတက်သည်။ သုံးနှစ်နန်းစံသည်။ (တ)အင်္ဂါသား ဦးလောက်သားတော်ကြီး။ (အ) တနင်္ဂနွေသား ဦးရွှ ဆင်ဖြူရှင်မင်းကိုခေါ်သည်။ (ကျင့်) တနင်္လာ သား ဦးရဲလှ စကုမင်းကိုခေါ်သည်။ (မြန်) ကြာသပတေးသား ဦးမောင်မောင် ဖောင်ကားစားမင်းကို ခေါ်သည်။ (ကု) တနင်္လာသား ဦးဝိုင်းဘိုးတော်မင်းတရားကြီးကိုခေါ်သည်။ (သီ) သောကြာသား ဦးဇင်း ဖလ်နန်းရှင် မင်းကိုခေါ်သည်။ (လ) ဗုဒ္ဓဟူးသား ဦးခင် ကုန်းဘောင်မင်းကို ခေါ်သည်။ (သစ်) သောကြာသား ဦးလူလေး ပုဂံမင်းကိုခေါ်သည်။ (စံ) အင်္ဂါသား ဦးလွင်မင်းတုန်းမင်းကိုခေါ်သည်။ (တ) စနေသား ဦးပုသီပေါမင်းဟူ၍ အစဉ်တစ်စိုက်ရေးသားထားလေသည်။ ။

မှတ်ချက် (**သိုက်ဟူသည် အစုအဝေးတစ်ခုဟု မှတ်ယူရမည်သာ ဖြစ်လေသည်။**)

မြန်မာတို့ ထီးနန်းအကြောင်း မန်လည်ဆရာတော်ကြီး ဟောပြ ပြောဆိုစပ်သီပြီးထားခဲ့ပြန်ပါသည်။

သာသနာတော် တောက်ကာလင်းမည်ကြောင့် သောကြာမင်းဇီဝါ ဖောက်ကာထွင်းညီညာသည် ကြယ်တာယာဆုံစို့ မြေကြီး လက်ခတ် ရွှယ်မည် ဘဝင်ရပ်နယ်ကောင်းတော့မှာမို့ ဖိုးလမင်း စွမ်းရည် ပြောင် သလို မန်းပြည်ဘောင်သာဖို့ ချစ်ကြည်အောင် မြန်မာတို့ ဟန်လာဘို့ ကိန်းမှီစနေနံ့ ဇကန်ရောက်မည်ကြောင့် ငွေအံတောခေတ် ခိုက်ပြန်ပြီ ဖဂ္ဂုန ပန်းသရဖီ မန္တမ်းမည် ဘုန်းရောင်လက်မှာမို့ ကုန်းဘောင်ရှင်

ဆက်နှစ်ကြိမ် ထွန်းတောက်လို့ထိမ် အသီရိ စန်းလက် အိမ်မှာ နန်းတက်ချိန်ကွဲလေးဟူသော မြန်မာမင်းများ ရာဇာဘုန်းတောက် ချိန်ကာလပြဆိုခဲ့ခြင်းဖြစ်လေသည်

**(က) တိုင်းပြည်ကို အုပ်ချုပ်မည့် အာဇာနည်ပုဂ္ဂိုလ်များ**

တိုင်းပြည်ကို ဘိုးဘိုးအောင်၊ အောင်မင်းခေါင်ဝိဇ္ဇာကြီးတွေ ကိုယ်တိုင်က အုပ်ချုပ်မှာ မဟုတ်ဘူး။ တိုင်းပြည်ကိုအုပ်ချုပ်နိုင်မည့် သာသနာကိုပြုစု ပျိုးထောင်နိုင်သော ဗုဒ္ဓဘာသာကို အားပေးမြှင့်တင် နိုင်စွမ်း ဗလ ငါးတန်ဘုန်းကံပြည့်စုံသူ ပါရမီထူးပြည့်စုံသူကိုသာ ဝိဇ္ဇာကြီးတွေက ကြပ်မတ်ပြီး အုပ်ချုပ်ခိုင်းမှာသာဖြစ်သည်။

"ဝိဇ္ဇာသိုက်စာတမ်း"

၁။ တေရသချာရောက်သောအခါ သာသနာနေလိုထွန်းလတံ့။

၂။ ယင်းသောအခါ ပြည်မြန်မာ ရတနာရွှေငွေ ပေါလတံ့။

၃။ ဒွါရအကျော် ကမ္ဘာပေါ် ဗမာမော်၍ ထွန်းလတ္တံ့။

ဝိဇ္ဇာတဘောင်သိုက်သမိုင်းအရ ၁၂ ခုကြွင်းကျော်မယ် မြန်မာတွေ ကမ္ဘာကြီး ပေါ်ကနေလိမ့်မည်။ ၁၃ ခုကြွင်း စကြာ်သခင်တိုင်းပြည်ရှင် ဝိဇ္ဇာစစ်သည် နတ်စစ်သည်ရှစ်သောင်းခြံရံပြီးဝိဇ္ဇာမိုရ် ဗိုလ်မှူးကြီးတွေ လက်ဝဲလက်ျာထားကာ ကြွချီလာလိမ့်မည်ဟု အဆိုရှိခဲ့လေသည်။

**(ခ) ဝိဇ္ဇာစစ်သည် နတ်စစ်သည်တွေလာကုန်ပြီ**

မြတ်ဗုဒ္ဓသာသနာသည် ဒေဝါအခြံအရံနှင့် ဖြစ်သည် ဝိဇ္ဇာစစ် သည် နတ်စစ်သည်တို့သည် မြန်မာမြေပေါ်သို့ မသိမသာဝင်ရောက် လာနေပြီဖြစ်ကြောင်း အရိပ်နိမိတ်တို့ထင်လာသည် (မကောင်းသူပယ် ကောင်းသူကယ်သို့) ဆိုပြီး တရားမမြင် ဘုရားမခင်သော လောဘ ဒေါသ မောဟ ပိတ်ဖုန်းပြီး အမိုက်တုံးတို့အားလည်းကောင်း ကမ္ဘာကြီး ဖောက်ထိုးမီးမျှော် ဖြစ်အောင်လုပ်သူတွေ မိစ္ဆာစိတ်မွေး မိစ္ဆာသွေးတို့ကို ဣဒ္ဓိပါဒ်ဖြင့် မပြတ်ပါယ်ရှားနေသည်။ မကောင်းသူရှင်းတော့မှ ကမ္ဘာ

ချက်ဖွေတွင် မြန်မာတွေ သာသနာ့အလင်းထင်ပေါ်မှာဖြစ်၍ ဗျာဒိပ်ပေး ပြည်တော်ဝင်စေတီတော်တွေကို နေရာအနှံ့အပြားတည်ထားကိုးကွယ် နေကြသည်။ မြန်မာတွေအေးစေဘို့ ကိန်းခန်းလေးနဲ့ ငြိမ်းချမ်းရေး အုပ်မြစ် သာသနာ့ဓာတ်တိုင်တွေကို နေရာတကာမှာ စိုက်ထူပြီး မြို့တစ်မြို့တည်မြို့ဦးစေတီများနှင့် သမိုင်းဝင်စေတီအနှံ့အပြားတွေ့မြင် ဖူးမျှော်နေရခြင်းဖြစ်လေသည်။

## (ဂ) သပြေနဲ့ ရေချမ်းသာကပ်လှူကြ

ဇမ္ဗူဒိပ်နိမိတ် သပြေထွန်းသော တောင်ကျွန်းဟူ၍ သပြေပန်းနဲ့ ရေချမ်းကပ်လှူရန် တိုက်တွန်းခြင်းဖြစ်သည်။ အချိန်ကတော့ သာသနာ့ နဝင်းနင်း လေးနှစ်ခရီးအတွင်းမျှသာ ဖြစ်သည်။ (ဝိဇ္ဇာစစ်သည် နတ် စစ်သည် အပြည်ပြည်ဆိုင်ရာပို့) ဟုဆိုသော သိုက်စာအရ ပိုလည်း ပို့ကြရလေသည်။ စေတီပလ္လင်တွေမှာ လာဖို့လုပ်နေကြသည်။ အကြင် ဓလေ့နှင့် မကြာမီ ကြွချီတော်မူလာလိမ့်မည်ဟု မျှော်လင့်ကြသည်။ (သာသနာထက် ဝက်လင်းပြီမို့ သာသနာကို မပျက်မယွင်းစေနဲ့ စက်ထမင်းလာလိမ့်မယ်) ဆိုသော တဘောင်စကားအရ (စကြာလက် နက်မင်းထက်ကျောက်ဖြာရောက်သောအခါ အာကာခရီး မြင်းယာဉ် စီး၍ ထီးတရာသခင် စကြာရှင်သည် ဆောလျှင် မကြာရောက်လတ္တံ့) စကြာရောက်မည့်အချိန် ဆယ်ခုနှောင်း တပေါင်းရာသီ၌ နဝင်းတိ တီစေ့ကာလဖြစ်လေသည်။

အထင်ခံပြည့်လည်း တွေ့တော့ကမ သိမည့်နေ့ထိုအချိန် ဟူသော သမိုင်းအကျနှင့် တစ်ဂိုဏ်းပြခဲ့သည်။ ကသိုဏ်းအဝဝ တွက်ကာ ထောက်ကြပေတော့ ပျက်လာသလောက် ထာဝရမပိုစေဘဲ ပါပ့္ပြိုလ် လက်ျာတိမ်းပြီမို့ ထက်ဝဠာ ပျက်မခါယိမ်းပေဘူး ထက်ဝက်သာသာ ကိန်းပနဲ့ ကိန်းဆင်လိုက်တော့ နဝင်းတွင် အခြေဆိုရလျှင် စနေဂြိုလ် နေခိုနီးပြီမို့ ပြည်ဗဟိုရွှေလိုညီတို့က တစ်နည်းဆိုသပြေထိုးပါလို့ ဗွေ

တရိုး အပြီးထိုးရတဲ့အောင် ကြီးဆိုသမျှ အစွမ်းဉာဏ်အခင်းနဲ့ အပြီးကိုပြ လျက် ကျမ်းဂန်ရှင်းကာပ မိုခိုစရာ(ဗုဒ္ဓ ဓမ္မ သံဃာ) အရင်းငယ်နဲ့ (သည်မလေ) အများလူတို့သိစေဖို့ လမ်းမှန်သွင်းလိုက်ရပါသည်။

မြတ်ဗုဒ္ဓနည်းအရ ဓမ္မကျင့်ဘွယ် သံဃာကိုးကွယ်အပါယ် မကြ နိဗ္ဗာန်ရပာသော ရတနာသုံးပါးအား ကိုးကွယ်ရာ (အပရေ) ဆရာတို့၏ ဂုဏ်ရည်မှတ်ဘွယ်ရာစေတီတော်များနှင့် မြန်မာပြည်ဘိုးတော်သိကြား နတ် ဝိဇ္ဇာများ အကူအညီ အစောင့်အရှောက် သံသရာရှေးစဉ်ဆက် လှျို့နောက်နောင်ကောင်းလေအောင်ဟု မြတ်ဗုဒ္ဓရည်သန်ကိုးကွယ်ရန်ဟု လမ်းပြမှုသာ ရှေးရှုပါသည်ဟု မှတ်ယူရမည်ဖြစ်သည်။

## (ဃ) စကြာသိုက်လမ်းညွှန်

ရှေးဦးစွာ မာဂဓ ဘာသာဖြင့် **ဒိဝါစရတ္တိ စပာရန္တိ** ဟူသောဘုရား ဟော ဝဇန မိန့်တော်မူသည့်အတိုင်း လောက၏ သဘာဝအဖြာဖြာတွင် ကမ္ဘာလောကတွင်ရှိသော အရာဝတ္ထုဟူသမျှတို့သည် အမှောင်အလင်း၊ အဖိုအမ မီး၊ ရေ၊ အကောင်း၊ အဆိုး၊ အဆွဲ၊ အကန် လောကဓာတ် အမည်နှင့် လိုက်အောင်ရှိနေကြသည်။ ဒုက္ခတရားတွေ ကယ်နိုင်အောင် ဝိဇ္ဇာအသိဉာဏ်အလင်း ဆရာကောင်း စကြာသိုက်လမ်းညွှန်တဘောင် ဖြစ်သည်။

**"ကမ္ဘာတို့မယ် မဟုတ်သမျှတွေ စီးမျောချိန်မှို့ မြန်မာ ဗဟိုလ်နယ် မှာ ဒုက္ခခြေအနေကလဲ ကြီးပါဘိသနဲ့ ပါပဂြိုလ်ဝယ် ထုတ်ပြလေသမျှ နည်းတွေကဖြင့် ရှုပ်ပွေကြလို့ မပြီးနိုင်ခဲ့ ပျက်စရာနှောက်သမို့ အတည် ပြည်ဗဟိုလ်လေ သက်သာသလောက်မှာဖြင့် မျက်နှာကလဲ မထောက် သော်ကြောင့်အသက်မပျောက်ကြစေနဲ့" ဟု ဘယက်ဒွါဒယာ အမောက် တွေနဲ့ စကြာမင်းရယ်တဲ့ ရောက်မည်မလွဲဟု အသံပြုခဲ့သည်။ ။**

သာသနာထက်ဝက်ခရီးအထိ ကမ္ဘာကြီး အမှောင်ချထားသော အချောင်မိစ္ဆာ မသမာကောင်တွေကို ခွင်းပြီး အမှောင်ထုထဲက

ဆူညံစွာဟစ်အောင်နေကြတဲ့ သတ္တဝါတွေ ထုတ်ယူဖို့ အလင်းခါတ် ထိမ်းသိမ်းရေးဆိုတဲ့ တပ်ဦးသုံးထပ်ရှိလေသည်။

၁။ ဝိဇ္ဇာမိုရ်ကြီးများအဖွဲ့၊

၂။ ဗုဒ္ဓသာသနာပြုအဖွဲ့၊

၃။ ဘိုးတော်သိကြားအဖွဲ့။

ထိုသုံးဖွဲ့သည် အမှောင်ကမ္ဘာကြီး နောင်အခါလင်းရန့်အတွက် အမှောင်ခွာခွင်းမည့် ခါတ်ပိုင်သာသနာအဖွဲ့ ထူးကြီးဖြစ်သည်။ ထိုအဖွဲ့ကြီးမှ မန္တန္တရ သယံဇာတရ ပေသလန္တရ ဆိုတဲ့ ဝိဇ္ဇာဂိုဏ်းသား ပေါင်း "ကိုးသိန်း" ပါဝင်သော ဝိဇ္ဇာကြီးများအဖွဲ့ သာသနာ့ တပ်ဦး၏ ဦးစီးအဖွဲ့ ဦးစီးမိုလ်ချုပ်ကြီးကတော့.....

၁။ ဘိုးဘိုးကြီးခေါ်သော ဂိုဏ်းချုပ်ဝိဇ္ဇာကြီးသက်တော်(၆၀၀၀၀) ခြောက်သောင်း။

၂။ ဣစ္ဆာသယ ကမ္ဘာတည်ရှင်ရသေ့ကြီးသက်တော် (၉၀၀၀၀) ကိုးသောင်း။

၃။ ပုပ္ပါး ဝိဇ္ဇာခေါ်တဲ့ အထက်ပိုင်းသာသနာပြုကြီး သက်တော် (၃၇၀)

၄။ အင်းဝိဇ္ဇာ ပဥ္စမံ ဆရာကြီး ဘိုးဘိုးအောင် သက်တော် (၃၆၀)

ထိုပုဂ္ဂိုလ်ကြီးလေးဦးအပြင် ဂန္ဓမာဒနတောင်က ဂန္ဓဗ္ဗနွယ်ဝင် သောတာပန် နတ်စစ်သူကြီး (၆)ဦးနှင့် ဝိဇ္ဇာမိုရ်ကြီး(၆)ဦးတို့ ပါဝင်ကြသည်။ သာသနာပြုဖို့ သာသနာ့ သူရဲကောင်းတွေ ခေါင်းဆောင် ရွေးချယ်ရေး ဘုတ်အဖွဲ့ လူကြီးမင်းတွေ ဖြစ်သည်။

စက်တော်ရာ ကောင်စီ၌ နတ်သဘင်အစည်းအဝေးဖွဲ့ကြီး ပြုလုပ်ကြသည်။ သာသနာ့ကိစ္စနှင့် ပတ်သက်၍ ဝိဇ္ဇာမုခသိုက်အထက် အလို ဆသောကလေ (၆)ခု ကြွင်းသောကာလ၌ ဝိဇ္ဇာခရော၊ နတ်ဝိဇ္ဇာ အဖွဲ့ကြီး၏ ဥဇူကော အဖွဲ့ဝင်များ ပုဂ္ဂိုလ်ထူးတို့သည် ပါရက္ခရ ဂန္ဓမာ

ဒေနေ စက်တော်ရာနှင့် ဂန္ဓမာဓနေတောင်၌ သမဂ္ဂ သမ္မတော စည်းဝေးခြင်းသို့ရောက်ကြသည်။

၁။ ဝိဇ္ဇာအထူးတပ်ဖိုလ်မျိုးမြိုင် ဦးသေလာဂန္ဓမာသို့ ထိုအခါစည်းဝေးကြလတံ့။

၂။ ဝိဇ္ဇာကိုယ်စား ဝိဉာဏ်သွား လေးပါးကျွန်းခွင်ပို့လတံ့။

၃။ ကျွန်းခွင့်ပိုင်ကာ ထိုရောဂါကြော်ဥဟာသမိုက် ဝိဇ္ဇာသိုက်ဟုနှံ့စပ်သတင်းဖြစ်လတံ့။

၄။ ကိုးပါးစေတီ ကိုးညီနဝင်း ကိုးတြင်းနှင့် ကိုးအင်းကိုးထောင်အောင်ကိုတည်လတံ့။

၅။ အောင်ဓာတ်ကြင်း အောင်ဝင်းနှင့် အောင်ခြင်းတည်ထွင်အောင်ပန်းဆင်ပြည်ဝင်အောင်ဆုနှင်းလတံ့။

အဓိပ္ပာယ်ဆိုလိုရင်းမှာ ဂန္ဓမာဓနေတောင်တွင် နတ်ဝိဇ္ဇာတို့စည်းဝေး၍ မြန်မာပြည်အတွင်း စက်တော်ရာတွင် စည်းဝေးပြီးသာသနာ့ဓာတ်တိုင်စိုက်မည့် တပ်ဦးဗိုလ်မျိုးတွေ ရွေးချယ်လိမ့်မယ်လို့ဆိုလိုရင်းဖြစ်သည်။ (ဝိဇ္ဇာမုခသိုက်အလို)။

မြန်မာပြည်အတွက် တပ်မျိုးကြီး (၃)ဦးထွက်ပေါ်လာခဲ့သည်။ ကမ္ဘာ့ဓာတ်တိုင်စိုက်ဘို့ ရွေးချယ်ထားခြင်း ဖြစ်သည်။ ဓမ္မအလံကိုင်လျက် ခန္တီပါရမီလမ်းဖြစ်ကြောင်း ဝီရိယခြေလှမ်းကို တစ်လှမ်းခြင်းလှမ်းကာ ဝိပဿနာသီချင်းကို တကျော်ကျော်နှင့် ချီတက်လာသည်။ ထိုပုဂ္ဂိုလ်သုံးဦးမှာ

၁။ ဘိုးဘိုးအောင် ဝိဇ္ဇာကြီး။

၂။ ဦးခန္တီ ဝိဇ္ဇာကြီး။

၃။ အောင်မင်းခေါင်ဝိဇ္ဇာကြီး တို့ဖြစ်သည်။

ထိုဝိဇ္ဇာကြီး သုံးဦးမှာ အမှောင်တည်းဟူသော အဝိဇ္ဇာစစ်မြေပြင်သို့ တစ်လှမ်းခြင်း ချီတက်လာခြင်းမှာ သာသနာ့တပ်မျိုး ဝိဇ္ဇာထူးပုဂ္ဂိုလ်ကြီးများဖြစ်သည်။

တန်းခိုးအမျိုးမျိုးပြောင်းရတဲ့ "ဘိုးဘိုးအောင်" (ဝိဇ္ဇာစစ်သည် နတ်စစ်သည် အပြည်ပြည်သို့ ပို့လိမ့်မည်) ဟူသော တဘောင်အရ ဝိဇ္ဇာကြီးသုံးဦးအနက် ဘိုးဘိုးအောင်သည် မဟာဂန္ဓာရီ ဝိဇ္ဇာဖြစ်သည်။ သာသနာ့တပ်ဦးအဖွဲ့ ကြီးက အမိန့်ပေးသမျှ ဘိုးဘိုးအောင်မှ တဆင့် အားလုံးပုဂ္ဂိုလ်တွေက လိုက်နာပြီးလုပ်ကြရသည်၊ ပြီးစီးဒင် ဝိဇ္ဇာကြီးဖြစ်သည်။



## (င) တစ်ဦးတည်းကြံစည်တတ်တဲ့ရှင်ရသေ့

ဦးမန္တလာဝိဇ္ဇာကြီး- ဒိဗ္ဗစက္ခုရှင်ရသေ့ကြီး ဦးခန္တီဝိဇ္ဇာကြီးသည် မန္တလာခေါ်သောတောင်ကမ္ဘာယံများ အောင်လံလွှင့်ထူပြီး အမြို့အမြို့ အနယ်နယ် အသွယ်သွယ်သောမြို့ရွာများတွင် သာသနာ့ဓာတ်တိုင်စိုက်ခဲ့

သည်။ မြို့နယ်ပေါင်း (၂၅) မြို့နယ်၊ ဌာနပေါင်း (၆၃) ဌာန စေတီ ပေါင်း များစွာကို မြန်မာပြည်အနှံ့အပြား ထင်ရှားခဲ့သည်။

ဦးခန္တီဝိဇ္ဇာကြီးကို အမှီပြုပြီး သာသနာဒယကာအဖြစ် ကုသိုလ်ပွား ခဲ့ရသည်။ အထက်မြန်မာပြည်တစ်ခွင် သိသော သူတွေသဘောကြ အောင် တောဝနာက ဟောပြရှင်းလင်းပြီး အလွတ်မထားဓာတ် စကား ပြောခဲ့သည်။

(အသာ အသာမှောင်ရိပ်ကို နင်းပါလို့ မင်းတိတ်တိတ်လာ) တဘောင်အရ (မြူခိုးရစ်မှောင် နဂါးရစ်တောင်မင်းခေါင်လျှောက်လာ လတ့်) ဟူသော တဘောင်အရ(စခန်းမဝေးပေါင် မန္တလေးတောင် မြွေကြီးနှစ်ကောင်သွား၍ ကြည့်ရအောင်) ဟူသော တဘောင်အရ (ဓာတ်တရားက နတ်နဂါးနှစ်ကောင်) ပူဇော်ခြင်းခံရတဲ့ နဂါးရစ်ပတ် မန္တလေးတောင်ထွဋ်သို့ မင်းခေါင်ခေါ်တဲ့ ဝိဇ္ဇာကြီးရောက်လာပြီး သာသနာ့ ဓာတ်ပနက်ကို တစ်ပြည်လုံးရိုက်နက်လိမ့်မည်ဟု ဆိုလိုရင်း ဖြစ်သည်။

**(အသာ အသာမှောင်ရိပ်ကိုနင်းပါလို့ မင်းတိတ်တိတ်လာ)** ဆိုသော တဘောင်အရ မင်းခေါင်ဝိဇ္ဇာကြီး အထက်မြန်မာပြည် မိုးမှောင်ကြ တောင်က စတင်ချီတက်လာခြင်းဖြစ်သည်။ လူသိလျှင်အထင်လွဲမှာ စိုး၍ အရှုးလိုတစ်သွယ် ကလေးလိုဘာဝ ဖန်ဆင်းပြီး တိတ်တိတ်ကလေး ရောက်လာခြင်းဖြစ်သည်။

**(တိမ်ကြားမိုးခေါင် တိမ်ကြားမိုးခေါင်)** လာပြန်တော့ငှက် ပြော တော့ကလူ ဟူသော သိုက်စနည်းအရ ပုပ္ပားတောင် ငှက်ပျောတောတွင် စခဲ့သည်။ သဘောအကြ ဓာတ်အသွားတို့ဖြင့် ဓာတ်စကားအဆန်း တစ်ချီချီပြောပြီး အစွမ်းပြည်တကြော မလွတ်တမ်းကောင်းဘို့ **ဓာတ်ကမ္ဘဋ္ဌာန်း** လွှတ်တော်မူနေသော ပုဂ္ဂိုလ်ထူးဖြစ်သည်။

**လာအောင်စောင့်အုံး တန်ဆောင်မုန်း မိုးလုံးပိုင်နင်းသိကြားမင်း လည်း ဆင်းလတ့်** (ငမန်ကန်းသိုက်တဘောင်) မတရားသတင်းတွေကို သိကြားမင်းက အားခြင်းထံမျက်လဲနေပြီ။

သိကြားကြွညောင်း ကမ္ဘာဟောင်းကို နတ်ပေါင်းဝိဇ္ဇာစစ်ဗိုလ်ပါနှင့် ရှင်းလတ့်(ဓမ္မပါလသိုက်တဘောင်)

**(စ) "ဂဝံပတိသိုက်မှုဟောင်း"**

၁။ အနာမကြီးပြည်ထောင်ကြီးဟု၊ တီးတိုးလူ့ရွာ ပြောလတ္တံ့။

၂။ ပုတီးလဲဆောင်၊ သီလကြောင်တို့ မာန်အောင်လွန်ကဲပိုလတ္တံ့။

၃။ ခေါင်းဖြူလူကြီး၊ မရှက်တီးလဲ၊ သမီးလုလင် အငယ်မြင်က ရယ်ရွှင်မျက်နှာ ကီလေသာထူးလတ္တံ့။

၄။ တောနေခေါင်းပြဲ၊ အကျင့်ဖွဲ့နှင့် အထဲမပါရှင်မိစ္ဆာများလတ္တံ့။

၅။ စဉ်းနှင့်ချိန်ခွင်၊ အတင်းတင် ငွေပင်မပါ ကြေးနီသားများလတ္တံ့။

၆။ အင်္ကျီလက်စုတ်၊ ဆံပင်ဂုတ်၊ ပုဆိုးအစင်းပေးလတ္တံ့။

ဟူသော ဂဝံပတိသိုက်မှုဟောင်း စာတို့လည်း တွေ့ရှိရလေသည်။

**အတိုချုပ်ဆုပေးနည်း**

ဘုရား၊ တရား၊ သံဃာများကို အမှူးထား၍ ထူးခြားစွာ ပြုလုပ်ရသော သာသနာပြု အတိတ်ပစ္စုပ္ပန် အနာဂတ်ကံတို့ကြောင့် ဘုရားရှင်တို့၏ ဆန္ဒတော်အတိုင်း ဂရုဏာ မေတ္တာတော်အတိုင်း ဖြစ်ကြရ၍ ဘုရားအကြိုက်၊ တရားအကြိုက်၊ သံဃာအကြိုက် ကမ္ဘာအကြိုက်တို့ကို သိမ်းပိုက်ရရှိခံစားရပြီးလျှင်၊ ဘုရားမကြိုက်၊ တရားမကြိုက်၊ သံဃာမကြိုက်တို့နှင့် မဂ်ဖိုလ်နိဗ္ဗာန်ဝေးကွာသော တရားများနှင့် သီတာခုနှစ် တန်ခြားတောင်စဉ်ခုနှစ်ထပ် ဝေးကွာလွတ်မြောက် အောင်မြင်ကြလျှက် **ရွှေမိုးငွေမိုးရွာ ရွှေအိုးငွေအိုးပေါ် ရွှေတောင် ငွေတောင်ပေါက် ရွှေပဒေသာ ငွေပဒေသာပေါက်ပြီး နိဗ္ဗာန်အရောက် အတုမရှိဘဲ**

**ကယ်ဆယ်၍ သာသနာပြုနိုင်ကြပါစေ…ကုန်သတည်း…**ဟု အကျဉ်းချုံးမှတ်တမ်းပြုအပ်ပါသည်။

## ကျမ်းကိုး

မြန်မာသက္ကရာဇ် ၁၃၇၈-ခုနှစ် ပြာသိုလ်လွန်း ၁၀ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် တွံတေးတောကြီးတန်း "ဘုရားလေးမြိုင်ဆရာတော်ကြီး" ထံသို့ စာရေးသူ ဝိဇ္ဇာသန်းနှင့် အတူ ဆရာတော်ကြီးကို ဖူးမျှော်လှူဒါန်းဘွယ်များလှူလို၍ ရောက်ရှိခြင်း ဖြစ်သည်။

ဆရာတော်ကြီးအား သာသနာအတွက် သိမှတ်ဘွယ်များ ရေးသားရန် မေးမြန်းသောအခါ … "ငါ့အတွက် မရေးပါနဲ့ နံမည်မလို မကျော်ကြားလိုဘူး မရေးပါနဲ့" ဟု ပြော၍ ဓာတ်ပုံရိုက်ခွင့်တောင်းသော်လည်း မပေး ၊ ဆရာတော်ကြီး ခွင့်မပေးဘဲ ဓာတ်ပုံခိုးရိုက်သော (Samsung) ဟန်းဖုန်း ပေါက်ကွဲသွားကြောင်း သတင်းများလဲ ကြားထား၍ ခွင့်မပြုဘဲ စာရေးသူ ကိုရီးယား (Samsung)မရိုက်ရဲ ရှိခဲ့ရသည်။

စာရေးသူနှင့် ဝိဇ္ဇာသန်း ပင်လယ်ကမ်းခြေမှ အပြန်ဖြစ်နေ၍ ပင်လယ်ငါးဇင်ရိုင်းခြောက်များ ပင်လယ်လိပ်ကျောက်မြီးနှင့် ပန်းသီးများလှူဒါန်းသည်။

ဆရာတော်ကြီးထံဖူးမျှော်ရန် ရောက်လာသော သံဃာထေရ်ရှင်တစ်ပါးဒကာတော် စာဝါသနာပါရင် ဒီစာအုပ်ကျူပ်လက်ဆောင်ဟုပေးခဲ့သော (၁၃၂၂-ခုနှစ်သကြံန်ရက်အတွင်း ရန်ကုန်မြို့ ဗုဒ္ဓဇယန္တိမွှော်ရုံတော်ကြီးတွင် ဂတိဝိသုဒ္ဓိအသင်းဝင်း ယောဂီအပေါင်းတို့အား ဟောကြားဆုံးမ ဩဝါဒပေးတော်မူသော **ပဏ္ဍိတ ဝေဒနိယ ဝိပဿနာဟောစဉ် နေရင်းဓမ္မဂီတိပေါင်းချုပ်** စာအုပ်မှ သာသနာနိမိတ်

တဘောင်များကို ကျမ်းကိုးအဖြစ် "ရှေးတဘောင်နှင့် တိုင်းပြည် ဘုရင်သိုက်နန်းရှင်တို့အကြောင်း" မှတ်တမ်းတင်ခြင်းဖြစ်သည်။

ဤစာစုတို့သည် တစ်ကျော့ပြန်သာသနာ ဝိမုတ္တိယုဂ ခေတ် ဒုတိယအကြိမ်ပွဲစေတီတော်တို့ မြတ်ဗုဒ္ဓ ၁၀၃-ခု မဟာသက္ကရာဇ်အစ ကဲ့သို့ ထွန်းတောက်ချိန် ဆံတော်ကြို စေတီတို့နှင့် ရွှေတိဂုံ-အစ ပြန်လည်၍ တစ်ပါတ်ပြန်၊ သာသနာ အစစ် ဓမ္မစကြာမြေခါတ် ပထဝီ ပွင့်ထွန်းပေါ်ခြင်းနှင့် အတူ မြတ်ဗုဒ္ဓအလိုကြ အနတ္တလက္ခဏာသုတ် မဟာသတိပဋ္ဌာန်ကျမ်းများ အနှစ်ချုပ် အဘိဓမ္မာဝိပသနာတရားတို့ ရှင်သန်ထွန်းပေါ်ချိန်ဖြစ်ကြောင်း အထောက်အပံ့ ကောင်းနိမိတ် တဘောင်တို့ပင် ဖြစ်လေသည်။

❀

# မွန်တို့ဌာနီ သုဝဏ္ဏဘူမိ

## ဓမ္မစေတီမင်း

မြန်မာသက္ကရာဇ် ၈၄၀ ခုနှစ် ဓမ္မစေတီမင်းရေးသားခဲ့သော ကလျာဏီကျောက်စာ၌ ကုသိမ မဏ္ဍလ၊ ဟံသာဝတီ မဏ္ဍလ၊ မုတ္တမ မဏ္ဍလ သင်္ခါရေသူတိသုရာမ သုမဏ္ဍလဟုလာသော စကားအရဖြင့် သော်လည်းကောင်း၊ ပုဂံမြို့ နရပတိစည်သူမင်းလက်ထက် ဒလမြို့ သာသနာပြု ဓမ္မဝိလာသလဘွဲ့တော်ရ အသျှင်သာရိပုတ္တရာမထေရ် စီရင်သော "ရဋ္ဌသာရ ဒီပန်နီကျမ်း"၌ "မွန်တိ၊ မွန်စ၊ မွန်သု"ဟု လာသော စာကျမ်းအရဖြင့်လည်းကောင်း၊ ရာမညတိုင်း မွန်တလိုင်း သုံးရပ်နှင့် အချင်းချင်း အညမည ပေါင်းစပ်၍ ခေါ်ဆိုသော အမည်ဖြစ်သည်။ **မွန်တိ ဟံသာဝတီမဏ္ဍလ ပဲခူး၊ ဒဂုံ၊ ဒလ၊ စသောရာမညတိုင်း။ မွန်စ မုတ္တမမဏ္ဍလ သထုံ၊ မုတ္တမ စသော ရာမညတိုင်း။ မွန်သု သုသိမ်မဏ္ဍလ ပုသိမ်၊ မြောင်းမြ စသော ရာမညတိုင်း** ဤသို့လျှင် ရာမညတိုင်း မွန်တလိုင်းသုံးရပ်ဖြစ်သည်။ "မွန်သု" ခေါ်သောတိုင်း၏ ဗဟိုချက်ချာ မင်းတို့စံရာနေပြည်တော် ကုသိမရဋ္ဌ

ဟုသိနာမ နာဂရ ဟုသိမ်၊ ကော့သမိန်) ဟု မွန်ဘာသာဖြင့်ခေါ်သော ပုသိမ်မြို့ ဖြစ်သည်။

ရာမညတိုင်းဟူသော စကားအရ ရာမ သဒ္ဒါကိုသုံးခုအနက် ယော ခြင်းမှာ လောကီဗေဒင်ကျမ်းမှလာသော စကားအရဖြစ်သည်။

ဟံသာဝတီ၊ ပဲခူးမြို့မှ ငယ်နာမည် ''မင်းတန်ရှင်''ဘွဲ့အမည် ''ဦးဓမ္မရေ''၊ ပိဋကသုံးပုံကို နှုတ်တက်၍ လွန်စွာပညာတတ်ပြီး နောင်အခါ ဓမ္မစေတီမင်းဖြစ်သည်။ **''ရာဇာဓိပတိဓမ္မစေတီ''**ဟု ဖော်ကျူးသည်။ ရာမ၊ မွန်သုံးရပ်၏ အဓိပဓိအရှင်မင်း ရာဇာဓိပတိ၊ မွန်သုံးရပ်အရှင်ဟု ဆိုလိုသည်။

**သာသနာသက္ကရာဇ် ၅၅၀ခုနှစ် သရေခေတ္တရာပြည်မြို့ (တေပါး မင်း၏ မြေးရဟုက္ခမင်းလက်ထက် သီဟိုဠ်ကျွန်း** ''စောရနာဂမင်းနှင့် ထီးနန်းပြိုင်ဘက် သီဟိုဠ်ကျွန်း၌ ဒုပ္ပိက္ခန္တရကပ် ဆိုက်ရောက်သဖြင့် ရဟန္တာအရှင် မြတ်တို့ ပုသိမ်သင်္ဘောဆိပ်သို့ကြွရောက်၍ သရေ ခေတ္တရာပြည်သို့ကြွချီတော်မူသည်။

**မဟာသက္ကရာဇ် ၁၁၁ ခုနှစ် မြတ်ဗုဒ္ဓကြွချီတော်မူကြောင်း မွန် ပြည်နယ်** ဘီးလင်းတောင်စွန်း ကေလာသတောင် တိုက်ကလားတောင် သည် အိန္ဒိယနှင့် ပင်လယ်ရေလမ်းအဆက်အသွယ်ရှိသည်။

**မဟာသက္ကရာဇ် ၁၀၃ခုနှစ် မြန်မာနိုင်ငံ ရန်ကုန်မြို့ တပုဿ ညီနောင်''တိုးမြစ်''**ကြောင်းဖြင့် ဆံတော်မြတ်ပင့်ဆောင်ကြောင်း သမိုင်းကောင်းများ ထင်ရှားသက်သေဖြစ်သည်။

မွန်တလိုင်းသုံးရပ်ဟူသော စကားမှာ တစ်ကြောင်းတည်းခရီး သာသနာလမ်းကြောင်း မွန်ဟူသည် ကြည်ညိုဖွယ် မွန်မြတ်ခြင်း အမွန်းတင်စကားရပ်ဖြစ်ပြီး သာသနာနှင့် မွန်သည် အညမည အပြန် အလှန်ဆက်ဆံလျှက် မွန်မြတ်သန့်စင်ဖွယ်ရာပင် ဖြစ်လေသည်။

ဓမ္မစေတီမင်းကြီး၏ အဓိကကျသောစေတီကြီးများ၊ မွန်တလိုင်းခေါ် မွန်သုံးရပ်ဒေသ ရန်ကုန်မြို့ ရွှေတိဂုံစေတီ၊ ပဲခူးရွှေမော်ဓောစေတီ၊ ဟံသာဝတီမဏ္ဍလ ခေါ် "ရာမညတိုင်း မွန်တိ" တွင်လည်းကောင်း၊ မွန်တို့ဌာနီ ရေးမြို့ အစင်ဖလိန်တောင်ထိပ်ဆံတော်ရှင် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီစသည်တို့တည်ရှိရာ "ရာမညတိုင်းမွန်စ" တွင်လည်းကောင်း တည်ထားခြင်း မွန်းမံခြင်းပြုခဲ့သည်။

ဘုရင်မကြီးရှင်စောပုသမက်တော် ဓမ္မစေတီမင်းသည် ကုသိမတိုင်း (ပုသိမ်) ဥက္ကလာပတိုင်း (ဟံသာဝတီ) မုတ္တမတိုင်းဟူသော မွန်တိုင်းသုံးရပ်ကို ရာဇာဓိပတိဟူသော ဘွဲ့ကိုခံယူတော်မူ၍ သာသနာသက္ကရာဇ် ၂၀၀၂ခုနှစ် ကောဇာသက္ကရာဇ် ၈၁၂ခုနှစ်၌ နန်းစံတော်မူသည်။

သာသနာသက္ကရာဇ် ၂၀၀၆ ခုနှစ်တွင် နန်းစဉ်သမိုင်းမှတ်တမ်းများကိုကြည့်ပြီး ရှေးဟောင်းသမိုင်းဝင် ခနုဖြူမြို့ ကျိုက်ကလွန်ပွန်းစေတီတော်ကြီးကို ဖူးမျှော်ရန်ရောက်ရှိပြီး ပျက်စီးနေသည်များကို ပြန်လည်ပြုပြင်တော်မူသည်။

စေတီ၏ ရာဟုထောင့်၌ အရိမေတ္တယျဘုရားသို့ ရည်စူးပြီး ဘဏ္ဍာတိုက်ပြုလုပ်ထားရှိခဲ့သည်။ ထိုနေရာတွင် ဉာဏ်တော် ၇တောင် ၂မိုက်ရှိ ဘဏ္ဍာသိုက်စေတီတည်ခဲ့သည်။ ထိုဘဏ္ဍာတိုက်တွင် ရာဇာဓိရာဇ်မင်းလက်ထက်မှစ၍ နန်းသုံးတော်ဝင်ပစ္စည်းများအဖြစ် အထွတ်အမြတ်ထားရှိခဲ့သောမင်းမြောက်တန်ဆာငါးပါးကို ဌာပနာထားရှိခဲ့သည်။ လောကီပညာများ ထူးချွန်တတ်ကျွမ်းသောမင်းဖြစ်၍ ဘဏ္ဍာသိုက်၌ အစောင့်လေးယောက်လည်းစီမံထားရှိခဲ့သည်။

ဓမ္မစေတီမင်းသည် သာသနာအတွက် အထူးအကျိုးပြုခဲ့သော မြန်မာဘုရင်များတွင် တော်ဝင်တစ်ပါးဖြစ်သည့် သာသနာအတွက် စေတီပေါင်း များစွာပြုလုပ်ခဲ့ခြင်းမှ အကျဉ်းမျှဖော်ပြခြင်းသာဖြစ်သည်။

ထို့အတူ ရာဇာမင်းမြတ်တို့ အမိနိုင်ငံတော် စေတီတော်များ ပြုပြင်သော မင်းများရှိနေခဲ့ကြသည်မှာ သာသနာသမိုင်းမှတ်တမ်းကောင်းများသာ ဖြစ်လေတော့သည်။

ကျမ်းကိုး

သုတေသီမာမက
မွန်တို့ဌာနီရာမည
ဓမ္မစေတီမင်း
ကလျာဏီကျောက်စာ
အသျှင်သာရိပုတ္တရမထေရ်
ရဋ္ဌသာရဒီပနီ



# နတ်ဝိဇ္ဇာများ ပေးသော အလိုတော်ပြည့်ဂါထာတော်

မွန်ပြည်နယ် ဘီးလင်းတောင်စွန်း ရတနာတောင် ပန်းတနော် ကျောင်း တိုက်ကြီးတွင် သီတင်းသုံးနေသော မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ **ကမ္မဋ္ဌာန်းနည်းပြ နယ်လှည့်ဓမ္မကထိက သာသနဓဇ ဆရာတော်ကြီး ဦးတေဇိန္ဒ၏** အထူးစီရင်တော်မူသော အလိုတော်ပြည့် ဂါထာတော် ဖြစ်သည်။

ဆရာတော်ကြီးသည် ထူးခြားသော ညတစ်ညတွင် ဂါထာတော် ကို နှုတ်တိုက်ချပေးနေသော ပုဂ္ဂိုလ်ထူးတစ်ပါး၏ အသံကို အလွတ်အရ ကျက်မှတ်နိုင်ခဲ့သည်။ ဂါထာတော်ကို အင်းကွက်သွင်း၍လည်း စည်းကမ်းတကျ သင်ပေးခဲ့သည်။

ဂါထာတော်၏ အနက်အဖွင့်ကို ဆရာတော်ကြီးကိုယ်တိုင် ဖွင့်ဆို ခဲ့သည်။

ရတနာတောင်သည် ဘီးလင်း တောင်စွန်းမြို့၏ သီးခြားတောင် အဖြစ် ၂၅ကေ အကျယ်အဝန်း နတ်ဝိဇ္ဇာတို့ပျော်စံရာတောင်ဖြစ်သည်။

ဆရာတော်ကြီး၏ ထူးခြားချက်မှာ ပရိတ်ကြီး (၁၁) သုတ်ကို ပါဠိအနက် အလွတ်ပြန်ဆို၍ ညစဉ်ကျိန်းစက်လေ့ရှိသည်။

(အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန် ငါးမျိုးသော ဝိဇ္ဇာ အတတ်တို့တွင် မန္တန်ဝိဇ္ဇာသည် အချုပ်ဟု ဖွင့်ဆိုသည်။

ရတနာတောင် ပန်းတနော် ကျောင်းဝင်းအတွင်း ရှိသော မန္တန်ဝိဇ္ဇာ သိဒ္ဓိပေါက် ဆရာတော်ဦးဝါယမ အုတ်ဂူ စေတီတော်၊ မနောမဟိဒ္ဓိစေ ဂိုဏ်းတော်ကြီး ဘိုးတော်ပွင့်၊ သစ္စာမဏ္ဍိုင်စေတီတော်၊ အထုတ်တစ်ရာ ဖြင့် သာသနာပြု စေတီတော်များ တည်ခဲ့သော ဆရာတော်ကြီး၏ ဆုတောင်း ပြည့်စေတီတော်တို့သည် ရှေးယခင်မှ ရှိနှင့်ပြီးဖြစ်သည်။

ဆရာတော်ကြီး ဦးတေဇိန္ဒ ရောက်လာသောအခါ တောင်စောင့် ဘိုးဘိုးကြီး၊ သိကြား၊ နတ်ဝိဇ္ဇာတို့ ခာတ်ခန်းကြီး၊ ကျောင်း၊ သိမ်၊ ဓမ္မာရုံများ ပြုပြင်ဆောက်လုပ်ခြင်းနှင့်အတူ လမ်း(၄၀) ပုလင်း ဦးလှမြင့်၊ ဒေါ်သန်းသန်းဝင်းကောင်းမှု စေတီတော်တစ်ဆူ တရား စခန်းဓမ္မာရုံကြီး။ ထို့ပြင် မုခ်ဦးအဝင် ကုန်းမြင့်တွင် နဂါးရုံစေတီနှင့် စေတီတော်များ တည်ထားနိုင်ခဲ့သည်။ ဆရာတော်ကြီးသည် နတ်ဝိဇ္ဇာ များ ပေးထားသော အလိုတော်ပြည့်ဂါထာတော် နေ့စဉ်ရွတ်ဖတ် ပူဇော် လျက် အခက်အခဲများစွာ ကျော်လွှားရင်း သာသနာပြုနေခြင်း ဖြစ် သည်။

ဆရာတော်ကြီး မေတ္တာရိပ်အောက် ရောက် သော လမ်း(၄၀) ပုလင်းဦးလှမြင့်၊ ဒေါ်သန်းသန်းဝင်းတို့သည်လည်း အလိုတော်ပြည့် ဂါထာရွတ်ဖတ်ပူဇော်ရင်း စီးပွားရေးလုပ်ငန်းများ ပွင့်လန်း၍ ကြီးပွား ခြင်းတို့သည် ဆရာ၊ ဒကာ လက်တွဲမှု သဒ္ဓါ တရားတို့ ဖြစ်သည်။

နတ်ဝိဇ္ဇာများပေးသော အလိုတော်ပြည့် ဂါထာတော်မှာ -

**ဣစ္ဆေန သမ္ပန္နံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။**

**ဧတေန ပုညတေဇေန ဣစ္ဆာ ပူရေန္တု မေ သဒ္ဒါ။**

ဣစ္ဆေန - လိုရာဟူသမျှ အဝဝနှင့်၊ သမ္ပန္နံ လုံးဝကုံလုံ ပြည့်စုံတော်မူသော၊ ဗုဒ္ဓံ - အားလုံး သိမြင် မြတ်စွာဘုရားရှင်ကို၊ အဟံ-ဘုရား တပည့်တော်သည်၊ သဗ္ဗဒါ- နေ့စဉ်မပြတ် အခါခပ်သိမ်း၊ ဝန္ဒာမိ - ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

ဧတေန ပုညတေဇေန - ဤသို့ ရှိခိုးပူဇော် ပါရ ပုညတေဇော် အာနုဘော်ကြောင့်၊ မေ - ဘုရားတပည့်တော်အား၊ သဒ္ဒါ - နေ့ည မပြတ် အခါခပ်သိမ်း၊ ဣစ္ဆာ - လိုရာဟူသမျှ အဝဝသည်၊ ပူရေန္တု လုံးဝကုံလုံ ပြည့်စုံ - ပါစေသတည်း။

(ဆရာတော်၏ တရားဟော ပလ္လင်ဖွင့် ဂါထာလည်း ဖြစ်သည်)

မွေးနေ့တိုင်း- တနင်္ဂနွေသားသမီး - (၁၀၈)ခေါက်။

နေ့စဉ်- (၆) ခေါက်။

မွေးနေ့တိုင်း- တနင်္လာသားသမီး - (၁၃၅)ခေါက်။

နေ့စဉ်- (၁၅) ခေါက်။

မွေးနေ့တိုင်း အင်္ဂါသားသမီး- (၁၄၄)ခေါက်။

နေ့စဉ်- (၈) ခေါက်။

မွေးနေ့တိုင်း- ဗုဒ္ဓဟူးသားသမီး- (၁၅၃)ခေါက်။

နေ့စဉ်- (၁၇) ခေါက်။

မွေးနေ့တိုင်း- ကြာသပတေးသားသမီး-(၁၇၀)ခေါက်။

နေ့စဉ်- (၁၉) ခေါက်။

မွေးနေ့တိုင်း- သောကြာသားသမီး- (၁၂၆)ခေါက်။

နေ့စဉ်- (၂၁) ခေါက်။


မွေးနေ့တိုင်း- စနေသားသမီး- (၁၈၀)ခေါက်။

နေ့စဉ်- (၁၀) ခေါက်။

(၇)နေ့ သားသမီးများအားလုံး ဖော်ပြပါ အစီအစဉ်အတိုင်း ယုံကြည်သည့် သဒ္ဓါတရား၊ ဖြူစင်ဖြောင့်မတ်သည့် စိတ်ထား၊ ကြိုးစားအားထုတ်ခြင်း ဝီရိယ၊ ဆင်ခြင်ဉာဏ်ပညာများဖြင့် အချိန်မှန် ရွတ်ဖတ်ပူဇော် ကုသိုလ်တော်ပွားများခြင်းဖြင့် အကျိုးကျေးဇူး များ စေသည်။



အလိုတော်ပြည့် ဂါထာ စီရင်ပုံ



မွေးနေ့ ရွတ်ဖတ်ပူဇော်ပြီးလျှင် အလယ်ကွက်၌ မွေးနေ့ရေးသွင်းထားပါ။ (လိုရာပြည့်ဝ မြတ်ဗုဒ္ဓဂုဏ် ကိုယ်လုံခြုံ) အလယ်ကွက်၌ မွေးနံသွင်းထားခြင်းမှာ နှလုံးသားမှာ ဘုရားတည်ထားပြီး လိုရာပြည့်ဝ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို ကိုယ်လုံခြုံထားသည့် သဘောဖြစ်သည်။

ဘီးလင်းမြို့နယ် ရတနာတောင် ပန်းတနော်ကျောင်းတိုက် အောင်ခေမာရပ်ကွက် တောင်စွန်းမြို့ မကွေး အရှင်တေဇိန္ဒ သာသနာ့ဓဇ မဟာစရိယ နယ်လှည့် ဓမ္မကထိက ဆရာတော်ကြီး၏ အလိုတော်ပြည့် ဂါထာတော် ပူဇော်ခြင်းဖြင့် လိုရာသိဒ္ဓိ ပြီးပြည့်စုံစေသည်။

လပြည့်ဝန်းမဂ္ဂဇင်း၊ ဇူလိုင်လ-၂၀၁၆

## အဘယ ဇာတက
## ဘုရားရှိခိုးနှင့် ငါးရာငါးဆယ် ပူဇော်ပွဲ

မြတ်ဗုဒ္ဓသာသနာ ဒါယကာအဖြစ် ကြည်ညိုကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့သည် ဗုဒ္ဓဝစနတ္ထ ဗုဒ္ဓ၏တရားတော်တို့အား ပူဇော် အထူးဖြင့် အမျိုးမျိုးပူဇော်ကြသည်။

မြတ်ဗုဒ္ဓ၏ မတွေ့မထိသော တရားသည် နိတ္တိမရှိဟူ၍ ဓာရဏ ပရိတ်တော်တွင် ထင်ရှားပါဝင်ပြီး ဖြစ်သည်။ ရှေးမူဘုန်းတော်ကြီး ကျောင်းသုံးဆယ်စောင်တွဲမှ ပရိတ်ကြီး ၁၁-သုတ်၊ မင်္ဂလသုတ်တော်မှ အစပြု၍ ပရိတ်ဖွင့်ပြီး ပုဗ္ဗာနသုတ်သည် ပရိတ်အုပ်ဟူလည်းသတ်မှတ် ခဲ့သည်။

ထိုပရိတ်ဒေသနာတို့သည် နိဗ္ဗာန်ရောက်စေသော လမ်းကြောင်း အခြေခံ အစစ်တို့သည်လည်း ဖြစ်သည်။

ပရိတ်ဒေသနာများတွင် ပရိတ်ကြီး၊ ပရိတ်သေးဟူ၍ ရှိနေလေ သည်။ မြတ်ဗုဒ္ဓ၏ပရိတ်နိဒါန်း "တံဘနာမဟော"မပါသော ပရိတ်တို့ သည် ပရိတ်ငယ်များဖြစ်သည်။

ဘေးအန္တရာယ် ကင်းဝေးလိုကြကုန်သော လူတို့သည် ဗုဒ္ဓမြတ်စွာ၏ ဂါထာတော်၊ ထို့နောက် မန္တန်တော် စသည် စသည်ဖြင့် ဆရာတို့အစွဲ "အပရေ" တစ်ဆင့်ထက်တစ်ဆင့် အဆင့်များ၍ အဖျားသို့ ရောက်သွားကြသူများ၊ (ဆရာများ သားသေ) ဆရာများ (အနားသေ)အဖြစ် ဂါထာတစ်ပုဒ်၊ မန္တန်တစ်ပုဒ် အစွမ်းအစမှ ဗုဒ္ဓမြတ်စွာ၏ သရဏ ဂမန သရဏဂုံတည်ခြင်း ဥပါသကာ၊ ဥပါသိကာမအဖြစ် သာသနာအတွင်း ဝင်ရောက်ခြင်းများလည်း ရှိသည်။ ဆရာကောင်းတွေ့ရန် ပါရမီအကြောင်းရင်းတို့သာ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာအလောင်းတော်ဘဝ ပါရမီဖြည့်ကျင့်ခဲ့စဉ်များ ပြန်လည်ပူဇော်ခြင်းဖြင့် ဘေးအန္တရာယ် ဥပဒ်ကင်းဝေးကြောင်း ၁၃၆ ဘဝဖြစ်တော်ပေါင်း ဘုရားရှိခိုးတင်ပြရေးသားလိုက်ပါသည်။

## အဘာယာဓာတာက ဘုရားရှိခိုး

အစကြိုးကြာ ဆယ့်ခြောက်ခါ တည်း၊ ဟသ်ာကိုးဖြစ်၊ ခြောက်ဖြစ်ကားနို၊ ကျေးညိုသုံးခါ၊ သံသာ ကျူးဟိတ်၊ ကရဝိက် ငါး၊ လေးပါး ကိန္နရီ၊ ဇာမဏီ တစ်ဆယ့်ငါး၊ ဆင်ဝယ်ဆယ့်တစ်၊ နွားနှစ်ဆယ့်လေး၊ ဇက္ကေသိန္ဓာဝ၊ ကျွဲအဋ္ဌတည်း၊ တွန်သံသာညောင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာအတ္တ၊ ဒွါဒသကြက်၊ ဝက် တစ်ဆယ့်သုံး၊ ပေါင်းရုံးများစွာ၊ **တစ်ရာသုံးဆယ်ခြောက်ဖြစ် ဝယ်၌**၊ အန္တရာယ်မရှိ ဘေးမငြိသည်၊ မုနိအလောင်းဖြစ်တော် ပေါင်းကို၊ အဟံ အကျွန်ုပ်သည် ဝန္ဒေ ဝန္ဒာမိ ရှိခိုးပါ၏။

ထိုဘုရားရှိခိုးဂါထာတော်သည် မဟာဂန္ဓာရီလျှောက်လှမ်းသူများ တောတောင်အထပ်ထပ် စေတီတော်များ ဖူးမြော်ခြင်း၊ အဓိဋ္ဌာန်ဝတ်ပြုခြင်း၊ ဆိတ်ငြိမ်ရာအရပ်တွင် မည်သို့သော အန္တရာယ်မျှ မကျရောက်ခြင်း၊ မန္တလေးတောင် ဆရာရသေ့ကြီး ဦးခန္တီအဆောင်ဂါထာ၊

မဟာဂန္ဓာရီပါရမီရှင် သူတော်ကောင်းတို့ ရွတ်ဖတ်ပူဇော်သော ဂါထာတော်ဖြစ်လေသည်။ ။

ငါးရာငါးဆယ်လာ ဖြစ်တော်ပေါင်းလင်္ကာမှာ

ငါးရာငါးဆယ်၊ ဇာတ်တော်ဝယ်တွင်၊ လူလျှင်သုံးရာ၊ ငါးဆယ်သာ၍၊ ကောဖြစ်ပြား၊ နတ်သားအစစ်၊ သုံးဆယ်နှစ်တိုး၊ ရုက္ခစိုးဝယ်၊ သုံးဆယ်နှင့်ပေါင်းရုံးမျောက်ဝယ်၊ တစ် ဆယ်နှစ်ဓွေ၊ ခြင်္သေ့ဟသ်ာ၊ ဆယ်ခါစီဖြစ်၊ စစ်ကိုးပင်၊ သမင်အဋ္ဌ၊ ဆင်သတ္တနှင့် ခိုမှခြောက်ခါ၊ ဗြဟ္မာနှင့်နွား၊ ငါးစီ ထားလော့၊ နဂါးနှင့်မြင်း၊ လင်းတပေါင်းရုံး၊ ငုံးငှက်သာမန်၊ ဤငါးတန်မူ၊ လေးဆူဖြစ်ရှောင်း၊ ဥဒေါင်းဆတ်ခွေး၊ ခေါ်ရေးနာမ၊ ဖွတ်ဂေါနှင့် မန္တာငါးစွတ်၊ ဇာတ်ငါးချက်ဝယ်၊ သုံးဘက်စီပေး၊ ဖြစ်ရေးတစ်သုန်၊ ဂဠုန်ထည့်စွက်၊ ဥသြငှက်နှင့်၊ စက္ကဝါက်-ကျီး၊ ထိုပြီးကြက်ကြွက်၊ ခါငှက်ခေါက်ရှာ၊ ဇာတ်ရှစ်ဖြာကား၊ နှစ်ခါစီပေး၊ ဖြစ်ရေးပေါင်းရုံး၊ ဘီးလုံး-တင်ကျီး၊ တစ်နည်းဖားကျွဲ၊ စွဲယုက်တစ်ဖုံ၊ ယုံစာခေါင်းကွက်၊ ဝက်ကိန္နရာ၊ ရှစ်ဖြာဇာတ်စစ်၊ တစ်စီဖြစ်၏၊ ပေါင်းလစ်ငါးရာ၊ လေးဆယ် သာတည့်စွန်းမှာ ခုနစ်မျှသာတည်း။ ။

ပိဋကတ်တော်လာ **ဖြစ်တော်ပေါင်း ၅၄၇ ဘဝဝယ်** သုမေဓာရသေ့ဘဝအစ ဒီပင်္ကရာမြတ်ဘုရားထံဗျာဒိတ်တော် ခံယူပြီးနောက် သတ္တဝါအနန္တ မေတ္တာအားသစ်လောင်း၍ ကျွတ်တမ်းဝင်နိုင်ကြစေရန် ရည်စိတ်သန်ပြီး ပါရမီတော်ဖြည့်ဆည်းခဲ့ရသော ဇာတကဇာတ်တော်ဝင် သီလသမာ ကျင့်နှစ်ဖြာနှင့် ပညာပါရမီ ကြီးကုတ်ရသောကာလ မေတ္တာအနှစ်ချုပ် ခန္တီသီလ ကြီးမြတ်သော အထုံပါရမီဖြင့် ပညာအနှစ်ရဖို့ လေးသချေင်္ ကမ္ဘာတစ်သိန်းကာလ ဖြစ်စဉ်ဘဝများကို ချီးကျူးဂုဏ်ဖော် ပါရမီတော်အား ပူဇော်အပ်လေတော့သတည်း။

ထိုသို့ များစွာပူဇော်ရာဟု သီလသမာပညာအားကို ပူဇော်ရသော အကျိုးသည် လျင်စွာနီးကပ် နိဗ္ဗာန်ရပ်သို့ မကွေ့မကောက် အမြန်ရောက်ရပါလို၏။

လပြည့်ဝန်းမဂ္ဂဇင်း၊ မတ်လ-၂၀၁၈

ကျမ်းကိုး

ဦးခန္တီကျင့်ဖွယ် - ပထမံ - ဘိုးဘိုးအောင်

မန္တလေး အဘယဂီရိရန်ကင်းတောင် အတ္ထုပ္ပတ္တိ။




# ဥပါသိကာနှင့် ဝိပဿနာကျင့်ဖွယ်

မြတ်ဗုဒ္ဓ၏ သာသနာတွင် ပထမလောကီ ကောင်းကျိုးအမျိုးမျိုး၊ ဒုတိယ ယခုနောက်နောင်ကောင်းကျိုးရ၍ ဒုက္ခတရားဆိုးများ လွန်မြောက်ပြီး ဝိမုတ္တိသုခ မြတ်ချမ်းသာအဆင့်ဆင့်တို့ ဖြစ်သည်။

ပထမံ သရဏံ ဂစ္ဆာတာနံ ယဒိတံ ဥပါသ ကာနံ တပုဿ ဘလ္လိကာ ဝါနိဇာ ... **ကောဒက်ဘွဲ့ရရှိသူ (၈၀)တွင်** ဂေါတမမြတ်စွာဘုရား၏ သာသနာ၊ ဦးဆွမ်းဦးဒါယကာအဖြစ်လည်းကောင်း၊ သရဏဂုံ သီလအဖြစ်လည်းကောင်း၊ ဆံတော်အကြောင်းပြု(စေတီ) ရတနတ္တယ ရတနာမြတ် သုံးပါး တစ်စုတည်းကိုးကွယ်မှု ရရှိခဲ့သည်။

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်(၉)ပါး အာရုံထား၍ အရဟံအစ ဘဂဝါ အဆုံးတို့ဖြင့် ဓာတုမဇ္ဈ ပရိဘောဂ ဥဒ္ဒိဿစေတီ အပြားကွဲပြား

သော်လည်း တစ်ဆူတည်းသော မြတ်ဗုဒ္ဓကိုးကွယ်မှုအစစ် ကမ္ဘာ မြေပြင် မြန်မာပြည်တွင် ဦးစွာရရှိခဲ့သည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ... လယ်တီဆရာတော်ကြီး၏ မဟာ သရဏဂုံအဖွင့်တွင် ဗုဒ္ဓံ မြတ်စွာဘုရားကို သရဏံ ဘုရား တရား သံဃာတည်းဟူသော သရဏဂုံ ကိုးကွယ်ခြင်း ရတနာမြတ် သုံးပါး ဟူ၍ အကျယ်ဖွင့်ဆိုသည်း၊ ထိုသရဏဂုံအဖွင့်တွင် ဒါန၊ သီလ၊ ဘာဝနာဟူ၍ လူ၊ ရှင်၊ ရဟန်း မြတ်သီလအခန်း အဖွင့်ပါရှိနေပြီး ဖြစ်သည်။

လူသည် အဝတ်ကြောင်ကြားဝတ်၍ သရဏဂုံသုံးပါးနှင့် သီလကို တစ်ဆက်တည်း (ပဉ္စသီလ၊ ဂရုဓမ္မသီလ)ဟူ၍ ဆောက်တည်ရလေသည်။

ရှင်သာမဏေသည် အဝတ်ဂုံသိက္ခာပြည့် ပြီးဖြစ်၍ သီလအရှင် (အစဉ်) ဆောက်တည်ပြီး မကျိုးမပေါက် ရှိ၏။ ဘိက္ခုရဟန်းသည် ပို၍ပြီး ပြည့်စုံပြီး ဖြစ်၏။ ဗုဒ္ဓဂုဏ်လွှမ်းခြုံ၍ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဟူသည်ဖြင့် သီလအားလုံး ဆောက်တည်ပြီး ဖြစ်သည်။

ဥပါသကာသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပဉ္စ သီလံဟူ၍ ငါးပါး သီလပြုအပ်၏။ ဥပါသကာ သီလငါးပါးတွင် နတ်ဝစီပြုကာ ထိန်းသူ တို့သည် သစ္စာတရားနှင့် တူညီစွာရှိ၍ ဝိမုတ္တိသုခ ချမ်းသာတရားများ ရရှိလေသည်။

မုသာဝါဒါ လိမ်လည်သူသည် သစ္စာဖောက်ဖျက်၍ အမှန်မ ရောက် အမှားသို့သာလျှောကျ၏။ သူတော်ကောင်းများ မုသားစကား ရှောင်ရှားကြ၏၊ နှုတ်မွေဆင်ဗွေထက် ဆိုးသည် ဟူ၍ ရှေးပညာရှိတို့ ပုံခိုင်းနှိုင်းကြသည်။ ဝစီပေရ ထိတိုင်းရှဟူ၍လည်း ဝစီကံအကြောင်း ဇာတက ဇာတ်တော်ဝတ္ထုများလည်း ရှိခဲ့သည်။

**ဝစီကံ၏အကျိုး "သစ္စာ နှုတ်သီးမန္တန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏။"** မန်လည်ဆရာတော်ကြီး မာဃဒေဝအလင်္ကာတွင် ရှိ

သည့် ''ဝစီဖောက်ပြားပြုသူများမှာ **အမှန်ဆန့်ကျင်ထွေပြား သစ္စာတရားနှင့် မထိုက်တန်**''ဟုလည်း ဖွင့်ဆိုခဲ့သည်။

မုသားစကားသည် သစ္စာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ပညာရှိသူတော်ကောင်းများ မကျင့်သုံးခြင်း ဖြစ်သည်။ မြတ်ဗုဒ္ဓအဆူဆူ၏ ဩဝါဒအဆုံးအမသည် **သဗ္ဗပါပဿ အကရဏံ** အကုသိုလ်မှန်သမျှ မပြုကျင့်ရန် ဖြစ်သည်။ ကုသလဿသမ္ပဒါ ... ကုသိုလ်မှန်သမျှ ပြုပါရန်နှင့် **သစိတ္တပရိယောဒါပနံ** ... မိမိစိတ်ကို ဖြူးစင်အောင်ထားခြင်း ဧတံ ဗုဒ္ဓသာသနံ မြတ်ဗုဒ္ဓ အဆူဆူ၏ အဆုံးအမဖြစ်သည်။

(၁) အကုသိုလ်ရှောင် ကုသိုလ်ဆောင် ဖြူအောင် စိတ်ကိုထား။

(၂) ဘုရားတိုင်းသော ဟောမိန့်မှာ သုံးဖြာဤစကား။

(၃) ဘုရားတပည့်ထား သတိမှတ်ဘိ ဤတရား... ဟု ရှေးဆရာတော်ကြီးများ အလင်္ကာဖွဲ့ ရေးခဲ့သည့် မြန်မာပြန်ဖြစ်သည်။

စိတ္တေဝိသုဒ္ဓေ သုဂတိပါဋိကင်္ခါ၊

စိတ္တေသံ ကိလိဋ္ဌေ ဒုဂ္ဂတိပါဋိကင်္ခါ၊

စိတ်စင်ကြယ်လျှင် သုဂတိနှင့် ဝိမုတ္တိကို ရောက်၏။

စိတ်ညစ်နွမ်းလျှင် ဒုဂ္ဂတိကို ရောက်၏။

''တိ''သုံးပါးမှတ်သားရန် အထူးလိုအပ်သည်။

(၁) **ဒုဂ္ဂတိ**- ဆင်းရဲနေရာမရောက်လိုလျှင် အကုသိုလ်မှန်သမျှရှောင်ကြည်ရန်သာ ဖြစ်သည်။

(၂) **သုဂတိ**- ချမ်းသာကောင်းမှုအလိုရှိလျှင် ကုသိုလ်မှန်သမျှကြိုးစားလုပ်ကိုင်ရန် ဖြစ်သည်။

(၃) **ဝိမုတ္တိ**- ဒုက္ခသစ္စာတရားကို အမှန်သိသော ပုဂ္ဂိုလ်သည် ဝိမုတ္တိချမ်းသာအစစ်မဂ်ချမ်းသာ ဖိုလ်ချမ်းသာကို ရယူနိုင်သော သတိ ဓမ္မ ဝီရိယ ပီတိ ပဿတိ သမ္မာဓိ ဥပက္ခာတို့ဖြင့် နိဗ္ဗာန်ဝင်လမ်းမြတ်စခန်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာ အာရုံတည်၍ ဖြူစင်သော စိတ်ထားသည် '**ပဘာဿရမိဒံစိတ္တံ**' ပြိုးပြိုးပြက်ပြက် အရောင်ထွက်၍ ဖြူဖွေးခြင်းအရောင် ဖြစ်ပေါ်သည်။ အရောင်ပျက်စေခြင်းသည် ညစ်နွမ်းသောစိတ်၏ လောဘ ဒေါသ မောဟတို့၏ ကိလေသာအမှောင်ကြောင့် ဖြစ်လေတော့သည်။

ဥပါသကာ ကျင့်ဝတ်သီလသည် ဂရုဓမ္မ သီလ နိစ္စဓုတင်ငါးပါးဖြင့် မုသာဝါဒါအစဖြာ၍ အိမ်ရှင်သီလပြည့်စုံကြ၍ ဝါတွင်းဝါပရှစ်ပါး၊ ကိုးပါး၊ တစ်ဆယ့်နှစ်ပါး မဂ်သီလများဖြင့် အစ၏ကောင်းခြင်းငါးပါး သီလမှာ အိမ်ရှင်အိမ်ကောင်းဖြစ်လျှင် ဧည့်ပေါင်းများစွာ စောင့်ရှောက်နိုင်ဘိ သကဲ့သို့ ဗုဒ္ဓါနုဿတိအစရှိ၍ ထိုမှနောက်နောင် ကျင့်အားဆောင်ရန် အရင်းသီလအစဖြာ၍ မနောဝစီကာယညီထွေ ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းသာ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ တစ်နည်းဂန္ထဓုတ၊ ဝိပဿနာဓုတ ဓုတနှစ်ဖြာ ကျင့်ပါနိုင်စေသော်ဟု မေတ္တာစိတ်ဖြင့် ညွှန်းဆိုရေးသားလိုပါသည်။

**ဓမ္မဒီပ်ဂျာနယ်**



# သဲဖြူဆရာတော်၏ မဟာဂန္ဓာရီခရီးဝယ်

မဟာဗောဓိမြိုင် ဆရာတော်ကြီးသည် ဘဒ္ဒန္တပညာဇောတ (သဲဖြူးရိပ်သာမှော်ဘီ) ဆရာတော်ကြီးကို သဲဖြူးဆရာတော်ဟုပင် အတိုကောက် ခေါ်သည်။ **သဲဖြူဆရာတော် သီတင်းသုံးရာ မဟာမြိုင် ချက်မတောသို့ သုဓမ္မမဏိဇောတ ဦးလှမြင့်ကားဖြင့် မြေလျှောက်ဝိဇ္ဇာ ဆရာတော်၊ စာရေးသူနှင့် ကားဆရာကိုသောင်းလှိုင်၊ အကူ တစ်ယောက်၊ သုဓမ္မမဏိဇောတ ဦးလှမြင့်လုပ်ငန်းတူတစ်ဦးတို့နှင့် သံဃာတော်တစ်ပါး အားလုံးပေါင်း ရဟန်းနှစ်ပါး လူငါးယောက် မဟာမြိုင် ဆရာတော်ထံ သွားရောက်ဖို့ အကြောင်းဆုံ လာကြသည်။**

သုဓမ္မမဏိဇောတရေဘွဲ့ကို နိုင်ငံတော်မှ ချီးမြှောက်ခဲ့သော လမ်း ၄၀ ပုလင်း ဦးလှမြင့်၊ ဒေါ်သန်းသန်းဝင်းတို့ ဖြစ်သည်။

မြေလျှောက်ဝိဇ္ဇာဆရာတော်မှာ ချီးကျူးဖွယ်။ နှစ်ပေါင်း (၃၀) ကျော် ကျောင်းတို့ကို စွန့်လွှတ်၍ ခြေသလုံးအိမ်တိုင် အတည်မနေ၊ မနေမနား စေတီတော်များကို မြန်မာနိုင်ငံ ပြည်တွင်း ပြည်ပနိုင်ငံများပါ မကျန် စေတီတော်ပေါင်း သောင်းကျော် အဓိဋ္ဌာန် ပါရမီအဖြစ် လှည့်လည်ရင်း လက်ခတ်တောင် ဆရာတော်၊ ကျိုက်ထီးဆောင်း ဆရာတော်ကြီးတို့မှ ထူးကဲသော မြေလျှောက်ဝိဇ္ဇာဘွဲ့ နာမည်ပေးထား သော ဆရာတော် **ဦးဝါယမဓမ္မာစရိယ သာသနာ့ဓေတရား ဟော ဓမ္မကထိက တစ်ပါးဖြစ်သည်။**

တရားဟောခြင်းကို စိတ်သိပ်မဝင်စား။ စေတီတော်များ သွား ရောက်ဖူးမြော်ခြင်း၊ အဓိဋ္ဌာန် ပါရမီပြု ဘုရားဆုပန်ထားခြင်း၊ ဗျာဒိပ် ယူထားခြင်း ဖြစ်သည်ဟု ဝန်ခံသည်။

ဘုရားဖူးအဖြစ် မိုးကုတ်ကမ္မဋ္ဌာန်းပြ ပညာနန္ဒဆရာတော်ပါ လိုက်ပါလာခြင်း ဖြစ်သည်။ မြေလျှောက်ဝိဇ္ဇာဆရာတော်ကြီးမှ ဦးဆောင်၍ သဲဖြူးဆရာတော် တည်ထားသော သာသနာ့အဆောက် အဦး စေတီများ ဖူးတွေ့လှူဒါန်း သာသနာပြုရန် သွားခြင်းဖြစ်သည်။

ကလေးဝမြို့ ခတ်ဆီဆိုင် မြေလျှောက် ဝိဇ္ဇာဆရာတော်ကြီး၏ ဒါယကာအိမ်ရောက်၍ တစ်ညအိပ်ခရီးတစ်ထောက်နားပြီး နံနက်ပိုင်း အိမ်ရှင်ညီအစ်မတို့မှ သဲဖြူးဆရာတော်ကြီး ဦးစီးပြီး ရွှေတိဂုံပုံတူ စေတီတစ်ဆူ တည်ထားမည့်အကြောင်း ပန္နက်ရိုက်အတည်ပြုကြောင်း သတင်းကြားသိခဲ့ရသည်။ စာရေးသူ မနေနိုင်၍ကြား နေရသောစကား အဖြေတစ်ခု ပြောလိုက်မိသည်။

စေတီတော်က ငါးနှစ်ကြာမှ ပြီးလိမ့်မယ်။ နာဂစ်မုန်တိုင်း တိုက် ခတ်သောနှစ် **သာသနာနှစ် ၂၅၅၂ ခုနှစ်မှာ ပထမရွှေတိဂုံပုံတူ (နေပြည်တော်)အပြီးသတ် ထီးတော်တင်လှူနိုင်ခဲ့တယ်။** ရွှေတိဂုံပုံတူကို ဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေဦးစီးပြီး သာသနာရေး သုတေသန ဆရာ

ဦးလှသိန်းထွဋ်၊ ဆရာဦးအေးထွန်းတို့နှင့် ရှင်သာမဏေဗိမာန် နိကယ်ငါးကျမ်း သင်သော သင်တန်းဆရာများ၊ သာသနာရေးမှ ပုဂ္ဂိုလ်များ စာရေးသူနှင့် ယခုတရားပြ ကမ္မဋ္ဌာန ဆရာဦးမြဝင်းတို့ကို ခေါ်သည်။ **၂၀၀၅ ခုနှစ် ပန္နက်တင်အခမ်းအနား ရွှေတိဂုံပုံတူအတွက် ဖြစ်သည်။** စာရေးသူ ငြင်းပယ်ခဲ့သည်။ အကြောင်းအမျိုးမျိုးပြ ငြင်းပယ်ခြင်း ဖြစ်သည်။

ယနေ့ ဒုတိယရွှေတိဂုံပုံတူစေတီအတွက်မနေသာ။ လုပ်ရမည် မှန်းသိ၍ ပြီးနိုင်မည့်နှစ် ကြိုတင်တွက်ဆခြင်း ဖြစ်သည်။

စေတီတော်တွေအတွက် သိုက်နန်းရှင်တွေ ဝင်လာတဲ့အခါ လူတွေကို ပူးကပ်ပြီး မေးလည်း မပြော။ ငိုနေတာပဲ။ သိပ်သနားစရာကောင်းတယ်။ စာရေးသူ ဒါတွေ တွေ့တဲ့အခါ ပိတ်ပြီး ကာထားလိုက်တယ်။ ဘာလို့လဲဆိုတာ သိလိုက်ရတယ်။ သာသနာနှစ်ပေါင်း ၂၅၀၀-၂၆၀၀ ခရီးမှာ လူ့ဘဝ သေကြရတာ အကြိမ်ပေါင်း အနှစ်တစ်ရာ နှစ်ကြိမ်သေရတယ်။ အကြိမ်ပေါင်း (၂၅) ကြိမ်၊ အကြိမ် (၃၀)မက သေနေရတယ်။ သံသရာအဆက်ဆက် သိုက်ချုပ်သိုက်နန်းရှင်တွေက အိမ်ထဲကနေ အပြင်မထွက်ရဘူး။ လူပြည် အလည်သွားတဲ့လူတွေက သာသနာအတွက် အလုပ်မလုပ်ဘူး။ လူပြည်ခဏ ဧည့်သည် သားသမီးဆွေမျိုးတွေနဲ့ အချိန်ကုန်သွားတယ်။ ကုသိုလ်ကောင်းမှုကို သာဓုကောင်းကျိုးဖြင့် ချီးမွမ်းစိတ်တွေ အတူတူ အကျိုးစီးပွား မရကြဘူး။ ဝမ်းနည်းစရာ ကောင်းတာပေါ့။ ဒီကြားထဲ စကားကြီးက ကြီးလိုက်တာ။ မအားဘူးတဲ့။ ကုသိုလ် အကုသိုလ် ပရိယတ္တိ ဗုဒ္ဓစာပေ မတတ်တော့ မသိနိုင်လို့ မအားဘူး ပြောတာပါ။ တစ်ဖက်ကတော့ နာနေပြီး၊ သံသရာ ညီအစ်ကိုမောင်နှမတွေ ဇာတ်လမ်းအရှည်ကြီးတွေ ပြောချိန်မရ ငိုရရုံပဲ ရှိတော့တာပေါ့။ စာရေးသူကတော့ အပူးအကပ် အစွဲအငိုတွေ့ရင် **ဗုဒ္ဓါနုဿတိ ကောင်းမှုရပါစေ၊** မငိုပါနဲ့ပေါ့။ ကျိုက်ထီး

ဆောင်း ဆရာတော်ကြီးက ပြောတယ်။ လုပ်ပါစေ။ သူတို့လုပ်မှ ပြီးမှာတဲ့။

နားမလည်သူတွေ၊ မအားသူတွေ၊ မသိသူတွေအတွက် မမြင်အပ်သူတွေ သတိပေးခြင်းကို ခေတ္တနားခိုင်းပြီး သတိလေးနဲ့ ဘုရားမမေ့ဖို့ ခန္ဓာမှာ စေတီထိုက်အောင် ဗုဒ္ဓါနုဿတိကိန်းအောင်၊ ဗဟိဒ္ဓ စေတီတော်ကြီးတွေမှာ အဘိုးအဘွား အစဉ်အဆက် ကမ္ဘာမြေပြင် ကုတ်ခြစ်ထုဆစ် အမွန်းတင်ပြီး မပြယ်သော မေတ္တာ၊ တည်စေသော စေတနာ သာသနာဒါယကာအဖြစ် **ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ**ဟူ၍ စေတီအပြား ခွဲခြားသော်လည်း ဥဒ္ဒိဿဂုဏ်တော် (၉) ပါး ပိုင်ရှင် မြတ်စွာဘုရားအား ရည်စူး၍ စေတီယသဒ္ဒါအနက်တို့ဖြင့် ဘုရား၊ တရား၊ သံဃာ ရတနတ္တယ ရတနာမြတ်သုံးပါး အထွတ်တင်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးပန်းတို့ဖြင့် ဥပါသကာ (ဥပထမ္ဘက) စေတီတော်တို့အနီးအပါး အလုပ်အကျွေးပြုသူ အဖြစ် မြန်မာတို့ဗုဒ္ဓဘာသာ မဟာသက္ကရာဇ် ၁၀၃ မြတ်ဗုဒ္ဓပွင့်တော်မူစမှ တပုဿညီနောင် ယနေ့အထိ အစအလယ် အဆုံး တည်ရှိနေမည့် သာသနာ ၅၀၀၀ မြန်မာ့ဂုဏ်ရောင် ဖြစ်လေတော့သည်။

ယနေ့ သာသနာ ထက်ဝက်ခရီးတွင် မဟာမြိုက်ချက်မတော အလယ် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းစခဲ့သို့ သာသနာ တူညီမျှတ ယခုရွှေတိဂုံပုံတူ **စေတီဂူမွှာန် ဂနိုင်တော မဟာမြိုင်ဝယ် မဟာဗောဓိမြိုင် ဆရာတော်ကြီးရဲ့ကျေးဇူး၊ သဲဖြူးဆရာတော်တို့၏ကျေးဇူး၊** ပြည်သူအများ ကောင်းကျိုးမျှော် သာဓုခေါ်ဖွယ် အဟောဝတ ချမ်းသာရဖို့ သာသနာ့ဒါယ ကာတို့ ပြုဖွယ် ရွှေတိဂုံပုံတူစေတီတော်ဝယ် အနုဂါမိက ဥစ္စာမြုပ်နှံရာ ခုနစ်ဌာန (စေတီယမှိစ သံဃေဝါ၊ ပုဂ္ဂလေ အတိတီသုဝါ၊ မာတရိ ပီတရိ စညပိ အထော ဇေဋ္ဌမှိ

ဘာတိ) သံသရာတစ်လျှောက် ပါရမီ ကုသိုလ် ရွှေအိုးမြှုပ်နှံရာ အစစ် လှူဒါန်းနိုင်ရန် အခွင့်အရေး အနာဂတ်သာသနာ အထောက်အပံ့ ကုသိုလ်ဖြစ်လေတော့သည်။

မဟာမြိုင်ချက်မတောကြီးကို မဟာဗောဓိ မြိုင်ဆရာတော်ကြီး သီလ သမာဓိ၊ ပညာအနှစ်ချုပ် စရဏ ကျင့်ဝတ်ကရဏီယံ ပြုဖွယ် ကိစ္စ အဝဝ နေရာဌာန အညမည အပြန်အလှန် မေတ္တာဓာတ် တွေ ရေးရေးပါရမီရေစက်တွေနဲ့ အချိန်အခါတို့ စောင့်မျှော်ရင်း တစ်ဘဝ ပါရမီ အနာဂတ် သာသနာ ထွန်းလင်းစေဖို့၊ သူတော်ကောင်းတွေ အကျင့်မှန် ရင့်သန်စေဖို့ ကြိုးစားအားထုတ်ခဲ့ သည်မှာ မည်မျှနည်းဟု မဟာဗောဓိမြိုင် ဆရာတော်ကြီးသာ သိပေလိမ့်မည်။

ယခုတစ်ဖန် မဟာဗောဓိမြိုင်ဆရာတော်ကြီးမှ သဲဖြူ ဆရာတော် ကို အပ်နှင်း၍ သဲဖြူဆရာတော်၏ နုတ်ထွက်ဝန်ခံချက် အကျင့်မှန် လမ်းစဉ် အဖြစ် စာရေးသူ အမှတ်မထင် ကြားနာခဲ့ရသည်။

၁၆-၄-၂၀၁၅ ခုနှစ် ကြာသပတေးနေ့ အမြိတ္တစုတ်ရက် ညနေ ဆည်းဆာ (၇)နာရီဝန်းကျင်အချိန် ဖြစ်သည်။ နိုင်ငံခြားသား ကနေဒါနိုင်ငံသား ကမ္ဘဋ္ဌာန်းပြု ဆရာတော်တစ်ပါး သဲဖြူဆရာတော်ကို လျှောက်ထားခြင်း ဖြစ်သည်။

**သဲဖြူဆရာတော်ကြီးဘုရား တပည့်တော် ဆရာတော်ရဲ့ တောနေ ရဟန်းဘဝကျင့်စဉ်များနဲ့ ကျင့်ခဲ့ရပုံများ သိပါရစေဘုရား။** တပည့်တော် လည်း တောနေရဟန်းဘဝ ကျင့်ချင်လို့ မေးလျှောက်ခြင်း ဖြစ်ပါတယ် ဘုရားဟု လက်စုံမိုးရှိခိုးဦးတင် လျှောက်လေသည်။

သဲဖြူးဆရာတော်ကြီးမှ တောနေရဟန်း တောအထပ်ထပ် တောင်အထပ်ထပ် အကျင့်မြတ်နဲ့ ကျင့်မယ်ဆိုလျှင် အာရုံခြောက်ပါးကို သိမ်း ဆည်းနိုင်မှ ဖြစ်မယ်။

အဆင်းအနံ့တွေနဲ့ နှောင့်ယှက်တယ်။ ကောင်းတဲ့အနံ့တွေ့တဲ့အခါ နောက်တစ်ကြိမ် လိုချင်အောင် ဒီသဘောတွေ တွေ့ရတယ်။

အဆင်းအာရုံတွေမှာ တစ်ခါတစ်ရံ ကြောက်စရာကောင်းတာတွေ တွေ့ရတယ်။ နှစ်သက်စရာတွေလည်း တွေ့ရတယ်။ မာရ်နတ်နဲ့ တွေ့တယ်ဆိုပြီး မေတ္တာပို့ရတယ်။ ဒီသဘောတွေ တွေ့ရတယ်။

အသံတွေ ကြောက်မက်ဖွယ် ဖန်ဆင်းတယ်။ ကြောက်မက်ဖွယ်၊ နှစ်သက်ဖွယ်တွေ တွေ့တဲ့အခါ ဟဒယဝတ္ထုကို ငြိမ်အောင် မမှုသက်သက် ဖြစ်ပျက်သဘောတွေကို ကျော်လာတယ်။ အဲဒီသဘောတွေ တွေ့ရတယ်။ (အပ်ဖျားတစ်နေရာ စိတ်နှလုံးသားကလေးမှာ စိတ်ကို စူးစူးစိုက်စိုက် ထားရတယ်) သဒ္ဓါ သတိ ဝီရိယ ပညာ ပြည့်စုံအောင်ကြည့်၊ နောက်တော့ ချုပ်သွားတယ်။

က္ကန္ဓေငါးပါး ချုပ်အောင်နေရတယ်။ တစ်ခါတလေ သုသာန်တွေမှာလည်း တရားအား ထုတ်ဖူးတယ်။ သုသာန်ဓုတင်ဆောင်တဲ့ ပုဂ္ဂိုလ်တွေကို မေးရတယ်။ အလောင်းတွေကိုလည်း မြင်အောင်ရှုရတယ်၊ စိတ်ကတည်နေတယ်။ မိမိခန္ဓာကိုယ်ပြန်ကြည့်၊ အတူတူဖြစ်နေတယ်။ မိမိကတော့ ကြည်လင်တောက်ပနေတယ်။ အသုဘအလောင်း ကိုတော့ အကောင်းဖြစ် ကိုယ်ခန္ဓာ ကိုယ်လဲဖြို့ခွဲပစ် ကိုယ်ကြည့်နေတဲ့ အရိုးကျနေတဲ့ အသုဘဟာ ယောကျ်ား မိန်းမ ကွဲပြားတဲ့ ရုပ်တွေပေါ်လာတယ်။ လက္ခဏာသုံးပါးတင်ရှု၊ နောက်ငြိမ်းအေးမှုနဲ့ သုသာန်ဓုတင် ဖြစ်လာတယ်။

ဒီတောဟာ အင်မတန်ကြမ်းတမ်းတယ်။ တဲလေးနဲ့နေတော့ တဲကလေး ညကျကိုင်လှုပ်တယ်။ တရားကို အမြဲအားထုတ်နေရတယ်။ တစ် ခါတလေ ညဘက် မိန်းကလေး ရောက်လာပြီး လှပဆန်းကြယ်လွန်းတာတွေ တွေ့ရတယ်။ ဟဒယဝတ္ထုတွေ မရောက်အောင် နေရတယ်။

အလင်းရောင်တွေနဲ့ အရောင်ဟာဒယ ဝတ္ထုကနေ စကားပြော နေတယ်။ ဒီသဘောတွေ တွေ့ရတယ်။ **ဗုဒ္ဓရဲ့ မာဂဓဘာသာဟာ ဒီစကား ဖြစ်မယ်**။ ဒီသဘောပဲ…။

အမျိုးသမီး နောက်လာတဲ့အခါ အာရုံခြောက်ပါးထဲက ဟာဒယ ဝတ္ထု၊ စူးစူးစိုက်စိုက် တစ်ခုတည်းရှု၊ ငြိမ်းအောင်ရှုကျင့်ရတယ်။ ဒီအခါ အာရုံတွေဟာ ဝေးသွားတယ်။ ရခိုင်ဘုန်းကြီးလေးတစ်ပါး မဟာမြိုင် တောထဲက ထွက်သွားရတယ်။ ကျောင်းပေါ်မှာ မြွေတွေ ရောက်လာ ပြီး ပြန်မသွားတော့ဘူး။ မြွေကြီးတွေ တွေ့ရတယ်။

ဦးအောင်ဇေယျ ရိုးချောင်းတောင် သဲဖြူမှာ တရားအားထုတ် ခဲ့စဉ်က ညအခါ မကျွတ်တဲ့ လူတွေ လာလာပြတယ်။ နောက်တော့ ကျွတ်ကုန်တယ်။ တောတောင်ကျင့်မယ်ဆိုလျှင် သမာဓိတွေ ခိုင်မှ သွားသင့်တယ်။ **ဈာန်အင်္ဂါငါးပါးရအောင် ကျင့်ထားစေချင်တယ်**။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ … တောထဲကျင့်မယ်ဆို ဒါတွေပြီးထားစေချင်တယ်။ နောက်ဝိပဿနာ အားထုတ်အချိန်မှန် ကျင့်ရတယ်။ လူ့မြယ့်တန်းမယ့်သူ အလိုလို ရောက်လာတယ်။

ရိုးချောင်းတောင်ကျင့်တုန်းက နှစ်မိုင်၊ သုံးမိုင်၊ အဲဒါ လာလှူကြ၊ လောင်းကြတယ်။ အတောင် (၂၀)ဝတ်တယ်၊ ရင်ဖုံးအကျီဝတ်တယ်၊ တစ်ခါတလေ လာလောင်းတယ်၊ ခြေဖမိုး ဦးခိုက်တယ်၊ ဆုတောင်း ကြတယ်။ တမူးနဲ့ မိုင် (၃၀) လောက်ဝေးတယ်။

တောရဆောက်တည်မယ်ဆိုရင် ဒီကနေ ဆယ်မိုင်လောက်မှာ စေတီလေးရှိတယ်။ ရေလည်း ရှိတယ်။ ဒီကနေ (၃)မိုင်လောက်မှာ ဘုန်းကြီးကျောင်း ရှိတယ်။ သူကူညီလိမ့်မယ်။ ကလေးနဲ့ တမူကြားကို သွားပြီးခုတင်ဆောင်။ ကျင့်ဖို့ရောက်လာတဲ့ တောရဆောက်တည်နေတဲ့ တစ် ပါးထည့်ပေးမယ်။ အကူအညီပေးမယ်ဟု ကျင့်လိုသူ နိုင်ငံခြား သား ကမ္ဘောဒီးယန်းပြ ဆရာတော် သာသနာပြုပုဂ္ဂိုလ်အား သဲဖြူ

ဆရာတော်ကြီး ဩဝါဒ ပြောကြားစဉ် စာရေးသူမှ ဝိပဿနာရှုတင် ကျင့်သူတို့ လျှောက်သောလမ်း အောင်မြင်ကြပါစေ ဆန္ဒပြု သာဓု ခေါ်မိပါလေတော့သည်။

သဲဖြူ ဆရာတော်၏ မဟာဂန္ဓာရီ ခရီးဝယ်ဟု သာသနာအတွက် အများပြည်သူအကျိုးများစေရန် နတ်ဘီလူးတို့စံရာ မဟာမြိုင်ချက် မတော နတ်ဘီလူးတို့ နေထိုင်ရာ လူမရောက်နိုင်သော **ပန်ထွာမိဖုရား နှင့် စန္ဒမုခိဘီလူးမတို့ ပျော်စံရာဒေသ လူသားတို့** မပင်မပန်း ရွှင်လန်းချမ်းသာ အန္တရာယ်ကင်းစေဖို့ ဒီတောမြိုင်မဟာသာသနာ့ အာဇာနည် သွေးတို့ဖြင့် ကျင့်ခဲ့ရပြီးတကား…။

ဓမ္မဒိပ်ဂျာနယ်၊ ၂၁ မှ ၂၀၁၈



## ရွှေကျင်သာသနာပိုင် ဝိဋ္ဌောတရုံဆရာတော်ကြီး၏ ပရိယတ္တိစာပေ အလေးထားပုံ

တောင်ဥက္ကလာ၊ မြောက်ဥက္ကလာမြို့ကြီးများတည်သွားသူမှာ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဦးနု ဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမောင် ဒိုင်ပိဋကဖြစ်ပြီး သင်္ဂါယနာတင်ခြင်း၊ ရွှေတိဂုံစေတီတော်ကြီး အနီးဝန်းကျင်သန့်ရှင်းစေရန် လူနေအိမ်များစေတီကြီး ကုန်းတော်ပေါ်မှ ရှင်းလင်းပြီး နေရာအသစ်အဖြစ် မြောက်ဥက္ကလာ၊ တောင်ဥက္ကလာမြို့သစ်နေရာတည်ထားခဲ့ခြင်း ဖြစ်သည်။

၁၃၂၀ ပြည့်ခုနှစ်တွင် တည်ထားသော မြောက်ဥက္ကလာ မယ်လမုစေတီဝန်းကျင် (၁) ရပ်ကွက်၊ (၂)ရပ်ကွက်နှင့် (က)ကြီးမှ အစပြုအက္ခရာ အမှတ်အသားများနှင့် နတ်သမီး လေးယောက်နာမည် သိကြားမင်း၏ အချစ်ဆုံး သုစီလာ၊ သုမာလာ၊ သုနန္ဒ သုစိတ္တာတို့ နာမည်တို့ကိုပါ ရပ်ကွက်နာမည်ပေးသည်။ မယ်လမုစေတီဝန်းကျင်ဥက္ကလာပမင်းကြီးကို သက်သေတည်ထားခဲ့ပြီး တောင်ဥက္ကလာကို သစ္စာလမ်း၊ မေတ္တာလမ်းတို့ဖြင့် အဝင်ပြုပြီး ဝေဇယန္တာလမ်း၊ သုမင်္ဂလာလမ်းတို့ ဖြင့် မိန်းလမ်းပြုကာ ရပ်ကွက်များကို (၃) ရပ်ကွက်မှ (၁၆)ရပ်ကွက် အထိ တည်ဆောက်ခဲ့သည်။

သင်္ဂါယနာတင် မော်ကွန်းကျောက်စာပြုစုခဲ့သော နိုင်ငံ ခေါင်းဆောင်တည်ခဲ့သည့် တောင်ဥက္ကလာမြို့နယ်အတွင်း (၄)ရပ်ကွက်နှင့် (၅) ရပ်ကွက် အနည်းငယ် သိစေလိုပါသည်။ (၅)ရက်ကွက် နယ်မြေတို့အတွင်း လမ်းနာမည်ပေးပုံ စိတ်ဝင်စားဖွယ် ရှေးမြန်မာသမိုင်းမညိုးစေရန် **စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်** စသော မြန်မာသမိုင်းအခြေခံနာမည်များ ပေးခဲ့သည်။ (၄)ရပ်ကွက်တွင် သူတော်ကောင်းဥစ္စာ ခုနစ်ပါး အမည် **သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရိ၊ ဩတ္တပ္ပ ပညာ**စသော နာမည်ပေးပြီး သုမင်္ဂလာလမ်းမကြီးနှင့် ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့ကြီး အလင်းပေးသော လျှပ်စစ်ဓာတ်အားရုံး၊ ဗြဟ္မဇိုရ်လမ်းနှင့် သုမင်္ဂလာလမ်းထောင့် နန္ဒဝန်းဈေးဒေဝါ နတ်တိုင်းမှ နန္ဒဝန်းဥယျာဉ်သဖွယ် လက်ျာဘက်တွင် ဝေဇယန္တာလမ်းမကြီးနှင့် အနောက်ဘက် ပါရမီလမ်းမကြီးတို့ကို ကြည့်ပြီး စာရေးသူနေခဲ့သော ဒေသသူတော်တို့ နေရပ်မြေမှ အမှတ် အသားလေးဘက်ပြည့် ကြည်နူးဖွယ် စည်းရိုးနှင့် သူတော်မြေ ဖြစ်သည်။

တောင်ဥက္ကလာမြို့နယ်လုံးဆိုင်ရာ ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းခင်းခြင်းကို သီလလမ်းအတွက် ကူညီခွင့် စာရေးသူ ရရှိခဲ့သည်။

ဦးငွေစိုး၊ (ဦးသိန်း)၊ ဦးသိန်းကျော် ရပ်ကွက်လူကြီးများနှင့် လမ်းစခင်း ချိန် ကမ္ဘာ့အေးရေးကူး **ဝိဇ္ဇာရုံ ဆွမ်းကိစ္စအတွက် စတင်မှု တာဝန် တစ်ရပ်သဖွယ် ဦးငွေစိုး တာဝန်ပေးလာခဲ့သည်။**

ဝိဇ္ဇောတာရုံ ပရိယတ္တိစာသင်တိုက် ဝါတွင်းကာလ ဗုဒ္ဓဟူးဆွမ်း ပါတ်အတွက် တနင်္ဂနွေနေ့ နံနက် အလှူငွေကောက်ခံခြင်း၊ ဆွမ်းချက် ရုံများတွင် အင်္ဂါနေ့ညနေ ဆွမ်းချက်ရန် စီမံကြသည်။ အင်္ဂါနေ့ လူငယ် လေးများစုပြီး ဗုဒ္ဓဟူးနေ့ နံနက် (၃)နာရီ ဆွမ်းချက်စာတမ်း ဆွမ်းချက် နိုးရန် 'ဘဝဇ္ဈော' (သပ္ပုရိသအပေါင်း သူတော်ကောင်းတို့) ဟူသော အဖွဲ့ ယနေ့သီလမ်းဆွမ်း အကျိုးဆောင် မောင်အောင်နိုင်တို့အဖွဲ့ လူ (၂၀) ဝန်းကျင် ကြေးစည်တစ်လုံးဖြင့် ဆွမ်းချက်ရန် နှိုးဆော်သည်။

ဝိဇ္ဇောတာရုံစာသင်တိုက်မှ တိုက်အုပ်စာချကိုယ်တော်များ ယခင် က ဆရာတော်ကြီး ကိုယ်တော်တိုင် အရုဏ်တက်နာရီပြည့်မှ ဆွမ်းခံ ဝတ်တန်းစီရွတ်ဆိုပြီး စည်းကမ်းတကျ တန်းစီပြီးဆွမ်းခံကြွသည်။

ဆွမ်းအကျိုးတော်ဆောင် လူငယ်လူကြီးများ ပါရမီ ဝေဇယန္တာ လမ်း မီးပွိုင့်မှ သံဃာတော် ဆွမ်းခံကြွချီတော်မူကြောင်း ကလေးများ မှ ကြေးစည်ရိုက်အသံပြုပေးသည်။ ဝိဇ္ဇောတာရုံ ပရိယတ္တိ စာသင် တိုက်မှ သံဃာတော်မြတ်အပေါင်း အရုဏ်ဆွမ်း အလှူခံကြွရောက် လာပြီဖြစ်၍ ဆွမ်းအစ ဒါတဗ္ဗဝတ္ထုအစုစု လောင်းလှူတော်မူကြရန် သဟာတိက ဒါနမြောက် မိမိကိုယ်တိုင် ဆွမ်းကပ် လောင်းလှူ ပူဇော် ရန် နှိုးဆော်ပေးခဲ့ရသည်။

ဆွမ်းလမ်းကြောင်းမှာ ပါရမီလမ်းနှင့် သီလလမ်းမကြီး၊ သီလ၊ (၉)လမ်း၊ (၁၀)လမ်း၊ (၁၁)လမ်း၊ ပညာလမ်း၊ သမာဓိလမ်းနှင့် သုမင်္ဂလာလမ်းမကြီးသို့ ပတ်ပြီး ပါရမီလမ်းမကြီးမှ ပြန်လည် လှည့် လည်၍ ငွေကြာရံရိပ်သာအတွင်း လှည့်လည်လျက် ကျောင်းတော်သို့ ပြန်လည်ကြွချီတော် မူလေသည်။

စာချစာသင် သံဃာတော် အရှင်မြတ် အပေါင်း (၃၀၀)ဝန်းကျင် လောင်းလှူပူဇော်ကြသော ကုသိုလ်ရှင်တို့သည်လည်း ပီတိသောမနဆန်းကြယ်လှတဲ့ တောင်ဥက္ကလာပ (၄)ရပ်ကွက် သူတော်ကောင်းတို့ ပျော်စံရပ်မှ ကုသိုလ်တော် ဝါတွင်းကာလကုသိုလ် ဖြစ်သည်။

ဆွမ်းကိစ္စ ပံ့ပိုးကူညီသူများ၊ ကလေးလူ ကြီး၊ ဆွမ်းချက်ဓမ္မာရုံများမှ ကုသိုလ်ရှင်များ အားလုံး လူ(၅၀)ဝန်းကျင်၊ သံဃာတော်များ ဆွမ်းစားချိန် ဆရာတော်ကြီးမှ ဆွမ်းအနုမောဒနပြု အထွတ်တင်မိန့်ခဲ့သည်။

ငါးပါးသီလ၊ ဂရုဓမ္မသီလ၊ ဥပုသ်နေ့များ ဖြစ်လျှင် (၉)ပါးသီလကို ဆောက်တည်စေပြီး "ဆုံးမဩဝါဒအလင်း" ပြုပေးခဲ့ပါသည်။

**အမိအဖ၊ အဘိုးအဘွားများ၊ ဘုရား၊ တရား၊ သံဃာ ဦးခေါင်းထက်မှာ ပန်ဆင်ပေးခဲ့ ကြပါတယ်။** ယခုပင် မိမိတို့ရဲ့ ခန္ဓာအစဉ်ကို ဉာဏ်ယှဉ်၍ ဆင်ခြင်ကြည့်လိုက်ပါ။ မိမိတို့၏ ဦးထိပ်ထက်မှာ မိမိတို့၏ မိဘဘိုးဘွားများ ပန်ဆင်ပေးထားသော ရတနာအစစ်တို့ဖြင့် တင့်တယ်လှပနေကြပြီး တစ်ကိုယ်လုံးကိုလည်း သီလအကျင့်မြတ်ဖြင့် လွှမ်းခြုံဆင်မြန်းထားသည့်အတွက် "**တပည့်တော်တို့ဟာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းနေကြသော ကုသိုလ်ရှင်တွေပါလို့**" မိမိ၏စိတ်စင်ကြယ်သန့်ရှင်း အပြစ်ကင်းပုံကို အာရုံပြု အားယူကြပါ။

ဆရာတော်ကြီး ရှေ့မှချပေး၍ ကုသိုလ်ရှင်များ လိုက်ဆိုရသည်။ သံဃာတော်အရှင်မြတ်အပေါင်းတို့ ဘုရား အမျှော်အမြင်ကြီးမားကျေးဇူးရှင် မိဘ ဘိုးဘွားများ ပန်ဆင်ပေးခဲ့သော ရတနာသုံး ပါးတို့၏ အလင်းရောင်အားတို့ကြောင့် အသိဉာဏ်ပွင့်လင်းနေကြသော တပည့်တော်များ၏ ကာယအား၊ ဉာဏအားတို့ဖြင့် မနားမနေ ရပ်ကွက်သူ ရပ်ကွက်သား ကုသိုလ်ရှင်များအတွက်၊ သံဃာတော်များအတွက် ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထား ကိုယ်အား စိတ်အား ကုသိုလ်အားတို့ဖြင့် ရှင်လန်းချမ်းသာ ရှာဖွေစုဆောင်းထားသော ဓမ္မိယလဒ္ဓ အပြစ်

ကင်း၍ ဖြူစင်သောကုသိုလ်ကံအဖြာဖြာတို့ဖြင့် ပစ္စုပ္ပန်သံသရာ နိဗ္ဗာန် အကျိုးငှာ လှူဒါန်းပူဇော်ပါသည်။ အရှင်မြတ်တို့ဘုရား။

ဤကုသိုလ်အဖို့ ဘာဂကို ကိုယ်မှာ စောင့် ရှောက် ကိုယ်စောင့် နတ်၊ ကျောင်းမှာစောင့်ရှောက် ကျောင်းစောင့်နတ်၊ အိမ်မှာစောင့်ရှောက် အိမ်စောင့်နတ်၊ လမ်းမှာစောင့်ရှောက် လမ်းစောင့်နတ်နှင့် မြို့မှာ စောင့်ရှောက် မြို့စောင့်နတ် ဒေဝါအပေါင်းတို့အားလည်းကောင်း၊ အမိ၊ အဖ၊ အဘိုး၊ အဘွား၊ မိရိုးဖလာ အစဉ်အဆက် အစောင့်ရှောက် နတ်ဒေဝါအပေါင်းတို့အားလည်းကောင်း၊ (၃၁)ဘုံ ကျင်လည်ကုန်သော သတ္တဝါအနန္တတို့အား ကုသိုလ်အဖို့ (အမျှ အမျှ အမျှ ယူတော်မူကြပါ ကုန်သော်) သာဓု သာဓု သာဓု။

ဆရာတော်ကြီးရှေ့မှ ချပေး၍ ကျွန်တော်တို့ ကုသိုလ်ရှင်များ နှုတ်ဖြင့် ရွတ်ဆိုကြရသည်။

ဆရာတော်ကြီး စာရေးသူတို့ထံ ရောက်လာချိန် လက်တွင် စာအုပ်တစ်အုပ်ကိုင်ပြီး အချိန်မှန် (၇)နာရီခွဲ အနုမောဒနာ အထွက်ပြု သည်။ လက်မှကိုင်ထားသော စာအုပ်ကလေး ကိုင်ပြီး အခန်းတွင်း ပြန်ကြွသွားသည်။

စာရေးသူ မနေသာ၍ ဆွမ်းပါတ်တစ်နေ့ ဦးဘချစ် ဆရာတော်ကြီး စာအုပ်လက်က မချဘူးလား မေးတော့ ကျက်သရေခန်းထဲလည်း စာအုပ်ပဲကြည့်နေတာပဲ။ **တစ်နေ့ကို ဆရာတော်ကြီးကိုယ်တိုင် မနက်၊ နေ့လယ်၊ ည စာ သုံးကြိမ် ချတယ်။**

ဆရာတော်ကြီး၏ စာပေအပေါ် စိတ်သန်ပုံများ အတုယူဖွယ် ဖြစ်သည်။

ဝါတွင်းကာလ ဗုဒ္ဓဟူး ဆွမ်းပါတ်၊ သီတင်းကျွတ်ဆွမ်းအောင်ပွဲ တရားတော်တွင် ထူးခြားသော ပရိယတ္တိစာပေစကား ရင်တွင်းမှ ထွက် ပေါ်ခဲ့သည်။

တရားတော်၏ တရားအနှစ်ချုပ်တွင် စာပေကို အကြောင်းပြုပြီး ပရိယတ္တိစာပေကို ကြိုးစားနေကြတဲ့ သံဃာတော်တွေ လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်ကိုယ်တိုင် ပရိယတ္တိစာပေတွေ ကြိုးစားအားထုတ် သင်ယူတဲ့နေရာမှာကြား ကာမြင်ကာမျှဖြင့် အလွယ်တကူ ဖြေဆိုနိုင်လိမ့်မယ်။ **'စာမတတ်တော့ စာမဖတ်ဘူး၊ စာမဖတ်တော့ စာမတတ်ဘူး။ စာမတတ်တော့ မစာတတ် တော့ဘူးပေါ့။' 'စာဖတ်တော့ စာတတ်တယ်။ စာတတ်တော့ စာဖတ်တယ်။ စာဖတ်တော့ စာတတ်သွားတာပေါ့။'** အတန်းပညာ၊ ဘွဲ့ပညာ၊ အတတ်ပညာ၊ အသိပညာတို့ဖြင့် မိမိသူတစ်ပါး ချမ်းသာ သုခပြည့်ဝစေကြောင်း နိုင်ငံတော်နှင့် တစ်ကမ္ဘာ လုံးအတွက်တို့ကို ပံ့ပိုးရွက်ဆောင်နိုင်ကြပါစေသော်ဟု ပဋ္ဌာနာပြု ဩဝါဒပြုခဲ့သည်။

ဆရာတော်ကြီးသည် ဓမ္မပဒ ကျမ်းအလာ ကောက်နုတ်၍ ပါဠိမဖက် မြန်မာပြန်သက်သက် ဒကာ၊ ဒကာမများ အသိလွယ်၊ အမြင်ရှင်းဖွယ်ဖြစ်အောင် သာသနာနှင့် ဒါယိကာ စာပေနှင့် ပရိယတ္တိပညာတို့ကို ဆုံးဖြတ်သုံးသပ်လို့ မရနိုင်လောက်အောင် ဉာဏ်ပညာ မြင့်မားစွာ ဆုံးမတော်မူခဲ့သည်။

ယနေ့ ရွှေကျင်သာသနာပိုင် (၁၅) ပါးမြောက် သံဃာ့သရဖူ တစ်ပါးအဖြစ် တာဝန်ထိုက်တန်စွာ သာသနာတာဝန် မညှိုးနွမ်းရလေအောင် တစ်ဘဝသာသနာခရီး ထမ်းဆောင်လျက်ရှိနေ လေတော့သည်။

ဓမ္မဒိပ်ဂျာနယ်(၄-၆-၂၀၁၈)



## အောင်သပြေ ညောင်ရေ မြန်မာပြည်

“**အောင်ပါစေ ငွေခရုနှင့် သပြေညောင်ရေလောင်စို့လေး**”ဟုသော ရတု၊ ရကန်၊ ချင်း၊ တေးသွားအနေတို့ဖြင့် တင်စားဖော်ကျူးခဲ့ကြသည့် မြန်မာဘုရင်ရှေးစဉ်ဆက်ဖြစ်သည်။

“ငွေခရုသည်” နတ်သိကြားကိုင်ဆောင်သော အန္တရာယ်ကင်း သတင်းရနံ့သြဘာသံ မြတ်ဗုဒ္ဓ၏ ရှေ့ပြေးသက္ကဒေဝါအသံပေးသော မင်္ဂလာအကြောင်းရင်း အခြေခံဖြစ်သည်။

မြတ်ဗုဒ္ဓမပွင့်ထွန်းမီအချိန်အခါ **အောင်သပြေမြန်မာပြည်မှ စခဲ့ကြောင်း** သမိုင်းကောင်းအကြောင်း အခြေခံများ မဟာပထဝီမြေ အခြေပြု သက်သေတစ်ခုဖြစ်သည်။

မဟာသက္ကရာဇ် ဘိုးတော်အဉ္ဇနဖြိုခွင်းသော ၂ ခုနှစ် အစပြု၍ သုဒ္ဓေါဒနမင်း ၁၀၃ ခုနှစ် မဟာသက္ကရာဇ် မြတ်ဗုဒ္ဓပွင့်ထွန်းခြင်း သာသနာရေသောက်မြစ် လောကပြည့်စုံကောင်းမြတ်ခြင်း အစုံတို့

ဖြစ်ကြောင်း အနိုင်းမဲ့ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓဂုဏ်နှင့် ကျေးဇူးတော် အစုံတို့အား ရေးဖွဲ့မကုန် အံ့ဖွယ်စုံကောင်းခြင်းတို့ဖြစ်သည်။

တကောင်းအဘိရာဇာသည် ဘိုးတော်ကဥ္စနတို့နှင့် ထီးပြိုင်နန်းပြိုင် များဖြစ်ခဲ့သည်။ ယနေ့မကွေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်၊ နတ်မောက်မြို့နှင့် ၃ မိုင်အကွာ **"အောင်သပြေမြို့"** သပြေပင်ရှိသော မြို့ ယနေ့ ပင်းမြို့နေရာဖြစ်သည်။

"သင်္ကြာပန်းတောင်းမြို့တကောင်း" ဟူသော သိကြားမင်း တည်သောမြို့ဖြစ်ကြောင်းလည်း ဖွင့်ဆိုခဲ့ကြသည်။ တိုင်းချစ်မင်းကြီး နန်းစံစဉ်ကာလပေါ်ပေါက်ခဲ့သည်ဟုလည်း ဖွင့်ဆိုခဲ့သည်။

တိုင်းချစ်မင်းကြီး နန်းစံစဉ်ကာလ သိကြားမင်းမှ လမ်းညွှန်ပြသော ကြောင့် ပုပ္ပါးတောင်၏ အရှေ့တောင်အရပ် သုံးယူဇနာအကွာတွင် သိဒ္ဓိဆယ်ပါးပြီးသော **"ဂေါဒန်ရသေ့"** တစ်ပါးရှိရာအရပ်သို့ စစ်သည်တော်များနှင့် သွားရောက်ခဲ့ရသည်။

တိုင်းချစ်မင်းကြီးသည် လှူဒါန်းဖွယ်များ လှူဒါန်းပြီးလျှင် ဆရာရသေ့ကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကိုးကွယ်ပါမည်ဟု ဝန်ခံ၍ ခုနှစ်ရက်နေပြီး မြေးတော်သစ္စာမင်းသားလေးအား (၁၈) ရပ်သော ပညာများ သင်ပေးရန် အပ်နှံပြန်သွားလေသည်။

ခုနစ်နှစ်ပြည့်သောအခါ တိုင်းချစ်မင်းကြီးသည် မြေးတော်လေး လာရောက်ခေါ်လေသည်။ ထိုအခါ ဆရာရသေ့မှ မင်းကြီးကို ပန်ကြားလေသည်။ ဤနေရာ၌ မြတ်ဗုဒ္ဓပွင့်ထွန်းလျှင် မြို့တည်ပေးရန် ပြောလေသည်။

ဆရာရသေ့စကား နားထောင်ပြီး မြေးတော်လေးကို မြို့တည်ပေးသည် **"အောင်သပြေမြို့တော်"**ဟု သပြေပင်စိုက်ပျိုး၍ မြို့တည်ပြီး သစ္စာပန်မင်းသားလေးကို ပညာဗလအမတ်အကြီးအမှူးပြု၍ အမတ်၏

သမီးတော်သုံးပါး **ကေတုဝတီ၊ ကေယုဝတီ၊ ကေနုဝတီ** သမီးတော်သုံးပါးထိမ်းမြားဘိသိပ်မင်္ဂလာသွန်း၍ နန်းစံခဲ့လေသည်။

မကြာသောကာလ **ယုဝတီမိဖုရား**မှ သားတော်နှစ်ပါးဖွားလေ၏ သားတော်များအမည်မှာ သစ္စာဓေယျ၊ သစ္စာဝရ အမည်ပေးနန်းစံလေ၏ သစ္စာပန်မင်းကြီး နတ်ရွာစံသောအခါ သစ္စာဓေယျမင်းသားနန်းဆက်ခံလေ၏။ တောင်ရာစံ မိဖုရားမှ သားတော် နှစ်ပါးဖွားလေ၏။ လေးနှစ်မြောက်သောအခါ အိမ်ရှေ့စံညီတော်မှ နောင်တော်ကို စစ်ချီ၍နန်းလုလေ၏။

ထိုအခါ နောင်တော်ကြီးအရေးနိမ့်၍ မိဖုရားနှင့် သားတော်နှစ်ပါးခေါ်ဆောင်ပြီး ဆက်ဂျိုတောင်အရှေ့တောင်အရပ်သွားလေ၏။ ညီတော်နှင့် သူ၏လက်ရုံးတော်များနောက်မှ လိုက်၍ ကွပ်မျက်၍နတ်ရွာစံလေသည်။

မိဖုရားကြီးသည် သားတော်နှစ်ပါးခေါ်ဆောင်၍ မှန်ခြေရင်းတောင်သို့ သွားလေသည်။ ထိုအခါ ရှမ်းဂဒူး အဖိုးကြီးနှင့် တွေ့၍ဒို့အရှင်မဟုသိပြီး သစ်ခက်တဲနန်းထိုး ပြုစုလုပ်ကျွေးရှာသည်။

တစ်နေ့သောအခါ မိဖုရားကြီးသည် လျှိုမြောင်အတွင်း ရေဆင်းရှာလေရာ မျက်စိလည်ပြီး ကျောက်ရေအိုးအတွင်းမှ ရေသောက်လေသော် **အဆိပ်သင့်၍ ကျောက်ရေအိုးအနီး နတ်ရွာစံလေသည်။**

ရှမ်းဂဒူးအဖိုးကြီး သစ်ခက်ထဲနန်းသို့ အစာလာပို့သောအခါမတွေ့၍ လိုက်ရှာလေ၏။ မိဖုရားကြီးအနား သားတော်နှစ်ပါးငိုနေသည်ကိုတွေ့ပြီး ကျောက်အိုးအနီး မိဖုရားကြီးသဂြိုလ်၍ သားတော်နှစ်ပါး ရှမ်းဂဒူးအဖိုးကြီး မွေးစားထားလေသည်။

သားတော်နှစ်ပါး ၁၆ နှစ်ရောက်သောအချိန် ညီတော်က တောလိုက်ဝါသနာပါ၍ တောလယ်လှည့်စဉ် သူ၏ ဦးရီးတော်နန်းစံသော

တစ်မိုင်ခန့်အကွာရောက်လေ၏။ ထိုအခါ ဦးရီးတော်သမီး ပန်းဥယျာဉ်တွင်း လှဲ့လည်ချိန်တွေ့ကြ၍ မင်းသားလေးနှင့် ချစ်ကြိုက်ခဲ့ကြသည်။

ထိုသတင်းအထိမ်းတော်များ ဘုရင်လျှောက်တင်လေသော် ရှမ်းဂဒူးသားနှင့် မပေးစားဟုဆိုကာ အောင်သပြေမြို့တော်အနှံ့ စစ်တပ်ဖြင့် ရှာဖွေရာ မတွေ့ရဘဲရှိသည်။ ထိုနေရာ ယခု (**မြင်းတဲကုန်းခေါ်၏**) မင်းသားလေးချစ်သူအတွက် စိတ်ပင်ပန်းစွာခံစားနေရသည့်နေရာ ယခု(မှန်ခြေရင်းတောင်)ဟုခေါ်သည်။ ။

အကိုတော်မှ ညီတော်အတွက်စိတ်မချမ်းသာဖြစ်ပြီး ရှမ်းဂဒူးဖခင်ကြီးပြောလေသောအခါ ငါ့သားတို့မပူနှင့် မင်းတို့အတွက် ငါအမွေရအောင်ယူပေးမည်ဟုပြောလျက် ဂဒူးလူမျိုးများစုပြီး ဓားလှံ၊ လေးမြားအတတ်များ သင်ကြား၍ စစ်သည်များစုစည်းကာ အောင်သပြေမြို့တော် စစ်ချီတက်တိုက်ခိုက်လေသည်။

အောင်သပြေမြို့ သစ္စာဝရမင်း အင်အားများပြီး မနိုင်သည်ကိုသိ၍ မြင်းတပ်၊ ဆင်တပ်ဖြင့် ပြေးလေသည် ရှမ်းဂဒူးစစ်သည်တော်များလိုက်၍ ဘုရင်ကို ဖမ်းပြီး ကွက်မျက်လေသည်။ ထိုနေရာတွင် သစ္စာပြု၏ သူ၏မြင်း မည်သူမျှမစီးရန်ဖြစ်သည် ထိုနေရာ (မြင်းမနက်) ယခု ကျောက်မြင်းမနက်တောင်အမည်တွင် ကျောက်ရုပ်ရှိလေသည်။

အမတ်ကြီးစီးသော ဆင်အမတ်ကွက်မျက်သောနေရာ ကျောက်ဆင်ဖြစ်လေသည်(**ကျောက်ဆင်အိုင်**)ဟု အမည်တွင်လေသည်။ ရှမ်းဂဒူးတပ်များ မြို့သို့ဝင်လေသော် မြို့စောင့်တပ်များ အဝင်မခံဖြစ်လေသည်။ ရှမ်းဂဒူးအဖိုးကြီးမှ သစ္စာဓေယျ၏ သားတော်များဖြစ်ကြောင်း သက်သေအဖြစ် “**မြပုဝါ**” ထုတ်ပြ၍ နန်းတွင်းဝင်ရလေသည်။ နှမတော်၊ ဦးရီးတော်သမီး **မြသူဇာနှင့် လက်ဆက်၍ အောင်သပြေမြို့တော်** ထီးနန်းစံလေတော့သည်။

ရှေးယခင်အောင်သပြေမြို့တော်ကို အစတည်ခဲ့သော သင်္ကေနိမိတ် **"သကြာပန်းတောင်းမြို့ တကောင်းနိမိတ်"** အစပြု၍ တကောင်း အဘိရာဇာ၏ နှယ်တော်တိုင်းချစ်မင်းကြီးမှ အောင်သပြေမြို့ကို အစတည်စဉ် မြို့အကျယ်အဝန်း နန်းတော် အရှေ့အနောက် တာ ၅၀၀/ တစ်တာတွင် ခုနစ်တောင်ရှိသည်။ တောင်မြောက်တာ - ၅၀၀/ လေးထောင့် စတုရန်းဖြစ်သည်။

ထိုနေရာသို့ သပြေပင်ကြီးနှစ်ပင်စိုက်ထူ၍ အောင်သပြေမြို့ ယခု ပင်းမြို့နေရာဖြစ်သည်။ နောက်ဆုံးဒေဝါနန်းဆက်အမည်တွင်သော မြန်မာဘုရင်အနော်ရထာမင်းလက်ထက် ရှင်အရဟံသည် မြတ်ဗုဒ္ဓ၏ **"မဟာဗောဓိညောင်"** အစေ့ တောင်ထိပ်အပင်ပျိုးပြီး ပင်းမြို့တွင် စိုက်ထူ၍ မြန်မာပြည်အလယ်နေရာ အနော်ရထာမင်းအမတ် အပေါင်း မေးစေပြီး ထိုပင်းမြို့တွင်ပင် မဟာဗောဓိညောင်ပင် ကိုယ်တော်တိုင် စိုက်ပျိုးခဲ့၏။ ဤနေရာသည် အောင်သပြေညောင်ရေ ကျရောက် ကြောင်း အခုလည်းကောင်း၊ နောင်လည်းကောင်း သာသနာလမ်း ကြောင်း မြန်မာပြည်အကြောင်း **"အောင်သပြေညောင်ရေ မြန်မာပြည်"** ဟု ရေးသားပြုစု ရပေတော့သည်။

ကျမ်းကိုး

မင်းတုန်းမင်းကြီး မိဖုရားစကြာဒေဝီ
မွေးစားသား အာစာရဆရာတော် ပင်းမြို့
စာပေပို့ချခဲ့သည့် စာပေကျမ်းဟောင်းများ
ရှေ့မင်းအဆက်ဆက် နတ်မောက်
ပင်းမြို့ကျောင်း ပရပိုက်မှု
ဘီးလင်းတောင်စွန်း ကမ္ဘာလုံးစေတီဆရာတော်
ဦးအရိယဝံသမွေ - နတ်မောက်ဆရာတော်
ညွှန်ကြားမှုဖြစ်သည်။



## မောင်ပေါက်ကျိုင်း မြန်မာရာဇဝင် သမိုင်းတွင်

မြန်မာပြည်တွင် မောင်ပေါက်ကျိုင်းရာဇဝင်အထင်အရှားရှိခဲ့သည် မြတ်ဗုဒ္ဓသာသနာတော် နှစ်တို့နှင့်အပြိုင် ကာလဟု ခန့်မှန်းကြသည်။ ဒီသာပါမောက္ခ ဆရာကြီးသင်ကြားပေးသော **မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်**ဟူသော သုံးခွန်းသော စကားဖြင့် ဘုန်းကံပါရမီ လှုပ်ခတ်မှု ဘုရင်ဖြစ်ခွင့်သာခဲ့ရသည်။

စကားသုံးခွန်း၏ အနက်အဓိပ္ပာယ်မှာ မေးပါများစကားရ အသိ အတတ်ပညာ၊ ပရိယတ္တိ၊ သွားပါများခရီးရောက် ဝီရိယ၏ တာဝန် လုပ်ကိုင်မှု ကရဏီယံ ပြုဘွယ်ကိစ္စအဝဝတို့ဖြစ်သည်၊ ပဋိဝေဓ မအိပ် မနေအသက်ရှည်ဟူသည် ဝီရိယ၊ သတိနှင့် ပညာဉာဏ်၏အရည် အသွေးတို့ကို ပဋိဝေဓ ဆိုလိုသည်။

ဒီသာပါမောက္ခဆရာကြီး၏ လမ်းညွှန်မှု ဆရာ၏ စကားဦးထိပ် ပန်ဆင်ထား၍ ဘုရင်ဖြစ်ခဲ့ရသော ပေါက်ကျိုင်း ရာဇဝင် မြန်မာပြည်

မြေပြင်သက်သေဖြစ်သည်။ နဂါးကိုနိုင်ခဲ့သော ဝီရိယ၊ လုံ့လဖြင့် ပြည့်စုံခဲ့၍ မိဖုရား၏ အမေး "စကားထာသုံးခု ထောင်ပေးလို့ဆုပ် ရာပေးလို့ချုပ် ချစ်သူအရိုး ဆံထိုးလုပ်" အဖြေကို ကံတရားကျေးဇူး ပေါ်လာသည်။

အမိအဖတို့ သားထံလာစဉ် ကျီးကန်းလင်မယား အစာကျွေးသော ကုသိုလ်ကံအကျိုးရပြန်သည်။ "ယနေ့တော့ လူသူတော်တို့ စွန့်ကြဲပေးတဲ့ ထမင်းစားရလေပြီ နက်ဖြန်အစာအတွက် ဘယ်လိုရနိုင်မလဲ" ကျီးဖိုကို ကျီးမမေး၍ **"နက်ဖြန်ပေါက်ကျိုင်းအသားစားရမယ် မိဖုရား မေးသော ပုစ္ဆာသုံးခုမဖြေနိုင်လို့စားရမယ်"** ကျီးဖိုစကားအရ ကျီးမက အဖြေကို ကျီးဖိုထံမေးပြန်သည်။

ထောင်ပေလို့ဆုပ်ဆိုသည်မှာ နဂါးကြီးအရေခွန်ကို တစ်ထောင်း ပေးဆုပ်ခိုင်းခြင်း၊ ရာပေးလို့ချုပ်ဆိုသည်မှာ ခေါင်းအုံးထဲထည့်ပြီး ချုပ်ခိုင်းထားသော ချုပ်ခဖြစ်သည်။ ချစ်သူအရိုးဆံထိုးလုပ်ဆိုသည်မှာ နဂါး၏အရိုး ဆံထိုးလုပ် ခေါင်းမှာ ထိုးထားကြောင်း ဒီအဖြေသိလျှင် သူကိုသတ်မသိလျှင် ပေါက်ကျိုင်းသတ်မည် သေတမ်းစာလောင်းကြေး တင်ထားသည်။ ပေါက်ကျိုင်းတော့ မဖြေနိုင် ပေါက်ကျိုင်းအသားတို့ စားရလိမ့်မည်ဟု ကျီးဖိုစကား ပေါက်ကျိုင်းမိခင်ဖခင်တို့ ကြားသိခဲ့ရ သည်။ (ထိုအဖြေကျီးဖိုက မျက်မြင်မမှား ကြားသိခဲ့ရခြင်းဖြစ်သည်)

လုံ့လဝီရိယတို့ပြည့်စုံသော ပေါက်ကျိုင်းအမိအဖတို့ ပြန်လည် ပြောစကား ကံအကျိုးပေးဖြင့် ဘုရင်ဖြစ်၍ မိဖုရားမသတ် မိဖုရားအရာ ဆက်ပြီးပေါင်းသင်းခဲ့သည်။ **စူဠာသမ္ဘဝ မဟာသမ္ဘဝ သားတော်နှစ်ပါး ရခဲ့သည်**။ သားတော်နှစ်ပါးမှာ မျက်စိအလင်းမရဘဲရှိ၍ တစ်ဆယ် ခြောက်နှစ်အရွယ်တွင် မသိုးထမင်းမသိုးဟင်းအဖြစ် ထမင်းခြောက်နှင့် ပျားရည်တို့ဖောင်တော်တင် ဧရာဝတီမြစ်ကြောမျှောချခဲ့သည်။

စန္ဒမုခိဘီလူးမသည် ဝေဿဝဏ်နတ်မင်း၏ ကျေးဇူးဖြင့် မျက်လုံးပေါင်း တစ်ထောင်အလင်းရလေအောင် ကုသခွင့် နောက်ဆုံး နှစ်ယောက်သာ ကျန်ရှိချိန်ဖြစ်သည်။ ဘီလူးဟုဆိုလျှင်ကြောက်စရာ ကောင်းသော ရုပ်သဏ္ဌာန်ဟု ထင်ကြသည်။ **(ဘုန်းကံပါရမီ အစွမ်း ထက်သူတို့ကိုလည်း ဘီးလူးဟုတင်စားခေါ်သည်)** ယခုဖောင်တော်နှင့် မျောပါလာသော မင်းသားနှစ်ပါး ထမင်းစားချိန် ပျားရည်နှင့် ထမင်း ခြောက်ပန်းကန် ဝင်ရောက်နှိုက်စားစဉ် လက်ဆွဲပြီး သံလျက်ဖြင့် ရွယ်ထားလျှင် စန္ဒမုခိဘီလူးမ ကြောက်လန့်ပြီး မျက်စိကုပေးမည် မျက်စိမြင်သော် သူအားကြင်ယာတော်အဖြစ် မိဘုရားရာထူးထားရမည့် အကြောင်း ဂတိပြုခဲ့ရလေသည်။

မျက်စေ့စပြီးကုသသောနေရာ "စကုရွာ" မျက်စိစလင်းသော နေရာ "စလင်းရွာ" ဧရာဝတီမြစ်ကမ်းဘေး ‧ ယနေ့ထိ မြင်တွေ့ရ မည်ဖြစ်သည်။ ခမည်းတော် ပေါက်ကျိုင်းသည် သားတော်နှစ်ပါးကို နန်းအပ်နှံလျက် မင်းပြုစေသည်။ **စန္ဒမုခိဘီလူးမ မွေးသောသမီးတော် လေးသည် "ပန်ထွာ" သမီးတော်ဖြစ်သည်။**

ထိုနောက် လှပသော ဆရာရသေ့မွေးစားသမီး ဗေဒါရီ(မဗေဒါ) ရေခပ်ချိန်ချစ်ကြိုက်ရာမှ မိဖုရားမြှောက်လေသော် စန္ဒမုခီဘီးလူးမ မိဖုရားခေါင်ကြီးနေရာ ရာထူးကျခဲ့သည်။ စန္ဒမုခိဘီလူးမ သမီးတော် ပန်ထွာမင်းသမီး ကလေးလက်ဆွဲပြီး နန်းတွင်းမှထွက်ခွာ၍ ဆရာရသေ့ ကျေးဇူးဖြင့် **ဗိဿနိုးမြို့တည်ပြီး ပန်ထွာဘုရင်မထီးနန်းစံခဲ့သည်။**

BC-484 တွင် တကောင်းမင်းသား မဟာသမ္ဘဝမင်း တည်ထောင် သည်။ မဟာသမ္ဘဝမင်းကံတော်ကုန်လျှင် ညီတော်အိမ်ရှေ့စံ စူဠာသမ္ဘဝ နန်တက်ချိန် ဗေဒါရီမိဖုရားကြီး အရာပေး၏ စူဠာသမ္ဘဝတို့မှ မွေးသော မင်းသားအား**(ဒွိတပေါက်) ဒွတ်တစ်ဘောင်ဟု သရေခေတ္တရာမြို့ကြီးကို သာသနာနှစ် (၁၀၁)** BC-443 **တန်ခူးလဆန်း ၁၁ ရက်**

**ဒွတ်တဘောင်မင်း သိကြားမပြီး နန်းတည်ထောင်၍ ရှစ်ခေါမဏီ တပ်ကြီးဦးစီးလျက် သရေခေတ္တရာ အထွတ်အထိပ်စည်ကားချိန်ကာလ ဖြစ်သည်။**

ဒွတ်တဘောင်မင်းကြီး ဗိသနိုးမြို့ အမတော်သိမ်းပိုက်၍ ဗိသနိုး မြို့တော်ပျက်စီးခဲ့ပြီး ဒွတ်တဘောင်မင်း နတ်မျက်စိတမျှ စွမ်းသော "ဉသုံမှဲ့ရှင်" ဘုန်းသဘာညှိုးအောင် ယုတ်ညံ့သောစီရင်မှု မျက်နှာ သုတ်ပုဝါ ပန်ထွာမိဖုရားဆက်သ၏ ဒွတ်တဘောင်မင်းဘုန်း ကံညှိုး ခဲ့ရသည်။

စေတနာတူသော အကျိုးပန်ထွာဘုရင်မ ဒွတ်တဘောင်မင်း၏ ကျေးကျွန်တို့ သစ်သီးအတွင်း အဆိပ်ခတ်သတ်ခဲ့သည်။

ဒွတ်တစ်ဘောင်မင်း ဘုန်းကံညှိုးချိန် အချင်းချင်း တိုက်ခိုက်ပြိုကွဲ ၍ ရှစ်ခေါမဏီတပ်ကြီး ပျက်စီးလျက် မင်းအဆက်ဆက်တိုးတက်မှု မရှိ ဆရာရသေ့တို့ ဆုံးမ မရ သူတော်တို့ ရှောင်ထွက်၍ သာသနာ စေတီပုထိုးများ ပြိုပျက် မြို့ကြီးများပျက်စီးခဲ့ရလေတော့သည် မဟာ ပထဝီမြေပြင် စေတီယင်္ဂန သာသနာထွန်းလင်း၍ စေတိယသဒ္ဓါ ရတနတ္တယ ရတနာမြတ်သုံးပါးပူဇော်ရာ ကောင်းခြင်းမင်္ဂလာတို့သာ ဖြစ်လေသည်။

**ယနေ့ ပန်ထွာဘုရင်မ စန္ဒမုခီဘီလူးတို့ စံရာ မဟာမြိုင်ချက်မ တော သဲဖြူဆရာတော် သာသနာပြုဌာနဖြစ် ကြောင်း စေတီပုထိုးများ ထွန်းတောက်၍** သာသနာအကျိုးပြု သဲဖြူဆရာတော်ကျေးဇူးဖြင့် လူသားတို့ မမြင်အပ်မြင်အပ်တို့၏ ဘေးရန်ကင်းကွာ သာသနာ လူသားတို့ ကြည်ညိုဖွယ်ရာ စေတီတော်များ သာသနာထွန်း၍ နေလေ တော့သည်။

*




**ပထဝီမြေပြင် မြင်းမိုရ်တောင်ထက် နေထိုင်ခွင့်ရသော လူသားအားလုံး ဦးနှောက်မြင့်မားသည့် ဘဝပိုင်ရှင်များဖြစ်သည်။** လူ့ဘဝ၏ သမိုင်းသေချာ မဟာပထဝီမြေပြင်သက်သေပြု မြင်တွေ့နေကြရခြင်းဖြစ်လေသည်။

သရေခေတ္တရာမှ ရရှိသော ရှေးဟောင်းပစ္စည်းများတွင် မြင်တွေ့ရသည့် ကမ္ပည်းစာများကို အကြမ်းအားဖြင့် ပိဋကစာပေဟု ခွဲခြားနိုင်ကြောင်း၊ ပိဋကစာပေဆိုသည်မှာ မြတ်စွာဘုရားဟောကြားခဲ့သည့် သုတ္တန်ဝိနယ အဘိဓမ္မာစသောပိဋက သုံးပုံမှ ကောက်နုတ်ချက်များဖြစ်ကြောင်း၊ ပျူစာပေဆိုသည်မှာ ပျူတို့ဘာသာစကားဖြင့် ရေးထိုးထားသော စာပေဖြစ်ကြောင်း၊ သရေခေတ္တရာမြို့ဟောင်းစာတမ်းတွင် **ဆရာကြီးဦးစိန်မောင်** ရေးသားခဲ့သည်။

ခင်ဘကုန်းရွှေပေလွှာ ကမ္ပည်းစာပေတွင် ရေးသားထားသည့် စာများမှာ ပိဋကတော် ကောက်နုတ်ချက် ပျူစာများဖြစ်နေသည်။

ရွှေပေလွှာများအကြောင်းကို အိန္ဒိယနိုင်ငံရှေးဟောင်း သုတေသနဌာန (၁၉၂၆-၂၇) နှစ်ချုပ် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ရွှေပေလွှာ တစ်ချပ်စီတွင် အလျား ခြောက် ဒသမ ငါးလက်မ၊ အနံ ၁ ဒသမ ၂၅ လက်မရှိကာ ရွှေပေလွှာ အချပ်၂၀ကို တစ်ချပ်စီ ထပ်၍ အပေါ်အောက်အရွယ်တူ ရွှေပေလွှာနှစ်ချပ်ညှပ်ကာ ရွှေကြိုးဖြင့် စည်းထားသည်။ အပေါ်က ညှပ်ထားသည့် ရွှေပေချပ်နှစ်ခုအပါအဝင် ရွှေပြား ၂၂ ချပ်၏ အလေးချိန်သည် ၂၃ကျပ် ၁၄ပဲနှင့် ၂ ရွေးဖြစ်သည်။

ရှေးဟောင်းသုတေသန အစီရင်ခံစာ(၁၉၃၈-၁၉၃၉) တွင် ရေးသားခဲ့သည်။ ယဉ်ကျေးမှု ညွှန်ကြားရေးဝန် ဦးသာမြတ်က ၁၉၆၃ ခုနှစ်တွင် သုတေသနပြုလုပ်ခဲ့ပြီး **မြန်မာစာ ပါမောက္ခ ဆရာမကြီး ဒေါ်သန်းသန်းဆွေ** ပျူစာ ခင်ဘရွှေပေ လေ့လာချက်စာအုပ်များကို ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။



**ခင်ဘကုန်း ရွှေပေလွှာ**

**ခင်ဘကုန်းရွှေပေလွှာများတွင်** ဗုဒ္ဓဘုရားရှင်၏ ပါဠိတော်များ ကောက်နုတ်ချက်ရှစ်ခု ပါဝင်ပြီး ပထမအပိုဒ်သည် သံယုတ္တနိကယ် ဝိနည်းမဟာစာနှင့် ဝိဘင်းပါဠိတော်တို့တွင်ပါရှိသည့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၊ ဒုတိယအပိုဒ်တွင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် လက်သန်း အဋ္ဌကထာဟုခေါ်ဆိုကြသည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ တတိယ အပိုဒ်နှင့် စတုတ္ထအပိုဒ်သည် မဇ္ဈိမနှင့် အင်္ဂုတ္တရ နိကယ်၊ ပဉ္စမအပိုဒ် သည် ခုဒ္ဒကနိကယ်၊ ဆဋ္ဌမအပိုဒ်သည် ဓမ္မပဒ၊ သတ္တမအပိုဒ်သည် ဇာတက အဋ္ဌကထာနှင့်၊ အဋ္ဌမအပိုဒ်သည် သုတ်မဟာဝါ ပါဠိတော် များမှ ကောက်နုတ်ထားသော ပါဠိစာပေများ နဝမအပိုဒ်သည် ဗုဒ္ဓဂုဏ် တော် ကိုးပါး ပါဠိတော်စာသားများဖြစ်ကြောင်း ဆရာကြီး ထုတ် နုတ်ပြခဲ့သည်။

၁၉၉၅-ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်၌ ကျင်းပ ခဲ့သည့် ပညာရှင်များ တွက်ချက်မှုဖြင့် ရွှေပေလွှာများသည် အေဒီ ငါးရာစုအစောပိုင်း (သို့မဟုတ်) အလယ်ပိုင်းလက်ရာများဖြစ်ကြောင်း လက်ခံခဲ့ကြသည်။

ဆရာမကြီးဒေါ်သန်းသန်းဆွေက ခင်ဘကုန်းရွှေပေလွှာများမှာ ခရစ်နှစ် ငါးရာစုက ပျူလူမျိုးများ၏ ဘာသာရေးအမြင် နှံ့စပ်ကွယ်ဝ နက်ရှိုင်းပုံနှင့် စီစဉ်တင်ပြသည့် အစီအမံသည် အံ့မခန်းဖြစ်ကြောင်း ဖော်ပြသည်။

ခင်ဘကုန်း ရွှေပေလွှာကဲ့သိုပင် ပိဋကစာကောက်နုတ်ချက် ရှေးဟောင်းစာလုံးများဖြင့် ရေးသားထားသည့် ရွှေပေလွှာနှစ်ချပ်ကို ကျောက်စာဝန်ဒေါက်တာ အီးအမ်ဖော်ချားမားက ခရစ်နှစ် ၁၉၉၇ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း လယ်ပေါ်ရွာအနီးရှိ မောင်ကန် ကုန်းမှတွေ့ရှိရာ မောင်ကန်ရွှေပေလွှာဟု ထင်ရှားခဲ့သည်။

မောင်ကန်ရွှေပေလွှာနှစ်ချပ်တွင် စာကြောင်းသုံးကြောင်းစီ ပါဝင်

ကာ နှစ်ချပ်လုံး **"ယေဓမ္မာ ဟေတုပ္ပဘဝါ"** အစချီသောပိဋကတ် တော် ကောက်နုတ်ချက်များ ကိုရေးသားထားသည်။ ဒုတိယပေလွှာတွင် ဘုရားဂုဏ်တော်နှင့် တရားဂုဏ်တော်များရေးသားထားသည်။

မောင်ကန်ရွှေပေလွှာနှစ်ချပ်တွင်ရေးသားထားသော အက္ခရာများ သည် ခင်ဘကုန်းရွှေပေလွှာများပေါ်တွင် ရေးသားထားသောအက္ခရာ စာလုံးများနှင့် တူညီသည်။

**ယေဓမ္မာဟေတုပ္ပဘဝါဂါထာသည် ရှင်အဿဇိက ရှင်သာရိ ပုတ္တရာဖြစ်လာမည့် ဉပတိဿအား ဗုဒ္ဓဘုရားရှင်၏ တရားအနှစ်ကို ဟောပြခဲ့သည့် ဂါထာဖြစ်ပြီးဗုဒ္ဓဘာသာဝင်များ** တန်ဘိုးထားသည့် ဂါထာတစ်ပုဒ်ဖြစ်ကာ ပျူလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာ ပေါ်ကြည်ညို သက်ဝင်မှုရှိခဲ့ကြောင်း သုံးသပ်နိုင်သည်။

လူနေမှုဘဝအဆင့်အတန်းကို ငွေကြေးဖြင့် ရေးပဝေမှ သက်သေ တစ်ခု အဖြစ်တိုင်းတာမှုရှိခဲ့သည်။ ပဲခူးတိုင်း ပြည်မြို့အရှေ့ဘက် ငါးမိုင်အကွာတွင်တည်ရှိသည့် သရေခေတ္တရာမြို့ဟောင်းသည် ပျူ ခေတ်အထောက်အထား များစွာကို တွေ့ရှိခဲ့သည့် ထင်ရှားသော ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ကာ ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေ အနှစ်တစ်ခုလည်းဖြစ်သည်။ သရေခေတ္တရာကို ၁၉၀၇ ခုနှစ်တွင် ပထမဆုံးတူးဖော်မှုများ ဆောင်ရွက်ခဲ့၍ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုမှုများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြပြီး ပျူယဉ်ကျေးမှုဆိုင်ရာ ရုပ်ဝတ္ထုများကို ဖော်ထုတ်နိုင်ခဲ့သည်။

ယဉ်ကျေးမှု အထောက်အထားများအနက် ရှေးဟောင်းဒင်္ဂါးများကို ပျူမြို့ဟောင်းသုံးမြို့အပြင် မြစ်သားမြို့နယ် ပင်လယ်မြို့ဟောင်း (မိုင်းမောမြို့ဟောင်း) **ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များတွင်လည်း တွေ့ရှိရသည်။** ဒင်္ဂါးများသည် တံဆိပ်ခပ်နှိပ်ထားသည့် ငွေပြားအဝိုင်း လေးများဖြစ်ကြပြီးပုံသဏ္ဌာန်များက တစ်ခုနှင့်တစ်ခုမတူ ဆင်တူယိုးမှား

ဖြစ်ကြသည်။ ဒင်္ဂါးအများစုကို ထင်ရှားသောပျူမြို့ဟောင်းဖြစ်ကြသည့် သရေခေတ္တရာ ဗိဿနိုးနှင့် ဟန်လင်းမှ ရရှိခဲ့သဖြင့် ယင်းတို့ကိုပျူဒင်္ဂါး ဟု ယေဘူယျအားဖြင့်သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း တွေ့ရှိခဲ့သည့် ပျူဒင်္ဂါးများတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာရွာမှ ရရှိခဲ့သည့် ဒင်္ဂါးများသည် အရေအတွက်အများဆုံးဖြစ်သည်။



ပျူဒင်္ဂါးများသည် ငွေဖြင့်ပြုလုပ်ထားသော ဒင်္ဂါးများသာဖြစ်သော် လည်း ၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အတွင်းရရှိခဲ့သည့် အရွယ်စုံ ဒင်္ဂါး ၃၆ ပြားသည် သီရိဝစ္ဆအမှတ်

**အသားလက္ခဏာ ပါရှိသည့် ပျူခေတ်လက်ရာရွှေဒင်္ဂါးများ ဖြစ်ကြသည်။** အဖျောက်ကျေးရွာမှ ဆရာတော် ဦးတေဇဝန္တသိဒ္ဓိသည် ရှေးဟောင်းဘုရားပြုပြင်ရာမှ ရွှေဒင်္ဂါးများနှင့်အတူ ငွေဒင်္ဂါးအကြီး ၁၀ ပြား အလတ် ၁ ပြား အသေး ၂၈၈ ပြားကို တွေ့ရှိပြီး နိုင်ငံတော်သို့ အပ်ခဲ့သည်။

သာသနာအတွက် မြန်မာပြည်သည် ပထဝီမြေပြင်မှ မြတ်ဗုဒ္ဓ အလိုကြ တရားတော်များကမ္ဘာအံ့ဘွယ် သာသနာ၏ နိမိတ်ကောင်း လူသားအရင်းအမြစ် ကိုးကွယ်ရာ အစစ်မြတ်ဗုဒ္ဓ၏ ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ် သာသနာ၏ အဆုံးအမဆရာ အစ အလယ် အဆုံး သာသနာပန်းကုံးတည်ရာ ပြည်မြန်မာဟု ကမ္ဘာ့အလယ်ဂုဏ် ပူဘွယ် ခေတ်အဆက်ဆက် ရွှေသာသနာတည်ရာ ဖြစ်လေတော့သည်။

ဗုဒ္ဓစာပေ
မင်းသန်းခိုင်
ကွမ်းခြံကုန်း

**ကျမ်းကိုး**

**သရေခေတ္တရာမှသည် ပုဂံသို့**

**မောင်သာ(ရှေးဟောင်းသုတေသန)**

**အဘိဓမ္မဆိုင်ရာ**



မြစ်သားမြို့
စောလူးမင်းကျောက်စာမှ
အတုယူဖွယ်ရာ


သာသနာတွင် အတုယူဖွယ်ရာ မြန်မာဘုရင် မင်းကောင်းမင်းမြတ်များ ပေါ်ထွန်းခဲ့သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ ကျေးဇူးဖြင့် သံဃာတော်များကျေးဇူး **သာသနာ ကမ္ဘာမြေပြင်ကုတ်ခြစ် ထုဆစ်အမှန်းတင်လျက် စေတီ၊ ပုထိုးများ အထွတ်တင်ခြင်း** သာသနာ ရောင်ဝါလင်းအောင် သထုံပြည်မှ ပုဂံပြည်သို့လည်းကောင်း၊ တရုတ်ပြည် ယနေ့စွယ်တော်မြတ်ကိန်းအောင်း သီတင်းသုံးရာအရပ် ဦးတီပွား ထံသို့လည်းကောင်း၊ သူ၏ တပ်မတော်သားတို့အား စေလွှတ်၍ သာသနာပြုခြင်း ကိုယ်တိုင်သွားရောက် သာသနာအတွက် ကျိုးစားခြင်း၊ "ရွှေစာရံစေတီ"သမိုင်းတို့တွင် တွေ့ရှိခဲ့ရသည်။

အနော်ရထာဘုရင်သည် ပုဂံပြည်ကြီးတွင် **"လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း"**ဟူသော လေးသောင်းကျော် စေတီပေါင်း စာတမ်းကမ္ပည်းမော်ကွန်းရရှိခဲ့သည်။ ရှင်အရဟံနှင့် အနော်ရထာ

ဘုရင်တို့ အကျိုးကျေးဇူးကား သမိုင်းမှတ်တိုင် ပုဂံပြည်သာသနာ တည်သ၍ ပျက်ပြယ်ဖွယ်မရှိတော့သည်သာတည်း။

**သားတော်ကြီး စောလူးလက်ထက် ကိုယ်တိုင်ပင်ကွပ်မျက်ခံရ သည်။** သာသနာအတွက်လည်း စွမ်းဆောင်ခွင့် ရယ်လို့ မထင်ပေါ်ခဲ့ရ စေတနာ၊ သဒ္ဓါ၊ ဝီရိယ၊ နည်းလေစွဟု သမိုင်းမှတ်ချက်ပြုရမည် ဖြစ်သည်။

သို့သော် သာသနာအတွက် စောလူးမင်း၏ ကျောက်စာတစ်ချပ် ပျူ ကျောက်စာနံပါတ် (၉) တွင် တွေ့လိုက်ရသည်။



**"ဆန္ဒနဲ့ဘဝတစ်ခုထဲမကြ"**ဟူသော စာအရေးအသားကို ၂၆-၇-၂၀၁၇ နေ့ ဆရာကံညွန့်လှိုင်ကျေးဇူးဖြင့် ဆရာကြီးဦးသာမြတ် တပည့်ဆရာကြီး ဦးစိန်ဝင်းသင်ကြားပို့ချချိန် စာရေးသူ မြစ်သားမြို့မှ စောလူးမင်းကျောက်စာ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန သင်တန်း သားများ ပျူကျောက်စာသင်တန်းမှ မှတ်ယူသင်ကြားခဲ့ရသော ကျေးဇူး ဆရာကြီးနှင့်တကွ ဂါရဝပြုထိုက်သူများ လေးစားစွာရေးသားမိသည်။

ယနေ့လူသားအားလုံးမကြေနပ်နိုင်သူတို့ **"တောက်…ခတ်သံ"** ဆန္ဒနှင့်ဘဝတစ်ခုထဲမကြ၍ အလိုမကြရှိ ရသည်။ (ဥပမာ) ငယ်စဉ် ကာလကျောင်းသားဘဝ စာမေးပွဲကျခဲ့ရသည်။

ကျောင်းတက်ခြင်း မျှော်လင့်ချက်စာမေးပွဲ မကျစေရန် ဖြစ်သည်။ သို့သော် စာမေးပွဲကျခဲ့ရသော အကြောင်းရင်းများ ထောက်ပြ၍ ငြင်းချက်ထုတ်မရ အောင်မြင်မှုရမှတ်သာလျှင်အဓိက ဖြစ်နေသည်၊ ထိုအကြောင်းအခြေခံ တို့သည် စိတ်စေတနာ သဒ္ဓါ ဝီရိယ အားနည်းမှုသာ ထင်ရှားသည်။ စိတ်ကို အားဖြည့်သော စေတနာ၊ သဒ္ဓါနှိမ့်ချ ရိုကျိုးကိုင်းညွှတ်ခြင်း၊ ဝီရိယ လုံ့လစိုက်ထုတ်မှုအားနည်းခြင်းဟုသာ အဖြေမှန်ထွက်သည်။

လူသားတို့ **"တောက်ခတ်သံ"** ပထမအရှုံး၏ ဒုတိယ အာမေဋိတ်သံ ဘာမျှ အသုံးမကြ သံဝေဂယူလျှင် တရားစစ်မှန် ဖြစ်သည်။ **"သံဝေဂသည်တရား"** "ဆရာကောင်းသည် ပညာ" - တိုးတက်ကြီးပွားလိုသူတို့ ကျင့်သုံး၏ ကရဏီယံ ပြုဖွယ်ကိစ္စအဝဝ အချိန်တိုင်း ကြိုးစားပြီး အမှန်လမ်းလျှောက်လှမ်းမှ တောက်ခတ်သံနှင့် ကြုံဆုံးမှုများ ကင်းဝေး မည်။

သမိုင်းဆရာကြီးဦးသာမြတ် စာကို မူရင်းပြုပြီး ဆရာကြီး ဦးစိန်ဝင်း ရှေးဟောင်းသုတေသန မြန်မာစာသမိုင်းဆရာ ဆရာမကြီးများ သမိုင်းလက်ကမ်းလျက် မြန်မာတို့ သမိုင်းအစဉ်ထာဝရ ကျန်ရစ်လေအောင် နိုင်ငံတော်မှပံ့ပိုးသင်ကြားပေးခဲ့သည်။

အလိုမကြ သူတို့ အကျမလိုရအောင် အလိုရှိတိုင်း ကြိုးစားပါမှ ဆန္ဒနှင့်ဘဝတစ်ထပ်တည်းရ ကြမည်သာဖြစ်သည်။ စောလူးမင်းကဲ့သို့ ဖခင်နှင့်ညီအားကိုးမှု ကျန်စစ်ရန်ပြုမှုတို့သည် ဆန္ဒနှင့်ဘဝတစ်ထပ်တည်း မကြခြင်းအကြောင်းအရင်းဖြစ်သည်။

အမှန်အားကိုးမှုသည် ကိုယ်တွက်ကိုယ်သာဖြစ်ကြောင်း မြစ်သာ မြို့ **စောလူးမင်းကျောက်စာ နံပါတ် ၉ တွင်** သမိုင်းတင်ရစ်လေသည် ဆန္ဒနှင့်ဘဝတစ်ထပ်ထဲမကြမဖြစ်ရလေအောင် သံဝေဂနှင့်တရား ဘဝ

အတွက် မလွဲမှားလေအောင် သတိနှင့် တရား သမိုင်းကောင်းများ တွင်ရစ်လေအောင် လူဘဝသမိုင်းပေး တာဝန်တစ်ရပ် ဖြစ်လေတော့သည်။

ကျမ်းကိုး- မြစ်သားမြို့စောလူးမင်းကျောက်စာ



## မြတ်ဗုဒ္ဓသာသနာသို့ သိပ္ပံဝိဇ္ဇာပညာရှင်တို့ သမိုင်းအတွေးအခေါ်

မြတ်ဗုဒ္ဓအဘိဓမ္မာ လေ့လာလိုက်စားသင်ကြားသူတို့ အမှတ်တရ ရှိနေကြသည့် ဓမ္မာစရိယဦးဌေးလှိုင် သူသေသွားသော် သူ၏စာပေတို့ကား ထင်ရှားသက်ဝင်လျက်ဖြစ်သည် "ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ" စာအုပ်သည် တကယ်တရားအားထုတ်သူတို့ အတုယူအားကြဖွယ်ရာ အဖြစ် ကြည်ညိုဖွယ်တို့ဖြစ်သည်။

မြန်မာပြည်ကို - ကမ္ဘာက အားကိုးလောက်ဖွယ် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ် မရေးသားမီ "**ကမ္ဘာကိုချုပ်ကိုင်မည့်သူ**" စာအုပ် အခြေပြု ရေးသားခဲ့သည်။ ကမ္ဘာတွင် အတော်ဆုံးပညာရှင်တို့၏ သမိုင်းတင်အပ် သူများကို ရေးသားခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓအဘိဓမ္မာ မတတ်သိသော်လည်း "**အလုပ်မှန် ကံဖြစ်**" ဆိုသည့်အတိုင်း သိပ္ပံပညာဟုသာ ခေါ်ဆိုအပ်သည် (သီလ-သမာဓိ-ပညာ) ကျင့်စဉ်(လုပ်ရပ်သီလ) ကြိုးစားမှု (ဝီရိယ)အောင်မြင်မှုပညာ တို့ဖြစ်သည်။

၁၈၄၁-ခုနှစ် **"အယ်လ်ပရက်ကင်နေဆင်"** ဆိုသော ဝိတိုရိယဘုရင်မခေတ် ကဗျာဆရာကြီး၏ ကဗျာကို ကြည့်ပြီး အနာဂတ်ကို တွန်းပြကြောင်းသိနိုင်သည်။

**လူသားတစ်ယောက် မြင်နိုင်စွမ်းသလောက်၊**
**အနာဂတ်ထဲသို့ ငါကြည့်လိုက်သည်။**
**အနာဂတ်ကမ္ဘာနှင့်တကွ ဖြစ်ပေါ်လတ္တံ့သော၊**
**အံ့ဖွယ်များကို တွေ့လိုက်ရသည်။**
**မိုးကောင်းကင်ထဲ၌ ကုန်သွယ်ကူးသန်းမှုများရှိမည်။**
**ထူးဆန်းသည့်လေသင်္ဘောများကိုမြင်တွေ့ရသည်။**
**ကောင်းကင်ပြင်လုံး ဆူညံတုန်ဟည်းလျက်၊**
**မရဏ နှင်းပွင်းတွေ ကျလာကြသည်။**
**ဝေဟင်တွင် လေယာဉ်နှင့်ကြဲကြဲလိမ့်မည်။**
**နောက်ဆုံး၌ စစ်ပွဲဟူသမျှ ပြီးဆုံးရပ်တန့်၍၊**
**လူသားတို့၏ အေးငြိမ်း ညီညွတ်သောကမ္ဘာ**
**ဖြစ်ပေါ်လာမည်။**

(လေယာဉ်မပေါ်မီကရေးသားခဲ့သည်)

၂၀၀၀-ခုနှစ်အကျော်ခရီးကို ရေးထားနိုင်ခဲ့သည့် သိပ္ပံအမြင်တစ်နည်းတည်ငြိမ်သော သမထ၏ အမြင်ဟုခေါ်ဆိုအပ်သည်။

မြန်မာပြည် ကုန်းဘောင်ခေတ် ဘိုးတော်သည် အနော်ရထာမင်းဖြစ်၍ သာသနာအတွက် ကြိုးစားခဲ့သည်။ မဃဒေဝ မာန်လည်ဆရာတော်ကြီး မြန်မာပြည် သာသနာမော်ကွန်းအဖြစ် ရေးစပ်ခဲ့သည်။

**"မြေပြင် ရေပြင် နေဝင်နေထွက် နယ်စက်ပက်လုံး အဆုံးနှံ့အောင်ဘုန်းတော်ဆောင်၍ များမြောင်ပေါ်ထယ် မိုလ်နိကယ်၏ စိတ်ဝယ်စွဲဘိအမြဲငြိသား ဒိဋ္ဌိနှစ်ဖြာ မိစ္ဆာမိုက်မည်း အာသယည်းကိုပယ်လှဲရှင်းချအလင်းပြလျက် သမ္မခေတ် ငါးထောင်နှစ်ထက် ပွားသစ်စရေ -ရွှန်းရွှန်းဝေသည်၊ ထွန်းဝေရောင်ဝါအမြဲတည်း"**

မဇ္ဈာစရိယဦးဒွေးလှိုင်သည် မြန်မာပြည်သာသနာနှီးဆော်ခြင်း အဖြစ် **"သုဝဏ္ဏဘုမ္မိသားတို့ ထကြလော့"** ဟူသော စာခေါင်းစီး တစ်ခုပြုခဲ့သည်။

သာသနာနှစ် ၂၁၈-ခုနှစ်တွင် အယူဝါဒပေါင်း သောင်းခြောက် ထောင် ရှုတ်ထွေးနေသော အချိန်တွင် ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တ အရှင်မောဂ္ဂလိ ပုတ္တတိဿဟူသော သာသနာပြု ပုဂ္ဂိုလ်ထူးတစ်ပါး ပေါ်ပေါက်လာခဲ့သည်။

"သီဟိုဠ်ခေတ်တွင် ရှင်မဟာဗုဒ္ဓဃောသနှင့် ရဟန္တာပုဂ္ဂိုလ်ကြီး များ ပုဂံခေတ်တွင် ရှုပ်ထွေးပွေလီလာသော မဟာယန ဂိုဏ်းဆရာတို့ အကြား **"ရှင်အရဟံ"**၊ ပင်းယခေတ်ပျက်ကြီးထဲတွင် **ရှင်ဒိဗ္ဗစက်** စသည်ဖြင့် ပေါ်ပေါက်တော်မူလာခဲ့ကြသည်။

အသောကမင်းကြီး အကူအညီဖြင့် သင်္ဂါယနာတင်ပွဲကြီးနှင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့သည် ယခု အိန္ဒိယားအင်ပါရာအတွင်း၌ ခြောက်ဌာနရှိ၍ ကျန်သုံးဌာနသည် အိန္ဒိယ အပြင်ဘက်၌ရှိကြသည်။

၁။ ယောနကတိုင်း(တူရကီမှဂရိတ်အထိ)

၂။ သီဟိုဠ်ကျွန်း၊

၃။ **သုဝဏ္ဏဘူမိ (သထုံ စုမတြား ဂျာဗား)** စသည်တို့ဖြစ်သည်။

ဤသုံးဌာနကိုပါ သာသနာပြုအဖွဲ့များ စေလွှတ်လိုက်သည်မှာ **အရှင်မောဂ္ဂလိပုတ္တိဿ** အမျှော်အမြင် ကြီးမားခြင်းဖြစ်သည် အနာ ဂတံသ ဉာဏ်တော်ဖြင့် **"နောင်တချိန်တွင်မည်သို့"** ဟု မြင်တော်မူ သောကြောင့်သာ ဖြစ်သည်ကို သတိမူရလေတော့သည်။

မြန်မာနိုင်ငံ ရဟန္တာအရှင်မြတ်ကြီးများ၏ ဗျာဒိပ်တော်အဖြစ် ဟောကြားထားခဲ့သည်မှာ **"မျက်စိရှိသော သူတို့သည် မြင်ကြ၍ နားရှိ သူတို့သည် ကြားကြကုန်၏ နှလုံးသားရှိသူတို့က ယုံကြည်**

**ကျင့်သုံးနေကြပြီ"**။ မြန်မာနိုင်ငံ၌ တစ်ချိန်က လွန်စွာထင်ရှားသော ဘုန်းတော်ကြီး တစ်ပါးရှိ၏ တန်ခိုးအဘိဉာဏ်တို့နှင့် ပြည့်စုံ၍ **ဘုန်းတော်ကြီးဦးသီလ** (၁၁၉၄-၁၂၉၆)ခုနှစ်ဖြစ်သည်။ ရန်ကုန်၊ မော်လမြိုင်၊ ညောင်တုန်း၊ ညောင်လေးပင်၊ ဖြူးစသော မြို့ကြီးများ၌ ဝိနည်းအဓိက စာသင်တိုက်ကြီးများကို တည်ထောင်ပေးတော်မူခဲ့သည်။ ကိုယ်တိုင် တောရဆောက်တည်တော်မူ၍ တောနေဂိုဏ်းကြီးများကိုလည်း တည်ထောင်တော်မူခဲ့သည်။



ထိုဘုန်းတော်ကြီးဦးသီလ ရဟန္တာအရှင်မြတ်ကြီးနှုတ်တော်မှ ငါတို့ပြုထားတဲ့သာသနာ **"ငါတို့မရှိတဲ့နောက် သည်အတိုင်းနေမည် မဟုတ် အပြစ်မရှုကြနဲ့ ကိုယ်တတ်နိုင်တဲ့ဘက် ကြိုးစားလုပ်"** ဟု မိန့်တော်မူခဲ့သည်။

ဘဒ္ဒကမ္ဘာပေါ်တွင် အမှန်မည်သော တရားဓမ္မပိုင်ရှင်မြတ်ဗုဒ္ဓသည် အမှန်မည်သော တရား၏ အဆုံးအမများထေရဝါဒ ဗုဒ္ဓသာသနာ

အစစ်မှသည် ကမ္ဘာသို့ **မြင့်မားသော ဦးနှောက်ပိုင်ရှင်** လူသားအားလုံး အမှန်ကန်ဆုံးသော သစ္စာတရားသည် အလိုရှိသူတိုင်းရယူနိုင်သော မြတ်ဗုဒ္ဓအဆုံးအမ **"ဓမ္မာစရိယဦးဋ္ဌေးလှိုင် ကမ္ဘာချူပ်ကိုင်မည့်သူ"** စာအုပ်သည် မြတ်ဗုဒ္ဓသာသနာပြည်မြန်မာ ထေရဝါဒဗုဒ္ဓသာသနာကို ညွှန်းဆိုလျက်ရှိကြောင်း အကျဉ်းအားဖြင့် ကောက်နှုတ်ဖော်ပြလိုက် ရပါတော့သည်။

*

ကျမ်းကိုး- ဓမ္မစရိယ ဦးဋ္ဌေးလှိုင်
ကမ္ဘာကိုချုပ်ကိုင်မည့်သူ



# ကမ်းကုန်အောင်ကံဆိုးခြင်းမှ လွတ်မြောက်ခြင်း

လူသားအားလုံးကျန်းမာကြပါစေ ချမ်းသာကြပါစေ ဝမ်းသာကြည်နူးကြပါစေ လိုအင်ဆန္ဒ ကောင်းမှုမှန်သမျှပြည့်ဝကြပါစေ စာရေးသူမေတ္တာမျှဝေပါတယ်။

စာရေးသူကိုယ်တိုင် ၁၃၃၈ခုနှစ် တော်သလင်းလပြည့်နေ့ ကမ်းကုန်အောင် ကံဆိုးခဲ့သည်။ ကမ်းကုန်တော့ ပင်လယ်ပြင် လေပြင်းမုန်တိုင်းနဲ့ လွင့်မျောခဲ့ရပါသည် ထိုအချိန်ဝီရိယ ကင်းလို့ လဖျင်းလျှင် သေချင်းသာလျှင် မိတ်ဆွေဖြစ်နိုင်လေသည်။

ပင်လယ်ပြင်မှကမ်းလှမ်းမျှော်ကြည့် တစ်ပေသာသာ ကံသင်းရိုးမျှသာမြင်ရသည် တော်သလင်းမိုး ကံသင်းကျိုး လပြည့်နေ့မှာ ဆိုးလိုက်တဲ့မိုး ကမ်းမမြင်လမ်းမမြင် အစစ်လှေငယ်ပေါ်ပါလာတဲ့ ငါးသလောက် (၈၀)သားကောင်အစိမ်းစားပြီး အားပြည့်လာချိန် လှော်ရင်းခတ်ရင်း လှိုင်းလေအတွင်းမှာ တစ်ယောက်တည်းကြွေးကျော်မိသည်။

**“ငါသည်အမိအဖလုပ်ကျွေး၏ သေသည်ထိအောင် လုပ်ကျွေးမည် ယခုသေလဲ ဒီစကားမှန်တယ် ကမ်းပေါ်ပြန်ရောက် မိဘသေသည်အထိ လုပ်ကျွေးမယ် ယခုသေလည်းမြတ်တယ် မသေလို့ နေရမည်ဆို လည်း အမိအဖလုပ်ကျွေးရင်း သူတော်ကောင်းဖြစ်အောင် ကျိုးစားမည် ဒီစကားသစ္စာတည်စေရမယ်”** အဲဒီသစ္စာစကားကံကောင်းခြင်းကို “ဝက်ကိုက်ကျေးရွာမှ ဦးအေးသောင် လှေကြီးဖြင့် ကိုအေးသောင်းကို ကယ်တင်၍ မြေပြင်ခြေတင်ခွင့်ရခဲ့သည်။”

ပင်လယ်ပြင်လွင့်မျောခဲ့သည့်နေရာ သမိုင်းအစဉ်ရှိခဲ့သည် မြန်မာ နိုင်ငံ ရန်ကုန်တိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီးတို့ကို စည်းရိုး သဖွယ် ပိုင်းခြားပေးထားသော ဧရာဝတီမြစ်၏ မြစ်ခွဲတိုးမြစ်ကြီး ပင်လယ်အဝနေရာရှေးယခင် **“မင်းသားကြီးရေကြောင်း”** ယခု တိုးမြစ်ကြီး၏ ကဝက်ချောင်းစမှ ကညင်ကုန်း အလယ်ရွာ ဘင်္ဂလား ပင်လယ် မင်းသားကြီးရေကြောင်းနေရာဖြစ်သည်။

မဟာဇနက္ကမင်းသားသင်္ဘောပျက် နေရာဟုလည်းရှေးစကားတို့ရှိ သည် နိကယ်ငါးကျမ်း **ရှင်သာမဏေ ဘိမာန်ပါဠိပါရဂူဆရာ ဦးချမ်းသာ** မဟာဇနက္ကမင်းသားသင်္ဘောပျက်ခြင်း မေခလာကယ်ခြင်း အကြောင်းသင်ကြားပို့ချခဲ့သည်။ အများပြောနှင့် စာပေကွာခြားမှု ရှိသည်။

မဟာဇနက္ကသည်ပင်လယ်ပြင်လှိုင်းတံပိုးဖြင့် ရွက်သင်္ဘော တဖြေးဖြေး နစ်မြုတ်ခြင်းဖြစ်သည် သင်္ဘောသား ငါးရာ ကယ်ပါယူပါ တဓာဓာနှင့် ပြေးလွှားအော်ဟစ်ကြောက်လန့် နေကြသည် မဟာဇနက္က အစာကို အာဟာရဖြစ်အောင် ဖြည့်ဆည်းထားသည် အမြင့်ဆုံးရွက်တိုင် ထိပ်တက်သည်တိုင်ထိပ်တွင် ကိုယ်ခန္ဓာချည်နှောင်နားနေ၏ သင်္ဘော နစ်မြုပ်လာပြီး သင်္ဘောသားတို့ ရွက်တိုင်ပေါ်ဖက်တွယ်တက်သည် မည်သူမျှတိုင်ပေါ်တက်မရ အားလုံးပြုတ်ကြပြီး သူထက်ငါတွန်းတင်သူ

မရှိ၊ ဆွဲချသူသာရှိ၏ ငါးမန်းအုပ်ကြီး ရောက်လာသည် သွေးသံရဲရဲ ငါးတို့စားတော်ပွဲဖြစ်နေသည်။

**"လှိုင်းကြီးလှေအောက်"** စကားသည် ကျွမ်းကျင်သော မာလိန်မှူး စကားသာဖြစ်သည် **"လှိုင်းကြီးလှေမှောက်"** သေပြောက်သူများစွာရှိသည် ဉာဏ် ပါရမီ၊ ဝိပါတ်တို့လိုအပ်သည်။

မဟာဇနက္က ရွက်တိုင်ထိပ်မှ ငါးမန်းတို့ လွတ်ရာအားယူခုန်ချပြီး လက်ပစ်ကူးခတ်သည် **ခေါင်းခါးခြေလက် မပျက်စေရ သုခုမ** မလှုပ်သည့်နေရာခန္ဓာမြှုတ်သည် ဝီရိယဖြင့် ရိုက်ချက်မှန်မှန် ကူးခတ်နေရသည် နားချိန်မရှိ ခုနစ်ရက်မြောက်နေ့ **မဏိမေခလာ**ရောက်လာ၍ နောက်ယှက်လှောင်ပြောင် စကားပြောလေသည်။

အသင်လူသား ယခုလို သင်ကူးခတ်နေသည့်အတွက် မသေတော့ဘူး ထင်နေသလား ကမ်းပေါ်ပြန်ရောက်မယ်ထင်သလား၊ သား မယားတွေနဲ့ နေရမယ်ထင်သလား၊ လူ့ပြည်လူ့ဘဝ မျှော်လင့်နေသလား စည်းစိမ်ဥစ္စာတွေနဲ့ စိတ်ကြိုက်ပျော်ပိုက်စွာနေရဘို့တွေးနေလား လူတွေနဲ့ ဘုန်းတန်ခိုးကြီးစွာနေဖို့ စဉ်းစားနေလား ပျော်စရာ လူသားဘဝ မျှော်လင့်နေသလားစသည်ဖြင့် ခြောက်ချက် ရီမောပြောဆိုလှောင်ပြောင်လေသည်။

မဟာဇနက္ကကူးခတ်နေရာ ပင်လယ်ရေပြင်မှ အသင်နတ်သမီး ပင်လယ်ရေပြင်တွင် ကူးခတ်နေခြင်းမှာ ခုနစ်ရက်မျှရှိပြီ ငါ၏ ဝီရိယသည် ငါ၏အသက်ကို စောင့်ရှောက်၏ **"အသင်နတ်သမီး သင်သွားပေတော့"**။

မဏိမေခလာနတ်သမီးကြီး မဟာဇနက္ကအနီးအပါးမှ လက်လံငါးဆယ်လွင့်ထွက်ကွာသွားသည် မဏိမေခလာနတ်သမီး၏ ဘုန်းအာဏာသည် ပင်လယ်ရေပြင်ကျယ်ဝန်းသော်လည်း သူ့အတွက် လက်ဆေး အင်တုံခွက်မျှသာဖြစ်သော ရေပြင်ပိုင်စိုးသော ဘုန်းကံရှင်ဖြစ်

သည် သို့သော် ယခုမဟာလူသားနှင်သော စကား ငါသည်ပင် လွင့်စင်ခဲ့သည့် အဘယ်အကြောင်းနည်းဟု ကောင်းကင်ယံမော့ကြည့်လိုက်သည်။

**စတုမဟာရာဇ် နတ်မင်းကြီးလေး**ပါးတွေ့လိုက်ရသည် သင်မဏိမေခလာ သင်သူတော်ကောင်းစိတ်ညစ် နွမ်းအောင်လုပ်တယ် လူသားအသက် ချမ်းသာရာရလေအောင် သင့်တာဝန်ဖြစ်သည် သင်နတ်သမီးဒဏ်အဖြစ် ပြုလေဟု အမိန့်ချမှတ်ခဲ့သည် သမ္မာဒေဝနတ်မင်း တို့သည်ပင် အချိန်အခါအကြောင်းအင်္ဂါ စောင့်ကြည့်ရမြဲဖြစ်သည် အနည်းငယ်မျှ သူတော်အလုပ်လုပ်၍ များစွာသောအကုသိုလ်ရှိသူအား ကယ်ခွင့်မရှိဖြစ်သည်။

မဏိမေခလာသည် စတုမဟာရာဇာနတ်မင်းကြီးတို့အမိန့် မလွန်သာ၍ အသင်လူသား သင်အား ကျွန်ုပ်ကယ်မည် လက်လှမ်းပေတော့ဟု လက်ကမ်းကြိုလေသည်။

မဟာဇနက္ကသည် **"အသင်နတ်သမီး သင့်အကူလို၍ ငါကူးခတ်ခြင်းမဟုတ် ဝီရိယသာလုံ့လပြု၏ သင်သည် ကုတ္တိယဖြစ်၍ သင်၏အကူမလို သွားပေတော့"**ဟု ဒုတိယအကြိမ်နှင်ထုတ်၏။ လက်လံတစ်ရာ ဝေးကွာ၍ သွားလေ၏ မဏိမေခလာ သောင်ထွန်း၍ ပေးခဲ့ရသည်၊ မဟာဇနက္ကသဲသောင်ပေါ်မှောက်လျက် ပင်ပန်းမှုဖြင့် မေ့မျောသွားချိန် မဏိမေခလာနတ်သမီးကြီး ပွေ့ချီ၍ မင်းဖြစ်မည့် ကျောက်ဖျာပေါ်တင် ပို့ခဲ့ရလေသည်။

မဟာဇနက္က၏ ဒါန၊ သီလစသော ကုသိုလ်ပါရမီတို့ပြုစဉ် ရေစက်သွန်းချအမျှဝေ သက်သေပြုခဲ့သော ကောင်းမှုပါရမီဟုန်ဟု မှတ်ချက်ပြုသည်။

မဟာဇနက္ကဇာတ်တော် အနှစ်ချုပ် **"ဝီရိယ"** ဖော်ကျူးလို၏ ရှေးကံပါရမီကောင်းမှုဖော်ကျူးလို၏ ကောင်းမှုဝီရိယ **"ဝိမံသာ"**

ပညာနှင့်ပတ်သက်၍ ရင့်သန်မှုပါရမီ(၁၀)ချက် ဇာတ်တော်အခန်းဝင်ဖြစ်သည်။

ပါရမီနှစဉ်အခါ ငါးရာငါးဆယ်ဇာတ်တော်လာ ကမ်းကုန်အောင်ကံဆိုး၍ ပင်လယ်တွင်းကူးခဲ့ရသော ဇာတ်တော်တစ်ပုဒ် ကောက်နှုတ်လိုပါသည်။

ဝိဇ္ဇာတို့သည် နတ်တစ်ပါးကဲ့သို့ အစွမ်းသတ္တိပြည့်ဝကြ၏ ဆေးဝိဇ္ဇာတစ်ပါး သူ၏ဆေးကြိမ်သည်အစွမ်း ပြည့်စုံ၏ ကောင်းကင်ပျံနိုင်သော အစွမ်းရှိ၏ နှစ်သက်ရှုမောဖွယ်ဇနီးမယားနှင့် ပျော်ရွှင်စွာနေ၏။

တစ်နေ့ သံဝိဇ္ဇာသည် ဆေးဝိဇ္ဇာ၏ ဇနီးကို သိမ်းပိုက်လို၍ကြံရွယ်၏ ဆေးဝိဇ္ဇာအမျိုးကောင်းသမီး ငြင်းပယ်၏ သူ၏ဆေးဝိဇ္ဇာသာနှစ်သက်၏ ထိုသို့ငြင်းပယ်ချိန် ဆေးဝိဇ္ဇာရောက်လာသည် ဆေးဝိဇ္ဇာလေးတောင်းပန်ရှာသည် သူ့သိုက်မြုံကလေးအတွက် ကာကွယ်ရှာသည်။

သံဝိဇ္ဇာသည် **လက်ကိုင်သံလျက်** ဆေးဝိဇ္ဇာထက် တံခိုးသိဒ္ဓိထက်၏ နောက်ဆုံးဆေးဝိဇ္ဇာလေး ကြောက်ရွံ့စွာ စစ်ခင်းကြရသည် တရားတွင် နတ်စောင့်၏ ဆေးဝိဇ္ဇာ၏ ဆေးကြိမ် သံဝိဇ္ဇာရင်ဝ စူးနစ်၍ကောင်းကင်ယံမှပြုတ်ကြ၏ အလွန်အစွမ်းထက်သော သံလျက်သည်အသုံးချချိန်မရ မြေပြင်တွင်လူးလိမ့်၍ အသက်ခန္ဓာချုပ်ရမည့်ကိန်းသို့ရောက်နေ၏။

ထိုအချိန် ဘုန်းတော်ရှင်ဘုရင်ကြီးသည် သံဝိဇ္ဇာသံလျက်တော်ကိုင်ပြီး ရင်ဝတွင် မီးစကြီးစူးဝင်၍ မြေပြင်လိမ့်ပြီး အော်ဟာစ်ခံစားနေရသည်ကို တွေ့ရလေသည်။ သံဝိဇ္ဇာသည် **"အသင်မင်းကြီး ကယ်တော်မူပါဦး၊ ကျုပ်သေရလိမ့်မယ်"**။

**"သံဝိဇ္ဇာတန်ခိုးရှင် သင်တို့တန်ခိုးရှင် ဒုက္ခရောက်နေတာ ကျုပ်ဘယ်သို့ ကယ်တင်နိုင်ပါမည်နည်း စဉ်းစားပြောပါ သံဝိဇ္ဇာ"**။

"သင်မင်းကြီး မင်းကျင့်တရား (၁၀)ပါး ပြီးပြည့်စုံပါလျှင် သစ္စာပြု၍ ကျွန်ုပ်ရင်ဝကပ်ငြိနေသော ဆေးဝိဇ္ဇာ၏ ကြိမ်ထိပ်က ပေးလိုက်တဲ့ မီးသံချပ် ပြုတ်ထွက်သွားနိုင်ပါတယ်မင်းကြီး သတိသစ္စာ သီလခိုင်မြဲပါက ကျွန်ုပ်အားကယ်တင်နိုင်ပါလိမ့်မည် ကယ်တင်တော်မူပါ မင်းကြီး"ဟု သံဝိဇ္ဇာအကူတောင်းလေသည်။

**ငါသည် ရခဲလှ သောလူ့ဘဝ မြင့်မြတ်သောရာဇာ မင်းအဖြစ် ရချိန် ကာလ ငါ၏ ဘုန်းသဘာမကျစေရန် ဘုန်းတော်ရှင်အဖြစ် သတိ-သစ္စာ-သီလ-မင်းကျင့် (၁၀)ပါးပြည့်စုံအောင်ပါရမီဖြည့် ကျင့်တော်မူသည် ဤစကားသစ္စာမည်၏၊ ဤသစ္စာစကားမှန်၏ ဝိဇ္ဇာ လက်နက်သံမီးစက် သင်၌ရောဂါပျောက်ပါစေ"** ဟုမေတ္တာနှင့် ယှဉ်သော သစ္စာစကားအောင်မြင်စွာဖြင့် သံဝိဇ္ဇာခံစားနေရသော ရောဂါဒုက္ခတို့ပျောက်ကင်း ရလေသည်။

"သံဝိဇ္ဇာ" အလွန်တရာကျေးဇူးကြီးပါပေသည်ဟူ၍ လိုတရစေသလိုဖြစ်နိုင်သော သူ၏ သံလျက် ပေး၍ ကျေးဇူးဆပ်ခဲ့လေသည်။ ထိုသံလျက်သည် မြေပြင်၊ ရေပြင်၊ ကောင်းကင်ယံ သွားစေနိုင်သော အစွမ်းဖြင့် ပြည့်စုံလေသည်။

ဘုန်းတော်ရှင်ဘုရင်ကြီး သတိ၊ သစ္စာ၊ သီလကျင့်ဝတ်မျှမှုဖြင့် ဘုန်းတော်ရှင်ဘဝ သံဝိဇ္ဇာပေးသော သံလျက်သည် ကောင်းကင်ယံ သွားလိုက ပန်းရထား ကောင်းကင်ခရီးသို့ သွားခွင့်ရလေသည်။ မြေပြင်တွင် ယာဉ်ရထားဖြင့် ရေပေါ်တွင် ဖောင်တော်ယာဉ်ဖြင့် ရိက္ခာစုံလင်ပြီး ပြည့်စုံခြင်း သံလျက်ကျေးဇူးဖြစ်သည်။

ဘုန်းတော်ရှင်မင်းကြီး ဖောင်တော်ဖြင့် မင်းမိဖုရားနှစ်ပါး ပင်လယ်ပြင်နားနေအိပ်ပျော်စဉ် သံဝိဇ္ဇာသံလျက် နတ်ဘီလူး ခိုးယူဆောင်သွားလေသည်။ ထိုအချိန်မိုးသက်လေတို့ တိုက်ခတ်၍ ဖောင်

တော်ပျက်စီး၍ မိဖုရားအား တံငါသည်တို့ ဆယ်ယူစောင့်ရှောက်ထား၏ ဘုရင်ကြီးပင်လယ်တွင်း ကူးခတ်နေရလေသည်။

သတိ ဓမ္မ ဝီရိယ ကမ္မသက္ကတ ကံတရား၏ အထောက်အပံ့တို့ ဖြစ်သည့် ပင်လယ်ရေ စောင့်ရှောက်သော **မဏိမေခလာနတ်သမီးကြီး ကုန်းပေါ်ဆယ်တင်၍ နတ်ဘီလူးအား ကျိန်းမောင်းလျှက် ဝိဇ္ဇာသံလျက် ပြန်ယူပြီး ပေးခဲ့၏** မိဖုရားခေါ်ဆောင်၍ နန်းတော်ပြန်ခဲ့ရလေသည်။

**ဇာတ်တော်အနှစ်ချုပ်** ဝီရိယ ကရဏီယံ ကျင့်ဖွယ်အလုပ် ကျိုးကုတ်ကြ၍ ပါရမီကျင့်ဖွယ် သီလသာလျှင် သုဒ္ဓိစင်ကြယ် ကြောင်းခြင်းရာတည်းဟူ၍ သီလဝိသုဒ္ဓိ အခန်းမဂ် ဖိုလ်နန်းစံမြန်းနိုင်ကြောင်း ချမ်းသာအစစ် ကိုယ်ကျင့်သီလမြတ်ဓမ္မအား ကမ္ဘာမြေပြင် လွှန်၍ ကမ်းကုန်ပြီး ရေထဲရောက်သော ဒုက္ခ မဟာမဏိမေခလာ ကယ်တင်၍ ကံကောင်းခဲ့ကြရသူများအဖြစ် ဖွင့်ဆိုဖော်ကျူး ခြင်းဖြစ်လေတော့ သတည်း။

*

**ကျမ်းကိုး** ဇာတ်ကြီး(၁၀)ဘွဲ့ ငါးရာငါးဆယ်ဇာတ်တော်
ဝိသုဒ္ဓိမဂ်သီလကဏ္ဍအပိုင်း။



# မူလတန်းမှ မှတ်တမ်းကဗျာတချို့ အမိန့်နိုင်ငံတော်သို့(တဘောင်)

ကဗျာလင်္ကာကဝိဥစ္စာ ဟူသော စကားအတိုင်း ကဗျာလင်္ကာဖွဲ့ဆိုခြင်းသည်ပညာရှိသူတော်ဟူ၍ လည်းကောင်း ပညာမတတ်က ကဗျာလင်္ကာစပ်ဆိုခြင်းသည် နရသန္တိအဓိပ္ပာယ် အနှစ်အရသာမရှိ ဟူ၍ လည်းကောင်း လောကနီတိ ကဗျာကဝိတို့ ရေးသားသုံးသတ်ကြသည်။

ကဗျာလင်္ကာတေးသီချင်းတို့သည် အတိတ်တဘောင်တို့အဖြစ် အသက်ဝင်ကြောင်း **ရုပ်ရှိရာ နာမ်လာ နာမ်ရှိရာရုပ်ကူး ပညတ်သွားရာ ဓာတ်သက်ပါ** စသည်တို့သည် ဗုဒ္ဓစာပေ၏ ရုပ်ဓာတ် နာမ်ဓာတ် သဘာဝတရားများဟူ၍ ခေါ်ဆိုအပ်သည်။

အတိုက်တဘောင် အမြင်လက်ဆောင် ဟူ၍လည်း မှတ်ယူကြသည့် ဂဏန်းသင်္ချာသည် စာပေဖြစ်၍ စာပေတို့သည်လည်း ဂဏန်းသင်္ချာအဖြစ် ဖွဲ့သီကျူးကြသည် **"မကျေနပ်တစ်ကပြန်စ"**မည် ဟူ၍ဖြစ်လေတော့သည်။

ကျောင်းသင်ခန်းစာ မူလတန်းကလေးငယ်များ သင်ယူခဲ့ရသော ကဗျာကလေးကို နှုတ်သံရင်ဖွင့် သီဆိုနေကြသော ကဗျာလေးတစ်ပုဒ် ပြန်ကြားယောင်မိသည်။

**"အဖိုးကြီးအို....ခါးကုန်းကုန်း၊**

**မသေပါနဲ့အုံး...ရှေးနှစ်ခါ၊**

**တန်ဆောင်မုန်း...ပွဲကြည့်ပါဦး။"**

ဒီကဗျာကလေး ကလေးတွေ ရွတ်ဖတ်သံမကြားရတော့မှ လွမ်းသလို ကဗျာလေးရဲ့ အနက်အဓိပ္ပာယ် လေးနက်စွာ စဉ်းစားတွေးခေါ်ဖော်ကျူးမိလိုက်ပါသည်။

လွတ်လပ်ရေး ကြိုးစားအားထုတ်ခဲ့ကြသော ကျွန်တော်တို့အဘိုးတွေ ခါးကြီးတွေကုန်းလို့ အသက်အရွယ်တွေ(၈၀)ကျော်ကုန်ပါပြီ သို့သော် **"မသေပါနဲ့အုံး" "ရှေးနှစ်ခါ"ရှစ်နှစ်ခါ...ရှစ်ရှစ်နှစ်ခါ** (၈၈၈၈) ပွဲကြီးပွဲကောင်း ဖိုးဖိုးတို့စခဲ့သော လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးပါဘူး မြန်မာနိုင်ငံ ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး ရယူခဲ့သည်ကိုအတုကြီးပါ ပြောလိုပြောအင်္ဂလိပ် နအဲတလီစာချုပ်ဖြင့် အတည်ပြုခဲ့ပါသည်။ တကယ်တမ်း လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း အမှန်လုပ်ခဲ့သော လွတ်လပ်ရေးဖြစ်သည်။ လူတော်သတ်တာ မြန်မာသမိုင်းလားဟု ထင်မှားမိသည့် ဗုဒ္ဓဘာသာတို့သည်။

"မစ္ဆရိယမနာလိုဝန်တိုခြင်း" သည် ဘုရားမကြိုက်ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကျဆုံးခဲ့ရသည်။

**"ပယ်လှဲ့ရှင်းချ အလင်းပြလျှက် သဒ္ဒမ္မခေတ် ငါးထောင်နှစ်ထက် ပွားသစ်စရေ ရွှန်းရွှန်းဝေသည့် ထွန်းဝေရောင်ဝါအမြဲတည်း"**။ သာသာနာ့ဝိနယသြဘာသ ဖြစ်သည်။

မြန်မာပြည်သမ္မတ ဦးဝင်းမောင် ဒွိပိဋကက ဝန်ကြီးချုပ်ဦးနုတို့ သာသနာအတွက် ကမ္ဘာအေးကုန်းမြေ မဟာကမ္ဘာတကယ် အေးချမ်းအောင် သာသနာ ဆဋ္ဌမအကြိမ်မြောက် သင်္ဂါယနာတင်ခဲ့ကြသည်။

သို့သော်ရာဇာမင်းမညီးသေးသော စစ်တံခိုးဖြင့် တစ်မိန့် တစ်အာဏာအောက် အုပ်ချုပ်မှု စခဲ့ပြန်ပါသည်။ အသက်ရှစ်ဆယ်အဘိုးတို့ ခါးကုန်းကုန်း မြင်နိုင်အုံးမယ်ဆိုလျှင် ကျွန်တော်တို့ဗိုလ်ချုပ် လျှောက်ခဲ့သောလမ်း လွတ်လပ်မှု ဒီမိုကရေစီ လူ့အခွင့်အရေး မြေးသားလေးတွေ သွေးနဲ့ရေးခဲ့ရပြီပေါ့..။

**လရာသီအခါစစ်တော့ ဗြိစ္ဆာရာသီ၊ နက္ခတ်ကြွံတာက ကျဆ္တိကာ၊** မြန်မာပြန် တန်ဆောင်မုန်းလ ကြယ်တွေစုံတဲ့လ (တန်တာဆောင်းဘို့ အမုန်းအပြစ်ခံခဲ့ရတယ် အဖိုးရယ်)

အဘိုးတွေမသေ မြေးလေးတွေ ရှစ်လေးလုံး အရေးတော်ပုံ တန်ဆောင်မုန်းမှာ ကြည့်ပါအုံးလို့ အဘိုးတို့ကို သနားစဖွယ်လေးမြေးလေးတွေ ဆိုသံ အခုမကြားရတော့ပြီ...ပြီးသွားတော့မကြားရတော့ပြီပေါ့...။

အခုတော့မြေးလေးတွေ စာတွေပြောင်းကုန်ကြပြီ စာလေးကတော့ ကဗျာအလှတစ်မျိုးဆင်ခဲ့ ပြန်သည်။

**"မမဝဝ...ထထက... အကပထမ**
**ကပါ ကပါ...မမရာ...ညညလသာသာ**
**ညအခါ ...ငါစာရ..မမဝဝထထက...."**



စာကဗျာတို့ရဲ့ ဖန်တီးရှင် **"ဆရာကြီးတင်မိုး"** အဗျာအမြင် "ဗျည်း" သက်သက်စာစဉ်ပြီး ကလေးတွေလည်း အမြင်လွယ်အောင် "သရ" တွဲပုံကလည်း ရိုးရိုးစာလုံးပေါင်း(၃၇) လုံး မှာ(၈)လုံးသာ "အာသရ"နဲ့တွဲ ရေးဖွဲ့ခဲ့သည်။ ကလေးတွေလည်းဖတ်ရရှင်း၊ ရိုးရိုးရှင်းရှင်း **"အသဒ္ဒါနှင့် အာ"** သဒ္ဒါ ပိုင်နိုင်စွာရေးစပ်ခဲ့သော ကဗျာလေးဖြစ်သည်။ ယနေ့ ဒီကဗျာလေး အမိနိုင်ငံတော်အတွက် အချက်ကြရေးစပ်ခဲ့သလား၊ အတိတ်ဘောင် လောကမြင်အောင်များ ရေးခဲ့လေသလားထင် ဟက်မိသည်။

မမတွေပြည်သူလွှတ်တော်ဝင်းထဲ ပြောဆိုခွင့်ရကုန်ကြပါပြီ။ စာပေတွင် ကဝိပညာရှင်တို့ရှိ၏၊ အနုပညာတွင် စည်းဝါးရှိ၏၊ စကား အရာတွင် **"မေတ္တာ"** သစ္စာတရားတို့ရှိ၏ ။ အင်အားအကြီးမားဆုံး မေတ္တာ အမှန်ဆုံးသစ္စာတရားတို့ဖြစ်သည် ထိုတရားနှစ်ခုနားလည်မှု အမှန်အားကောင်းမှ အကောင်းအမှန်ဖြစ်သည်။

စာရေးသူငယ်စဉ်က အပေါင်းအသင်းများနှင့် ကျောင်းတက်ရင်း ၁၉၇၄ ခုနှစ်အချိန်ကဖြစ်သည်။ ဆေးလိပ်ခိုးသောက် ဆရာမိဘတွေသိ

တော့ ရိုက်ခံရ အဲဒီတုန်းက အမှတ်တရ ဆရာတင်မိုးရဲ့ သုံးချောင်း ကဗျာ **"ဆေးလိပ်တို"** ကဗျာပေါက်စ-စာပေါက်စအရွယ် အလယ် တန်းကျောင်းသားဘဝ သဘောကြခဲ့ရတဲ့ ကဗျာလေးတစ်ပုဒ် ဒါပေ မယ့် ဆရာတင်မိုးပေးခဲ့တဲ့ နာမည်က - **"ညည်သည်ကြီး"**

**ဆေးလိပ်လည်းတို၊**
**နေလည်းညိုပြီ၊**
**ငါ့ကိုပြန်ပို့ကြပါလေ။ ။**

ကဗျာဟန် စာဟန် ရေးဖွဲ့ဟန်တို့သည် မြင်လွယ်ထင်လွယ် မှတ်သားလောက်ဖွယ်ဖြစ်သည် လူ့ဘဝဧည့်သည် ဆေးလိပ်တိုကလေး နဲ့ ဥပမာပြုခဲ့သည် ဒီကဗျာလေးစာသုံးချောင်းပေမယ့် စာပေဂီတ ရုပ်ရှင်အထိ သုံးချောင်းကဗျာလေး လူသားတို့ထံရောက်ရှိခဲ့သည်။



ယနေ့ကလေးကျောင်းစာကလေးအဖြစ် ပြထမ်းပြီး ဒီစာကဗျာလေးရဲ့နေရာ မြန်မာသမိုင်းကြောင်း စာပန်းချီတစ်ချပ်အဖြစ် **"မမဝဝ"** အမျိုးသမီးတွေ နိုင်ငံတော်အပေါ်ကိုယ်တိုင် ဝင်ရောက်လုပ်ပိုင်ခွင့်ရရှိပြီး အများသဘောကြ လွှတ်တော်အမတ်နှင့် နိုင်ငံတော်အကြံပေးအရာရှိ အမေရိကန်-ကုလသမ္မဂ္ဂနှင့် နိုင်ငံတကာအပါ အဝင်ကမ္ဘာပေါ်တွင် ဆုတံဆိပ်အများဆုံး ပိုင်ရှင်ဟု ခေါ်ဆိုလောက်အောင် (၁၀၇)ဆုပိုင်ရှင် မြန်မာပြည်၏ နိုင်ငံတော် ဖခင်ဗိုလ်ချုပ်သမီးဒေါ်စုကြည်နှင့် မြန်မာပြည်လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးများဖြစ်သည်။



စာပေလောကသားတို့ မြန်မာပြည်သူအပေါင်းလေးစား ဂုဏ်ယူဖွယ် ဆရာကြီးမင်းသုဝဏ်၏ သားဖြစ်သူ နိုင်ငံတော် သမ္မတ-စာပေသမားစစ်စစ် ဦးထင်ကျော်သည် ဇမ္ဗူဒီပါ ဩဘာတောင်ကျွန်းနိမိတ်ထွန်းသော ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်ခရိုင် ရွှေခြံမြေမုခ် ကျွန်း-သာသနာထွန်းလင်းခြင်း စခဲ့သည်။ ၁၀၃ ခု မဟာသက္ကရာဇ် မြတ်ဗုဒ္ဓ၏ ဆံတော်ရှင် ဦးစွာ ပင့်ဆောင်ရပ်နားခဲ့သော သာသနာအလင်းထူး

တံခွန်ဦးစေတီတော် သာသနာအောင်လံ မြန်မာပြည်ကမ္ဘာတွင် စတင်လွှင့်ထူရာ အရပ် ဂရမ်ကြီး ၂၅၀၀ ပိုင်ဇာတိရပ်မြေ ကွမ်းခြံကုန်းမြို့မှ စတင်ခဲ့သည်။

ဇာတိနတ်မောက်၊ မကွေးတိုင်းတို့သခင် ဗိုလ်ချုပ်နှင့် စာပေပညာရှင်တို့အလင်းစွမ်းပကား **(ဆရာကြီး မင်းသုဝဏ်)**တို့၏ အရပ်သားကောင်းများအဖြစ် ယနေ့မြန်မာပြည်အထွတ်ရောက်နေချိန်ဖြစ်သည်။

သာသနာနှင့် ရာဇာထွန်းလင်းချိန် နေလနှစ်ဖြာ စွမ်းအားဆောင်သောအချိန်ဖြစ်သည် "**မမ ၀၀ ထထက**" မြန်မာ ပြည်စစ်တွင်းကာလ မငြိမ်းချမ်းဘဲ လင်သွား .. မယားပါ စားနေဝဋ်ဒုက္ခ ခံစားရသူမိခင်အမျိုးသမီးများကိုယ်စား ငြိမ်းချမ်းမှုရလာဒ်ပေတည်း ။ "**အကပထမ**" ကမ္ဘာငြိမ်းချမ်းရေးဆုရှင်၏ မွန်မြတ်စေတနာ "သာသနာသမ္ဘဂ္ဂါ" မြတ်ဗုဒ္ဓ အဆုံးအမ ညီညွတ်ခြင်းကို အကောင်းဆုံး ပထမတန်းစားဖြစ်အောင် ဂရိတ်ဝမ်း ပထမတန်းစာဖြစ်ခဲ့သည်။

"**ကပါ ကပါ မမရာ**" တောတောင်အထပ်ထပ် မနေမနားလက်နက်ကိုင် အမှောင်ထုမှ အလင်းစွမ်းပကားပွင့်လင်းမြင်သာလိုတာပြောရအောင် စွမ်းဆောင်နေခြင်းကို ညွှန်းဆိုခဲ့သည်။

"**ညည လသာသာ**" ညအမှောင်သဘာဝဖြစ်ပေမယ့် လသာလျှင်အပြစ်ကင်းတဲ့ ညအလင်းဟာ ဘယ်အရာနှင့်မျှ မလဲနိုင်တဲ့ ငြိမ်းချမ်းမှုသမ္ဘဂ္ဂါ မြတ်ဗုဒ္ဓကျမ်းအလာ ချမ်းသာခြင်း အစစ်ဖြစ်သည်။ "**ညအခါငါစာရ**" အမှောင်အလင်း ခွဲခြားတတ်မှု "စာနာမှု" ကိုယ်ချင်းစာတက်မှု ကိုယ်ကျင့်သိက္ခာ သီလ သမ္မာ ပြည့်စုံမှုသာ ချမ်းသာမှုအမှန်ဖြစ်သည်။

နေ့အခါလူသားတို့ စားနေဝတ်သုံးပါးအတွက် အလုပ်နှင့်လက်ကာယအား ဉာဏအား စွမ်းပကားဖြင့် ကြိုးစားပြီး အိမ်ပြန်အနားယူချိန်ညအခင်း လမင်းကြီးရဲ့ အလင်းအားသည် ကမ္ဘာတန်ဆာ ဖြစ်သည်။

နေမင်းသည် နေ့အခါ သစ္စာတရားအလင်းစွမ်းပကားအားလမင်းသည် ညအခင်းမှာ ငြိမ်းအေးခြင်းမေတ္တာစွမ်းပကားတို့ရှိသည်။ လူသားတို့ ဘ၀သည် အမိအဖ ယှဉ်တွဲရှိနေကြသည် လူသားတို့ နေသောယနေ့ ဘဒ္ဒကမ္ဘာ ထူးမြတ်လွန်းသော ငါးဆူဘဂ၀ါပွင့်ထွန်းသည့် သာသနာ ကမ္ဘာဖြစ်သည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမ စတင်ထွန်းလင်းခြင်းသာသနာ့ အောင်လံ စတင်ထွန်းပေါက်ရာ ဇမ္ဗူဒီပါ ဩဘာသ သာသနာရောင်၀ါ နိမိတ် ကောင်းမြတ်သော ဟိတ်တို့ကြရောက်ဖို့ရန် သာသနာနှစ် ၂၅၅၂ ခု ကက်ကင်းလည်ပြန်သောနှစ် မဏိမေခလာနတ်သမီးကြီးနှင့် အထက် ဘိုးတော်သိကြားမင်းတို့ **"သာသနာသန့်စင်မိုး"** မေလ ၂ရက်နေ့ နိုင်ငံတော်ရွေးကောက်ပွဲနေ့ နာဂစ်-မုန်တိုင်းတိုက်ခတ်ခြင်းမှ စခဲ့လေ သည်။ သာသနာအတွက် ထူးကဲစွာ စေတီတော်များ ထွန်းတောက်ခဲ့ သည်။

သာသနာ-ဥပါသကာအစပြုပြီး ရွှေတိဂုံစေတီတော် နာဂစ် မုန်တိုင်း ကျေးဇူးဆံတော်ကြိုစေတီ ဇဆူ နေပြည်တော်ရွှေတိဂုံပုံတူ အပါအ၀င် စေတီပေါင်း ၃၀၀ ကျော် သာသနာနှင့် ဒါယကာ ဖူးပွင့် ဝေဆာ ကြည်ညိုဖွယ်တို့ဖြစ်သည်။

တစ်မိနိ့တစ်အာဏာ ရာဇာတို့ပျက်သုံးချိန် "မဟာသမ္မတ" မင်း တို့၏ သီလ သမ္မာ ပညာတို့သည် **"ညအခါငါစာရ မမ၀၀ ထထက"** အမှန်တရားများ ဖော်ဆောင်ရာ "သတိပညာ" အာဘာနတ္တိ အာစာရ ဆရာတော် သံဃာတော်တို့ ဆည်းကပ်မှု မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာ အလင်းရောင်ဘုန်း သဘာအစွမ်းသာဖြစ်လေသည်။

ဇမ္ဗူဒိပ်ဂျာနယ်၊ ဧပြီ ၂၀၁၇

# ရွှေခုံမြေမှ သိမှတ်အံ့ဖွယ်ရာ စေတီ

**"တံခွန်ဦးမင်္ဂလွန်းအောင်စကြာ"** စေတီတော် အကြောင်းပြု သာသနာထက်ဝက်ကျော် ခရီးမြတ် ဗုဒ္ဓဗျာဒိပ်တော် သာသနာပြန်လည် ထွန်းပေါ်ခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်ပြီး သာသနာနှစ် တစ်ရာကျော်ခရီးမှ သာသနာပြိုးမှိန်လို့ စေတီတော်တွေ ချုံနွယ်ဖုန်းပြီး တောတောင်အတွင်း ရောက်သလို ဖြစ်ခဲ့သည်။ **သာသနာဝိမုတ္တိခေတ် တစ်ကျော့ပြန်** သက္ကဒေဝါ စောင့်ရှောက်သော သာသနာခရီးစေတီ တော် သာသနာခရီးစေတီတော်များ ထွန်းထောက်ခြင်း၊ သစ္စာတရား များနှင့်အတူ အနတ္တလက္ခဏာသုတ်၊ မဟာသတိပဋ္ဌာန်းကျင့်စဉ်များ ထွန်းကားခြင်းဖြစ်သည်။

**ကမ္ဘာဦးအစ မဟာ သမ္မတ မင်းများခေတ်** တရားနတ်စောင့်ခြင်း၊ သမ္မတတို့ဘုန်း ပြည်သူ၏ လက်ရုံး နှလုံးသားဖြင့် အမှန်မြင် အသိ ဉာဏ်တို့ဖြင့် ယှဉ်သော ခေတ်ပြန်လည်ကြရောက်ခြင်း ဖြစ်သည်။

တံခွန်ဦး မင်္ဂလွန်းအောင် စကြာစေတီတော်သည် ကမ္ဘာ့တန်ဆာ မြတ်ဗုဒ္ဓ၏ လေးဆူမြောက် ဘဂဝါတို့၏ သီရိယ ဓာတ်တော်မွေတော်

တို့ ကိန်းအောင်းရာ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း နိမိတ်ကောင်းခြင်း လက္ခဏာ ဂရမ်ကြီး ၂၅၀၀ ပိုင်အတွင်း ရွှေခြံမြေမုခ်ကျွန်းမည်သော နိမိတ်ကောင်းဖြစ်လေသည်။

၁၀၃ ခုနှစ် တပုဿညီနောင် သာသနာအတွက် ဥပါသကာ အဖြစ် ခံယူလျက် ဂေါတမမြတ်စွာဘုရားရှင်၏ထံမှ ဆံတော်မြတ်ဖြင့် စေတီတည်ရန် ပြန်လာစဉ် သာသနာ့အလံ တံခွန်စိုက်ထူ၍ ဆံတော်ဖူး တွေ့ခွင့်စခဲ့သည့်နေရာ တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော် တည်ထားခွင့် ဥက္ကလာပမင်းကြီး၏ ခွင့်ပြုချက် ဆံတော်နားစေတီ၊ ဆံတော်ပနက်စေတီ၊ မှန်လမ်းပြစေတီတော်များအဖြစ် ယနေ့ဆံတော်ကြို စေတီတော်များဖြစ်သည်။

**ဦးစွာ သာသနာ့အလံစိုက်ထူ၍ အပူဇော်အကြည်ညိုစတင်လျက် မြတ်ဗုဒ္ဓသီရိယ ဓာတ်ဆံတော်ဖူးတွေ့ ကြည်ညိုခြင်း "သရဏဂမန သရဏဂုဏဂုဏ်" သာသနာပူဇော်ခွင့် စိတ်စေတနာ သဒ္ဓါဖြောင့်တန်း ပူဇော်မှုစခဲ့သည်။**

ယနေ့သာသနာတော်နှစ် ၂၅၀၀ ကျော်တွင် ရွှေခြံမြေမှ သိမှတ် ဖွယ်ရာ အံ့ဖွယ်ရာများ တဘောင်နိမိတ်ရှိနေခဲ့သည်။

တံခွန်ဦး မင်္ဂလွန်းအောင်စကြာစေတီအဝန်း "တော် ၉ လုံး"၊ "ကုန်း ၉ ကုန်း" "ခလောက် ၉ လုံး" ဖြင့် တန်ဆာဆင်ပြီး ဇမ္ဗူဒိပ်တွင် သာသနာနေမဝင် လင်းလက်စဉ်ဟု ဖော်ဆောင်ခဲ့သည်။

### ၁။ တော် ၉ လုံး

တံခွန်ဦး မင်္ဂလွန်းအောင်စကြာစေတီတော် သာသနာအလယ်ထင် ပေါ်ဖွယ်အဖြစ် တော်ခရမ်းကြီးရွာသည် စေတီတော်၏ အရှေ့မြောက် အရပ်အောင်မြေဖြစ်သည်။

ရွာကြီး ၉ ရွာ အမည်များမှာ-

၁။ တော်ခရမ်းကြီး၊

၂။ တော်ကူးကြီး၊

၃။ တော်ပြာ၊

၄။ တော်လမ်း၊

၅။ တော်ခလူး(သရက်တော)၊

၆။ တော်ကဆော့၊

၇။ တော်ကေး၊

၈။ တော်ကလိပ်၊

၉။ တော်ကူလေး(သောင်ခုံရွာ) တို့ဖြစ်သည်။

၁။ တော်ခရမ်းကြီးကျေးရွာသည် ရှေးမွန်တို့အခေါ် နာမည်ဖြစ်သည်။ မြန်မာပြန်-တော်ခရမ်းကြီးသည် (ခြံကြီးရွာ) ခြံဝန်းကြီးများ ခတ်နေတတ်သော ရွာကြီးဖြစ်သည်။

ရွှေရောင်လွှမ်းနေသော သဲသောင်ပြင် ရေအတက်ထိုးဝါးဖြင့် တိုးဝင်ခဲ့ရသော တိုးမြစ်ကြီး ကျက်သရေဆောင် ရွှေခြံမြေမျက်နှာစာ ကွမ်းခြံကုန်းမြို့၏ အဓိကကျောထောက်နောက်ခံ ဆန်စပါးနှင့် သီးနှံစုံထွက်သော ရွာဖြစ်သည်။

၂။ တော်ကူးကြီးရွာသည် တော်ခရမ်းကြီးကျေးရွာနှင့် တစ်ဆက်တည်း ရွံ့နွံ့မဖက် သဲကုန်းတန်းကြီးဖြစ်သည်။ ရွာလယ် ဆရာတော်ကြီး ဦးကောဏ္ဍည- ဆရာတော်ကြီးသည် ယခုလက်ရှိ ဦးရေဝရ ဆရာတော်ကို မဟာသက္ကရာဇ် ၁၃၄၄ ခုနှစ် နတ်တော်လဆန်း ၈ ရက်နေ့တွင် ကျောင်းနှင့်တကွ လဟုဘဏ်၊ ဂရုဘဏ် ကျောင်းအသုံးအဆောင် အားလုံးလွှဲအပ်ခဲ့သည်။

ဆရာတော်ကြီး ဦးကောဏ္ဍညသည် လယ်တီဆရာတော်ကြီးနှင့် စာသင်ဘက် တောနေရဟန်းအဖြစ် သာသနာ့ဝတင် ကျင့်ဘက်ဖြစ်

သည်။ ဆရာတော်ကြီးသည် လေရောဂါဖြင့် တစ်ကိုယ်လုံး မလှုပ်နိုင်အောင် ခံစားနေချိန်တွင် ရွှေတိဂုံစေတီလာရောက် ဖူးနေခြင်း အမှတ်မထင် တွေ့မြင်ကြရသော လူများဆရာတော်ကြီးထံရောက်လာကြပြီး အံ့ဩဖွယ်ရာ ဖြစ်ရပ်ဆန်းများ ကြားသိနေကြ၍ ကျောင်းတော်ကြီး စည်ကားစွာ တော်ကူးကြီး လယ်ပေါ်ကျောင်းဆရာတော် ရဟန္တာဖြစ်ကြောင်း ဖူးမျှော်ကြည်ညိုကြကြောင်း သတင်းကောင်း ထူးခြားပေါ်ပေါက်လျက် ပျံလွန်တော်မူသောအခါ ဓာတ်တော်များ ကြွင်းကျန်ခဲ့လေတော့သည်။

တော် ၉ လုံးမှ ထူးခြားအံ့ဖွယ်သာသနာနယ် ဂရမ်ကြီး ၂၅၀၀ အနီး ရွှေခြံမြေမုခ်ကျွန်း သာသနာထွန်းတောက်ခြင်း ဖြစ်လေသည်။

၃။ တော်ပြာ။ ၄ တော်လမ်း။ ၅ တော်ခလူး ယခု(သရက်တော) ရွာသည် အပါအဝင် ဖြစ်သည်။

၆။ တော်ကဆော့၊ ၇။ တော်ကေး၊ ၈။ တော်ကလိပ်နှင့် ၉။ တော်ကူးလေး ယခု သောင်ခုံရွာဖြစ်သည်။

သောင်ခုံရွာ - သဘော်သုံးခါဦးတိုက်မည် သောင်ခုံမြေ တစ်စလောင်း တစ်သောင်းတန်မည်ဟုလည်း ရှေးတစ်ဘောင်တို့ရှိခဲ့သည်။ ပင်လယ်ကူးသဘော်ကြီး ထိုသောင်ခုံ သဲသောင်တင်ပြီး လမ်းမှား၍ နှစ်ခါဖြစ်ခဲ့ကြောင်း ရွာနေ ကိုမြင့်ဦးနှင့် လူများ ပြောစကား ကြားသိခဲ့ရသည်။

**"လက်ခုတ်အစ၊ သရက်အလယ်၊ သခွပ်အဆုံး ဖျိုင်းစွန်းကျွန် စည်ကားရန် နိမိတ်ဟူသောအခါပေးတဘောင်လည်းရှိခဲ့သည်"**။

ပင်လယ်ကမ်းခြေ ရွှေခြံမြေမုခ်ကျွန်းပိုင်အတွင်း လက်ခုတ်ကုန်းကျေးရွာ၊ သောင်ခုံအမည်ခံတော်ကူးလေးကျေးရွာတို့ စည်ကားမည်ဖြစ်ပြီး သခွပ်ပင်ရွာ ဖျိုင်းစွန်းအငူတို့ အပါအဝင် ပင်လယ်ကမ်းခြေရွာများ ထွန်းတောက်စည်ကားသော ရွှေခြံမြေအလှမုခ်ကျွန်း

သဲသောင်-ရွှေဝါရောင် သာသနာစေတီတော်များ ထွန်းမည့်နေရာ ဖြစ်လေသည်။

## ၂။ ကုန်း၉ကုန်း

**တံခွန်ဦးမဂ်လွန်းအောင်စကြာ** စေတီတော်ကြီး မြောက်ဘက် ကုလားကြီးကုန်းအစပြုပြီး တော် ၉ လုံးနှင့်အတူ ကုန်း ၉ ကုန်းသည် လည်း သာသနာတော်နှစ် ၂၅၀၀ ကျော်ခရီးပေါ်ထွက်ချိန် ဥက္ကလာပ မင်းကြီး၏ ၁၀၃ ခု မဟာသက္ကရာဇ်အစပြုခဲ့သော သာသနာဦး စေတီ ထူး ရွှေတိဂုံစေတီတော်၏ အရံစေတီတော်များအဖြစ် မှန်လမ်းတက် ပနက်စေတီတော်များအဖြစ် သာသနာတိုင် စေတီတစ်ဆူတည်ရန် မှန်လမ်း ပနက်ကြီးများ စိုက်ထူ၍ အုပ်မြစ်ချမြဲဖြစ်သည်။

သာသနာ့တံခွန်အမှတ်ပြု၍ သာသနာ့အလံ စေတီတော်များ စတင်ပြီး အုပ်ခြေချလုပ်ခဲ့ကြရသည်။ စေတီတော်များ ပြီးမြောက် အောင်မြင် ထီးတော်တင်သည့်နေရာ အမှတ်အသား "တံခွန်တိုင်" စိုက်ထူလျက် တံခွန်နှင့် ဘုရားဟူသော ရှေးစကားအတိုင်း စေတီ တော်ကြီးအတွက် တိုင်အမှတ်အသား သာသနာသက်သေသမိုင်း မှတ်တိုင်ကြည်ညိုဖွယ် သမိုင်းသက်သေတိုင် ကျောက်စာရေးထိုး စေတီတော်အောင်မြေသက်သေ သာသနာတိုင်တွေ စေတီတော်တွေ တံခွန်တိုင်စိုက်ထူလျက် လေ့လာဖွယ်တို့ တွေ့ရလေတော့သည်။

စေတီအစတည်ရာ အတွင်းသက်သေအောင်လံ သာသနာတိုင် စေတီတော်များ ပြီးမြောက်အောင်မြင်သော အပြင်တိုင်တံခွန် ကျောက် စာတိုက်တို့ အတွင်းတိုင် အပြင်တိုင် အခိုင်အမာ သမိုင်းသက်သေ တိုင်တို့ ယနေ့စေတီတော်များ သာသနာသက်သေဖြစ်လေတော့သည်။

မြေနီ-ရွှံ့-သဲ၊ နှုန်း-မြေပြင် သုံးမျိုး ရွှေတိဂုံစေတီတော် တောင် ဘက် မြေနီ-ရွှံ့ သဲ နှုန်းမြေတို့ရှိသော ပထဝီမြေပြင်ဝယ် မဏိမေခလာ

ဘုန်းတံခိုးကြီးသော ရေစောင့်နတ်သမီးကြီး ပင်လယ်ရေဆုပ်လျက် ကမ္ဘာ၏ ပေဒသာပင် ဆန်စပါးသီးနှံ ဖြစ်ထွန်းရန် မြေနီရွံ့၊ မြေမဲရွံ့ နုန်းမြေတို့ ဖြစ်ပေါ်ခြင်း လူနေစရာ သဲဖြူခင်း သကဲ့သို့ သဲကုန်းတန်း ကြီးများလည်း ရွာတန်းရှည်ကြီးများ တည်နေရန် သီးသန့်ခင်းကျင်း တည်ဆောက်ပေးထားခြင်း ဖြစ်လေသည်။

ယနေ့ထိတိုင် ကွမ်းကုန်းမြို့ ရွှေခြံမြေမုခ်ကျွန်းတစ်ပိုင် မြင်တွေ့နေရလျက်ရှိနေသည်။ ယနေ့ သာသနာထက်ကျော် စည်ကားစေရန် သာသနာ့ဒေဝါ အခြံအရံနှင့် စေတီတော်ဝန်းကျင် ၉ ဂဏန်းတို့ဖြင့် ရွာကြီးများ ကျွန်းချောင်းကျေးရွာအရှေ့ဆက်လျက်သဲကုန်းတန်းရွာကို တောင်ကုန်းကျေးရွာအဖြစ် ယနေ့စေတီ ၃၀ (ဘုရား ၃၀) အလွန် လမ်းခြားမှ အစပြုလျက် တောင်ကုန်းရွာသည် လိပ်ပြာကန်ရှေးခေတ် ကျောက်မိကျောင်းနှင့် အစားကောင်းကိုဖာတို့နေရာ သမိုင်းဟောင်း မြေပြင် အရှေ့တည့်တည့်မှစေတီတော်မြေပြင် ညွှန်းဆိုလျက်ရှိသည်။

"စေတီတော်နှစ်ကုန်း၊ ချောင်းတန်းနှစ်ကုန်း ပင်လယ်ကမ်းခြေ ကုန်းငါးကုန်း- ကုန်း ၉ ကုန်းမှ သာသနာ့ဝန်ထမ်း မြတ်ရဟန်းတို့ ထွန်းတောက်ခဲ့သည်။

"စေတီတော်နှစ်ကုန်း"ဆိုသည်မှာ မင်္ဂလွန်းအောင်စကြာစေတီ၏ အနီးအပါး ကုလားကြီးကုန်း (ယခုရေတွင်းကုန်း)နှင့် တောင်ကုန်း ကျေးရွာ ထိုနှစ်ရွာကို ညွှန်းဆိုသည်။

"ချောင်းတန်းနှစ်ကုန်း"ဆိုသည်မှာ တပုသသညီ နောင်ဆံတော် ပင့်ဆောင်ရာ ယနေ့ ကွမ်းခြံကုန်း ဒလကားလမ်းတစ်လျှောက် တောင် ဘက်-ကွမ်းခြံကုန်းချောင်းဘေးရှိ တရုတ်ကုန်းကျေးရွာ မြေနီကုန်း ကျေးရွာနှစ်ရွာကို ဆိုလိုသည်။

"ပင်လယ်ကမ်းချေကုန်း ငါးကုန်းမှာ" ဇီးကုန်းရွာ၊ သဲကုန်း တန်းရွာ၊ လက်ခုတ်ကုန်းရွာ၊ ကညင်ကုန်းရွာ၊ မယ်ရပ်ကုန်းရွာတို့

ဖြစ်ကြသည်။ ယနေ့သည်ပင် ရွာဦးရွာထိပ် စေတီပုထိုး ဘုန်းတော်ကြီး ကျောင်းများနှင့် ကျေးရွာဓလေ့ ပျော်ဖွယ်ရာ ကြည်ညိုဖွယ်ရာ ရတနာ သုံးပါး ဆည်းကပ် ရိုကျိုးလျက် ထူးကဲလှသည့် သာသနာလင်္ကာ တောင်ကျွန်း ထွန်းလင်းခြင်း စတင်ခဲ့ရာ ရွှေခံမြေမုခ် ကျွန်းသာသနာ့ ပန်းကုန်းအဖြစ် အဘိုးအဘွားတို့ စိတ်ပူတီးကို လည်တိုင်ဆွဲ ဗုဒ္ဓ ဂုဏ်ရည် လွှမ်းခြုံလျက်ရှိနေသည်သာဖြစ်သည်။



ဖယ်ရပ်ကုန်းဆရာတော်ကြီး

ထိုကုန်း ၉ ကုန်းမှ အံ့ဖွယ်ရွာ တစ်ရွာမှာ "မယ်ရပ်ကုန်းဆရာ တော်ကြီး" ဖြစ်သည်။ သီလ-သမ္မာပြည့်စုံစွာဖြင့် ကျင့်အားသန်စွာ ဘုန်းတန်ခိုးလွှင့်ထူပေါ်ပေါက်ခဲ့လေသည်။

ဗုဒ္ဓဂုဏ်ရည်မြင့်မားစွာ ဓမ္မဂုဏ်ရည် မှန်ကန်စွာ သံဃာဂုဏ်ရည် ထင်ရှားစွာ အားထားကိုးကွယ်ဖွယ်ရာ သာသနာသည် မြန်မာပြည် သာသနာ့လမ်းကြောင်း သာသနာအဆုံးအမ ပထဝီမြေမှ သက်သေစ ခဲ့သည်။

မြတ်ဗုဒ္ဓမွေတရားတော်တို့၏ ဂုဏ်ရည်သောတာပတ္တိယင်္ဂတရား လေးပါးရှိသည်။

၁။ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော "မြတ်စွာဘုရား၌" သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း။

၂။ ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော "တရားတော်၌" သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း။

၃။ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော "သံဃာတော်၌" သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း။

၄။ မကျိုးမပေါက် မပြောက်မကျား သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အရိယာငါးပါးသီလနှင့် ပြည့်စုံခြင်းတို့သည် သောတပတ္တိဉာဏ်ရကြောင်းဖြစ်သည်။

မြတ်ဗုဒ္ဓလေးဆူသော ဓာတ်တော်မွေတော်တို့ ကိန်းဝပ်တော်မူရာ ရွှေတိဂုံစေတီတော် ၃၅ မိုင်အဝန်းရှိ သူတော်ကောင်းများ တရားသိလွယ် ကျင့်လွယ် မဂ်ဖိုလ်ရကြောင်း၊ ဗျာဒိပ်ကောင်းလည်းရှိနှင့်ပြီးနေရာ ဖြစ်လေတော့သည်။



ရွှေတိဂုံ မဟာဗုဒ္ဓဝင်ပြတိုက်မှ

## ၃။ ခလောက် ၉ လုံး

ခလောက်ဟူသည် ရှေးကျသော အသံပေး အချက်ပြသင်္ကေတ တစ်ခုဖြစ်သည်။ ဝါးခလောက်၊ သစ်သားခလောက် တိုးတက်မှုအဖြစ်

သံ၊ ကြေးတို့ကို ယနေ့ထိ မြင်သိနေရမြဲဖြစ်သည်။ (ခေါင်းလောင်း၊ ဆည်းလည်း)ဟုလည်း အမည်ပြုဖွယ်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း သာသနာသက္ကရာဇ် ၂၅၀၀ -၂၆၀၀ ကျော်ကာလမှ ပထဝီမြေပြင်နှင့် ရေမြေသဘာဝ သင်္ခါရတရားတို့အရ "ဖြစ်" "တည်" "ပျက်"ကာလတို့ကို ကျော်လွန်ခဲ့ကြရ၍အပြောင်း အလဲများရှိနေသည်။ သို့သော် ဗီဇ-နိယာမ၊ ကမ္မနိယာမ၊ သဘာဝ နိယာမတို့သည် **ဖြစ်ခြင်းတရား၊ ပျက်ခြင်းတရားတို့၏ တည်မြဲသော ဓမ္မသဘော**တို့ရှိလျက် ဖြစ်သည်။

ကာလတစ်ခုအထိ တည်တံ့စေပြီး အသင်္ခါရဓာတ်ငြိမ်းအေးခြင်း မြတ်သော နိဗ္ဗာန် သန္တိသုခတရားသည် အမှန်ရှိကြောင်း အဘိဓမ္မာ လောကုတ္တရာ တရားတော်လာဖြစ်သည်။

ဘဒ္ဒကမ္ဘာ၏ဂေါတမမြတ်ဗုဒ္ဓသာသနာတော်သည် အနာဂတ်သံသ-မြတ်ဗုဒ္ဓဗျာဒိပ်တော်- အနှစ် ၅၀၀၀ သာသနာမြတ် ဗုဒ္ဓအဆုံး အမ ပရိယတ္တိဒေသနာ အာဏာစက်တို့ တည်မည်ဟု ကျမ်းအလိုတို့ ရှိခဲ့ ကြသည်။

စေတီတော်ကြီးများမှ ဆည်းလည်းသံ၊ ခေါင်းလောင်းထိုးသံ၊ ကြေးစည်းသံတို့သည် အမျှဝေသံ၊ သာဓုခေါ်သံအဖြစ် ဒါနပါရမီ အစပြုကောင်းမှု အသံတို့သာဖြစ်သည်။

**"ခလောက်နှစ်လုံး ရေတွင်ဆုံး၊ ခြောက်လုံး အလို့အသံမလာ၊ တစ်လုံးသံဃာ ခလောက်တရာ"**ဟူ၍လည်းကောင်း၊ **"ခလောက် ရှစ်လုံး ပျက်ကာသုံး၊ တစ်လုံးသံပေါက် တစ်ဒေါက်ဒေါက်"**ဟူ၍ လည်းကောင်း ခလောက်ပါသော ရှာကြီး ၉ ရှာမှ 'ခလောက်'ဆို သည့်အတိုင်း အသံမည်ဖွယ် သာသနာနယ် အချက်ပေးမည့် ကောင်း သတင်းနိမိတ်တို့ဖြစ်သည်။

**တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီတော်** တိုးမြစ်ကမ်းဘေးအနီး တောင်ဘက် တိုးမြစ်ကမ်းဘေး **"ကျွဲခလောက်"** ကျေးရွာ-တောင် ကုန်းချောင်း၊ ကျွန်းချောင်း ချောင်းနှစ်ရွာ၏ အလယ် တိုးမြစ်တွင်း ရေမျောကျခဲ့ရသည့် ကျေးရွာနေရာဖြစ်သည်။(ရှေးကတို့ဆိပ်ဟောင်း)။

စေတီတော်၏ မြောက်ဘက် **"ခနောင်ခလောက်မှော်"** ရွာ ""ခနောင်""သည် မွန်ဘာသာအရ "ဝဲကတော့"ဟု မြန်မာဘာသာ ပြန်ဆိုသည်။ တိုးမြစ်ဝဲကတော့ထိုးသော ခလောက်ရွာဟု ခေါ်ဆို သည်။ "မှော်သည်" ရေပေါ်တည်နေသော လွင့်ပါမျောကြစေသော တိုးမြစ်ရေပေါ်တည်နေသော "ခနောင်ခလောက်မှော်"ဟု ကျွဲ ကျောင်းသောရွာ တည်နေသောအရပ်ဟု မှတ်ယူရမည်ဖြစ်သည်။

ခလောက် ၉ လုံးမှ ခလောက်နှစ်လုံး ရေတွင်ဆုံးဟူသော တဘောင်နိမိတ်သည် စေတီတော်၏ တောင်မြောက် ဝဲယာ ရွာနှစ်ရွာ ပျက်သုဉ်းခြင်း အဓိပ္ပာယ်ဖြစ်သည်။

ခလောက် ခြောက်လုံးဆိုသည်မှာ တစ်ကမ္ဘာလုံးကေရာဇ် ရာဇာ ဘုရင်တို့ တွန်းလှန်ပြီး ရာဇာဘုရင်တို့ ကျဆုံးချိန် နေမဝင်အင်ပါယာ အဖြစ် အင်္ဂလန်နိုင်ငံ၏ အုပ်ချုပ်ခံဘဝ မြန်မာတို့လည်း အင်္ဂလိပ် လက်အောက်ကျရောက်ခဲ့သောဘဝတွင် သာသနာသည်းလည်း ငြိုးမှိန် ခဲ့ရလေသည်။

မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူစ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်စ၍ ပါရမီအညွန့်ဖူးထူးသည့် ကမ္ဘာအချိန်ခါကျရောက်၍ ဓမ္မသြဝါဒ အမှန် တရားများ ပေါ်ထွက်ခဲ့သည်။ မြတ်ဗုဒ္ဓ သာသနာအတွက် သမ္မဂ္ဂါ စုစည်းမှု ညီညွတ်မှု ငြိမ်းအေးမှုတို့နှင့် ဘဝ၏ ချမ်းသာစစ်မှန် အခုကောင်း နောင်ကောင်း အကြောင်းမှန်သစ္စာစကားများဖြင့် စုစည်း ညီညွတ်မှုရခဲ့ကြသည်။

ထိုသာသနာအဆုံးမများ မြတ်ဗုဒ္ဓ နိဗ္ဗာန်စံတော်မူပြီး သာသနာတွင်း သာသနာပ၊ အပ၊ ရန်များ ဘေးအန္တရာယ်ကြောင့် သာသနာကမ္ဘာအလည်ဗဟိုလ်ချက်မှစတင်ပျက်သုဉ်းခဲ့ရသည်။

သာသနာပျက်သုဉ်းခြင်း မဖြစ်ရလေအောင် မြတ်ဗုဒ္ဓသားကောင်းရှင်ရဟန်းဘိက္ခုတို့ ကျိုးစားမှု ပရိယတ္တိမြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက်အဆုံးအမများ မပျက်သုံးရလေအောင် ယနေ့ထိတိုင် ပိဋကတ်တော်များ သင်အံ့လေ့ကျက်ခြင်း။ ပရိပတ္တိကျင့်ဖွယ်များ ကျိုးစားအားထုတ်ခြင်း ဂန္ထဓုတ၊ ဝိပဿနာဓုတ ဓုတနှစ်ဖြာကျင့်သုံးလျက် ယနေ့မြန်မာပြည်တွင် သာသနာ့ထွန်းခေါင် သာသနာအရောင်လင်းသည့်နေရာဖြစ်ခဲ့လေသည်။

သာသနာတော် ၂၅၀၀ ကျော်လာသောအခါ သိကြားသာသနာတွင် နတ်ဒေဝါတို့ ကျေးဇူးသာသနာတစ်ကျော့ပြန် တွန်းချိန်ဖြစ်သည်။ မြတ်ဗုဒ္ဓလောင်းလျာ လူ့ပြည်ဆင်းရန် ကြည့်ခြင်းငါးပါးကြည့်လေရာ တောင်ကျွန်းဦးခိုက်ပူဇော်ခဲ့သည်။

အကြောင်းထူးမှာ တောင်ကျွန်း ဘဒ္ဒကမ္ဘာ၏ ပွင့်တော်မူပြီး မြတ်ဗုဒ္ဓသုံးဆူကောကုသံ၊ ကောဏာ၊ ကဿပ မြတ်ဗုဒ္ဓတို့၏ မွေတော်ဓာတ်တော်များ တည်ရှိရာ သိင်္ဂုတ္တရ ကုန်းမြေ နောင်တော်ကြီး ဗုဒ္ဓတို့ မွေတော်အာရုံပြုဦးညွှတ်သော ဒေဝါနောက်ဆုံးဘဝ ရွှေတိဂုံစေတီ သိင်္ဂုတ္တနေရာ ဖြစ်ခဲ့သည်။

မြတ်ဗုဒ္ဓဦးစွာ ဥပါထမ္ဘက စေတီတော် အလုပ်အကျွေးပြုသူအဖြစ် ဆံတော်ဖြင့် လက်ဆင့်ကမ်း သာသနာအရှည်ခံ့စေရန် ကမ္ဘာ့မြေပြင် သက်သေတင်ခဲ့သည်။

ယနေ့သာသနာတော် ၂၅၅၂ ခုနှစ် ကက်ကင်းလည်ပြန် အကျိုးပေးသန်စွာ ပထဝီမြေပြင် ပင်လယ်ရေနဲ့ ဆေးပေးခဲ့သည်။ နာဂစ်

မုန်တိုင်း ကျေးဇူးရှေးအခေါ် ဥက္ကလာတိုင်း သက္ကရွာသောမိုး၊ ပေါက္ခဝတီမိုး၊ သိကြားသန့်စင်မိုးဟု သာသနာအတွက် သက္ကဒေဝါမဏိမေခလာတို့ မြေပြင်ရေဆေးပြီး သာသနာဦးမှ ထူးကဲလှတဲ့ သာသနာ့တံခွန်အလံတော် သာသနာကို ကမ္ဘာမြေပြင်စိုက်ထူပြီး စေတီတော်ရတနတ္တယ ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်မှု ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး တစ်စုတစ်ပေါင်းတည်း ဗုဒ္ဓဂုဏ်ရည်စုံး ပူဇော်ရာ မြင့်မိုရ်တောင်ထိပ် တံဆိပ်ခတ်အမှတ်ပြုခဲ့သည်။

**သာသနာ အသိအမှတ်ပြု ခေါင်းလောင်းထိုးသံ၊ ကြေးစည်သံ၊ ဆည်းလည်းသံတို့သည် ကမ္ဘာမြေပြင် ဦးထိပ်တင်၍ တည်ရှိနေသည် မဟုတ်ပါလော…။**

တံခွန်ဦးမင်္ဂလွှန်းအောင်စကြံစေတီတော်သည် ကမ္ဘာ၏ တိမ်မြုပ်နေသော သာသနာတိုင် ဖော်ထုတ်နိုင်ရန် မိုးတိမ်ယံနေ သက္က သာသနာရောင်ဝါဖန်ဆင်းပေါ်ထွက်ခြင်းအဖြစ် စေတီတော် သံဃာရတနာထူးတင့်ဖွယ်အကြောင်းပြလိုပါသည်။

သာသနာတွင် ရဟန္တာကြီး ဦးသီလ၊ ပရိယတ္တိနှင့် ဝိနည်းတော်စာသင်တိုက်ကြီးများ တည်ထောင်ခြင်း ကိုယ်တိုင်ကောဇာသက္ကရာဇ် ၁၂၂၂ ခုနှစ် ရဟန်း ၉ ဝါ ရပြီးသောအခါ (အရှည်ဝါသီ) တောနေရဟန်းအကျင့် သုသာန်ဓုတ အကျင့်များကျင့်သုံးဆောက်တည်လျက် မြန်မာမြန်မာပြည်အနှံ့သာသနာအတွက် ကျိုးစားခြင်း။ ထို့နောက် လယ်တီဆရာတော်ကျေးဇူး သာသနာ့ခရီးလမ်းများ ထိုအတူ **တော်ကူကြီး လယ်ပေါ်ကျောင်းတိုင်ဆရာတော်ကြီး ဦးကောဏ္ဍညသည်လည်း တောနေသာသနာပြု ရဟန်းဘဝမှ ယနေ့ဦးရေဝရဆရာတော် ထိုတူ ဆရာတော်ဦးပဏ္ဍိ ယနေ့အင်္ဂလုံးတောရဆောက်တည် ဆရာတော်သည် သာသနာတွင် စာတင်ဖွယ် ဖူးတွေ့နေရသည်။**



ဆရာတော် ဦးပဏ္ဍိသည် အင်္ဂလုံးဇာတိဖြစ်သော်လည်း ခလောက်တရာ ဇာတိသဖွယ် ခလောက်တရာမှစတင်၍ သာသနာ့ဝန်ထမ်း ဆောင်ခြင်း စခဲ့သည်။ လယ်တီဆရာတော်ကြီး အိန္ဒိယမှာ ပြန်လည် ကြွချီတော်မူစဉ် မုန်ကျွန်းမြေ၊ ကညင်ကုန်းစေတီမှ အစပြုပြီး စာလိုက် ခဲ့ရသော စာသင်သားဘဝတူ လယ်ပေါ်ကျောင်းမှ အင်္ဂလုံးကျေးရွာ တောကြီးအတွင်း လယ်တီသံခိတ်ကျမ်းပြုစုခဲ့သည်။ တောနေရဟန်း ဘဝ သာသနာ့တာဝန်ထမ်းဆောင်ခဲ့သည်။

သာသနာ့တာဝန်ရှေးဆရာတော်ကြီးများနည်းတူ ဦးသီလ ဦးကောဏ္ဍည အတွဲ လယ်တီဆရာတော် တော်ကူးကြီး လယ်ပေါ် ဆရာတော် တပည့် ဦးရေဝရနှင့် ဦးပဏ္ဍိခလောက်တရာတို့ သာသနာ အတွဲ ကျိုးစားလျက် ခလောက် သံတဒေါက်ဒေါက်အဖြစ်လည်း ကောင်း၊ မည်တဲ့ခေါင်းလောင်းတရာဟူလည်းကောင်း ခလောက် ၉ လုံး အသံမည်ဟန်ဟု အတိတ်တဘောင်သည် တခွန်ဦး မင်္ဂလွန်းစေတီ

**တော် စည်ကားထွန်းတောက်ချိန် သာသနာထက်ဝက်ခရီး သာသနာတော်မြန်မာပြည်ပေါ်ထွန်းမည့်ကာလဖြစ်ကြောင်း ထုတ်ဖော်ရေးသားအပ်ပါသည်။**

ဆရာတော်သံဃာတော်တော်ကြီးများ၏ သာသနာအတွက် အံ့ချီးပူဇော်ဖွယ်တို့ ဖြစ်လေတော့သည်။

**ရွှေတိဂုံမှာတောက်တဲ့၊**

**ရွှေရင်အေးမှာ ပန်းလိပ်ပြာ။**

**မနုဿလူ့ရွာ သက္ကဒေဝါသာသနာ၊**

**တောက်တဲ့တွန့်ပြီး လိပ်ပြာပျံ၊ ထီးတော်တင်တဲ့ပွဲ (စေတီ)**

**သောတပန့်ညံ့မစဲ၊**

**တောက်တဲ့က မိုးလေသံ လိပ်ပြာပျံ မိုးလေစဲ၊**

**တံခွန်တွေ့တဲ့ပွဲ။ ...(ထီးတော်)**

**ခလောက်သံ တညံညံမည်။ (ခလောက်)**

**ကျယ်လွန်းတဲ့ သာသနာပြည်၊**

**စည်းလည်းသံနဲ့ စုစည်းတည်၊**

**ပြည်တရာ ငြိမ်းအေးတဲ့ပွဲ။ (တရာ)**

**(စေတီ) (ထီးတော်) (ခလောက်) (တစ်ရာ)**

**စေတီထီးတော်ခလောက်တရာ ဖြစ်သည်။**

စေတီယင်္ဂန စေတီတော်နှင့် တရားပွဲများ စည်ကားမည့်ချိန်ခါကောင်း၊ စေတီတော်များ ထီးတော်အောက် သံဃာတော်များ တရားပွဲရောက်မည့်အကြောင်း ဖြစ်လေတော့သည်။

❀

## မြတ်ဗုဒ္ဓသာသနာ၏ ကောဒဂ်ဘွဲ့ထူးခံ (၈၀)

ဘဒ္ဒကမ္ဘာအမည်တွင်သော ယနေ့ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာသည် မြတ်ဗုဒ္ဓငါးဆူပွင့်တော်မူမည့် ကမ္ဘာ့ပထဝီမြေပြင်ဖြစ်သည်။ လေးဆူမြောက်ဂေါတမ မြတ်ဗုဒ္ဓသာသနာ ယခုအချိန်အါဖြစ်သည်။

၁၀၃ ခုနှစ် မဟာသက္ကရာဇ် ဂေါတမမြတ်ဗုဒ္ဓပွင့်ထွန်းတော်မူ၍ "ဓမ္မစက္ကပထဝီယံ" ဓမ္မစက်ကို မဟာပထဝီ မဖျိုမခေါ်တွင် ကမ္ဘာ၏ စတည်ရာ ကမ္ဘာအလည်ဗဟိုရ်ချက်တွင် စတင်ဖွင့်လစ်ဟောကြားတော်မူခဲ့သည်။

"ဓမ္မစက္ကပဝတ္တန" ဓမ္မစကြာဒေသနာသည် အမှန်အတိုင်း အစဉ်အတိုင်း "သမုဒယသစ္စာ+ဒုက္ခသစ္စာ" "မဂ္ဂသစ္စာ+နိရောဓသစ္စာ" လေးချက်သော သစ္စာတရား၊ အနိစ္စ လက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ သုံးချက်သော လက္ခဏာ တရားတို့အား တရားမည်စွာ သစ္စာထိုက်သော အမှန်သို့ ရှေးရှူဦးတည်၏။ နောက်ပြန် ဘက်မကန် ပြန်မလှည့်သောသဘော "ပဝတ္တန" မည်၏။ ဤသည်ပင် "ဓမ္မစက္ကပဝတ္တန" သုတ္တံဟူ၍ ဓမ္မသက်သက် အမေးအဖြေ "ဝေယျာ

ကရဏာသို့" မေးရင်းဖြေရင်း တရားအလင်း ပေါက်မြောက်ခြင်း။ ကရုဏိ ယံပြုလုပ်ဖွယ်တစ်နည်းကျင့်ဝတ် (ကျင့်ဖွယ်) အမြတ်သီလ-အခြေခံ ပြီး သီလ-သမ္မာ-ဘာဝနာဖြင့် ပညာကူးမြောက်ခြင်း မြတ်ဗုဒ္ဓအဆုံးအမ စတင်ခြင်းဖြစ်လေတော့သည်။

ယနေ့မြတ်ဗုဒ္ဓမွေးစက်မည်ဟီးပွင့်ထွန်းချိန်မှစသော် နှစ်ပေါင်း ၂၆၀၀ ကျော်မျှရောက်ရှိနေလေပြီး မြတ်ဗုဒ္ဓ ဗျာဒိတ်တော်လာ သာသ နာနှစ် ၅၀၀၀ ကြာခန့်မည်ဖြစ်ကြောင်း ရှေးစာဟောင်းတို့အရ သိခွင့်ရခဲ့ ပြီး ဒါနခေတ်၊ သီလခေတ်၊ သမထခေတ်၊ ဈာနယုဂခေတ်၊ ဝိမုတ္တိ ယုဂခေတ်ဟူ၍ အနှစ် ၅၀၀ တစ်ခေတ်ကျော်လွှား၍ နှစ်ပေါင်း ၂၅၀၀ ခရီးကျော်လွန်ကာလ ဝိမုတ္တိယုဂ ခေတ်တစ်ကျော့ပြန် သစ်ထွန်းချိန် ဝိပဿနာ၏ လုပ်ငန်းစဉ် မဟာသတိ-ပဋ္ဌာန် ၂၁ ပိုဒ် အကျုံးဝင်သော ကရဏီယံ ကျင့်ဘွယ်ထက်သန် အလျှံမြေ မိုးတရားတံခိုး နိဗ္ဗာန်စိုးရန် သန္တိသုခ အေးငြိမ်းလေစွဟု ယနေ့ခေတ်ချိန်ခါ အဖိုးတန်လှပေသည်။

မြတ်ဗုဒ္ဓ ၁၀၃ ခုမဟာသက္ကရာဇ် မွေးစက်ဟောကြားတော်မူချိန် ဝါဆိုလပြည့်နေ့ ညနေဆည်းဆာ နေရောင်အလင်းရောင်ခြည် တစ်ထောင်အလင်းဆောင်သော်လည်း အနောက်ရပ် ဂေါယာကျွန်းဝင် လုဆဲအချိန်။ လစန္ဒာ အအေးဓာတ် အရှေ့ရပ် ယုဂန္ဓိုရ်။ တောင်ထိပ် ပြည့်စက်ညီညာထွက်ပေါ်လာချိန် နေဝင်လထွက်ဆည်းဆာချက်တွင် နေသည်မဝင် လသည်မတတ် မြတ်ဗုဒ္ဓမွေးစက်ချိန်တွင် ကမ္ဘာပေါ်ရှိ သစ်ပင်တို့ ချက်ချင်းထူးကဲစွာ ပွင့်ကုန်ကြသည်၊ ပင်တိုင်းပွင့်၍ ပန်းတိုင်းပွင့်သော ဘုမ္မာမြေတွင်ရှိသော ပင်တိုင်းပွင့်ကုန်၏။ တရား သတင်းပန်းတို့အဆင်းဖြင့် ဘုမ္မာ-ရုက္ခစိုး-အာဏာသဖိုး-နတ်ဒေဝါတို့ သိခွင့်ရကြ၏။ (ဟေမာဝတသုတ္တံ)

မြတ်ဗုဒ္ဓ ဘဂဝါရှင် ဂေါတမ မွေးစကြာတွင် မြတ်ဗုဒ္ဓဖြစ်ကြောင်း ဂန်ခံခိန် ပထဝီမြေမှ အစပြု၍ နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်

တုန်၍၊ ခုန်၍၊ လှုပ်၍၊ ရမ်း၍၊ အမျိုးစုံစွာ ထင်ရှားသက်သေ ပြကြလေသည်။ (ဧယျာဉ်ပုခတ်လှုပ်ခတ်သကဲ့သို့ရှိ၏)

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ ဘဒ္ဒကမ္ဘာလောက ရဟန္တာ ၆ပါး ပေါ်ထွန်းခဲ့ပါပြီဟူ၍ ကြွေးကြော်ခြင်းကို စခဲ့ပါလေသည်။ မြတ်ဗုဒ္ဓအပါအဝင် တောဏ္ဍာည ဝပ္ပ ဘဒ္ဒိယ မဟာနာမ်အဿဇိ ပဉ္စဝဂ္ဂီငါးပါးနှင့် မြတ်ဗုဒ္ဓအပါအဝင် စတင်ခဲ့သော သာသနာအစ-ဓမ္မစက်မှစတင်ပြီး ၄၅ ဝါမြောက် သက်တော် ၈၀ နောက်ဆုံး ဝစနတ္ထယ အဖြစ် "ဟန္ဒဓာနိဘိက္ခဝေ" ဂါထာတော်အဆုံး မြတ်ဗုဒ္ဓအဆုံးအမ လောင်းရိပ်အောက် ကျွတ်တန်းဝင်သူများ ရေတွက်ရကောင်းဖွယ် မဟုတ်ဟု ဖော်ဆိုအပ်ပါသည်။

"ဂေါတမ" မြတ်ဗုဒ္ဓ၏ သာသနာတော်အတွင်း အထူးအချီး အမြောက်ခံပုဂ္ဂိုလ်အဖြစ် ပုဂ္ဂိုလ်လေးပါး သာသနာတော်အတွင်း ရောက်ရှိသူ ဥပါသကာ-ဥပါသိကာ-အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ ဘိက္ခု၊ ဘိက္ခုနီ၊ ရဟန်းယောကျာ်းဘိက္ခု၊ ရဟန်းအမျိုးသမီး ဘိက္ခုနီ ဟူ၍ မြတ်ဗုဒ္ဓအနွယ်ဝင် သူတော်စဉ် သူတော်ကောင်းများအဖြစ် သာဝက လေးပါးကို သားသမီးအဖြစ် အမှန်ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်လေးပါးတို့မှ ဧကဒက် ဘွဲ့ထူးခံ ပုဂ္ဂိုလ် ၈၀ တို့အား မြတ်ဗုဒ္ဓသာသနာ မြတ်ဗုဒ္ဓ၏ အထူးဂုဏ်ပြုမှတ်တမ်းဝင်အဖြစ် ဖော်ကျူးလိုပါသည်။

စာရေးသူ နိကယ်ငါးကျမ်း သင်ယူစဉ် ၂၀၀၅ ခုနှစ် (ဆရာဦးအေးထွန်း) သာသနာ့ရေးမှ ရန်ကုန်မြို့ ရွှေတိဂုံအရှေ့မုခ်ရှင်သာမဏေဇိမာန်တွင် သင်ကြားပို့ချပေးခဲ့သည်။ ယနေ့ ရေးမြို့ရေးမွန်သီရိကျောင်းအတွင်း "သီရိဓမ္မတေဇသိဒ္ဓိ ဆုတောင်းပြည့်စေတီ" ထီးတော်အထွတ်တင်ပွဲ ကိစ္စဖြင့် ရောက်နေစဉ် ဦးကိုလေး ဒေါ်ကြည်သန်းလွင်တို့ ပို့ဆောင်မှုဖြင့် ရေးမြို့အဝင် နေလကမ္ဘာ ဘုန်း

တော်ကြီးကျောင်းအတွင်း ရောက်ရှိ၍ ဘုရားရှင် သာသနာ ကေဒတ်ဘွဲ့ထူးခံ (၈၀)အား ပူဇော်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့သည်။"

ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတွင်း မြတ်ဗုဒ္ဓကေဒက်ဘွဲ့ထူးပေးခဲ့သော ပုဂ္ဂိုလ် (၈၀)မှာ ဥပါသိကာ (၁၁)ဦး၊ ဥပါသိကာ (၁၀)ဦး တို့ဖြစ်သည်။

ရဟန္တာ ထေရ်ရှင်မ ဘိက္ခုနီ ၁၃ ပါးဖြစ်ပြီး ရဟန္တာ အရှင်မြတ် (၄၆) ပါးသော အရှင်မွန်အရှင်ကောင်းတို့သည် မြတ်ဗုဒ္ဓဘုရားရှင်၏ ကေဒက်ဘွဲ့ထူးခံ (၈၀) ဖြစ်ကြောင်း မြတ်ဗုဒ္ဓဘုရားရှင်၏ ဘွဲ့ထူးခံဟုဖော်ကျူးပူဇော်လိုက်ရပါသည်။

*



## ရွှေဟောင်းမွန်သီရိဓမ္မကျောင်း
## သီရိဓမ္မတေဇသိဒ္ဓိဆုတော်ပြည့်စေတီတော်

မြန်မာနိုင်ငံ၏ မွန်ပြည်နယ် တနင်္သာရီကမ်းမြောင်ဒေသသည် လူ့အသုံးအဆောင် သယံဇာတပစ္စည်းများနှင့် မြတ်နိုးအားထားဖွယ်ရာ တန်ဖိုးဖြတ်မရသည့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရတနာဘူမိမြေ နဂရ၊ ရက္ခ တို့ စောင့်ရှောက်သည့် သာသနာမြေဟုဆိုလျှင်ပင် မမှားဖြစ်သည်။

ရေပြင်စောင့်ရှောက် နတ်နဂါးများ မြေပြင်ကို စောင့်ရှောက် ရက္ခိုု၊ ရက္ခ၊ နတ်ဘီလူးတို့အစွမ်း ကမ္ဘာဦးစမှ စခဲ့ကြသည်။

သာသနာကွယ်ပြောက် လူတို့ကွယ်ပြောက်ချိန် မြတ်ဗုဒ္ဓပွင့်ထွန်းသော မဇ္ဈိမဒေသသည် တောနက်ကြီး ပြန်လည်ဖြစ်၍ ယက္ခ၊ နတ်

ဘီးလူးတို့ ပြန်လည်နေထိုင်အုံ့ဟု မြတ်ဗုဒ္ဓသာသနာနိဂုံးအဆုံးတွင် ဖြစ်တည်ရန် မြတ်ဗုဒ္ဓဗျာဒိတ်တော်ပြုခဲ့သည်။

သာသနာထွန်းတောက်ခြင်းသည် ဗြဟ္မာ၊ သဒ္ဒါမှ မနုဿ၊ မနုဿ လူသားဟု မေတ္တာအစပြု အင်အားအကြီးမားဆုံး လူသားဗြဟ္မာဝိဟာရအကျင့် မေတ္တာ၊ ဂရုဏာ–မုဒိတာ–ဥပက္ခာ ထုံး နှလုံးမူ အစပြု၍ အမှန်ဆုံးသော သစ္စာတရားများ ပွင့်ထွန်းပေါ်ပေါက် သော ကမ္ဘာအလည်ဗဟိုချက် မြတ်ဗုဒ္ဓပွင့်ထွန်းချိန်ခါတွင် ရတနတ္တယ ရတနာမြတ်သုံးပါး တံခိုးတော်အားဖြင့် ဘုမ္မာမြေတွင် ကြမ်းလွန်းသော ဘီလူးမင်းတို့ ကမ္ဘာမြေပြင်ခြေတင်မရ ကျဆုံးခဲ့ရခြင်းဖြစ်ကြောင်း မြတ်ဗုဒ္ဓပွင့်ထွန်းစ အောင်ခြင်းရှစ်ပါးမှ အစပြု အာဠဝက စစ်ခင်းခြင်း သိခွင့်ရသည့် မြတ်ဗုဒ္ဓ (အရဟံဂုဏ်) အထူးလူနတ်ဗြဟ္မာ–ပူဇော်ဦး ခိုက်ခြင်း ဖြစ်သည်။

"မွန်တို့ဌာနေ– ရာမည" စစ်တောင်းတံတားကြီးကျော်ပြီးသည် နှင့် ကျိုက်ထို၊ တောင်စွန်း၊ ဘီးလင်း၊ သထုံ၊ မုတ္တမ၊ မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်–ကော့သောင်း၊ ထိုင်းနိုင်ငံနယ်စပ်အထိ မြန်မာ ပြည်၏ ကျောက်တောင် ကျောက်တန်းကြီးများနှင့် ပင်လယ်ရေစီးကာ ထားသလို ညီညီ့ဆိုင်းဆိုင်းတောင်ထွက်ကြီးတို့အထက် စေတီတော် မြတ်အပေါင်းတို့နှင့် မြတ်ဗုဒ္ဓ၏ ရှေးဟောင်းမညှိုးလုံးပန်း၊ ရတနာ ပန်းဆိုင်းကြီးများ ပမာ မိုးထိမြင့်မားစေတီတော်များ နေ့အခါ ကြည်နူး ဖွယ် ရွှေရောင်များ ဝါဝါဝင်းလျက် ညအခါ ကြည်ညိုဖွယ် ဆီမီးအလင်း လျှပ်စစ် မီးအရောင်များ လက်ဆယ်ဖြာဦးထိပ်ရွက်ပန်ဆင်လျက်၊ "**အတိမဟာန္တာရုံ**"မြင်ကွင်း စိတ်အစဉ် ဆံဖျားမှ ခြေဖျားအကုသလဝိ ပါတ် အမှောင်ခွင်း၍ မဟာကုသိုလ် အလင်းဓာတ်အား လွှမ်းခြုံမွမ်းထုံ လျက် ကုသိုလ်ဇောအဟုန်တို့ဖြင့် သာသနာအရောင်အလင်းစိတ်အစဉ် စီးဝင်ခိုလုံခြင်း ဖြစ်လေတော့သည်။

စာရေးသူ မွန်ပြည်နယ် ဘီလင်းတောင်စွန်း-ရတနာတောင်ပန်းတနော်ကျောင်းတိုက် သာသနာ့နာရေး ကိစ္စ စာပေကိစ္စများဖြင့် ရန်ကုန်နှင့် မွန်ပြည်နယ် အဆက်မပြတ် သွားနေတတ်သည်။

တစ်နေ့ "ရန်ကုန်-မော်လမြိုင်၊ ရေး-ထားဝယ်" ရထားအထူးတွဲခုံပေါ် ထိုင်စဉ်ခဏ ရထားထွက်ချိန်လည်း အလွန်နီးနေချိန် ဦးဇင်းလေးတစ်ပါး ရထားဘေးရောက်လာသည်။ မျက်နှာတမ်းမိ၍ လှမ်းခေါ်လိုက်သည်။ သို့သော် ရေရေရာရာ မသိသေး။ ဟာ ဒကာကြီးအတော်ဘဲ၊ ကျုပ် ရေး သွားမှာဒကာကြီး။ ဟာ ဦးဇင်းလေး လက်မှတ်ဝယ်ပြီးပြီလား။ မဝယ်ရသေးဘူး။ ဝယ်စရာလဲ ပိုက်ဆံမရှိဘူး…။ ဟာ… လာလာ ရထားထွက်တော့မယ့်။ ဦးဇင်းလေးရထားပေါ်တက်လာသည်။

ဦးဇင်းလေး ရေးကို ဘာသွားလုပ်မှာလဲ။ ဟာ… ဒကာကြီးကလည်း ကျုပ်မမှတ်မိဘူးလား မသိဘူး။ ကျုပ် ငါးဆူတောင် သံဒိပ္ပဆရာရသေ့ကြီးတပည့်လေ- ကွမ်းခြံကုန်းမြို့တော် ခရမ်းကြီး "ဆိပ်ကလေးကုန်း" စေတီမှာ နေတာလေ ဒကာကြီး ကျွန်းချောင်းရွာကရပ်ကျေး ဥက္ကဋ္ဌ ဆရာတော်ကြီး ဦးဝိဇ္ဇောဘာသနဲ့ ကျုပ်စေတီ အုန်းပင်တွေ ရာချီပြီး လာစိုက်တာလေ ကျုပ်နဲ့လည်း ကျွန်းချောင်းကျောင်းမှာတွေ့တွေ့နေတာ မမှတ်မိဘူးလား။

စာရေးသူဘဝ ကမ္ဘာအေး ရေကူး ဝိဇ္ဇောတာရုံ စာသင်တိုက်နှင့် ရွှေတိဂုံအရှေ့မုခ် ကြားတောရလမ်း "ပ"သုံးလုံး ဝိပဿနာပညာတက္ကသိုလ်ဦးဇောတိက ရဟန်းတော်များ သင်တန်း ဘီးလင်းတောင်စွန်း-ရတနာတောင် ပန်းတနော်ကျောင်း ဝိဝေကာဝါသ-ပေါက်တောဆရာတော်ကြီးစသော မွန်ပြည်နယ် ရဟန်းတော်ပေါင်းများစွာနှင့် ရင်းနှီးကျွမ်းဝင်နေသူဖြစ်သည်။ အေး…အေး မှတ်မိပြီဘုရား၊ အခုရေးမြို့မှာ ဘာလုပ်နေတာလဲ။ ဒကာကြီးရေ ကျုပ်တို့ တော်ကူးလယ်ပေါ်ကျောင်း ဆရာတော်ကြီးတပည့် ဆရာတော် သီရိမေ့ ဆရာ

တော် မွန်ကျောင်းဟောင်းကြီး ဖလိမ်တောင်ပေါ်မှာ စေတီ တစ်ဆူ တည်ဖို့ ကျုပ်ရေဆွမ်းလေး သုံးပြီး အဓိဋ္ဌာန်ဝင်နေတာ ဒကာကြီးတို့ (ကွမ်းခြံကုန်း) ဆိပ်ကြီးက ဦးသိန်းဟန်သွားခေါ်လာတာ အဘိုးကြီး အခြေအနေ မကောင်းဘူး ဒုက္ခတွေပေးကုန်မှာစိုးလို့ ကျုပ်ပြန့်ပို့ရတယ် စိတ်ညစ်တယ်။ ဒကားကြီးရယ်။

ဟာ .... ဦးဇင်းလေး ဒုက္ခဘဲ မရဘူး ဦးသိန်းဟန် သိတယ်။ ဦးဇင်းတောင်ပေါ်စေတီ တစ်ဆူတည်မှာ မပေါ့ဘူး။ သီလ-သမာဓိ- ပညာ-လိုတယ်။ တောစောင့်ထက်- တောင်စောင့်က ဆိုးတယ်။ နတ်ဘီလူးစက်တွေမနိုင် ဒုက္ခတွေပေးကုန်မယ်။

ဦးဇင်းလေး မျက်နှာနီလာပြီး ကျုပ်အဖေ သံဒိပ္ပ တပည့်တွေဗျ မနိုင်ဘူးဆိုတဲ့ စကားမပြောနဲ့ ကျုပ်နိုင်လို့ လုပ်နေတာ ကျုပ်ဆရာတွေ တောင်ပေါ်မှာ ရှိတယ်။ ငါးဆူတောင်ဆရာတော်တွေနဲ့ တိုင်ပင်ပြီး လုပ်နေတာဘဲ ဘာလို့မနိုင်ရမလဲ၊ ...။

ရထားထွက်နေပြီ အရှိန်ပြင်းပြင်းမောင်းနေပြီ။ အထူးတန်အတွဲ လူကလဲကြဲကြဲ လက်မှတ်စစ်တွေလဲ အနားရောက်လာသည်။ စကား လမ်းကြောင်း လွှဲလိုက်ရသည်။

ကဲ... **ဦးဇင်လေးလဲ ရေနဲ့ ဆွမ်းနဲ့ ဘုန်းပေးအဓိဋ္ဌာန်ဝင်နေတာ ဘဲ အောင်မှာပါ။ ဒါပေမယ့် ငါဆိုတဲ့ အတ္တမထားနဲ့ သာသနာအတွက် ငွေမလိုဘူး။ အလုပ်လိုတယ်။ ကျင့်စဉ်နဲ့လုပ်အား အလုပ်မှန်ကံဖြစ် တယ်**။ တပည့်တော်လာခဲ့မယ်။ ဘိုးသံဒိပ္ပ ရသေ့ကြီးဟာ ကြည်ညို ဖွယ် အလွန်ကောင်းပါတယ်။ မန္တလေးဦးခန္တီရသေ့ရဲ့နောက် သိဒ္ဓိ ရောက်တာ သူပါဘဲ၊ ကွမ်းခြံကုန်းမြို့ တော်ခရမ်းကြီးကျေးရွာအုပ်စု ဆိပ်ကလေးကုန်း ၄၅ တောင်အမြင့်ဆောင်သော စေတီ သံဒိပ္ပ ဆရာ ရသေ့၊ ဦးဝိဇ္ဇောဘာသ ရပ်ကျေးဥက္ကဋ္ဌ ကျွန်းချောင်းဆရာတော်နှင့် ပြီးမြောက်အောင်မြင်စွာ တည်ထားကုသိုလ်ပွားနိုင်ခဲ့သည်။

ရထားလက်မှတ်စစ်တွေလဲ ကိုယ်တွေအနားပတ်လည် ဝင်ထိုင်ပြီး အခြားသူတွေတာ စစ်ဆေးသော်လည်း စာရေးသူနှင့် ဦးဇင်းလေးတော့ လက်မှတ်လုံးဝမစစ်တော့ပေ။

ဦးဇင်းလေး မမြင်အပ် မြင်အပ်နှစ်ရပ်များစွာ မြင်ရတာ အမြင် "ရှင်း" ရတယ်။ မမြင်ရတဲ့ အရုပ်အတော်ခက်တယ်။ တောင်ပေါ်တွေမှာ တောင်စောင့်ကြီးတွေက နတ်ဘီလူးတွေ၊ ဆရာရသေ့တွေ၊ ဝိဇ္ဇာရစ်သောင်းဟာ ရသေ့တွေ ပါရမီရှင်ဆရာရသေ့ကြီးတွေ မေတ္တာဓာတ်၊ ဂေါတမမြတ်စွာလောင်းလျာဘဝ သုမေဓာရသေ့ဘဝနဲ့ ဘုရားဆုပန်ပြီး မြတ်နိဗ္ဗာန်မစံဝင်ဘဲ ဆုကြီးပန် ပါရမီတွေ ဖြည့်ဆီးပြန်တယ်။ လမ်းပြင်တဲ့ ကုသိုလ်၊ ဘုရားဆုပန်ဗျာဒိတ်တော်ရခဲ့တယ်။

လမ်းပြင်တဲ့ ကုသိုလ် ပရဟိတအစစ် ကိုယ်ကျိုးမဟုတ် ဘုရားအစရှိသော ပညာရှိသူတော်ကောင်းများ လွယ်လင့်တကူ လျှောက်လှမ်းနိုင်ပါစေဟု အဝေယျာဝိက–မေတ္တာဖြူပါတယ် …။

တပည့်တော်က လမ်းပြင်တယ်၊ တံတားပြင်တယ်၊ ကျောင်းပြင်တယ်၊ စေတီငုတ်တွေ တွေ့ရင် ကျိုးစားပေးတယ်၊ တပည့်တော်စားနေဝတ်သုံးပါ။ မစဉ်းစားရသေးဘူး။ ငယ်ပါသေးတယ်၊ အခုမှ အသက်က ၂ ခါလည်ပဲ ရှိပါသေးတယ်။ ၃၀ နှစ်ခါလည်တာပါ။ ဦးဇင်းလေး ကျိုးစားပေးမယ်နော်။ အခုလောလောဆယ် မွန်ပြည်နယ် ဘီလင်းတောင်စွန်းရတနာတောင်ပန်းတနော် ကျောင်းတိုက် ဆရာတော်ဦးတေဇိန္ဒကျောင်းမှာ ကေလာသတောင်ကြီးရဲ့ဘေး ဝိဇ္ဇာတို့ပျော်စံရာ ဆရာတော်ဦးဝါယမ အဘဘိုးတော်ပွင့်တို့ ဝိဇ္ဇာမဟိဒ္ဓိစေဂိုဏ်းတော်ကြီးရဲ့ ဇာတိချက်ကြွေစံရာမြေ ရတနာတောင် ဝိဇ္ဇာပေါင်းစု ဓာတ်ကောင်းမှုလို့သာခေါ်ပေ့ ဦးဇင်းလေးရယ်။ ကူညီမယ် လာမယ့် အချိန်ကြလျှင် ရောက်လာခဲ့မယ်။ စေတီအမြန်ဆုံးပြီးစေရမယ်။

လောလောဆယ် ဝါတွင်းကာလ ဝိဇ္ဇောတာရုံ ယနေ့သာသနာပိုင်ကြီးစာသင်တိုက် ဗုဒ္ဓဟူးဆွမ်းပတ် ရန်ကုန်တက်နေရတယ်။ စာပေကိစ္စလည်းပါတယ်ပေါ့။ လာခဲ့မယ် ဦးဇင်းလေးရယ်ဟု ကတိပြုခဲ့မိသည်။ ၁၃၇၉ ခု တော်သလင်းလပြည့်နေ့ ရှေးဟောင်းမွန်ကျောင်းကြီးဟု အမည်တွင်သော မွန်သီရိကျောင်း ဖလိမ်တောင်တန်းကြီး၏ တောင်ခြေစေတီတည်မည့် နေရာလေး စာရေးသူနှင့် ဝိဇ္ဇာသန်းရောက်ခဲ့သည်။

ဆရာတော် အမြဲတ္တဆုတ်ရက် ညနေဆည်းဆာ ၅း၀၀ နာရီမှာ ပွဲတင်ပြီး ပေါ်တော်မူ စေတီငယ်လေးအကြောင်းပြု ကိုသိုလ်မှုစတင်ပြီး **"ရန်ကုန်မြို့ မဟာဗောဓိပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘိဝံသ"ရေးသားစီစဉ်အပ်သော" မဟာဇယမင်္ဂလာဂါထာနိဿယ" (၃၅) ဂါထာပါဠိအနက် ရွတ်ဖတ်ပူဇော်ခြင်း ပရိတ်-ပဋ္ဌာန်း စာရေးသူ ပဋ္ဌာန်း ၅ အုပ်တွဲ ၆ ကြိမ်မြောက် ပဥ္စမတွဲ အပြီး နောက်ဆုံးအုပ်ဖြင့် ပူဇော်မှုစခဲ့သည်။**

နယ်ခံ ဒေါ်ဝိုင်းကို ခေါ်၍ မေးမြန်းအကြောင်းပြုခဲ့သည်။ နဂါးမယ်တော် ဆရာတော်ကို စောင့်ရှောက်ကြောင်း ဖလိမ်တောင်ဆံတော်ရှင်စေတီမှ၊ ကိုကြီးရက္ခတို့ စောင့်ရှောက်မည့်အကြောင်း ပြောကြားသွားသည်။

စာရေးသူ ဝိဇ္ဇောတာရုံဝါတွင်းဆွမ်းကိစ္စပြီးချိန် သီတင်းကျွတ်လပြည့်နေ့၊ စေတီတည်မည့်ဝန်းကျင် သိမ်အတွင်း ပြန်လည်ရောက်ရှိပြီး ၆ လနှင့်အပြီး၊ စေတီမပြီးခင် မြွေကြီးတစ်ကောင် ရောက်လာမယ်၊ စောင့်ရှောက်ပေးပါ၊ ရွှေတိဂုံပုံတူမှန်လျှင် တပေါင်းလပြည့်နေ့ ထီးတင်နိုင်မယ် ၆လအတွင်း တပေါင်းလပြည့်ထီးတင်နိုင်စေရမယ်။ သစ္စာပြုအဓိဋ္ဌာန်တင်၍ ကမ္ဘာမြေပြင်ကုတ်ခြစ်ထုဆစ်ပြီး မနားမနေ နေ့အခါတစ်နေ့သုံးချိန်မက ချွေးဖြင့် ရေချိုးသလို အပင်ပန်းခံပြီး ည ၁၂း၀၀ နာရီမှ ၃း၀၀၊ ၄း၀၀ အထိ ကုသိုလ်ပွားပင့်ဖိတ်ဝတ်တက် ဝတ်ကပ်

ပရိတ်-ပဋ္ဌာန်းများ ကြေးစည်မောင်း အသံပြု တောင်စောင့်ဘိုးတော်နှင့် ရက္ခညီနောင်အောင်မောင်းထု အသံပြုခဲ့ရသည်။



စာရေးသူနှင့်အတူ ဝိဇ္ဇာသန်းဇနီးအိလေး-စန္ဒရားဆရာ စာရေးဆရာ ဦးသက်ခိုင်တို့ ကြိုးစားခဲ့ကြသည်။

နတ်တော်လပြည့် ရသေ့တောင် ဘီလူးညီနောင်ဆရာတော်ကြီးကို ဆရာတော်ဦးတေဇသိဒ္ဓိ ပင့်ဆောင်မှုဖြင့် ရောက်လာပြီး ကွန်ပစ်ဆရာတော်ကြီး အမှူးပြု၍ ဖလိမ်တောင်မြေကို ဝယ်ယူပြီး ထပ်ချဲ့လျက် စေတီတော်ကို အပြီးသပ်စတင်လျက် ပြုလုပ်နိုင်ခဲ့ကြသည်။

## ထူးဆန်းဖွယ်ရာ မြွေသူတော်ရောက်လာခြင်း

ရေး-ထားဝယ် ကားလမ်းအလယ် စပါးကြီးမြွေတစ်ကောင်ကို ကားဆရာတွေ ယူဆောင်လာပြီး ဆရာတော်ဦးသီရိမ္မ ဆရာတော်ထံ

လာရောက် လှူဒါန်းသွားကြသည်။ ကိုနိုင်ဦး ကိုလေးတို့မှ စောင့်ရှောက်လျက်ရှိခဲ့သည်။

စေတီထီးတော်တင်ပြီးချိန် အလျား ဖ ပေ၊ အလုံး ၂၀ လက်မခန့်ရှိ မြွေကြီး ရောက်လာခြင်းမှာ တောင်စောင့် နဂါးမယ်တော်ကိုယ်စား ရောက်လာပြီး အဆိပ်ရှိသတ္တဝါများ မလာရောက်စေရန် မြွေသူတော် ရောက်လာခြင်းဖြစ်သည်။

စေတီတော်ဘွဲ့အမည် "သီရိဓမ္မ တေဇသိဒ္ဓိဆုတောင်းပြည့်စေတီတော်" ဟု ဘွဲ့မည်ပြုလျက် တည်ထားကိုးကွယ်မှု ထီးတော်အတွက် ပွဲကို အောင်၊ စေ၊ ထီး၊ နဝ၊ စေတီရဟု ထီးတော်ခုနစ် ရေးဖက်နိုင်ခဲ့လေတော့သည်။ ကောဇာသက္ကရာဇ် ၁၃၇၉ ခုနှစ်။

## မွန်သီရိဓမ္မကျောင်း

ရေးမြို့ဟု သိလိုက်ရလျှင် အစင်ကျေးရွာကို မေ့မရလောက်အောင် ရေးမြို့၏ ရေလုပ်ငန်း ခြံလုပ်ငန်းများဖြင့် အထောက်အပံ့ပြုရွာကြီး (သို့မဟုတ်) မြို့ဟု ပြောရလောက်အောင် အစင်ရွာ၏ အကျယ်အဝန်းနှင့် ကုန်ထုတ်လုပ်အား ကောင်းမွန်ခဲ့သည်။

သာသနာ ဘာသာတရားနှင့် ကြည့်လျှင် မြတ်ဗုဒ္ဓဆန်တော်ရှင် ဖလိန်တောင်ကြီး၏ ဆံတော်ရှင်စေတီတော်သည် အစင်ရွာသားများ၏ ကျက်သရေဆောင် ရောင်တော်ကွန့်မြူးဆံတော်ရှင်စေတီ ရေးမြို့ကြီးနှင့် မလိမ်တောင် မွန်ဘုရင် အဆက်ဆက် အမတော်ရှင် စောပုလက်ရာ ဓမ္မပါလ မင်းတို့၏ လက်ရာရာများ မြတ်ဗုဒ္ဓဆံတော် ဆရာရသေ့၏ ကျေးဇူးအထူးလက်ရာများ ထင်ရှားတွေ့နေရသည်။

အစင်ကျေးရွာနယ်ပိုင်အတွင်း ဘုန်းတော်ကြီးကျောင်းပေါင်း ၂၂ ကျောင်းရှိသော်လည်း အစင်ရွာမ ကျောင်းဟောင်းကြီး "မွန်သီရိဓမ္မ

ကျောင်း''ဟူ၍ ဦးနုလက်ထက်မှ၊ မြေနေရာသက်မှတ် အတည်ပြုပေးခဲ့ပြီး ရေးမြို့နယ် အစင်ကျောင်းကြီးတည်ခဲ့ခြင်းမှာ အထူးအဦးဖြစ်ကြောင်း ကျောင်းဝန်းကျင်အနီး ဦးလှသိန်းပြောကြားခဲ့သည်။

ဦးလှသိန်းမှတ်မိသ၍ အစင်ရွာမဘုန်းတော်ကြီးကျောင်း မွန်ဆရာတော်ကြီး ကော့လှိုင်ဆရာတော် နောက်ဒုတိယ ရေးဆရာတော် ရေးဘူတာ ဘေးမှ ဘုန်းတော်ကြီးကျောင်း ရန်ကုန်(၂) ဆရာတော် မွန်ဘုန်းတော်ကြီး အဆက်ဆက်နောက် ရန်ကုန် (၂) ဆရာတော် ကော့လှိုင်ရွာမှ ဆရာတော် မွန်ဆရာတော်များ ဖဝေးဆရာတော် နောက်ဆုံးကွန်ပစ်ဆရာတော် လွန်ခဲ့သည့် ငါးနှစ်ခန့်မှ ''တေဇသိဒ္ဓိ'' ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးလယ်ပေါ် ဆရာတော်ကြီး(ရဟန္တာ)ဟု အသတ်မှတ်ခံရသော ဆရာတော်ကြီး၏ တပည့်ဖြစ်သူအား ကွန်ပစ်ဆရာတော် ဘဒ္ဒန္တာအာစာရမှ ချထားပေးခဲ့ခြင်းဖြစ်သည်။

ကျောင်းခြံတွင်းကျောင်းရှေ့မှ ယခုစေတီတော်အတွက် ကိုသာထူးရေကန်လုပ်ထားသော နေရာသည် ဖလိမ်တောင် ဆံတော်ရှင်သို့သွားသော လမ်းဟောင်းဖြစ်ခဲ့ကြောင်း အုတ်ကျိုးနှင့် လမ်းစများတွေ့မြင်နေရဆဲဖြစ်သည်။

## သိမ်၏အကြောင်း တစေ့တစ်စောင်း

မွန်သီရိဓမ္မကျောင်းကြီး၏ သိမ်တော်မှာ ရေးကျောက်တိုင် သိမ်ပနက်များဖြစ်ပြီး ဓမ္မပါလ မွန်မင်းနှင့် ရှင်စောပုတို့ လက်ရာဟူ၍လည်း ပြောဆိုကြသည်။

၁၃၃၆ ခုနှစ်တွင် ရန်ကုန်မှ ဦးကြက်မိသားစု ပြန်လည်ပြုပြင်ပြီး လွန်ခဲ့သော ငါးနှစ်ခန့်က **ဆွမ်းဒကာကိုခိုင်ဇော်ကြီးမှူး၍** ယခုတစ်ဖန် ပြန်လည် ပြုပြင်ထားခြင်းဖြစ်သည်။

သီရိဓမ္မတေဇ သိဒ္ဓိဆုတောင်းပြည့်စေတီတော်၏ အရှေ့ဘက် အနိမ့်တွင် တည်ရှိသည်။

## ထီးတော်တင်ပွဲ

စာရေးသူ ဖြ:၃၀ မိနစ်တွင် ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းကောင်းသော နိမိတ် ၁၀၃ ခု မြတ်ဗုဒ္ဓဖွင့်ထွန်းချိန်မှအစပြု ရွှေတိဂုံစေတီတော် မြတ်ကြီး တပေါင်းလပြည့် ထီးတော်တင်အထွက် ပူဇော်ခြင်း ရတနတ္တယ ရတနာမြတ်သုံးပါး ပူဇော်ရာ ဘုရားတရားသံဃာ ရတနာမြတ် သုံးပါးတစ်စုတပေါင်းတည်းပူဇော်ရာ စေတီယင်္ဂနအစပြု ဆံတော်ရှင်စေတီ သံ,ဂုံ,ပ,မ ဗုဒ္ဓလေးဆူဓာတ်တော်မွေတော် ပူဇော်သမှု ကုသိုလ်ပြုခဲ့ကြသည်။

**ယနေ့သာသနာ မညှိုးမနွမ်းရလေးအောင် ဖလိမ်တောင် ဆံတော်ရှင်စေတီတော်၏ဝန်းကျင် ဓာတ်တော်မွေတော်များ ဌာပနာပြု သီရိဓမ္မတေဇသိဒ္ဓိ ဆုတောင်းပြည့်စေတီကို အထွတ်တင်ထီးတော် တင်လှူမှာ ဖြစ်ပါတယ်။**

မမြင်အပ်မြင်အပ် အပေါင်းကုသိုလ်အကြောင်းပြု နှိုးဆော်မှုဖြင့် အထက်ပုဂ္ဂိုလ်များအား တင်လျှောက်ပန်ကြားခြင်း အောက်အောက် ပုဂ္ဂိုလ်များအား ဖိတ်ကြားခြင်းဖြင့် ကုသိုလ်ပြုနိုင်ကြရန် အကျိုးမျှော် နှိုးဆော်ခဲ့သည်။

**ကွန်ပစ်ဆရာတော်ဘဒ္ဒန္တအာစာရ ကျိုက်ထီးရိုး ရသေ့တောင် ဘီလူးညီနောင်ဆရာတော် မွန်သီရိကျောင်းထိုင် တေဇသိဒ္ဓိဆရာတော်** တို့ ကြွရောက်လာကြသည်။

နံနက် ၇း၀၀ နာရီ စတင်လို့ ထီးတော်တင်ရန် ငြမ်းအဆင့်ဆင့် ကွန်ပစ်ဆရာတော်ကြီး ဘဒ္ဒန္တအာစာရ ကိုယ်တိုင်ပြင်ဆင်ထားသည့် အတိုင်း ထီးတော်အထိ ၁၀ ဆင့်ကို တစ်ဆင့်လျှင် လူနှစ်ယောက် ထီးတော်ကို စတင်ပြီး သယ်ယူလက်ဆင့်ကမ်း တင်ယူကြသည်။



(ကျိုက်ထီးရိုး)
ဘီလူးညီနောင်ဆရာတော်



(ရေးမြို့)
ကွန်ပစ်ဆရာတော်

ကွန်ပစ်ဆရာတော် ဘဒ္ဒန္တအာစာရ ကြီးမှူး၍ ရသေ့တောင် ဘီလူးညီနောင်ဆရာတော် ညွှန်ကြားစီမံပေးသည်။ စာရေးသူနှင့် ကိုနိုင်ကိုလေး ဆရာတော်တေဇသိဒ္ဓိ ကျောင်းထိုင်ဆရာတော်တို့မှ ထီးတော်ကို ကြီးကြပ်၍ ပန်းရန် ဆရာနှစ်ဦးနှင့် အပြီးတိုင် တင်လှူပူဇော်ခဲ့ကြလေသည်။

အောင်ဂါထာကို ရွတ်ဆိုပူဇော်သည်။

**ဦးညာဏာစရ ဆရာတော်**

**သက်တော်ရာကျော် ထောင်ကျော်ရှည်ပါစေ။**

**အောင်မြေနင်း ဂါထာ**

**အောင်ထူးဆန်း မှန်သိုက်ဝင်**

**ထင်ကျော်သောင်း ဆောင်းထီးဖြူ**

**လူထိပ်မိုး ဟိုးဟိုးကျော်**

ကျော်ဝန်းတက် ဘက်မရှောင်
ခေါင်ဘုန်းကြီး ထီးရွှေနန်း
မှန်ဏ္ဍနွ ရာဇာဂါသို့မှန်း
တစ်ရှာတစ်ပါး လူမျိုးသားတို့
ကျော်ရန် နှိမ်နင်းစောရန်ခွင်း
မငြင်းမဆန် မခံမခန့် လွှန်ကြောက်ရွံ့၍
တပြည်လုံး လက်ရုံးတန်ကာ
အောင်ပါစေသော်... အောင်စေသော်...
အောင်ပါစေသော်... အောင်စေသော်...
အောင်ပါစေသော်... အောင်စေသော်...။

စေတီတော် အနောက်ဘက်မဏ္ဍာပ်တွင် ၉း၀၀ နာရီဝန်းကျင် သီရိဓမ္မတေဇသိဒ္ဓိဆုတောင်းပြည့်စေတီတော်ကို ဘုရားဒကာ ဘုရားဒကာမအားလုံးနှင့် ကိုသိုလ်ရှင်များတို့ ကောင်းမှုအထွတ်တင်ပွဲ ရောက်လာကြသူအပေါင်း-

ငါးပါးသီလခံယူစေပြီး **အနေကဇာတိသံသာရံအစပြု၍** ပရိတ် အောင်ဂါထာများဖြင့် ရေစက်သွန်းချ ကောင်းမှုသက်သေပြုကာ စေတီတော် ကုန်းတော်ရင်ပြင်ပေါ်မှ ကျောင်းတော်သို့ ဆွမ်းစားရန် ကြွတော်မူကြသည်။

ထီးတော်တင်ပွဲလာရောက်သူများအား နိဗ္ဗာန်ဈေးလာရောက် လှူဒါန်းသူများ ထို့နောက် ထမင်းကျွေးဧည့်ခံ ဝက်သားကုန်ချိန် ၁၀၀၊ ဟင်းချို၊ အတို့အစုံ၊ မုန့်မျိုးစုံတို့ဖြင့် ဧည့်ခံကျွေးမွေးလျက် ဧည့်ခံပွဲ ကိုလေးတို့အဖွဲ့ ခြောက်လုံးပတ်အစုံ စန္ဒယား အဆိုအတီးအကများဖြင့် ည ၁၁ နာရီတွင် ကျောင်းစာမေးပွဲများကိစ္စအတွက် ရပ်နားခြင်းဖြင့် အောင်မြင်စွာ ရှေးမွန်ကျောင်းဟောင်းကြီး "မွန်သီရိဓမ္မကျောင်း" ကကကော်ကတေဇသိဒ္ဓိ ဆရာတော်ကျေးဇူး ဘုရားဒကာ ဦးသောင်းအေး-

ဇနီး ဒေါ်မြအေး မိသားစု အစင်ရှာသူရှာသားများနှင့်အနီး ဝန်းကျင် မောင်အောင်ခိုင် မောင်နိုင်၊ မဌေးရီ မချို ဓမ္မစကူးဆရာမကြီးနှင့် ဆရာမအပေါင်း ကိုသာထူးမိသားစု ဆွမ်းချက်အဖွဲ့စသော လူငယ်၊ လူလတ်၊ လူကြီးများအားလုံး ညီညွတ်မှု၏ ကုသိုလ်ဒါနဖြစ်လေသည်။



**စေတီယံမှိစ သံဃေဝါ၊**

**ပုဂ္ဂလေ အတိတီသုဝါ၊**

**မာတာလိ ပီတာလီစညပိ၊**

**အထောဇ္ဈေမှိ ဘာတရီ။**

**ဥစ္စာမြှုပ်နှံရာ ၇ ဌာနတွင် အနုဂါမိဂါ ရတနာအစစ် ရွှေအိုးမြှုပ်နှံရာ တစ်နည်းကုသိုလ်ပြုရာ စေတီတို့အထံ၌** ဟူသော ဘုရားဟောပါဠိတော်အလာ စေတီတော်အား အထွတ်ပြု၍ အနာဂတ်သာသနာ သားစဉ်မြေးဆက် ကုသိုလ်လက်တို့ မတွန့်မတိုပူဇော်လိုက လှူလိုက်ကြဟု ပါရမီကုသိုလ်ပြု သူတော်ကောင်းတို့ ရှေးမှုစောင့်ရှောက် မပြောက်လေအောင် ခေါင်းလောင်း၊ ကြေးစည်၊ ဆည်းလည်းသံလား ကောင်းမှုကုသိုလ်ကြားရလေပြီတကား …။ သာဓုခေါ်စေသော်။

၂၀၁၈၊ မုခသိုက်မဂ္ဂဇင်း၊ ပထမအုပ်



အဂ္ဂမဟာဓောတိကဓဇ ဝိဝေကာဝါသ အရှင်တိက္ခ

## ဝိပဿနာ ရှုတ်မှု...

မြတ်ဗုဒ္ဓ ဘုရားရှင်၏ အဆုံးအမသည် နာယူမှတ်သား ကျင့်သုံးရန် နည်းစနစ်ကောင်းတို့ဖြစ်သည်။ လောကီနယ်တွင် ကောင်းသတင်းဖြင့် ပြီးပြည့်စုံချမ်းသာခြင်း သုခရရှိပြီး မှန်ကန်မှု တရား၏ အကျိုးအခါမလပ်တစ်ဆက်တည်း စံစားခံစားမှုဖြစ်သည်။ လောကုတ္တရာနယ်၊ တမလွန်အကျိုးပေး အာသန္နကံ အကျိုးပေးသံစွာ အခြားမရှိ မြတ်ဗုဒ္ဓအာရုံတည်မှု အထက်ဘုံနန်း မြတ်ဗုဒ္ဓတရားကျင့်အားသန်၍ မှန်ကန်ကာ နိဗ္ဗာန်ဓန်း သန္တိသုခ ချမ်းသာမှုတို့သာ ဖြစ်လေတော့သည်။

မြတ်ဗုဒ္ဓ၏ တရားအစုတို့သည် သုတ်ဝိနည်းအဘိဓမ္မာဟူ၍ ပရိယတ္တိသာသနာမည်၏။ သင်အံလေ့ကျက်ပွားများအားထုတ်သူတို့သည် ဂန္ထဓုတအကျင့် သုတဗုဒ္ဓဖြစ်လေသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာအညီကျင့်ကြသူတို့သည် ထူးကဲလွန်မြောက် ဝိပဿနာတည်းဟူသော ဓုတဟူ၍ ဖြစ်လေသည်။ ထိုအကျင့်မြတ်နှစ်ပါးသည် ပါရမီကြီးရင့်သူတို့ သာသနာအဖြစ် သံသရာ အဆက်ဆက် ရင့်သည်ထက် ရင့်အောင် ကြိုးစားနိုင်ကြခြင်း တစ်ဘဝသာသနာကြိုးစားနိုင်မှ ဘဝ၏ တန်ဖိုးအကျိုးရှေ့ဆောင် ကောင်းမှုလှူဘောင်ပါရမီရောင်ထွန်းပြောင်နိုင်၍ မိမိသူတစ်ပါး အကျိုးများဖွယ်တို့ ဖြစ်လေတော့သည်။

မြန်မာပြည် သာသနာဦးအစမှ တပုဿညီနောင် ဥပါသကာ ၁၀၃ ခု မဟာသက္ကရာဇ် ကေဒက်ဘွဲ့ထူးခံ၍ မြတ်ဗုဒ္ဓသာသနာစတင်ခဲ့သည်။ ယနေ့သာသနာနှစ် ၂၅၀၀ ကျော် ခရီးတွင် "သာသနာ့သင်္ဂါယနာ" တင်ပွဲ နှစ်ကြိမ် ဆင်နွှဲ၍ ပဉ္စမအကြိမ် မန္တလေး၊ ဆဋ္ဌမအကြိမ် ရန်ကုန် ကမ္ဘာအေးစေတီတော်တို့တွင် သာသနာ့အောင်လံ မြန်မာပြည်တွင် သုဝဏ္ဏဘူမိ နေရာမှန် အစအလယ်တင့်တယ်လျက် မြတ်ဗုဒ္ဓဗျာဒိတ်တော်သာသနာ ၅၀၀၀ ရှည်အောင်တည်မည့် သူတော်ကောင်းတို့ရွှေပြည်ဖြစ်လေသည်။

ယနေ့မြန်မာနိုင်ငံ မွန်တို့ဌာနီ ဘီလင်းမြို့နယ် တောင်စွန်းဝိဝေကာဝါသဆရာတော်ကြီး၏ အကြောင်း အနည်းငယ် ရေးသားဖော်ကျူးလိုပါသည်။

ဆရာတော်ကြီး၏ ရည်ရွယ်ချက်မှာ သာသနာအတွက် ကြိုးစားမယ်ဆိုရင် နှစ်ပေါင်းဆယ်ဂဏန်းရာဂဏန်းလောက်တော့ ကြိုးစားရလိမ့်မယ်။ သီလနဲ့ ပြောရင် ကျိုး၊ ပေါက်၊ ကျိုး၊ ပြောက်၊ မကျိုးမပေါက်မကျား မပြောက်–အကောင်းပြကတိ စောင့်ထိန်းသိမ်းပြီးသီလ

ကို ကြိုးစားရလိမ့်မယ်။ ဒို့များတစ်ဘဝ သာသနာပွေ့ကြွယ်။ သာသနာ အတွက် တောင်စွန်တောင်ကြီးအမှီပြု ပင်ပင်ပန်းပန်း စခဲ့ရတာဘဲ အခုတော့ ကြည်ညိုသူတကာတွေရဲ့ ကုသိုလ်မှု ကျောင်းသင်္ကန်းစေတီ တွေ ဖြစ်လာတယ်။ ဆရာဒကာ သာသနာ့တာဝန် ခုတနှစ်ဖြာကျင့်အား သန်သန်နဲ့ ဆရာဒကာ ဦးထမ်းပဲ့ထမ်း တစ်ခါတရံ ဆွမ်းအစ ပစ္စည်း လေးပါး ဒကာတွေက ရှေ့ကဆောင်ရွက်တယ်။ ဆရာတော် သံဃာ တော်တွေ အနေနဲ့ အမှားအမှန် မြတ်ဗုဒ္ဓရဲ့ ပါရမီဉာဏ်တွေနဲ့ ဓမ္မတရား တွေ မပျက်ရလေအောင် ရှေ့က ရွက်ဆောင်ပေးရတယ်ပေါ့…။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝိဓေကဝါသီ အရှင်တိက္ခတောင်စွန်း** ဆရာတော်ကြီး သူကိုယ်တိုင် ယနေ့ ဆွမ်းရယ်လို့ မသုံးတော့ဘဲ အသီးလေးတွေဘဲ စားပြီး မေတ္တာကမ္မဋ္ဌာန်းကို အလေးပေး ကျင့်နေ ခဲ့သည်မှာ တစ်နှစ်ဝန်းကျင်သို့ ရောက်နေခဲ့လေပြီ။ အရှင်ဘုရား ကျန်းမာရေး အခြေအနေပြောပါအုံး ဘုရား။ စာရေးသူမေးလျှောက် သည်။ **"ကောင်းပါတယ်ဒကာ၊ ကျန်းမာရေးကြောင့်ကို စားတယ်ပြော ရမှာဘဲ"** အသီးလေးတွေစားပြီး အာဟာရအတွက် သစ်သီးဆွမ်းအဖြစ် သုံးနေတာပါ။ (**မီးလွတ်စားသည်ဟုမပြော**) ဒကာပြောဘူးတယ်လေ သာသနာ့ထိပ်ခေါင် **တိပိဋကယောဆရာတော်ကြီးတောင် အသက် ၃၅ နှစ်ထဲက အသွေးအသားလွတ် အသီးအရွက်ကလေးစားပြီး** (ငါးသားသတ်လွတ် စားတယ်၊ မကြွေးကျော်ဘဲ) **"ကျန်းမာရေးပါလို့ ပြောသွားတယ်"**။ ကြည်ညိုပါတယ်ဗျာ၊ ကျန်းမာရေးအတွက်ဘဲ အာဟာရမှီဝဲတယ်ဆိုတဲ့စကား သိပ်ကြည်ညိုဖွယ်ဘဲ (အဝိဇ္ဇာနဲ့တဏှာ အစွဲ) မေတ္တာအားလေးတော့ လိုနေတယ်ပေါ့… **ဒါကြောင့် မေတ္တာ များများပို့လွတ်ပါတယ်…**။

ဆရာတော်ကြီး၏ ပရဟိတလုပ်ငန်းများ ကလေးငယ်များမှ အစပြု တက္ကသိုလ်ကျောင်းပြီးအထိ လုပ်ငန်းဆောင်တာများ တောင်စွန်း

ဆေးရုံ လူနာများ အခမဲ့ကုသရေး၊ ဆေးဖိုးကုန်ကြစရိတ်၊ လူမှုရေး ပရဟိတ များစွာလုပ်ဆောင်လျက် ကိုယ့်တာကိုယ့်ဘဝကြတော့ အလိုနည်း ကြောင်း မြတ်ဗုဒ္ဓအကျင့်မြတ်သာဓုခေါ်ဖွယ် ဓုတင်အကျင့် (၁၃)ပါးကဲ့သို့ ခန္တဝန်ချိုခဲ့မှုအကျင့်မှာ အတုယူဖွယ် ဖြစ်နေလေသည်။

**သီလအကျင့် မြတ်သုဒ္ဓိစင်ကြယ်ခြင်း ထိုမှသမ္မာဓိ**-ဝိသုဒ္ဓိမဂ်-ညောင်လေးပင်ဦး အရိယ ရေးသားသော သမ္မာဓိအရသာ အခန်း P-၁၃၄ တွင် ပါသော **"သဗ္ဗထကမ္မဋ္ဌာန်း"** အနည်းငယ်ဖော်ပြလိုပါသည်။

အာပါတ်မရှိ မည်ရုံဖြင့် ပါတိမောက္ခသံဝရသီလလုံ၏။ ဒွါရခြောက်ပါး အကုသိုလ်မဖြစ်စေရုံဖြင့် ဣန္ဒြိယသံဝရလုံ၏။ မိစ္ဆာဇီဝကင်းအောင် ဆွမ်းခံစားရုံဖြင့် အာဇီဝပါရိသုဒ္ဓိသီလလုံ၏။ ပစ္စည်းလေးပါး ပစ္စဝက္ခဏာ ဆင်ခြင်သုံးသပ်ခြင်းဖြင့် ပစ္စယသန္နိသီလ လုံ၏။ ဤသီလလေးပါးသည် ဓုတင်ဆောင်၍ အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်းစသည်ကို ဖြစ်စေလျှင် အထူးစင်ကြယ်၏။ သီလစင်ကြယ်လျှင် လောကီ သမ္မာဓိကိုပွားစေအပ်၏။ လောကုတ္တရာသမ္မာဓိကားပွားစရာ မဟုတ် လောကီပညာပွားခြင်းဖြင့် လောကုတ္တရာမဂ်ပညာဖြစ်သောအခါ လောကုတ္တရာပညာပွားပြီးဖြစ်၏။

စာရေးသူသည် ဆရာတော်ကြီး၏ သီလသမ္မာဓိပညာဂုဏ်သတ္တိဦးခိုက်ရှိ့ကျိုးပူဇော်လျက် ဆရာဒကာ သာသနာဓုတနှစ်ဖြာကျင့်ဖွယ်ရာဟု သာသနာမော်ကွန်းပြည်မြန်မာတွင် ထွန်းလင်းလျက်ပါဟု သာသနာအထွတ်တင်ပြီး ရေးသားဖော်ကျူးလိုက်ပါသည်။

*

# သာသနာဦး စေတီကွန်ယက်

ကမ္ဘာ့မြေပြင် ထင်ရှားသက်သေ ထွန်းသစ်ခြင်းသည် လေးကျွန်းတ မြင့်မိုရ်သီတာပဗ္ဗတ မြတ်ဗုဒ္ဓစာပေဖွဲ့နွဲ့သီကျူးဖွင့်ဖော်ထုးကိုလည်းကောင်း၊ အချိန်အခါ နေရာတကျ ကမ္မနိယာမ သဘာဝဖြင့် လည်းကောင်း၊ မြတ်ဗုဒ္ဓတို့၏ ဗျာဒိတ်တော် မလွဲချော်စေသော အနာဂတံသကာလပိုင်းခြားမှုအားဖြင့်သော်လည်းကောင်း လွန်ထူးမြတ်ဖွယ် စေတီတော်တို့ မြန်မာပြည်သာသနာ ထွန်းပေါ်ခြင်းအကြောင်းတို့ ဖြစ်သည်။

ဓာတု၊ ဓမ္မ၊ ပရိဘောဂဟု မြတ်ဗုဒ္ဓရည်စူး၍ ဥဒ္ဒိဿစေတီဟူ၍ ဘုရားရှင်ပွင့်ထွန်းတော်မူစမှ ယနေ့သာသနာ မငြိုးနွမ်းဖွယ် နောင်ခါ ထိုနယ်သာသနာ ထွန်းတောက်စေရန် ဘိုးဘွားစဉ်ဆက်မှ ယနေ့သားစဉ်မြေးဆက်သို့ သာသနာ့ပန်းကုံး ဦးထိပ်ရင်မှာ စွဲငြိစေရန် "ဥပါသကာ ဥပါသိကာ-ဘိက္ခု-ဘိက္ခုနီ"ဟု ပုဂ္ဂိုလ်လေးပါးချစ်သားတို့ဟု ရဟန်းယောကျ်ား၊ ရဟန်းအမျိုးသမီး၊ ဥပါသကာ လူယောကျ်ား၊ ဥပါသိကာ လူအမျိုးသမီးတို့ သာသနာ့တာဝန်သာဖြစ်လေသည်။

**ဟိဋ္ဌမှေ့ နိဗ္ဗုတေစာမိ၊ သမေစိတ္တေသမ ဖလံ**
**စေဟောပဏိဓိ ဟေတ္တုပြဲ၊ သတ္တာ ဂစ္ဆန္တိသုဂတိ။**

ဟူသော ဂါထာဖြင့် ဟောကြားခဲ့သည်။

သက်ရှိထင်ရှားရှိသည့် ဗုဒ္ဓမြတ်စွာပင် မဟုတ်သော်လည်း စေတီလေးမျိုးတွင် စိတ်ထားတူက အကျိုးပေးတူကြောင်း ဟောကြားတော်မူခဲ့သည်။

ကမ္ဘာ့တွင် ရာဇာတို့ပြောက်ကာ အင်္ဂလိပ်တို့ နေမဝင်အင်ပါယာကြီးစားချိန် မြန်မာပြည် အင်္ဂလိပ်ဂျပန်စစ်ပွဲများ ဂျပန်ခေတ် ဂျပန်တို့စစ်ရှုံး၍ ပြေးလွှားနေရချိန် တော်ခရမ်းကြီးအနောက် ကျွန်းချောင်းကျေးရွာတွင် ဂျပန်စစ်သားများ စခန်းချနေထိုင်သည် တစ်ရွာလုံးဗုံးချဖျက်ဆီးရန် အမိန့်ဖြင့် စစ်လေယာဉ်ရွှေတိဂုံနှစ်ပြားတန်ဆောင်းပစ်ချခဲ့သော ကျွဲညီနောင်တိုက်လေယာဉ်ကြီး နှစ်စင်းစေလွှတ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၀၀ ခုနှစ် တိုးမြစ်ကြောင်း ရေစီးအားကောင်း၍ မြစ်ကျဉ်းနေချိန်ကာလ ရန်ကုန်ကွမ်းခြံကုန်း ရေလမ်းခရီး "အောက်လမ်းသင်္ဘောဖြင့်" ခရီးသွားချိန်ဖြစ်သည်။

မြစ်ကမ်းဘေးမှ "ခနောင် ခလောက်မော်" ရွာ လေးရေတိုက်စားခံရပြီး ရွာပျက်၍ ကွမ်းခြံကုန်းမြို့သို့ ပြောင်းကြ တချို့ကျွန်းချောင်းရွာသို့ ပြောင်းရွှေ့နေကြရသည့် အချိန်အခါဖြစ်သည်။

စစ်မိန့်ဖြင့် ကျွဲညီနောင် လေယာဉ်နှစ်စီး ကွမ်းခြံကုန်းအနောက်ကျွန်းညိုကြီးဟု ထင်မှတ်ကာ ဘင်္ဂလားပင်လယ် အနောက်ဘက် အစွန်းကျွန်းညိုကြီးအား ဗုံးမိုးရွာချကြေမွပျက်စီးစေခဲ့သည်။

ဤသတင်း ကျွန်းချောင်းရွာလေးမှ ဂျပန်များသိ၍ တိမ်းရှောင်ထွက်ပြေးကြသည်။ ကျွန်းချောင်းရွာကလေး ကျွဲညီနောင်ပစ်သောဗုံးဘေးမှ လွတ်ကင်းခဲ့ရသည်။ **ကျွန်းချောင်းရွာတွင် အထက်အညာဒေသမှ ဆရာတော်ကြီး ဦးသိရိန္ဒဆရာတော်ကြီး ဒီရွာကို မပျက်စီးအောင် "မင်္ဂလွန်း" စေတီငုတ်တို ဝိဇ္ဇာတွေ ဘိုးတော်တွေ ဘုန်းကြီးတယ်၊ သူတို့ကယ်လိုက်တာ ဂျပန်စစ်ဘေး ကျွဲညီနောင် ဗုံးချမည်ဘေး**

**ကင်းတယ်၊ ငါ့ကို "မင်္ဂလွန်းစေတီ"ဘွဲ့အမည်နဲ့ စေတီတည်နိုင်းတယ် သူတို့ ကူညီမယ်ပြောသည်**ဟု မိန့်ဟပြောဆိုခဲ့ကြောင်း ခနောင်ခလောက်မှော်သား စာရေးသူဖခင် ဦးညွှန့်မောင်အား ပြောခဲ့ဘူး သည်ကို စာရေးသူ မှတ်မိနေဆဲဖြစ်သည်။ ဂျပန်ခေတ် ကျွန်းချောင်းရွာကလေးသာ မုံးမိုးရွာချခဲ့မည်ဆိုလျှင် စာရေးသူဖခင် မိခင်တို့ သေလွန်၍ စာရေးသူတို့ လူဖြစ်ခွင့်ရမည် မဟုတ်တော့ပေ…။

သိုက်နန်းကလည်း ကြီးတယ်။ "နဂါးသိုက် ဘိုးတော်ရှိနေတယ်" **"သာသနာ ၂၅၀၀ မှာ မှတ်ကျွန်းတစ်ပိုင် ဂရမ်ကြီး ၂၅၀၀ သာသနာကွန်ယက် ဒီစေတီကထွက်မယ်"** ဆရာတော်ကြီး သိုက်နန်းရှင်ဘိုးတော်ကြီးအားကိုးသည် ဝိဇ္ဇာဘိုးတော်တွေ ဆရာ ရသေ့နွယ်ပွားအနီရောင် ယောဂီများကို တလေးတစား ညွှန်ကြား ကြိုးစားခဲ့သည်။ စေတီတော်အတွက် အဖြူဝမ်းဆက်၊ အထက်အောက် ဝတ်စားမှုဥပါသကာတွေ လေးပိုင်းလေးရွာ တော်ခရမ်းကြီး ကျွန်းချောင်းဆိပ်ကြီးတောင်ကုန်ကြီးများမှ စေတီကြီးတွေ ပြုပြင်ရန် ရေးမူ မပျက်ယနေ့တိုင် ဆွမ်းတော်ကြီးခံ ဝတ်လှဲ့ အလှူခံပစ္စည်း ဥပါသကာ တို့လက်ကိုင် သိုင်း၊ ကျိုင်း၊ ယပ်၊ ကြေးစည်း၊ ပန်းဆိုင်း၊ ဗျက်၊ ပြစ်တောင်း၊ ဖလားကိုင်၍ အပူဇော်ခံ အလှူခံထွက်လျက်ရှိသည်။

ဆရာတော်ကြီး ဖိုထိုးသည် ရွာနေလူများ အုတ်ဖုတ်နည်းသင်ခိုင်းသည် ဆရာတော်ကြီး နှစ်ပေါင်း များစွာကြိုးစားရသည်။ ဘိုးတော်ရောင်များ၊ ဝိဇ္ဇာတုများလည်း ခံစားခဲ့ရရှာသည်။

## မင်္ဂလွန်းစေတီနှင့် သိုက်ဆရာများ

မင်္ဂလွန်းစေတီကုန်းတော်ကို စတင်လို့ ချုံနွယ်သစ်ပင်များခုတ်ထွင်ရှင်းလင်းရသည်။ ယခုစေတီတော်အရှေ့အာရုံခံတံဆောင်းနေရာ ရန်ကုန်မှ သိုက်ဆရာနှင့် ဆရာတော်ကြီး အပါအဝင် ရွာသား

များနှင့် ည ၁၀ နာရီ အောက်လင်းဓာတ်မီးကြီးထွန်းတူးနေကြသည်။ စေတီတော်သည် ရွာ၏အနောက်ဘက်တွင် တည်ရှိသည်။ သို့သော် ရွာနှင့် မင်္ဂလွန်းစေတီ ချောင်းကလေးခြားထားသည်။

မင်္ဂလွန်းစေတီ ချောင်းကလေးသည် ကျွန်းချောင်း ချောင်းလက်ခွဲအဖြစ် ခွဲထွက်ပြီး စေတီကို စည်းရိုးသဖွယ် တိုးမြစ်သို့ ပြန်ပေါက်သော အရာတွေ့နေရ၍ (၂၀ ဧကကျော်) ကျယ်ဝန်းသည် စေတီတော်တူးဆွနေချိန် ရွာလမ်းလေးခွ ရေတွင်းလမ်းဆုံတွင်နေသော ကိုလှသန်း မသန်းအိမ်မှ မသန်းအား သိုက်နန်းရှင် ပူးဝင်၍ တလိုင်းစကားများပြောလိုက် ရင်ဘတ်တီးပြီး ကုန်ပါပြီး ဘုရားပစ္စည်းတွေ လုပ်နေကြတယ် ကုန်ပါပြီဟု အသံကျယ်နဲ့ မျက်လုံးကြီးပြူးအော်သံကို ရွာလူမိုက်အမြဲမူးနေသော ကိုကျော်ရင်မှ ဟေး ရွာသားတွေ ဒို့ဘုရားကြီး သိုက်တူးနေတတ်တဲ့ သွားမယ် ရိုက်လွှတ်မယ် လူတွေစုကွာ ယောကျ်ားမိန်းအကုန်ထွက်ဟေ့လို့ ကိုကျော်ရင်ရွာထဲအော်ပြီး ည ၁၀ နာရီမှောင်မဲမဲရွာသားများအားလုံး စေတီရှိရာသို့ ဦးတည်လျက်ထွက်လာကြသည်။

ရှေးယခင်လည်း ခဏခဏ သိုက်တူးသူတွေရောက်လာပြီး မြေပြင်ရေထင် ကူးကူးနေရသော သိုက်ဆရာများ မကြာမကြာ တွေ့နေရ၍ ရွာသားများစေတီကုန်းကိုတော့ အမြဲသတိထားနေကြသည်။

စေတီကုန်းတော်နားရောက်လျှင် ရွာသားအချို့ဆရာတော်ကြီးနှင့် လူစိမ်းများ တွေ့လိုက်ရသည်။ မူးနေသော ကိုကျော်ရင်ဘာမျှမရှောင် စေတီမှာ သိုက်တူးနေတာ ပြစ်ကွာချကွာဟုဆိုကာ အောက်လင်းဓာတ်မီးကြီးကို အုတ်ခဲကျိုးဖြင့် ပစ်ခွဲပေါက်လိုက်သည်။ ဆရာတော်ကြီး တားဆီးပြီး ရပ်နားခဲ့ရသည်။

စေတီကုန်းတော်မှာ နောက်နောင်တူးဆွခြင်း မပြုခဲ့ ဆရာတော်ကြီးကတော့ ဗျူဟာစနစ်တကျ ကြိုးစားနေလေတော့သည်။ စိပ်ပုတီးလက်ကမချ။ ဖိုခန်းထဲက သိပ်မထွက် ကြိုးစားရှာသည်။

## နတ်ဦးရှင်ဝင်ပူးသော မောင်ရှင်

ကျွန်းချောင်းရွာမှ ဆင်းရဲသားမောင်ရှင်တံငါလုပ်ငန်းဖြင့် မနား မနေကြိုးစားနေရသည်။ သားသမီးကလည်းများ အစားကလည်းကြမ်း တံငါပါးစပ် အသားငါးမပါ မစားတတ် တစ်နေ့ တိုးမြစ်ကမ်းခြေ **ကဝက်ချောင်းဝနားမှ** ခြုံထုပ်ခြ ပုဇွန်ခတ်နေရင်း ပင်လယ်ငါးခူးစူးပြီး သုံးရက်လုံးနာလွန်း၍ အော်နေရသည်။ ထိုအချိန်အပူးအကပ် စလာပြီ ဖြစ်သည်။

ထုံးစံရှိသည့်အတိုင်း ရွာသားများ ဝါဝင်လျှင် တစ်ကြိမ်၊ ဝါထွက် တစ်ကြိမ် **ရေငံပိုင်ဦးရှင်ကြီးကို တင်မြှောက်ပူဇော်သမှု** ဒေဝနတ်စာ ပြုကြသည်။ (ရွာနေကိုမောင်ရှင်) ဦးရှင်ကြီး ဆွမ်းတင်သော အောက် ပွဲ လင်ပန်းပေါ်ခြေတစ်ဘက်နင်းပြီး အပေါ်ကျောင်းဆောင်စင်ပေါ် တက် အုန်းရေခွက် ဦးရှင်ကြီးပွဲ ကိုးမြို့ရှင်ပွဲ ပုဂံကိုကိုင်ပြီး ကျောင်း ဆောင်ခေါ်စင်လေးပေါ်ရပ်နေသည်ကို တွေ့နေရသည်။

လူအနေအထား ခြောက်ပေခြောက်လက်မခန့် ကိုယ်ပေါင်အလေး ချိန် ၂၀၀ ဝန်းကျင်သည်။ တစ်ပေခွဲပတ်လည် နှစ်ပတ်လည်တိုင် တစ်လုံးနှင့် မြေကြီးတစ်ထွာ သာသာတူးပြီး စိုက်ထားသောစင် အုန်း ငှက်ပျော၊ ထန်းလျက်၊ လက်ဖက်ပုံလေးနှင့် ဟင်းသောက်ပုဂံနှစ်လုံး အုန်းရည်ထည့်သော ဖန်ခွက်တစ်လုံး ပြည့်နေသောနေရာ အုန်းရည် ဖန်ခွက် အနည်းငယ်သောက်ပြီး ထိုစင်ပေါ်တက်မတ်မတ်ရပ် ပုဂံ နှစ်လုံးကိုင်ပြီး သူစောင့်ရှောက်မည့်အကြောင်း မင်္ဂလွန်းစေတီ မကြာခင် ပြီးမည်အကြောင်းများ ဝင်ရောက်ပူးကပ်ပြောလာလေသည်။

မောင်ရှင်တစ်ခေတ်ကောင်းချိန် စေတီးကုန်းတော်စတင်ပြီး ရှင်းလင်းနေရာ တည်ခဲ့ကြရလေသည်။

## ဆရာတော်ကြီး သိရိန္ဒအလုပ်မှန်ကံဖြစ်

ဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒသည် ကြိုးစားမှု ဦးစိန်မောင် လယ်မြေမှ ကန်တူးမြေကို အုတ်ဖုတ်ပြီး အုတ်တစ်ချပ် ၁၀ပြားခေတ် စေတီကို ၉ တောင်ပြည့်တည်ရန် စေတီကုန်းတော်ကို မြေညှိ၊ ခုနစ် ရက်အတွင်း အပြီးတည်သည်။ ထို့နောက် ၄၅ တောင်၊ ဉာဏ်တော် အမြင့် လေးဆယ်ငါးတောင် အခြေအုတ်ဖိနတ်တော်ပန်းတင်ခုံ ပထမ ပစ္စယံ အုတ်မြေချစတည်ခဲ့သည်။

ဆရာတော်ကြီး သက်န်းကောင်းမရှိ ရှိလျှင် လှူသည်။ "တိစီ ဝရိတ်" သက်န်းသုံးထည်ဖြင့် နေသည်။ စေတီတော်အပေါ် အမြဲ စိတ်ညွတ်နေသည်။

စေတီကြီး တည်သူမှာ လက်ခ မလို့ "ဦးထွား" ဟု အမည်နာမ ဖြစ်သော်လည်း လူအနေအထား ငါးပေ မပြည့် ပုပုသေးသေး အသက် ခုနစ်ဆယ်ကျော် ရွာသားများကို လမ်းညွှန်၍ ဝါသနာပါသူ ဦးဖိုးခွေး ဦးကျော်သင်း၊ ဦးကျော်သန်း၊ ဦးဖိုးရ၊ ကိုမောင်ငို၊ ကိုကျော်ရီ၊ ကိုတင်လှိုင်စသည်ဖြင့် လူများပါဝင်လုပ်ကိုင်ရင်း စေတီတော်ကြီး ကြိုးစားခဲ့သည်။ ထီးတော်ကို ၁၃၂၅ ခုနှစ်မှစတင်၍ **ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီဘုရားလမ်း၊ ဓမ္မစကြာအဖွဲ့ချုပ် ဆရာတော် ဦးစိန်ခန့် လမ်းညွှန်မှု ဓမ္မစကြာဖြင့် အောင်မြင် ထမြောက်၍ "မင်္ဂလွန်း အောင်စကြာ"** ဘွဲ့တော် ဆရာတော်ကြီး ကဗျည်းတင်ခဲ့သည်။

၁၃၃၅ ခု တစ်ပေါင်းလပြည့် နယ်လီစန်း ဇာတ်အဖွဲ့ဖြင့် ထီးတော် တင်ပွဲ နှစ်ညအောင်ပွဲခံခဲ့သည်။ တတိယည မိုးသည်းထန်စွာ ရွာသွန်း ၍ ရပ်နားခဲ့ရသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဦးသိန္ဒသည် ဘုန်းတော်ကြီးကျောင်းခြံဝန်း အတွင်းတွင် **စေတီတစ်ဆူ "ဇမ္ဗူသီရိ" ဆုတောင်းပြည့်** သိမ်၊

တန်ဆောင်းတို့ကို ကျွန်းချောင်းကျေးရွာအတွက် ဘုန်းရောင်ပေါ်ထွန်း ကြိုးစားနိုင်ခဲ့သည်။

မင်္ဂလွန်းအောင်စကြာစေတီကြီးတွင် ဒေါ်မိလှုဒါန်းသော တန်ဆောင်း၊ အနောက်ဘက် အကြည်ညိုခံဖြစ်ပြီး တောင်ဘက်အကြည်ညိုခံ အာရုံခံတန်ဆောင်းတော်ကြီး ဆောက်လုပ်နိုင်ခဲ့သည်။ ထိုသစ်သား တန်ဆောင်းကြီး နာဂစ်မုန်တိုင်းဖြင့် ပျက်စီးခဲ့ရပြီး လက်ရှိဆရာတော် ရပ်ကျေးဥက္ကဋ္ဌ ဦးဝိဇ္ဇောဘာသကြီးမှူး၍ ဦးလှမောင်+ ဒေါ်အေးလှမိသားစုတို့မှ စေတီ၏အရှေ့ဘက် အာရုံခံ တန်ဆောင်းတစ်လုံးသာ ခံ့ညားစွာတည်ရှိသည်။

ဘဒ္ဒန္တသီရိန္ဒ ဆရာတော်ကြီး မင်္ဂလွန်းအောင်စကြာစေတီအတွက် စေတီကုန်းတော်ပေါ်မှ သင်္ကန်းပင်ကြီး သုံးပင်ကို လှဲပြီး အာရုံခံ တန်ဆောင်း စေတီ၏တောင်ဘက်ဆောက်လုပ်စဉ် အိပ်မက်ပေး၍ စေတီတော်၏ အနောက်တောင်ဘက်တွင် ဦးရှင်ကြီး ရုပ်ထု မိကျောင်း ကျားနှင့် စောင်းကိုင်ပုဂ္ဂိုလ် နတ်ကွန်းတစ်ခု၊ တောင်အရပ်တွင် ရှမ်းမောင်နှမ နတ်ကွန်းတစ်ခု စေတီ၏ အရှေ့မြောက် တနင်္ဂနွေထောင့် ဆရာရသေ့ရုပ်ထုတော် နတ်ကွန်းတစ်ခု ပေါင်းသုံးခုရှိခဲ့သည်။ ဆရာတော်ကြီး ဦးသီရိန္ဒကိုယ်တိုင် ပွဲတင်အပ်ထားခဲ့သည်။

## စေတီတော်မှ နဂါးရုံနှင့် ရုပ်ပွားတော်အကြောင်း

ဆရာတော်ဦးဝိဇ္ဇောဘာသ ရပ်ကျေးဥက္ကဋ္ဌဆရာတော်သည် နဂါးရုံ စေတီ၊ နဂါးရုပ်နှင့် ရုပ်ပွားတော်တည်ရန် အုတ်တစ်ထောင်ကျော် စေတီတော်ကုန်းတော်ပေါ် တင်ထားပြီး ကြိုးစားနေချိန် နာဂစ်မုန်တိုင်း တိုက်ခတ်၍ အုတ်တစ်လုံးမှ မကျန်အောင် ပျောက်သွားသည် အနောက်ဘက် ဒေါ်မိတန်ဆောင်းလည်း ပြိုကြပျက်စီးခဲ့သည်။ နဂါးရုံ

စေတီအတွက် အုတ်ခဲတစ်လုံးမျှ မကျန်ပျောက်သွားခြင်းမှ အံ့ဩဖွယ်ဖြစ်သည်။

စေတီတော် အနောင်မြောက်ဘက် "ကျွဲလူးအိုင်" တစ်ခုရှိသည်။ ထိုနေရာ **သိုက်တူးသူများ ရေကူးဘူးသော နေရာ "စေတီစောင့်နတ်ကျွဲ"နေရာဖြစ်၍ စေတီတော် ကုန်းနဂါးရုံစေတီ မကြိုက်ဖြစ်သည်**။ ရှေးယခင် ကျွန်းချောင်းရွာမှ ဦးရွှေရှိပြောပြခဲ့သည်။ သီတင်းကျွတ် ကျွဲရုပ်၊ ကျွဲသိုးခတ်ရန် စေတီကုန်းတော်ပေါ် ဦးကျင်အောင်နှင့် နောက်လိုက်တစ်ယောက်၊ ကျွဲတစ်ကောင် ဦးရွှေရိုးနောက်လိုက် တစ်ယောက် ကျွဲရုပ်နှစ်ကောင် ခတ်မည်ဟု စောင့်နေချိန် ကျွဲရုပ်တွင်းမှ လူတွေ အားလုံးပြစ်လဲကုန်၍ ရေမန်းနှင့် ပက်ဖျန်းမှ ပြန်ကောင်းခဲ့သည်ဟု ပြောပြခဲ့သည်။

**တွံတွေးတောကြီးတန်း ကျွဲမင်းကုန်း သမိုင်းအစ ချာရာခြင်းတူ ခံပြီး ခတ်တတ်ခဲ့သော သားအဖ ကျွဲမင်းဇာတ်တော်ဆက်စပ်လျက်ရှိသည်**။ နကရိုင်းကျွဲနတ်မဟုတ် စေတီစောင့် ကျွဲဖြစ်သည်။ ယနေ့ထိတိုင် လယ်ရှင်တို့ဖို့ မရသော လယ်ကွက်မှ ရေအိုင်အဖြစ်ရှိသည်။

နဂါးရုံစေတီ စေတီစောင့်ကျွဲမင်း မကြိုက်၍ ကုန်းတော်ပေါ်မှ အုတ်တစ်ချပ်မကျန် နာဂစ်မုန်တိုင်းနှင့် ပျောက်သွားခဲ့သည်။ နာဂစ်တိုက်ခတ်စဉ် အနောက်အာရုံခံတန်ဆောင်းမှ လူများမုန်တိုင်းတိုက်ခတ်နေစဉ် အရှေ့ဘက်တန်ဆောင်း ပြောင်းရွှေ့ပြီးမှ ပြိုကြခဲ့သည်။ စေတီတော်ပတ်လည်လယ်ကွင်းများ ဆယ်ပေခန့် မုန်တိုင်းရေလမ်းကြောင်း စေတီတော် ကုန်းတော်ရေအနည်းငယ်သာ ရောက်သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် မြတ်ဗုဒ္ဓပွင့်ထွန်းစအချိန် မုစ္စလိန္ဒာအိုင်မှ ပါရမီ နဂါးမင်းဖြည့်ဆည်းသည်။ ဘုံခုနစ်လွှာပါရမီခန်းတွင် နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ရက္ခ၊ ဂန္ဓဗ္ဗ၊ ဝိဂန္ဓရ၊ သိကြားပြည်တို့ ဖြစ်သည်။

တပုဿညီနောင် ဆံတော်မြတ်ပင့်ဆောင်ရာလမ်းတစ်လျှောက် နဂါးမင်းဆံတော် ခိုးယူခြင်း၊ အကောက်ခွန်ဆိပ် အခမ္ဘယူခြင်း၊ ကျောက်ဆူးနှုတ်မရအောင် ပြုလုပ်ခြင်း၊ ယခုကညင်ကုန်းကျေးရွာ ပင်လယ်ကမ်းခြေ **"ကျောက်ဆူးငြိစေတီ"**နေရာ ထိုသို့သော အကြောင်းရင်းများ လူမသိ နတ်သိဟု ဆိုရမည်သာဖြစ်သည်။

ကတိပေး၍ ကညင်ကုန်းကျောက်ဆူး ငြိစေတီတည်ပေးခဲ့ရသည်။ မခု မင်္ဂလာလွန်းစေတီ **"နဂါးရုံစေတီ"**အတွက် အခွင့်မပေး သိုက်ကျွဲနာဂစ်ပွဲ အုတ်တစ်ချပ်မကျန်ခြင်း ကိစ္စဖြစ်သည်။

# တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီ ထူးကဲသော အရှင်တိဿဥပဂုတ္တ

၁၃၇၀ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့် ဆယ်ဂဏန်းပြည့်နေသော နှစ်ဖြစ်သည်။ လူသားတို့အတွက်ဆန်၍ တစ်မိနစ်တစ်အာဏာ ငါဟူသော လောဘ၊ ဒေါသ၊ မောဟ၊ မီးသုံးတန် တားဆီး ဆယ်မိသော နှစ် မေတ္တာနှင့်ယှဉ်၍ လူသားချင်းချင်း စာနာမှုတရား ဖြဟ္မာဝိဟာရ- ဖြမုဏာ- သဒ္ဓါမှ မနုဿလူသားတို့ တရားပြငြိမ်းချမ်းရေးနှင့် နတ်ဒေဝါ သူတော်ကောင်းတို့ ကယ်သောနှစ်ဖြစ်သည်။

သာသနာတော်နှစ် ၂၅၅၂ ခုနှစ် ဝေဒအမြင် ကက်ကင်းလည်ပြန် သာသနာအကျိုးပေး သန်သောနှစ်ဖြစ်သည်။ မင်္ဂလွန်းစေတီတော် ထီးတော်မြေခ၍ (ရောင်တော်လွှတ်သောနှစ်) ထီးတော်အသစ်တင်လှူ သောနှစ်ဖြစ်သည်။ တစ်နိုင်ငံလုံး စေတီတော်ပေါင်း ၃၀၀ ကျော် နေပြည်တော် ရွှေတိဂုံပုံတူနှင့်အတူ ဆံတော်ကြိုစေတီတော်များ ပေါ် ထွန်းသော နှစ်ဖြစ်သည်။

၁၃၇၂ ခုနှစ် စေတီတော် တောင်ဘက် ချောင်းကမ်းနားအရှင် တိဿဥပဂုတ္တ ဖောင်တော်ဆိုက်ရောက်နေသည်ကို တွေ့ရသည်။

စာရေးသူ ပြင်ဆင်လှူဒါန်းရန် ကြိုးစားခဲ့ရသည်။ ဖောင်တော်ပေါ် ပရိတ်ပဌာန်း၊ ဓမ္မစကြာပူဇော်ရွတ်ဖတ်သည်။

ဘိုးတော်ပွင့်၏ ရွှေရင်ကျော် ဆရာများဦးစီးပြီး ဖောင်တော်ကို ခတ်စုံနတ်စုံဖောင်ပါတ်လည်ကို နဂါးရုပ်များဖြင့် နဂါးဖောင်ဖွဲ့ထားပုံ နဂါးမယ်တော် အပါအဝင် မယ်တော်များ ဘိုးတော်များ နတ်ဝိဇ္ဇာ ပေါင်းစုံ၊ ဘုရား၊ ရဟန္တာများ ကျောင်းတော်ကို ခိုင်ခံ့စွာ ဝါးပိုးဝါး ၁၀၀ ခန့် ဆီတိုင်ကီ သံစည် ၈ လုံးအလယ်တွင် ထည့်ပြီး သစ်သား အခိုင်အမာ ဖောင်တော်ကြီးဖြစ်သည်။

ဖောင်တော်ကြီးပြင်ရန် ကျောင်းတော်ဘုရားဆောင်ကို ခက်ခဲစွာ သံမူလီရှည်ကြီးများ ခွာထုတ်ပြီး ဘုရားဆောင် မင်္ဂလွန်းစေတီ ကုန်း ပေါ်ရောက်ရန် ဝါးပိုးဝါးကြီးနှစ်လုံးအောက်ကထား စွပ်ဖားလုပ်ပြီး လူအားဖြင့် အောင်မြင်စွာ သယ်ဆောင်နိုင်ခဲ့သည်။ စေတီတော်နှင့် ချောင်းပေ ၂၀၀ ကျော်ကိုအရောက် ကျောင်းဆောင်သစ်သားများဖြင့် ဖောင်တော်ဝါးအသစ် တိုင်ကီအသစ်တို့ လဲထည့်ပြီး ဖော်တော်ကို မွမ်းမံသည်။

ကျောင်းတော် ၁၀ပေ ပတ်လည်တွင် နဂါး၊ ဂဠုန်၊ ရဿာန်၊ ရက္ခ၊ ဂန္ဓဗ္ဗ၊ ဝိဂန္ဓရ၊ သိကြား၊ ရာဇာ၊ ဒေဝါ စုံလင်စွာနှင့် နဂါး ပတ်ထားသော ကျောင်းဆောင်ဖြစ်နေပြန်သည်။ ဖောင်တော်ကို မြန်မာ သက္ကရာဇ် ၁၃၇၂ ခုနှစ် တန်ခူးလပြည့်နေ့ တိုးမြစ်ရေလယ်ပြန်လည် တင်ပို့လှူပူဇော်ခဲ့သည်။

## ဂန္ဓာရခရီးသွား

တစ်နေ့ ဒေးဒရဲမြို့ ကျောက်စရစ်ကျေးရွာ ဆေးကုသွားပြီး ပြန်လာချိန် ကျောက်စရစ်ကလဲ ပြစ်တော့ပြစ်နေတယ်။ ကျွဲရှိနေတော့ ကိုယ်ကောင်း ကဲမပြစ်ဖို တားရတာပေါ့၊ စေတီတော်က အရာရာ

ကယ်တင်နေတာ၊ စေတီတော်ကုန်း တော်ပေါ်နဂါးရုံစေတီ ဆရာတော်တည်ချင်နေတယ်၊ အရှင်တိဿဥပဂုတ္တဖောင်တော် ဘုရား ရဟန္တာတွေနဲ့ မမြင်အပ် မြင်အပ် အကုန်အပါခေါ်ပြီး သာသနာအတွက် အရောက်လာသွားပြီး ကုန်းတော်ပေါ် သူမပြန်ဘူးနေရာရသွားပြီ။

မင်းလည်းဆေးဆရာ **ရောဂါတောက်တောက်လက်ရောက် ပြောက်ပေါ့ကွာ။** ဝိဇ္ဇာခြေထောက်လမ်းမလျှောက် ခြေထောက်ညှောက်ထောက်တတ်တယ်။ မမြင်ရ မြင်ရ မြင်ရတာလုပ် မမြင်ရတာရှုပ်။ မမြင်ရတာတွေ လုပ်နေပြန်တော့ မြင်နေရတာကရှုပ် လောကရှုပ်ပါကွာ။

## မင်းကွန်းတိပိဋကကြီး ကဗျာ

**ဖြစ်ရတဲ့ အာနိသင်၊**
**ဒီကိုယ်တော် ဖတ်ဖတ်မောပေ့ါကွယ်။**
**ပြောမပြခြင် ကိုယ်ကျောင်းနဲ့ ကိုယ့်ရပ်ခွင်၊**
**နေခြင်လျက် မနေရ။**
**အပူအအေး ယှက်ထွေးကာ ဒဏ်ခံလို့၊**
**စုံဆန်မြန်းရတဲ့ ခရီးမှာကွယ်၊**
**ကြီးလှတဲ့ ဒုက္ခ။**

ဆရာတော်ကြီး သာသနာအတွက် ဒုက္ခ၊ လူတွေလည်း သံသရာစက် အခိုင်းခံဘဝ မင်းလည်းပဲ ပိုက်သမားဘဝ လုပ်မရ နှောင့်ယှက်တယ်၊ ဆေးကုခိုင်းလို့ လုပ်ပြန်တော့ လူနာရှင် ပေးစာကမ်းစာ၊ ကန်တော့စာ၊ ရပြန်တော့ မီးဖိုချောင်လှမ်းကြည့်၊ အလုပ်ပျက်အကိုင်ပျက်စီးပွားပျက်၊ လူတောင် နေမကောင်း မယူရက်တော့မရ။ ဆရာဝန်က **"ဧရပ်ပေါ်က လူနာ ဖိထောင်း"** ခုတင်ပေါ်တက် စမ်းသပ်ခသုံးသောင်း။ ကုမယ်ဆို ငွေတတ်နိုင်လား သိန်း ၄၀ ကုန်မယ်၊ အသေးစိတ်ပါတွက် "ဖိ၀"ရှိလား၊ ရှိရင် ဆက်ကုကောင်းမှာ ညနေကြ

ပါဒါဒိုကား စီးပြီးပြန်။ မင်းကတော့ အိပ်ကလေးဆွဲပြန်လာ ငါတွေ့တယ်၊ ဘာမှမရ။ ဒီကြားထဲ မိသားစုခေါ်လာ၊ ဆေးကု ပေးကျွေး မင်းလဲကြွေးတွေနဲ့ ဘယ်မြို့များ ခြံတွေ တိုက်တွေ ဝယ်ထားတာရှိလဲ။ **ငါမြင်နေတယ် မင်းရှာက ထွက်ရတော့မယ်။ ငါနဲ့ လိုက်ခဲ့ကွာ စေတီတော်ကုန်းပေါ် စည်ကားအောင် တောင်တန်းတကြော ဝိဇ္ဇာတွေ၊ ဘိုးတော်တွေ၊ နဂါးတွေ၊ ဘီလူးတွေ အပေါင်းအသင်းဖွဲ့ရတာပေါ့။**

ကျောက်စရစ် အောင်မျိုးလွင်က စာရိတ်ငွေ သုံးသောင်းနှင့် လှိုင်သာယာရောက် လှိုင်သာယာမှ တောင်စွန်း ရတနာတောင် ပန်းတနော်ကျောင်းတိုက် ဝိဇ္ဇာတို့ ပျော်စံရာတောင် ဘိုးတော်ပွင့် သစ္စာ မဏ္ဍိုင်စေတီ ဆေးတော်ပိုင်ဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာဆရာတော်ဦးဝါယမစေတီ၊ အထုပ်တရာ ငွေပွားဆရာတော်၏ အထုပ်တစ်ရာဖြင့် တည်သောစေတီ၊ ရတနာတောင်ထောင်ထိပ်မှ တောင်ပိုင်ဘိုးဘိုးကြီး။ နာဂစ်မုန်တိုင်း အတွက် အရှင်ဥပတိဿဥပဂုတ် ရုပ်ပွားတော်ပင့်ပြီး သွားခိုင်းခဲ့သည် စာရေးသူကို သူတို့စောင့်ရှောက်ပေးခဲ့သည်များရှိသည်။

ရတနာတောင်မှ ညအခါ တောင်စွန်းတောင်ကြီး ကြည်ညိုဖွယ် ကြက်မင်းစေတီ၊ မြသပိတ်စေတီတော်များ ဆီမီးအလင်းရောင် နတ်ဘုံ နတ်နန်းလှမ်းမျှော်မြင်ရသကဲ့သို့ ဖြစ်သည်။ ဝိဇ္ဇာဘိုးတော် ဓာတ်ခန်း ဓာတ်နန်းများအစုံ အားကိုးဖွယ်ရာ သံသရာ အမိအဖဆရာများ ဘိုးဟောင်းဘွားဟောင်းများဖြစ်သည်။

တောင်တန်းကြီးပေါ် ဘုရားဖူး ဝိဇ္ဇာပေါက် မောင်ထွေးလိုက် ပို့ပေးရှာသည်။ ကြက်မင်းတောင်မှ ကေလာသ၊ ကေလာသဖ၊ မှော်စတော်ဂူဆရာတော်၊ မြသပိတ်စေတီ၊ ကြောင်တစ်ရာ၊ ကျား တစ်ရာစေတီတို့နှင့် **အရက်သမဏ္ဍ** စေတီတော်များသမိုင်း သုတေသီ များ လေ့လာခဲ့သောနေရာများ သုတ-ရဿနှစ်လိုကြည်ညိုဖွယ်များ အံ့မခန်း ဖူးမျှော်ကြည်ညိုခွင့်ရခဲ့သည်။

ထို့နောက် ကျိုက်ထီးရိုးစေတီသို့ ရောက်ခဲ့ပြန်သည်။ စာရေးသူ ဥပါသကာဝတ်စုံ အဖြူဝတ်ပြီး ဝိဇ္ဇာသန်းယောဂီဝတ်စုံအနီရောင်ဖြင့် သွားခြင်းဖြစ်သည်။ **ဆရာရသေ့ကြီး သုံးဦး ထူးခြားစွာ** တွေ့မြင်ရသည်။ တောင်ပေါ်ခရီးစဉ် အခမဲ့ရောက်ခဲ့သည်။

ထို့နောက် မုတ္တမစေတီ သုံးဆူဆရာတော်"ဦးဗုဓ်"ကျောင်း မြတ်ဗုဒ္ဓကြွရောက်စဉ် ခြေတော်ချခဲ့သော နေရာဖြစ်သည်။ ဆရာတော်ကျောင်းတဲခိုပြီး ဘီးလူးတစ်ရာတောင် စေတီတော်ဖူးပြီးချိန် ခေတ္တငြိမ်နေစဉ် "ဒီတစ်ခေါက်တော့ မေတ္တာပေါ့"ဟု ပြောသွားသည်။ စာရေးသူ နတ်ဘီလူး ရုပ်တွေ့နေရလဲ မကြောက်၊ စိတ်အစဉ် ချစ်စရာကောင်းသော ကလေးငယ်တွေနဲ့ တွေ့နေရသည်ဟု သနား စဖွယ် ချစ်စဖွယ် မြေးလေးတွေရှုယ်ဟု မှတ်ထင်နေမိသည်။

ထိုသုံးနေရာ ကေလာသ၊ ကျိုက်ထီးရိုး၊ ဘီလူးတစ်ရာစေတီတော်များ တစ်လကြာခဲ့သည်။ ပြန်ရောက်လာသောအခါ မင်္ဂလွန်းစေတီအနီး သမီးဖြစ်သူ **စေတီပုံ ဓာတ်ပုံရိုက်တာ ဆံရှည်ဘိုးတော်ပုံပေါ်နေသော ဓာတ်ပုံပြသည်။**

ကေလာသတိုက်ကုလား၊ ဘိုးတော် ဝိဇ္ဇာသန်းနှင့် နှစ်ယောက်တောထဲတက်ခဲ့စဉ် ကေလာသနှင့် မြသပိတ်စေတီ ဖြတ်လမ်းတောလမ်းမြက်တောထဲသွားခဲ့ချိန် လမ်းပြသလို ရိုပ်မိလိုက်သည်။ ညအိပ်မက်ထဲလာပြောသည်။ **မင်းတို့ စေတီငါရောက်တယ်။ မင်းတို့နောက်လဲ လိုက်စောင့်ရှောက်ပါတယ်။** ပြောခဲ့သည်။ ယခုဓာတ်ပုံတွေ့နေရ သည်။ တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီ အံ့ဖွယ်ရာဖြစ်နေခဲ့ရသည်။

**ဝိဇ္ဇာသန်းကို ဆရာရသေ့တွေ ငါတို့မင်းတို့ကို စောင့်ရှောက်သည် ပြောပြီး ဆရာရသေ့ကြီး သုံးပါး ကျိုက်ထီးရိုးစေတီတွင် နံနက်တွေ့ခွင့် ရခြင်းတို့သည် အံ့ဖွယ်တို့ဖြစ်ခဲ့ရသည်။**

နောက်တစ်နေ့ ဆရာတော် ရပ်ကျေးဥက္ကဋ္ဌ ဦးဝိဇ္ဇောဘာသရောက်လာသည်။ စေတီအနောက်မြောက် အရှင်ဥပတိဿ ဥပဂုတ် ဖောင်တော်မဏ္ဍာပ်ထိုးပြီး ကျောင်းဆောင်ပြုပြင် အပူဇော်ရာနေရာ နဂါးရုံစေတီတော် တည်ထားမည့်အကြောင်း နေရာချ ပနက်တင်သာသနာ့အလံထူ ဝိုင်းပြီး ပဌာန်း နိဒ္ဒေသ နေ့တိုင်းရွတ်ဖတ်၍ နဂါးရုံ ဗုဒ္ဓရုပ်ပွားတော် ဆရာတော်ဩဝါဒဖြင့် တည်ထားနိုင်ခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ် လျှပ်စစ်ရုံး အုပ်ချုပ်ရေးမှူးအဖြစ် ရောက်လာသော ဗိုလ်ကြီးတင်စိုးတာဝန်အရ လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ရင်းတံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီတော် ရောက်လာပြီး အဓိဋ္ဌာန်ဝတ်ပြုခြင်းများ၊ စေတီတော်ကုသိုလ်မှုပြုလိုခြင်းများ ပြင်းထန်သော သဒ္ဓါအားဖြင့် စေတီတော်နဂါးရုံစေတီ တည်လိုသော စိတ်ပြင်းထန်ကာ နဂါးရုံစေတီတော်အတွက် သူ့မိတ်ဆွေညီအကိုသားခြင်းများ စုဝေးပြီး အောင်မြင်အောင် ပံ့ပိုးဆောင်ရွက်ကျိုးစားခဲ့သည်။



အမြင့် ၁၁ တောင်၊ နဂါးရုံနှင့် မြတ်ဗုဒ္ဓရုပ်ပွားတော် ရေကန်တို့ကို ဗိုလ်ကြီးတင်စိုး(ငြိမ်း) ဇနီးကျောင်းဆရာမကြီး ဒေါ်သန်းသန်းအေးဦးဆောင်၍ညီ၊ မောင် ဗိုလ်ကြီးမျိုးအောင်(သမီး) မြစပါယ်အေး၊ (သား) ဗိုလ်သက်ပိုင်စိုးသူထက်ဇနီး နန်းအိအိအောင်၊ (သမီး) သက်သက်ပိုင်မှူးခင်နှင့် သဲပိုပိုမြတ်နိုးဆက်တို့ စေတနာသဒ္ဓါအားဖြင့် လှူဒါန်းပူဇော်သည်။ တံခွန်ဦးမင်္ဂလွန်းအောင်စကြာစေတီတော် ကုန်းတော်အဝန်းတွင် တည်ထားနိုင်ခဲ့လေတော့သည်။



နဂါးရုံရုပ်ပွားတော်အနီး နတ်ကွန်း သုံးခန်းတွင်ပထမဦးရှင်ကြီး နတ်ကွန်း စောင်းတော်ပိုက်၍ အနားတွင် ကျားနှင့် မိကျောင်းပုံတော် နတ်နန်းဖြစ်သည်။ နတ်ကွန်းအလှူရှင် ကွန်းချောင်းကျေးရွာဦးဝင်းကြည် ဒေါ်ငွေးတို့ လှူဒါန်းခဲ့သည်။



ဒုတိယ ရှမ်းမောင်နှမ စေတီတော်၏အစောင့်အရှောက် ဘော်ကြိုဘုရားတည်သော ရှမ်းစော်ဘွားမျိုးနွယ် ရှမ်းမောင်နှမ၏ ပုံတော်ဓားကိုင်ထားသော ရှမ်းမင်းသားအစ်ကိုနှင့် ရှမ်းဝတ်စုံနှမတော်ပုံဖြစ်သည်။ ပုံတော် အလှူရှင်မှာ ဆရာတော်ဦးဝိဇ္ဇောဘာသ ကျွန်းချောင်းကျောင်း ဆရာတော်ဖြစ်သည်။



တတိယဆရာရသေ့စေတီတွေအများအပြား တည်ထားခဲ့သော မန္တလေးတောင် ဆရာရသေ့ဦးခန္တီပုံတော်ဖြစ်သည်။ အလှူရှင်မှာ ခေတ္တလျှပ်စစ်ကွမ်းခြံကုန်း တာဝန်ကျ ဗိုလ်ကြီးတင်စိုးဇနီးဆရာမကြီး ဒေါ်သန်းအေးတို့ဖြစ်သည်။

ချီးကျူးဖွယ်ရာ ကွမ်းခြံကုန်း လျှပ်စစ်ရုံး ခြောက်လအကြာ စေတီတော်အတွက် ထူးခြားစွာ အချိန်တိုကာလအတွင်း အပြီးလှူဒါန်းကောင်းမှုပြုနိုင်ခဲ့သည်မှာ သာဓုခေါ်ဖွယ် စေတီတော်အတွက် တိုးတက်ဖွယ်ပြုလုပ်နိုင်ခဲ့သည်။

ဆရာတော်ဦးဝိဇ္ဇောဘာသဦးစီး၍ စေတီတော်တစ်ဇကေ ဝန်းကျင်ပတ်ခြာ အုပ်စည်းရိုးခတ်၍ ၈ ပေ တစ်ကွက်လျှင် ၈၀,၀၀၀ိ/ သောင်းကျပ်ဖြင့် အုတ်ရိုးပတ်လည်ခတ်နေခြင်း၊ စေတီတော် အနောက်ဒေါ်မိ

ဆောက်လုပ်၍ နာဂစ်ပျက်စီးခဲ့သော တန်ဆောင်းနေရာ အရှေ့ဏ်ခံ တန်ဆောင်းတို့ ဆောက်လုပ်နေဆဲစေတီတော်ဝန်းအတွင်း သဲခင်းဖို့နေခြင်းများ ပြုလုပ်လျက်ရှိနေသည်။



ဗောဓိညောင်

"**ဗောဓိကုက္ကို ညောင်ထိုထို လူပျိုဘုရား မရှိပြား**" ဟူသော အနာဂတံကျမ်းတို့တွင် ဖွင့်ဆိုသည်။ မြတ်ဗုဒ္ဓဘုရားရှင်တို့ ပွင့်ထွန်းတော်မူသော သစ်ပင်တို့ကို အကြောင်းပြုလျက် ပါရမီအခြေခံ ဆုပန်မှုတို့၏ အရိပ် နိမိတ်တို့ဖြင့် ထိုအပင် ဗောဓိဉာဏ်ရသောမြေပြင်သက်သေအမှတ် မြတ်ဗုဒ္ဓ၏ သဗ္ဗောဓိဉာဏ်ရခြင်းကြောင့် ဗောဓိပင်ဟုခေါ်ဆိုသည်။

ဂင်္ဂါသဲလုံးမျှမကသော မြတ်ဗုဒ္ဓများ၊ နှစ်ကျိပ်ရှစ်ဆူသော မြတ်ဘုရားရှင်တို့အားလည်းကောင်း ပွင့်ထွန်းကြသော မြတ်ဗုဒ္ဓများတွင် ကုက္ကိုပင်နှင့် ညောင်ပင်တို့တွင်ပွင့်သော မြတ်ဗုဒ္ဓတို့သည် အထူးတလည် ဖော်ကျူး၍ လူပျိုဘုရားမရှိ၊ စည်းစိမ်ကာမ သမုဒယ အထူးဖြတ်တောက်ရခြင်းကို ပြဆိုသည်။

"ဗောဓိညောင်" ဟူသော မြတ်ဗုဒ္ဓကိုယ်စားပြု သစ္စာတရားတို့ပွင့်ထွန်းပေါ်ရာ မြေပြင်သက်သေ စေတီထိုက်သော ရတနတ္တယ ရတနာသုံးပါး အထူးတလည်အားဖြင့် မြတ်ဗုဒ္ဓ၏ ရုပ်ပွားတော်များတင်ထားပူဇော်လျက် အောင်သပြေ ညောင်ရေလောင်းသော မြန်မာပြည်အဖြစ် တည်ရှိသည်။

ပထမံဘိုးဘိုးအောင်သည် "ပင်ကုက္ကို ညောင်တွဲလို့ နောင်နွံမည့်သာသနာ မြန်မာပြည်အောင်ပွဲ" ဟူသော စာတန်းဖြင့် ကုက္ကိုပင်မှ ညောင်ပင်ကိုယူပြီး အစီအမံပြု စိုက်ပျိုးလျက် သာသနာပြုလုပ်ငန်းများ အောင်မြင်ခဲ့လေသည်။

တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတွင် ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့် စေတီတော်ပထမပန်းတင်ခံ့ အရှေ့အရပ် ကကုသံမြတ်ဘုရားကျောင်းဆောင်တွင်းမှ ပေါက်နေသော ဗောဓိညောင်မျိုးယူ မှတ်သား၍ သစ္စာပြုကာ ပွဲအမွေးရည်တို့ဖြင့် စောင့်ရှောက်စေခဲ့သည်။

ဝါဆိုလပြည့်နေ့ မဏ္ဍစက်နိုးထခြင်းအဖြစ် စေတီတော် အရှေ့မြောက် အင်္ဂါ ဗုဒ္ဓဟူးကြားနေရာ စေတီကုန်းတော်မြေသန့် စိုက်ပျိုးခဲ့သည်။ သမ္မာဒေဝ နတ်မင်းလေးပါး အရံအတားပြုခြင်း၊ အထက်ဘိုးတော်သိကြား၊ နတ်ဗြဟ္မာများလည်းကောင်း၊ စေတီယင်္ဂန သိုက်နန်းရှင်များ၊ ဘိုးတော်ဝိဇ္ဇာများအကြောင်းပြု ကောင်းမှုသက်သေအထွတ်ပြု၍ စိုက်ပျိုးခြင်းဖြစ်သည်။

လှိုင်သာယာ ၁ ထိပ် ကိုအောင်ဌေး-မချိုတို့ အိန္ဒိယဘုရားဖူး ခရီးစဉ် လက်ဆောင်အဖြစ် မြတ်ဗုဒ္ဓမဟာဗောဓိပင်မှ အောင်မြေနှင့် မဟာဗောဓိညောင်ရွက်တို့ကိုအခြေခံ၍ စိုက်ပျိုးခြင်းဖြစ်သည်။

စာရေးသူကိုယ်တိုင် အသိ သတိ ဝီရိယဖြင့် "အကျိုးလိုက ညောင်ရေလောင်းပါ" ဟူသော ကုသိုလ်အကျိုးရကြစေခြင်းငှာ အစောင့် အရှောက် အကူအညီတို့နှင့် အပ်နှင်းခြင်း "ဗောဓိညောင်" အဖြစ် သီလသမ္မာ ပညာစွမ်းအား ကောင်းမှုများနှင့် စိုက်ပျိုးခြင်းဖြစ်သည်။



ရပ်ကျေးဥက္ကဋ္ဌ

## ဘဒ္ဒန္တ ဦးဝိဇ္ဇောဘာသာ သာသနာ့လုပ်ငန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးအနောက် ကျွန်းချောင်းကျေးရွာ အဖ ဦးကျော်အောင် အမိ ဒေါ်သန်းတို့မှ ကောဇာသက္ကရာဇ် ၁၃၀၃ ခု နယုန်လဆုတ်

(၁၃) ရက် ဗုဒ္ဓဟူးနေ့ ဖွားမြင်ခဲ့သည်။ သားသမီး (၁၄) ယောက်တွင် အကြီးဆုံး သားရတနာဖြစ်သည်။

၁၃၁၈ ခုနှစ် ကျွန်းချောင်းကျေးရွာ ရွာကျောင်းဆရာတော် ဘဒ္ဒန္တသီရိန္ဒဆရာတော်ကြီး ဥပဇ္ဈယ်ပြုလျက် မိဘနှစ်ပါးဖြစ်သော ဦးအောင်ကျော် ဒေါ်သန်းတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ 'ရှင်သာမဏေ'အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်အမည် 'ရှင်ဝိဇ္ဇောဘာသ'' နာမဘွဲ့တော် ရရှိခဲ့သည်။

အရှင်ဝိဇ္ဇောဘာသသည် သက္ကရာဇ် ၁၃၂၂ ခုနှစ် ပထမဝါဆိုလဆန်း (၁၁) နေ့တွင် ကျွန်းချောင်း ကျောင်းခဏ္ဍာသိမ်တော်၌ ဆိပ်ကြီးကျောင်း ဆရာတော်ဦးဝါယမ မထေရ်ကို ဥပဇ္ဈယ်ပြု၍ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျွန်းချောင်းကျေးရွာနေ အဘိုးဖြစ်သူ ဦးဖိုးလူ ဒေါ်ဖွားယူတို့၏ ပစ္စယနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းဘဝရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေများ သင်ကြားခဲ့သော အာစာရဆရာတော်များမှာ ကျွန်းချောင်းကျောင်းဆရာတော် ဘဒ္ဒန္တသီရိန္ဒဆရာတော်၊ တော်ခရမ်းကြီးကျေးရွာ ညောင်ပိုင်း ပိုင်းစံကျောင်းဆရာတော် ဘဒ္ဒန္တအာဂမ္မ၊ ကွမ်းခြံကုန်းမြို့မကျည်းတန်းရပ်ကွက် ပျဉ်ထောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာစာရ၊ ဘဒ္ဒန္တကောသလ္လ၊ ဘဒ္ဒန္တကုဋ္ဌာစာရ ဆရာတော်များထံ ပရိယတ္တိစာပေများ သင်ကြားခဲ့ရသည်။

သက္ကရာဇ် ၁၃၂၉ ခုနှစ် ရဟန်းသိက္ခာ (၇) ဝါအရတွင် ကျွန်းချောင်းကျေးရွာ ဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒအား ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုစုစောင့်ရှောက်ရန် ပြန်လည်ရောက်ရှိလာခဲ့ရသည်။

၁၃၃၇ ခုနှစ် တန်ဆောင်မုန်းလဆန်း (၂) ရက်နေ့ ဘဒ္ဒန္တသီရိန္ဒ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် ကျွန်းချောင်းကျောင်းထိုင်ဆရာတော်အဖြစ် လွှဲအပ်ခံယူခဲ့ရသည်။

၁၃၄၂ ခုနှစ်တွင် တော်ခရမ်းကြီး ပဝါရဏာဂိုဏ်းသံဃနာယက အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ရသည်။

၁၃၅၄ ခုနှစ်မှစ၍ ယခု၁၃၈၀ ခုနှစ်တိုင် ကျေးရွာ သံဃနာယက ဥက္ကဋ္ဌအဖြစ် သာသနာ့တာဝန်ဆောင်ရွက်လျက်ရှိသည်။

သာသနာ့တာဝန်ကို သက်တော် (၇၆)နှစ် ဝါတော် ၅၆ ဝါ အတွင်း စာသင်သား ရဟန်းတော်များအဖြစ် ဦးပညာစက္က၊ ဦးဝိသုဒ္ဓ ရဟန်းနှစ်ပါးအကြီးတန်းတို့အားလည်းကောင်း ဦးဃောသိတ သာသနာ့ ဓဇမ္မာစရိယတို့အား စာပေမြောက်စားထောက်ပံ့လျက် ပရိယတ္တိ သာသနာပြုပေးခြင်း လက်ရှိ စောင့်ရှောက်ဆဲဖြစ်သည်။

**သာသနာ့ ဟိတယပစ္စယ** ပစ္စယသတ္တိကျောင်းကန်ဘုရား၊ စေတီ၊ ကျောင်း၊ ဇရပ်များ ပြုလုပ်ကြိုးစားရာတွင်လည်းကောင်း၊ ရပ်ကျိုးရွာ ကျိုး ကျန်းမာရေးပါ နေ့ည မနား ဒုက္ခရောက်သူများ စောင့်ရှောက် ကူညီပံ့ပိုးဖြေရှင်းပေးခဲ့သည်။

ဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒ၏ ကြိုးစားခဲ့သော တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော်ကြီးအား အမြဲတာဝစဉ် စောင့်ရှောက်မွမ်းမံ ပြုပြင်ခြင်း၊ အာရုံခံတန်ဆောင်းဆောက်လုပ်ခြင်း၊ စေတီဝန်းကျင်အုတ် ရိုးခတ်ခြင်း၊ ကျောင်းဝင်းအတွင်း စေတီတော်အောင်ဇမ္ဗူဒီပါဆုတောင်း ပြည့် စေတီအား လည်းကောင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ နဂါးရုံစေတီ ဦးသန်း-ဒေါ်အိမိသားစုကောင်းမှုဖြစ်သည်။ သိမ်၊ ဇရပ်၊ ဓမ္မာရုံများ ဆွမ်းစားဆောင် ယောဂီဆောင်စသည်တို့ ကြိုးစားအားထုတ်၍ ဒကာ၊ ဒကာမများ အများကောင်းမှု ရွာအတွက် သာသနာ့ဘုန်းမည့်ြိုးန္မ်းအောင် ကြိုးစားသည်။

ဆိပ်ကြီး ဦးသိန်းဟံအကြောင်းပြု ၉ တောင်ပြည့် စေတီ ထိုနေရာ ဆရာဦးဘလှ ဒကာအဖြစ် (၂၇) တောင်စေတီတော်၊ တော်ခရမ်းကြီး

ကျေးရွာ ဦးမြင့်သူ ဒါယကာအဖြစ် ၉ တောင်ပြည့်စေတီ တစ်ဆူ၊ ဆုတောင်းပြည့် တည်ခဲ့သည်။

ဆိပ်ကလေးကုန်းမြေ ငါးဆူတောင် သန္တိပ္ပဆရာရသေ့ ဒါယကာ အဖြစ် ဆရာတော်ဦးဝိဇ္ဇောဘာသ ဦးစီး၍ ၄၅ တောင်အမြင့် စေတီ တစ်ဆူ ဆုတောင်းပြည့်စေတီတည်ထားခဲ့သည်။

ငါးဆူတောင်တွင် ဆရာရသေ့နှင့် ဆရာသိန္တိပ္ပတောင်စေတီတော် တစ်ဆူ တည်ထားခဲ့သည်။

တောင်ကုန်းဓမ္မဝါဒီ ဣန္ဒောဘာသာ ဓမ္မာစရိယဆရာတော် စေတီ သုံးဆူ ကျောင်းခြံမြေတို့အား ကိုယ်တိုင်ကြိုးစားအားထုတ်နေရာချထား လျက် သာသနာအတွက် ကြိုးစားပေးခဲ့သည်။

**နိုင်ငံတော်ဒေါက်တာအရှင်ဉာဏိသ သပိတ်အိုင်ဆရာတော်ကြီး အား တောင်ကုန်းယနေ့စေတီ ၃၀ နေရာ လက်ရှိစေတီ ပုထိုးဝူကျောင်း များအား မြေကေ ဖ ကေကျော် ဆရာတော်ကြီး သာသနာအတွက် အကျိုးရှိရာလုပ်ပိုင်ခွင့်တို့ လက်မှတ်ထိုးလွှဲအပ်ပေးခြင်း၊** ရပ်ကျေးသံဃာ ဥက္ကဋ္ဌအဖြစ် လိုအပ်သည်များ မနားမနေသာသနာအတွက် ရှေ့တန်း မှလိုအပ်သည်များ လုပ်ဆောင်ခဲ့ရသည်။

မြကျွန်းသာ ဦးသိဂ္ဂဝ ဆရာတော်ကျောင်းနေရာ သတ်မှတ်ပေး ခြင်း၊ ကျောင်းဓမ္မရုံစသော အဆောက်အအုံများ ဝိုင်းဝန်းပံ့ပိုးခြင်း၊ ပံ့ပိုးကူညီခဲ့သည်။ သာသနာအစပျိုးခြင်း သာသနာအတွက် လမ်း၊ တံတား၊ ကျောင်း၊ ရေကန်၊ ဇရပ်စေတီ၊ ပုထိုး သာသနိကအဆောက် အအုံများအတွက် ကြိုးစားခြင်းတို့၌ ဝါသနာလေ့အထုံ ပါရမီရှိခြင်း၊ သာသနာအတွက် ဘက်မလိုက် ရဲရင့်သော သာသနာသွေးဖြင့် သာသနာတာဝန်ထမ်းဆောင်လျက်ရှိနေလေတော့သည်။

တံခွန်ဦးမင်္ဂလွန်း အောင်စကြာစေတီတော်၏ပွဲတော် တပေါင်း လပြည့်နေ့ စေတီတော်ဘုရားပွဲ၊ တန်ခူးလ နှစ်ဆန်း ၂ ရက်

တောင်ကုန်း ငါးလွှတ်ပွဲ၊ ၃ ရက်နေ့ ကျွန်းချောင်းရွာ ငါးလွှတ်ပွဲတို့ စေတီတော် ပွဲတော်အဖြစ် စည်ကားခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ တန်ဆောင်တိုင်ပွဲအဖြစ် စည်ကားလှစွာ ဘုရားပွဲဆရာတော် ရပ်ကျေး ဥက္ကဋ္ဌ ဘဒ္ဒန္တဦးဝိဓောဘာသ ဦးစီး၍ ရွာသူရွာသားများ ကြိုးစားပြီး နှစ်စဉ်အမြဲ ကျင်းပမြဲဖြစ်လေတော့သည်။

ကျေးလက်တောရွာမှ ဆရာတော်သံဃာတော်များ သာသနာ့တာဝန်ထမ်းဆောင်ကြလျက် မငြိုးနွမ်းသော သာသနာပန်းထာဝရ ရှင်လန်းစေရန် တောနေရဟန်ဘာဝ ဂန္ထဓုတ၊ ဝိပဿနာဓုတ ဓုတနှစ်ဖြာ သာသနာကျင့်ကြံကျိုးထုတ်အားထုတ်လျက်ရှိကြောင်း ဖော်ကျူးရေးသားအပ်ပါသည်။

❀

# တာနီဂုံးဝန္နာ

သာသနာတံခွန်ဦးစေတီကွန်ယက် တံခွန်ဦးမင်္ဂလွှန်း အောင်စကြာစေတီသမိုင်း ကမ္ဘာပေါ်တွင် စေတီဦးစွာ တံခွန်စိုက်ထူပေါ်ပေါက်ခြင်း မြတ်ဗုဒ္ဓသာသနာ ကမ္ဘာမြေပြင်ပေါ် သုဝဏ္ဏဘူမိဟူသော (သူတော်ကောင်းတို့နေရာ ရွှေရောင်မြေ) ရတနာအလင်းပြ ရတနတ္တယရတနာမြတ်သုံးပါး ကမ္ဘာမြေတွက် စတင်ခြင်းကို ညွှန်းဆို၍ ကမ္ဘာမြေပြင်ကုတ်ခြစ် ထုဆစ် ရတနာစစ်တို့ ကိန်းအောင်းရာ သုဝဏ္ဏဘူမိရွှေနှင့်ထိုက်တန် ရတနာမှန်သော ရွှေခြံမြေမှ မြန်မာပြည်သာသနာဤကမ္ဘာတည်နေသရွေ့ မြန်မာပြည်မှတစ်ပါး အခြားမရှိသက်သေတို့ထောက်ပြခြင်းဖြစ်သည်။

စာပန်းချီတို့ ရေးဖွဲ့အလီလီ စေတီသမိုင်းများ မြင်းမိုရ်တောင်ကမ္ဘာမြေပြင် ကြယ်တာရာတွေကဲ့သို့ ထွန်းတောက်သော်လည်းမြတ်ဗုဒ္ဓ ဗျာဒိတ်တော်နှင့် ကျမ်းအလီလီ စုစည်းမိသော် တပုဿဘလ္လိက ညီနောင်၊ ဆွမ်းဦးဒါယကာ ဥက္ကလာပမင်း၊ အထက်ဘိုးတော်သိကြား လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်း ရေးကျမ်းဟောင်းအလီလီ

စာပေတို့ ညွှန်းဆိုရာသည် ရွှေခြံမြေမုခ်ကျွန်းဂရမ်ကြီး ၂၅၀၀ သာသနာ အလင်းထွန်းခြင်း ဇမ္ဗူဒိပ်၏ နိမိတ်ကောင်းတို့ ရှိနှင့်လေတော့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ မြတ်ဗုဒ္ဓဂေါတမ၏ လေးဆူမြောက် ဘဂဝါ၏ သာသနာခရီး သက္ကဒေဝါသာသနာခေတ် တစ်ကျော့ပြန်သာသနာ ပြည်မြန်မာ သာသနာသန့်စင်မိုး သာသနာနှစ် ၂၅၅၂ ခုနှစ် ဝိမုတ္တိယုဂခေတ် တစ်ကျော့ပြန် ဝိပဿနာတရားများ ထွန်းတောက်ခြင်း၊ ကမ္ဘာ့မြေပြင် စေတီတော်များ မြတ်ဗုဒ္ဓပွင့်ထွန်းစကဲ့သို့ အသစ်တစ်ဖန် ထွန်းတောက်ခြင်းတို့ကို လောကသဘာဝသဘောတရားသည် လောကကို အမြဲပြုပြင်လျက် ဝိမုတ္တိသာသနာ ကျွန်းမြတ်မဟာ အာရှတိုက်၏ အရှေ့ဘက်ဆုံးကျသော အင်ဒိုချိုင်းနားကျွန်းစွယ်မှ သုဝဏ္ဏဘူမိ ဗုဒ္ဓသာသနာ ပြည်မြန်မာဖြစ်လေတော့သည်။ လောကလူသားများ သိနိုင်ကြစေသော်ဝ်…။ ။

## ကျမ်းကိုး

၁။ မြန်မာ သုခုမ အဘိဓာန်ကျမ်း။
၂။ မြန်မာ-အင်္ဂလိပ် အဘိဓာတ်ကျမ်း။
၃။ မွန်ရာဇဝင် စစ်ကဲတော်မင်း မောင်ရွှေနော်စေတီသမိုင်း။
၄။ မှန်တမ်းရာဇဝင်။
၅။ ဦးကုလားမှန်တမ်းရာဇဝင်။
၆။ ကမ္ဘာဦးကျမ်း၊ ဆန်းကျမ်း၊ နမက္ခရကျမ်း၊ အလင်္ကာ။
၇။ သဒ္ဒါကျမ်းအခြေခံများ။
၈။ သုတေသီမာမက ကမ္ဘာပတ်၍ ဘုရားရှာခြင်း။
၉။ သုတေသီမာမက မြင်းမိုရ်တောင်ဆိုသည်မှာ။
၁၀။ သုတေသီမာမက အမျိုးပျောက်မှာ စိုးကြောက်တယ်။
၁၁။ သုတေသီမာမက မွန်တို့ဌာနီ ရာမည။
၁၂။ ညောင်လေးပင် ဦးအရိယ ဝိသုဒ္ဓိမဂ် အရသာ။
၁၃။ ဆရာဦးလှသိန်းထွန်း B.A(H.G.P)။
၁၄။ ဆရာဦးလှသိန်းထွန်း ဗုဒ္ဓနှင့် မြန်မာ။
၁၅။ ဆရာဦးလှသိန်းထွန်း ဘာမထိ မဟာအာဇာနည် သာကီမျိုးဟော့ ဒို့ဗမာ။

၁၆။ ပိဋကမြန်မာပြန် ပ-ဒု-တ နိကာယ်ကျမ်းများ။
၁၇။ တိပိဋက ဦးဝိစိတ္တသာရာဘိဝံသ မဟာဗုဒ္ဓဝင် ဆဋ္ဌမပိုင်း။
၁၈။ ဒေါက်တာအရှင်ဉာဏိသရ ရွှေတိဂုံစေတီ (၂၆၀၀)ပြည့်ပွဲ။
၁၉။ မောင်စေတနာ (မွန်ပြည်နယ် စေတီသမိုင်းများ)။
၂၀။ ဓမ္မစေတီမင်း ကလျာဏီကျောက်စာ။
၂၁။ အသျှင်သာရိပုတ္တရာထေရ် (ရဋ္ဌသာရဒီပနီ)။
၂၂။ ဦးခန္တီကျင့်ဖွယ်၊ ပထမံဘိုးဘိုးအောင်။
၂၃။ မန္တလေး အဘယဂီရိ ရန်ကင်းတောင်အဌ္ဌုပ္ပတ္တိ။
၂၄။ ပင်းမြို့ကျောင်း ပုရပိုက်မူ ဦးအရိယဝံသဓမ္မ၊ နတ်မောက်။
၂၅။ စိမ့်ပညာရေး ပန့်ထွာဘုရင်မအကြောင်း။
၂၆။ အောင်သာယာ (ရှေးဟောင်းသုတေသန) သရေခေတ္တရာမှသည် ပုဂံသို့။
၂၇။ မြစ်သားမြို့ ဓောလူးမင်းကျောက်စာ။
၂၈။ ဓမ္မာစရိယ ဦးငွေးလှိုင် ကမ္ဘာကိုချုပ်ကိုင်မည့်သူ။

သာသနာဦးစေတီကွန်ယက်

# တံခွန့်ဦးမင်္ဂလွန်းအောင်စကြာစေတီသမိုင်း



ပုဒ္ဓစာပေ

**မင်းသန်းခိုင်** (ကွမ်းခြံကုန်း)